အင်ပါယာစာပေ

www.burmeseclassic.com

မောင်လှမျိုး (ချင်းချောင်းခြံ)

# လွမ်းခွင့်မရှိ



www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

| | |
|---|---|
| ထုတ်ဝေသူ | – ဒေါ်တင်တင်အုန်း (စိန်သရဖူစာပေ) |
| | အမှတ် (၆၆)၊ (၆) လမ်း၊ |
| | လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။ |
| မျက်နှာဖုံးနှင့် | – ဦးကျင်ရင် (ရွှေခြသေ့) ပုံနှိပ်တိုက် |
| အတွင်းပုံနှိပ်သူ | ၁၈၂၊ ၃၁ – လမ်း၊ ပန်းဘဲတန်းမြို့နယ်။ |
| ပုံနှိပ်ခြင်း | – ပထမအကြိမ်၊ ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ။ |
| အုပ်ရေ | – ၅၀၀ အုပ်။ |
| တန်ဖိုး | – ၁၅၀၀ ကျပ်။ |
| မျက်နှာဖုံးပန်းချီ | – ခင်ဝင်း |
| ဖြန့်ချိရေး | – အင်ပါယာစာပေ |


မောင်လှမျိုး (ချင်းချောင်းခြံ)

# လွမ်းခွင့်မရှိ

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

မိုးဦးနှောင်းလွန်၊

ကောင်းကင်ယံယံ၊ သူ့ ရှာချလည်း . . .

ဘဝ ခံပြင်း၊ ကိုယ့်ရင်တွင်းက

တမ်းတမ်းတ , နေ . . .

ဆောင်းလာမှပဲ အေးပါရစေ။

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

## ( ၁ )

"စိတ်ရောဂါအထူးကုဆေးရုံကြီး" ဘက်သို့၊ ကားကို ချိုးကွေ့လိုက်၏။ ဆေးရုံဝင်းအတွင်းသို့ ဝင်သည့်၊ ဝင်ပေါက်ရှေ့သို့ရောက်သောအခါ၊ ကားကို အရှိန်လျှော့လိုက်သည်။ ဂိတ်စောင့်ဝန်ထမ်းတစ်ဦးက သံတံခါးကိုဖွင့်ပေးသည်။ ထို . . ဝင်ပေါက်မှ၊ ကားကို ညင်သာစွာ မောင်းဝင်ပြီး၊ လက်ဝဲဘက် မြေကွက်လပ်သို့ ချိုးကွေ့လိုက်သည်။ ထိုမြေကွက်လပ်တွင်၊ ကားကို ရပ်သည်။

အလိုအလျောက်ခလုပ်ဖြင့်၊ ကားမှန်တွေကို တင်သည်။ ကားလက်ကိုင်ခွေ၏ ရှေ့မျက်နှာစာတွင်၊ ကိုယ်နှင့်မခွာထားရှိ ဆောင်ယူလေ့ရှိခဲ့သော၊ ဆဋ္ဌမတန်းဖတ်စာအုပ်များကို၊ ဘယ်ဘက်လက်ဖြင့် ပွေ့ယူလိုက်သည်။

ကားသော့ဖြင့် စက်သတ်ပြီး၊ ကားတံခါးဖွင့်သည်။ တံခါးကိုသော့ဖြင့် ပိတ်ပြီးမှ၊ ကားတံခါးကို သော့ဖြင့်ပြန်ဖွင့်သည်။ လက်ဝဲဘက်ကားကူရှင်ခုံပေါ်ရှိ၊ သားရေလက်ကိုင်

www.burmeseclassic.com

www.burmeseclassic.com



သေတ္တာကို ယူလိုက်၏။ လက်ထဲမှ ဆဋ္ဌမတန်းဖတ်စာအုပ်များနှင့် သားရေလက်ကိုင်သေတ္တာတို့ဖြင့်၊ မနိုင်မနင်းဖြစ်နေပြန်သည်။

သားရေလက်ကိုင်သေတ္တာကို ကိုင်ဆွဲထားသည့် လက်ဖြင့်၊ ကားတံခါးကို ပိတ်ပြီး၊ ကားသော့ကို၊ အင်္ကျီအိတ်အတွင်းထည့်သည်။ ရောဝတီဆောင်ဘက်သို့ သွားဖို့၊ ခြေလှမ်းပြင်သည်။ လက်ထဲမှ၊ ဆဋ္ဌမတန်း ဖတ်စာအုပ်တစ်အုပ် ပြုတ်ကျ၏။ ဖြေးညင်းစွာကောက်ယူပြီး၊ ဖတ်စာအုပ်၏အဖုံးပေါ်တွင်၊ ရေးသားထားသော စာအုပ်ပိုင်ရှင်၏ အမည်နာမ,ကို၊ စဉ်းငယ်မျှ ပြုံးယောင်သမ်းလျက်၊ သူ . . ဖတ်ကြည့်မိပြန်သည်။

ရေးသားထားသော အမည်နာမ ရေးသားထားသော လက်ရေး၊ ရေးသားထားသော မင်ရောင်တို့သည်၊ လွန်စွာအရောင်ဖျော့နေပြီဖြစ်၏။

မသီရိနွယ်

ဆဋ္ဌမတန်း (B)

ပြုံးယောင်သမ်းခြင်း၊ ရော့ပါးသွား၏။ သူ့ မျက်လုံးတွေ မှိုင်းဝေသွားသည်။

"ဘယ်များရောက်နေသလဲ၊
မမနွယ်ရယ်"

သူ၏နှုတ်ထွက်စကားသံဖြစ်သည်။ ရင်ထဲက လာသော လှိုက်ဖိုတမ်းတ,သံလည်း၊ ဖြစ်သည်။

ရောဝတီဆောင်ရှိ စိတ်ရောဂါရှင်လူနာများကို၊ စစ်ဆေး



ကုသပေးရန်အတွက်၊ ထို ဆေးကုဆောင်ရှိရာသို့၊ လှမ်းလျှောက်လာရသော၊ သူ့ . . ခြေလှမ်းတွေ၊ လေးပင်သွားရပြန်၏။

သတိရခြင်း . . တမ်းတမှန်းမျှော်ခြင်းတွေ . .
နှစ်ပေါင်းများစွာ . . ရှည်ကြာခဲ့ပေပြီ။

မမနွယ်၏ ဆဋ္ဌမတန်းဖတ်စာအုပ်လေးများကိုသာ၊ ရင်ခွင်မှာ ယုယ,စွာ ထွေးပိုက်သယ်ဆောင်လာခဲ့၏။

❂

အကူသူနာပြု ကိုကျော်မြင့်က၊ သူ့လက်ထဲမှ သားရေလက်ကိုင်သေတ္တာနှင့် ဆဋ္ဌမတန်းဖတ်စာအုပ်တွေကို၊ ကူညီသည်မ,ပေးသည်။ အခန်းတွင်းသို့ ရောက်သောအခါ . . အလုပ်စားပွဲပေါ်သို့၊ စာအုပ်တွေကိုတင်ပေးသည်။ သားရေလက်ကိုင်သေတ္တာကို၊ သူ့လက်တွင်းသို့ ထည့်ပေးရင်း . .

"ဆရာလည်း . . ဒီ ဖတ်စာအုပ်
လေးတွေကို၊ နေ့တိုင်း . . နေ့တိုင်း၊ ကိုယ်နဲ့
မကွာထားနေရတာ၊ တာကယ့်တာဝန် တစ်ခု
လို ဖြစ်နေပြီ။ သယ်ရ ပိုးရတာ မပင်ပမ်း
ဘူးလား . . ဆရာ"

အင်္ကျီအပေါ်ဆုံး ကြယ်သီးတစ်လုံးကို၊ ဖြုတ်ပြီး၊ ကုလားထိုင်တွင် သူ . . ထိုင်သည်။ စားပွဲပေါ်ရှိ၊ လူနာမှတ်တမ်းစာရွက်အထပ်တွေကို၊ ရှေ့တည့်တည့်သို့ ဆွဲရွှေ့ရင်း . . ,

www.burmeseclassic.com



"ကျွန်တော် ဆရာဝန် စ,ဖြစ်ကတည်းက၊ ဒီ . . စာအုပ်တွေကို၊ ကိုယ်နဲ့ မခွာထားခဲ့တာပါ။ တာဝန်လို့လည်း၊ မယူဆ,ဘူး။ မရှိမဖြစ်၊ အဖော်တစ်ခုလို ဖြစ်နေပြီ။ မပင်ပန်းပါဘူး"

ပြောပြီး၊ ဖတ်စာအုပ်တွေကို၊ အနီးရှိ၊ စားပွဲခုံငယ်တစ်ခုပေါ်သို့ စီစီရီရီတင်လိုက်သည်။ ထို စားပွဲငယ်ပေါ်ရှိ၊ သွေးပေါင်ချိန်တိုင်းကရိယာကို သူ . .လှမ်းယူလိုက်၏။

ကိုကျော်မြင့်က . . , ပြုံးလျက်၊

"ကားထဲမှာ ထားခဲ့လည်း၊ လုံခြုံပါတယ် ဆရာရယ်"

"ဟုတ်ပါတယ် ကိုကျော်မြင့်။ လုံခြုံမှာပါ။ ဒါပေမဲ့, ကျွန်တော်က,မှ၊ မခွဲနိုင်ဘဲ။

ပြီးတော့ . . ဒီစာအုပ်လေးတွေမှာ၊ ပိုင်ရှင်ရှိတယ်။ ပိုင်ရှင်နဲ့တွေ့ရင်၊ ချက်ချင်း ပြန်ပေးနိုင်အောင်၊ ကျွန်တော့် ကိုယ်နဲ့မကွာ ထားတာလည်း ပါ,ပါတယ်"

ကိုကျော်မြင့်က၊ ခေါင်းတဆတ်ဆတ်ညိတ်ပြီး . . . ,

"အဲဒီ . . စာအုပ်အဖုံးတွေမှာ ရေးထားတဲ့၊ မသီရိနွယ် ဆိုတာ၊ အဲဒီ စာအုပ်ပိုင်ရှင်လား . . ဆရာ"



သူ . .ခေါင်းညိတ်လိုက်သည်။ ပြတင်းပေါက်မှ လေအဝေ့ကြောင့်၊ အခန်း၏ဝင်ပေါက်ရှိ၊ ကန့်လန့်ကာလေး လှုပ်ရမ်းသွားစဉ်၊ အခန်းအပြင်ဘက်၌၊ လူနာတွေ၊ လူနာရှင်တွေ ထိုင်နေကြသည်ကို မြင်လိုက်ရ၏။ ထို့ကြောင့် . . ,

"ကဲ . . ကိုကျော်မြင့်။ လူနာတွေ ကြည့်ရအောင်"

"ဟုတ်ကဲ့ . . ဆရာ" . . ဟုပြောပြီး၊ ကိုကျော်မြင့် . . အခန်းအပြင်သို့၊ ထွက်သွားသည်။

သူနာပြုဆရာမတစ်ယောက်ဝင်လာ၏။

"ဆရာ။ ( . . . . ) ဆေးရုံက၊ ဆရာ့သူငယ်ချင်း ဒေါက်တာဝေလင်း ဖုန်းဆက်တယ်"

"ဪ . . ဟုတ်ကဲ့။ ဘာ . . မှာသေးလဲ ဆရာမ"

"သူ . . ဒီည အဲဒီဆေးရုံမှာ၊ နိုက်ဂျူတီဝင်ရမယ်တဲ့။

မနက်ဖြန် . . ဆရာအဲဒီဆေးရုံမှာ အချိန်ပိုင်းလာထိုင်ပြီးရင်၊ သူ . . လာခေါ်မှ ပြန်ပါ . . တဲ့"

သူ . . ခေါင်းညိတ်သည်။

"ကျေးဇူးပဲ ဆရာမ"

သူနာပြုဆရာမ၊ ပြန်ထွက်သွားသောအခါ၊ ကိုကျော်မြင့်

www.burmeseclassic.com

www.burmeseclassic.com



က ကန့်လန့်ကာစ,ကို လှပ်လျက် –

"ဆရာ . . ဘယ်သူ့ကို၊ ခေါ်ရမလဲ"

အစီအရီထပ်ထားသော၊ လူနာမှတ်တမ်းများကို၊ ကြည့်ပြီး . . .

"ကိုသန်းနိုင် ကိုခေါ်လိုက်" . . ဟု၊ သူ . . ပြောသည်။ သားရေလက်ကိုင် သေတ္တာအတွင်းမှ၊ နားကြပ်နှင့်ဘောပင် တစ်ချောင်းကို၊ ထုတ်ယူလိုက်၏။

❀ ❀ ❀

( ၂ )

အခန်း၏အပြင်ဘက်မှ၊ "ကိုသန်းနိုင်" . . ဟု၊ အော်ခေါ်လိုက်သော ကိုကျော်မြင့်၏ အသံကိုကြားလိုက်ရ၏။ ခေါ်သံနှင့် မရှေးမနှောင်းတွင်၊ ကိုကျော်မြင့်က . . လူနာတစ်ဦးကို တွဲခေါ်လာသည်။ အနီးတွင် လူနာရှင် အမျိုးသမီးတစ်ဦးလည်း၊ လိုက်ပါလာလေ၏။

❀

နှုတ်ခမ်းမွေး . . မုတ်ဆိတ်မွေးသဲ့သဲ့ဖြင့်၊ မျက်လုံးမျက်ခုံး ကောင်းသော၊ ကိုသန်းနိုင် ဆိုသည့်၊ လူနာက, သူ့စားပွဲရှေ့ တည့်တည့်တွင်၊ သိမ်မွေ့စွာထိုင်သည်။ လူနာရှင် အမျိုးသမီး ကိုပါ၊ သူ . . ထိုင်ခိုင်းလိုက်ပြီး၊ ကိုသန်းနိုင်၏ လူနာမှတ်တမ်း ကို၊ တစ်ခေါက် ပြန်ဖတ်လိုက်၏။ ပြီးမှ –

www.burmeseclassic.com

www.burmeseclassic.com



"ကဲ . .၊ ကိုသန်းနိုင်။ ခင်ဗျား အရက်ဖြတ်တာ၊ ဘယ်နှစ်ခါရှိပြီလဲ။"

"ဒီတစ်ခါနဲ့ဆို၊ လေးခါရှိပါပြီ . . ဆရာ"

ကိုသန်းနိုင်၏မျက်လုံး . . အသက်ရှူပုံနှင့် အသားအရည်ကို၊ သူ . ., သတိတထားကြည့်လိုက်သည်။ အနည်းငယ် ပိန်လှီသည်မှအပ၊ ပြင်ပ, ရောဂါဝင်နေဟန်မတွေ့သေး။

"အခု . . ဖြတ်မှာရော၊ သေချာရဲ့လား"

"သေချာပါတယ် . .ဆရာ။ ကျွန်တော့် စိတ်က, တကယ်ဖြတ်ချင်တာပါ"

နံဘေးရှိအမျိုးသမီးက,

"ဖြတ်မယ်တော့၊ သူ . .အမြဲတမ်း ပြောတာပဲ ဆရာ။ ဖြတ်လည်း . .ဖြတ်တယ်။ ဒါပေမဲ့ . . ပြန်သောက်မိပြန်ရော"

သူ . . ခေါင်း တဆတ်ဆတ်ညိတ်သည်။

"ဖြစ်တတ်ပါတယ်။ ဒါပေမဲ့ ., အဓိက,က၊ ကိုယ့်ကိုကိုယ် ထိန်းသိမ်းနိုင်ဖို့ပဲ။ အရက်ခွက်ကို ခင်ဗျားလက်နဲ့ ယူမှ၊ ခင်ဗျား ပါးစပ်ထဲအရက်ရောက်မှာပါ။ ခင်ဗျား ပါးစပ်ထဲရောက်နေတာတောင်မှ၊ ခင်ဗျားကိုယ်တိုင် မျိုချလိုက်မှ၊ အရက်က



ခင်ဗျားဝမ်းထဲကိုရောက်မှာ။ ဟုတ်ရဲ့လား ကိုသန်းနိုင်"

"ဟုတ်ပါတယ် . .ဆရာ"

"ခင်ဗျားက၊ ပညာတတ် တစ်ယောက်ပဲ။ အရက်ရဲ့ မကောင်းကြောင်းကို၊ ခင်ဗျားကိုယ်တိုင်သိမှာပါ"

"အတိအကျတော့ မသိဘူး . . ဆရာ။ ဒါပေမဲ့ သားတွေ . .သမီးတွေ ရှိတော့။ စီးပွားရေးနည်းနည်း ထိခိုက်လာတာကို သတိထားမိတယ်"

"အင်း . . ။ ခင်ဗျားပြောတာ မှန်ပါတယ်။ ဒါပေမဲ့ သေသေချာချာ လေ့လာကြည့်ရင်၊ စီးပွားရေးတွင်မက,ဘူး၊ ကျန်းမာရေးပါ ထိခိုက်တယ်ဗျ"

"ဟုတ်တယ်. .ဆရာ။ ဟုတ်တယ်။ တစ်ခါတစ်ခါ အသက်ရှူမဝ, သလိုပဲ"

"အင်း . .၊ အသက်ရှူမဝဘူး ဆိုတော့၊ အဆုတ်နဲ့သက်ဆိုင်တယ်။ ဒါပေမဲ့ . . ခင်ဗျားမှာ တခြားရောဂါ၊ မဝင်သေးပါဘူး။ ညဘက် အိပ်ပျော်ရဲ့လား"

"ဟုတ်ကဲ့"

"ခင်ဗျား . . အရက်သောက်တာ။

www.burmeseclassic.com

www.burmeseclassic.com



ဘယ်လောက်ကြာပြီလဲ"

"သုံးလ,လောက် ရှိပြီဆရာ"

အမျိုးသမီးက . . .,

"စ,သောက်တာကို မေးတာ။ ဖြတ်ပြီး ပြန်သောက်တာကို မေးတာ မဟုတ်ဘူး" . . ဟု ဝင်ပြော၏။ "အရက်ကို စ,ပြီး မြည်းကြည့်ဖူးတဲ့အချိန်ကို ပြောတာ" . .ဟု၊ သူ . .စကား ဝင်ထောက်၏။

ကိုသန်းနိုင်က . . .,

"ငါးနှစ်လောက်ရှိပြီ ဆရာ"

"ဘယ်လောက် သောက်ပြီးရင်၊ ခင်ဗျား မူးသလဲ"

"စသောက်သောက်ချင်းတုန်းက, တော့၊ တစ်ပိုင်းလောက်ဆို မူးတာပေါ့ ဆရာ။ အခုတော့ . . ၊ အဖော်ကောင်းရင် တစ်ထိုင်တည်းနဲ့ တစ်လုံးကျော်မှ မူးတာ"

"လုံး၀, သတိမေ့သွားလောက်တဲ့ အထိ သောက်ဖူးသလား"

"ဟင့် အင်း။ အဲဒီလို တော့ မသောက်ဖူးဘူး။ ကျွန်တော်က . . ခြာခြာ လည်နေပြီဆိုရင်၊ လက်ထိုးပြီး အန်ပစ် လိုက်တာပဲ။

အဲဒီ . .မထူနိုင်အောင် မူးတဲ့အချိန်၊



အန်ဖက်ဆို့တဲ့အချိန်ဟာ၊ ကျွန်တော် အရက်ကို အရမ်းမုန်းတဲ့အချိန်ပဲ ဆရာ။

ဒီလောက် အခံရခက်တဲ့ အရက်၊ နောက်နေ့မသောက်တော့ဘူး . . လို့၊ တဝေါဝေါ အန်တဲ့အချိန်မှာဆုံးဖြတ်တယ်။ နောက်နေ့ကျတော့ . ., ပြန်သောက်မိပြန် ရော . . "

ကိုသန်းနိုင် စကားကြောင့်၊ သူ . .ပြုံးလေ၏။ ပြီးနောက်,

"ကဲ . .၊ ရှေ့ကို လက်နှစ်ဘက် ဆန့်ကြည့်ပါအုံး"

ကိုသန်းနိုင် ထိုင်နေရာမှ လက်နှစ်ဘက် ဆန့်တန်း၏။ လက်မောင်း၊ လက်ချောင်းတို့သည်၊ တုန်တုန်ရင်ရင် မရှိသေး။ ကိုသန်းနိုင်၏ လက်နှစ်ဘက် ပြန်ချပြီးသောအခါ . .

"ထမင်းရော . . အစားပျက်လား"

ကိုသန်းနိုင် ခေါင်းခါ၏။ သူက . .

"ကျွန်တော် . . စကားနည်းနည်း ပြောမယ်နော်"

"ဟုတ်ကဲ့ ပြောပါ . .ဆရာ"

"အရက်ရဲ့ ဆိုးကျိုးကို ခင်ဗျား သိသိ မသိသိ၊ အရက်ဖြတ်ချင်တယ်ဆိုတဲ့ စိတ်၊ ခင်ဗျားမှာရှိတာ၊ ဒါ . . ကောင်းတဲ့ လက္ခဏာပဲ။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီတော့ အရက်ရဲ့ဆိုးကျိုးကို၊ ကျွန်တော် ပြောပြမယ်။ ဒီက, အစ်မကြီး လည်း၊ ကိုယ့်လူနာကို သတိပေးနိုင်အောင်၊ နည်းနည်းမှတ်သွားလိုက်ပေါ့"

"ဟုတ်ကဲ့ . . ဒေါက်တာ"

"ဘာသာတရားတွေက,လည်း အရက်ရဲ့ အပြစ်တွေကို၊ ဆုံးမ,ထားတယ်။ ဥစ္စာပစ္စည်းလျော့ပါးမယ်။ ရောဂါထူပြော မယ်။ ကိုယ့်အင်္ဂါကို လုံခြုံအောင် မထိန်း သိမ်းနိုင်လောက်တဲ့အထိ၊ ဣန္ဒြေပျက်ပြား မယ်။ အရက်သောက်ရင်း . . ငြင်းမယ်ခုန် မယ်၊ ပြဿနာတွေဖြစ်မယ်။

ဘယ်လောက်ကြီးတဲ့ လုပ်ငန်းကိုပဲ ဦးဆောင်ပြီးလုပ်နေ့ပေ့စေ။ အရက်စွဲနေရင်၊ ကျော်ဇောမှု အောင်မြင်မှု ကင်းမဲ့မယ်။ ပညာ ရှာဖို့ မှတ်ဉာဏ်တွေ . . အခြေအနေတွေ ဆုံးရှုံးတတ်တယ် . . တဲ့။ ဒါက . . ဘာသာ တရားရဲ့၊ အဆုံးအမ။

ကျွန်တော်တို့ ကျန်းမာရေးဘက် က, ကြည့်မယ်ဆိုရင်တော့ . .၊ အရက်ကို . နေ့ညမပြတ်သောက်ပြီး . .၊ ဖြတ်လို့မရ အောင် စွဲစွဲမြဲမြဲ သောက်နေတဲ့လူဟာ .



.အစာ အိမ်နဲ့ပတ်သက်တဲ့ရောဂါတွေ ဖြစ်မယ်။

အစာအိမ်ရောင်တတ်တယ်။ အစာ အိမ်မှာ အနာဖြစ်တတ်တယ်။ အစာအိမ် လမ်းကြောင်းသွေးယိုတတ်တယ်။ နောက် . . လိပ်ခေါင်းရောဂါ ဖြစ်တတ်တယ်။"

"တခြားရောဂါတွေရော . . ဖြတ်တတ်သေးလား . . ဒေါက်တာ" . . ဟု၊ လူနာရှင်၊ အမျိုးသမီးက ဝင်မေးသည်။ သူက . .

"ဖြစ်တာပေါ့။ အရက်စွဲပြီ ဆိုရင်၊ ကိုယ်ခန္ဓာပိုင်းဆိုင်ရာရော . .၊ စိတ်ပိုင်း, ဦးနှောက်ပိုင်းဆိုင်ရာရော . .၊ ရောဂါဖြစ်မှာ သေချာတယ်။

အစာအိမ်တစ်ခုတည်းတွင်၊ မဟုတ် ဘူး။ အသည်းအဆီဖုံးတတ်တယ်။ အသည်း ယောင်တတ်တယ်။ အသည်းကျွတ်တတ် တယ်။ ပြီးရင် . .၊ အသည်းကင်ဆာ ဖြစ်တတ်တယ်။

နောက် . . အဆုတ်။ အဆုတ် ယောင်တာတို့၊ အဆုတ်တီဘီတို့၊ အဆုတ် ကင်ဆာတို့ ဖြစ်တတ်တယ်။

ပြီးတော့ . . နှလုံး။ သွေးကြော

www.burmeseclassic.com

www.burmeseclassic.com



ကျဉ်းရောဂါဖြစ်မယ်။ နလုံးအသားမှာ
ရောဂါဖြစ်မယ်။ သွေးတိုးရောဂါပါ ပူးတွဲပြီး
ဖြစ်မယ်။"

ကိုသန်းနိုင်က၊ ဂရုတစိုက်နားထောင်နေရှာ၏။

"ဗီတာမင်ဘီဝမ်း, ဘီတွဲ,
ဖောလစ် အက်ဆစ်တွေချို့တဲ့မယ်။ သံ
ဓာတ်ချို့တဲ့မယ်။ အဲဒီ့အခါ . . သွေးအား
နည်းမယ်။

အရက်သောက်တဲ့ အမျိုးသမီး
တွေ ဆိုရင်၊ သန္ဓေသား ထိခိုက်တတ်တယ်။
ပြီးတော့ . . အရက်စွဲနေတဲ့လူဟာ၊ တခြား
ဆေးဝါးတွေနဲ့ မတည့်တာမျိုးဖြစ်တတ်
တယ်။

ဦးနှောက်ချို့ယွင်းတတ်တယ်။
စိတ်ဂယောက်ဂယက်ဖြစ်တတ်တယ်။
လူမှုရေးနဲ့ ပတ်သက်တဲ့ပြဿနာမျိုးတွေ
လည်း၊ အများကြီး ရင်ဆိုင်ရတတ်တယ်"

"အခုလို၊ အသေးစိတ်ပြောပြတာ
ကျေးဇူးတင်ပါတယ် . . ဆရာ"

"ကောင်းပြီ၊ ကိုသန်းနိုင်။ အခု .
. ဒီတစ်ခေါက်အရက်ဖြတ်ချင်တာလည်း၊
ခင်ဗျား ဆန္ဒနော်"



"ဟုတ်ပါတယ်"

"အခု . . ၊ ကျွန်တော်တို့ ဒီဆေးရုံ
က၊ ခင်ဗျားကို အရက်ဖြတ်ဆေးထိုးလိုက်
မယ်။ ခင်ဗျားလည်း . . သိပြီးသားပါ။

အရက်ဖြတ်ဆေးဟာ၊ အရက်နဲ့
မတည့်ဘူး။ အဲဒီတော့ . .၊ အရက်ဖြတ်ဆေး
သောက်ထားရက်နဲ့ အရက်သောက်ရင်၊ ဒုက္ခ
ဖြစ်မယ်။

အဲဒီတော့ . .၊ အရက်ဖြတ်ဆေး
ကို၊ သောက်ဖို့သဘောတူတယ်ဆိုရင်၊
ကိုသန်းနိုင် ဒီမှာလက်မှတ်ထိုးပါ"

"အရက်ဖြတ်ဆေးသောက်ရန် သဘောတူညီကြောင်း"၊
ကိုသန်းနိုင်က, လူနာမှတ်တမ်းတွင်၊ လက်မှတ်ထိုး၏။

"ခင်ဗျားစိတ်က၊ တကယ်ပြတ်ချင်
ရင်၊ တကယ်ပြတ်သွားမှာပါဗျာ။

အရက်ပြန်သောက်ချင်ရင်လည်း၊
ခင်ဗျားသဘောနဲ့ ခင်ဗျား၊ မသောက်ပါနဲ့။
ကျွန်တော်နဲ့တိုင်ပင်ပါ။ ဟုတ်ပြီလား . .
ကိုသန်းနိုင်"

"ဟုတ်ကဲ့ . .ဆရာ။ ကျွန်တော်
ပြတ်အောင်ဖြတ်မှာပါ"

"ကောင်းတယ်" . .ဟု၊ သူ . .ပြော၏။

www.burmeseclassic.com

www.burmeseclassic.com

ကိုသန်းနိုင်တို့ ထွက်သွားပြီးသောအခါ၊ နောက်ထပ် လူနာတစ်ယောက်ကိုခေါ်ရန်၊ ကိုကျော်မြင့်ကို၊ သူ . .ညွှန်ကြား၏။

❀ ❀ ❀

( ၃ )

အရက်ဖြတ်လူနာ ငါးဦးကို ကြည့်ရှုစစ်ဆေးညွှန်ကြား ပြီးနောက် . .

"ကဲ . .မောင်မင်းလှ။ ဘာဖြစ်လဲ . .ပြော"

"ကျွန်တော် ဘာမှ မဖြစ်ပါဘူး"

"ဖြစ်တယ် ဆရာ။ အိမ်မှာ ဟိုဟာရိုက်ခွဲ၊ ဒီဟာရိုက်ခွဲနဲ့။ ပြီးတော့ အိမ်ကိုလည်း . . မီးရှို့မယ်လို့ကြိမ်းတယ်။ အဲဒါနဲ့ . . ဒီကို အရောက်ခေါ်လာရတာပါ" . . ဟု၊ မိခင်နှင့် အစ်မဖြစ်သူအနက်၊ အစ်မဖြစ်သူက၊ ဝင်ပြော၏။ မိခင်ဖြစ်သူမှာ . . မျက်နှာမကောင်းရှာ။

လူနာမှတ်တမ်းကို သူ အသေအချာပြန်ဖတ်သည်။ ပြီးမှ,

"လွန်ခဲ့တဲ့ လေးရက်က၊ မင်း . . သမိုင်းလမ်းဆုံမှာ မျက်စေ့မှိတ်ပြီး၊ ကားလမ်းကို၊ တစ်ခေါက်ပြီးတစ်ခေါက် ကူးနေလို့၊ ရဲက . . ဖမ်းခေါ်ပြီး . . အိမ်ကို

www.burmeseclassic.com

www.burmeseclassic.com



"လိုက်ပို့ရတယ်ဆို။ အဲဒီမှာ ဘာသွားလုပ်တာလဲ မောင်မင်းလှ"

အနီးရှိ၊ အကူသူနာပြုက . .

"ဖြေလိုက်လေ ညီလေး"

"ကျွန်တော် ဂါထာသွားရွတ်တာပါ"

"အဲဒီက၊ ပြန်ရောက်တော့ . .။ မင်း . . အိမ်မှာသောင်းကျမ်းတော့တာပဲဆို။ ဟုတ်လား"

"ကျွန်တော် သောင်းကျမ်းတာ မဟုတ်ဘူး . . ဆရာ။ အမေတို့က . . ကျွန်တော့်ကို ရူးနေတယ်ဆိုပြီး၊ ဆေးရုံပို့ဖို့ ဝိုင်းချုပ်ကြလို့၊ ကျွန်တော် ကာကွယ်တာပါ"

"ဒါနဲ့။ သမိုင်းလမ်းဆုံမှာ ဘာ ဂါထာသွားရွတ်တာလဲ။ ကားလမ်းကိုရော မျက်စိမှိတ်ပြီး၊ ဘာဖြစ်လို့၊ အခေါက်ခေါက် အခါခါကူးနေရတာလဲ။ ဆရာ့ကို ပြောပါဦး"

"သမ္ဗုဒ္ဓေဂါထာ သွားရွတ်တာပါ ဆရာ။ သမ္ဗုဒ္ဓေဂါထာက အန္တရာယ်ကင်းတယ်ဆိုလို့။ အဲဒီဂါထာကို မျက်စေ့မှိတ်ရွတ်ပြီး၊ ကားလမ်းကို တစ်ခေါက်ပြီးတစ်ခေါက်



ကူးကြည့်တာ"

"မင်း . . ကားတိုက်မှာ မကြောက်ဖူးလား"

"မကြောက်ပါဘူး။ သမ္ဗုဒ္ဓေက အန္တရာယ်ကင်းတာပဲ။ ဂါထာက, ကျွန်တော့်ကို အကာအကွယ်ပေးလိမ့်မယ်"

သူ . . ပြုံး၏။ အစ်မ ဖြစ်သူဘက်သို့လှည့်ကာ . .

"မောင်းမင်းလှက၊ ကျောင်းသားလား"

အစ်မဖြစ်သူက . .

"ဟုတ်ကဲ့ . . ဆရာ။ ဒုတိယနှစ် ကျောင်းသားပါ"

"ဘာ မေဂျာလဲ"

"မက်(စ)"

သူ . . ထိုင်ရာမှ ထသည်။ မောင်မင်းလှ၏ လက်ဖျံတွေကို၊ မူးယစ်ဆေးဝါးသုံးစွဲဖူးခြင်း ရှိ၊မရှိ စစ်ဆေးသည်။ ပြီးမှ၊ နေရာတွင်ပြန်ထိုင်ပြီး . . ,

"ဆေးပြားတွေ ဘာတွေ သောက်ဖူးလား"

မောင်မင်းလှ ခေါင်းခါ၏။

"အရက်ရော"

အစ်မဖြစ်သူက . . ,

www.burmeseclassic.com

www.burmeseclassic.com



"ဘာမှ၊ မလုပ်ဖူးဘူး ဆရာ။ ဆေးလိပ်တော့၊ အရမ်းသောက်တယ်"

"ကဲ . . မောင်မင်းလှ။ မင်း . . စိတ်ထဲမှာ၊ ဘယ်လိုခံစားနေရသလဲ။ ဆရာ့ကိုပြောပြ။ ဘာဖြစ်ချင်သလဲ, ဆရာ့ကို ဆွေးနွေး"

"ကျွန်တော် တရားအားထုတ်ချင်တယ် . . ဆရာ"

"ဟာ . . ။ ကောင်းတာပေါ့။ တရားအားထုတ်တယ်ဆိုတာ ကောင်းတဲ့အလုပ်ပဲ။ ဘာဖြစ်လို့တရားအားထုတ်ချင်တာလဲ"

"ကျွန်တော် ဘုရားဖြစ်ချင်တယ် ဆရာ" . . မောင်မင်းလှ ပြော၏။

"ဖြစ်မယ်ထင်လို့လား"

"ထင်တာမဟုတ်ဘူး ဆရာ၊ ယုံကြည်တာ။ ယောကျ်ားတိုင်းဘုရားဆုပန်လို့ရတယ်ဆို။ အဲဒါ. .မဟုတ်ဘူးလား"

"ဟုတ်တော့ ဟုတ်ပါတယ်။ ဒါပေမဲ့ . . ဘုရားလောင်းဆိုတာ၊ ပါရမီရင့်သန်ရတယ်။ အခုလောလောဆယ်၊ မောင်မင်းလှက၊ မိဘကိုစိတ်ချမ်းသာအောင်



ထားတဲ့၊ သားတစ်ယောက်ဖြစ်တယ်ဆိုတဲ့ ပါရမီ အားနည်းနေသေးတယ်။ မိဘ,ကို စိတ်ချမ်းသာအောင် ထားဦးပေါ့"

မိခင်ဖြစ်သူက၊ မျက်လုံးမှမျက်ရည်ဝဲတွေကို ပုတ်ခပ်နေလေ၏။

"အာ . .၊ ဆရာက,လည်း . . ၊ မိဘ,ကို စိတ်ချမ်းသာအောင်ထားဖို့ဆိုတာ မဖြစ်နိုင်ဘူး၊ အမေတို့က သူတို့စကားနားထောင်မှ၊ စိတ်ချမ်းသာကြမှာ"

"မိဘစကားပဲ၊ နားထောင်ရမှာပေါ့။ လိုက်နာရမှာပေါ့ကွ"

"မိဘစကားနားထောင်ရင် ကျွန်တော် ဘုရားဖြစ်တော့မှာ မဟုတ်ဘူး။ ဆရာပဲ စဉ်းစားကြည့်။ ခမည်းတော် သုဒ္ဓေါဒနမင်းကြီးက၊ သားတော် သိဒ္ဓတ္ထမင်းသားကို၊ စကြာဝတေးမင်းဖြစ်စေချင်တာ။ သိဒ္ဓတ္ထမင်းသားသာ၊ သူ့ခမည်းတော် စကားကိုလိုက်နာမိလိုက်ရင်၊ ဘုရားတောင်ဖြစ်မှာမဟုတ်ဘူး။ မိဘစကားကို နားမထောင်ဘဲ၊ တောထွက်ပြီး ဒုက္ကရစရိယ ကျင့်ခဲ့လို့၊ ဘုရားဖြစ်ခဲ့တာပဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပြီ။ မောင်မင်းလှကို ဆရာ တစ်ခုမေးမယ်။ အလုပ်တစ်ခုခုကို၊ ဝုန်းဝုန်း ဒိုင်းဒိုင်းနဲ့၊ ဖြစ်ချင်ဖောကြီးပြီး လုပ်တာနဲ့၊ တစ်ဆင့်ချင်း မှန်မှန်လေးလုပ်တာနဲ့၊ ဘယ်ဟာ . . အမှားအယွင်းနည်းမလဲ"

မောင်မင်းလှက . . "ဝုန်းဝုန်းဒိုင်းဒိုင်း၊ လုပ်ရင် မှားတတ်တာပေါ့" . .ဟု သူ့မျက်နှာကို အသေအချာကြည့်လျက်၊ ဖြေ၏။ သူက . .,

"ဂေါတမမြတ်စွာဘုရားက၊ အသက် နှစ်ဆယ့်ကိုးနှစ်ကျမှ တောထွက်တာ။ မောင်မင်းလှက အခုမှအသက် နှစ်ဆယ်ပဲရှိသေးတာပဲ။ စောသေးတာပေါ့။

ပထမအရွယ်မှာ ပညာရှာ၊ ဒုတိယ အရွယ်မှာ ဥစ္စာရှာ၊ တတိယအရွယ်မှာ၊ တရားရှာတဲ့။ မောင်မင်းလှကြားဖူးတယ် မဟုတ်လား"

"ကြားဖူးတယ်။ အဲဒီစကားမှားနေ တယ် . .ဆရာ။ ပထမအရွယ်မှာ . .ပညာ ရှာနေတုန်းသေသွားရင်၊ ဒုတိယအရွယ်မှာ . . ဥစ္စာရှာတုန်း သေသွားရင်၊ တတိယ အရွယ်ကို ဘယ်လိုလုပ်ရောက်တော့မှာလဲ။

အဲဒီတော့၊ တတိယအရွယ်ကျမှ၊



တရားရှာမယ်ဆိုရင်၊ ပထမအရွယ်နဲ့ ဒုတိယ အရွယ်မှာ၊ တရားလက်လွတ်ဖြစ်မနေဘူး လား။ ပထမအရွယ်ပဲဖြစ်ဖြစ်၊ ဒုတိယအရွယ် ပဲဖြစ်ဖြစ်၊ အရွယ်သုံးပါးစလုံးမှာ . . တရား ရှာသင့်တယ် . . ဆရာရဲ့။ အဲဒါကို အမေ တို့က၊ နားမလည်ဘူး"

"မောင်မင်းလှ ပြောတာ . . မှန်ပါ တယ်။ ဒါပေမဲ့ ဆရာပြောချင်တာ . . အခု မောင်မင်းလှက၊ ငယ်ရွယ်သေးတဲ့အပြင်၊ ကျန်းမာရေးမကောင်းဘူး"

"ဗျာ။ ကျွန်တော် . . ကျန်းမာရေး မကောင်းဘူး၊ ဟုတ်လား . .ဆရာ"

တအံ့တသြဟန်ဖြင့် မေး၏။

"ဟုတ်တယ်။ ဆရာ စမ်းသပ် ကြည့်တာ . .မောင်မင်းလှ အားနည်းနေ တယ်။ အိပ်ရေးတွေ ပျက်တယ် ထင်တယ်"

"ဟာ။ ပျက်တာပေါ့ . . ဆရာ ရယ်။ ည . .ည ကျရင်၊ သုံးဆယ့်တစ်ဘုံ သားတွေရဲ့ အပူသောကတွေကို၊ ဘယ်လို ငြိမ်းပေးရင်ကောင်းမလဲလို့၊ တွေးပူနေရတာ နဲ့ သိပ်မအိပ်ဖြစ်ဘူး"

"ဟုတ်ပြီ။ အခု . .ဒီ၊ ဆရာတို့

www.burmeseclassic.com

www.burmeseclassic.com



ဆေးရုံမှာ၊ အိပ်ရေးဝဝ, အိပ်စေချင်တယ်။
ဘာကိုမှ မတွေးစေချင်ဘူး။

အိပ်ရေးပျက်ရင်၊ အားနည်းမယ်
လေ။ အားနည်းရင် မောင်မင်းလှ လုပ်ချင်
တာတွေ၊ လုပ်နိုင်ပါဦးမလား"

"အင်း။ ဟုတ်တယ်။ ဆရာပြော
တာ . . မှန်တယ်"

"ဒါဆိုရင်၊ ဆရာတို့ တိုက်တဲ့
ဆေးကို မှန်မှန်သောက်ရမယ်နော်။ ဟုတ်ပြီ
လား"

"ဟုတ်ကဲ့ ဆရာ။ သောက်မယ်"

"ကဲ . . ဒါဆို၊ မောင်မင်းလှ
သွားပြီးအနားယူလိုက်တော့။ နောက်မှ . .
ဆရာနဲ့ တရားအကြောင်းဆွေးနွေးမယ်။
နော် . . မောင်မင်းလှ"

"ဟုတ်ကဲ့၊ ဟုတ်ကဲ့" . . ဟု မောင်မင်းလှ ပြော၏။ မိခင်နှင့်အစ်မတို့အား မေးမြန်းကြည့်သောအခါ . .ဖခင်ဖြစ်သူသည် စိတ်ရောဂါဖြစ်ဖူးသူတစ်ဦးဖြစ်ကြောင်း၊ သူ . . သိရ၏။

စိတ်ရောဂါဝေဒနာရှင်တိုင်းအား၊ ဆေးပညာရှင်များက ဆေးဝါးကုသ,မှု ပြုကြသကဲ့သို့၊ မိသားစုဝင်များကလည်း . . ဝိုင်းဝန်းပံ့ပိုးပြီး၊ လူနာအပေါ် . . စိတ်ဖောက်ပြန်နေသူ . .ဟု မယူဆဘဲ၊ လူကောင်းပကတိလို ဆက်ဆံပြောဆိုနေထိုင်ဖို့



လိုအပ်ကြောင်း . .၊ မောင်မင်းလှ မိခင်နှင့်အစ်မကို သူ . . ညွှန်ကြားသည်။ နေ့လည် ဆယ့်နှစ်နာရီထိုးခါနီးပေပြီ။ လူနာတွေ မပြတ်သေး။

❀ ❀ ❀

www.burmeseclassic.com

www.burmeseclassic.com

(၄)

မနေ့က . . စိတ်ရောဂါအထူးကု ဆေးရုံကြီးတွင်၊ လူနာများစွာကို၊ သူ . .စစ်ဆေး, ကုသခဲ့၏။

ဒီနေ့တော့ . ., ၊ ရန်ကုန် ( . . . . )ဆေးရုံ၏ ပြင်ပ,လူနာဌာနတွင်၊ စိတ်ရောဂါဝေဒနာရှင်များအတွက်၊ (အချိန်ပိုင်း) တာဝန်ထမ်းဆောင်ရလေသည်။ ဤ . . .ဆေးရုံတွင်၊ သူ့သူငယ်ချင်း ဒေါက်တာဝေလင်းလည်း . . တာဝန်ကျလျက်ရှိ၏။

သူနှင့်ဝေလင်းသည် ဆေးတက္ကသိုလ် တက်ရောက်စဉ်ကတည်းက၊ သူငယ်ချင်း။ အလုပ်သင်ဆရာဝန်အဖြစ် တာဝန်ထမ်းဆောင်အပြီးမှာတော့၊ ဝေလင်းက သာမန်ဆရာဝန်တစ်ယောက်အဖြစ်သာ ဆက်လက်တာဝန်ထမ်းဆောင်နေလေသည်။

D, P. M (Diploma in Psychological Medicine) ဆက်တက်ရန်၊ သူ . .အဖော်ညှိသေး၏။ ဝေလင်း ခေါင်းခါသည်။ စာကျက်ရမှာပြင်းတယ် . . ဟု ပြော၏။



သူက,တော့ . . (D. P. M) ဆက်တက်ခဲ့၏။

ထို့ကြောင့် . . စိတ်ရောဂါအထူးကု ဟူသော အခြေအနေကို၊ သူ . .ပိုင်ဆိုင်ခဲ့လေသည်။

❀

စိတ်ရောဂါအထူးကုဆေးရုံကြီးမှ . .

ပထမလက်ထောက်ဆရာဝန်၏ ညွှန်ကြားချက်အရ၊ ဤရန်ကုန် ( . . . . . ) ဆေးရုံတွင်၊ ရက်သတ္တတစ်ပတ်တွင် တစ်ရက်, အချိန်ပိုင်း တာဝန်ထမ်းဆောင်နေရသည်။ မနက်ဆယ့်တစ်နာရီလောက်ဆိုလျှင်၊ လူနာရှင်းသွားပေပြီ။ ထိုသို့လူနာတွေ ရှင်းသွားသည့်အခါ . .

ပင်မ,ဆေးရုံသို့၊ ပြန်ပြီး . .ဆက်လက်တာဝန်ထမ်းဆောင်ရမည်ဖြစ်သည်။ သို့သော် . .

တစ်ခါတစ်ရံ၌၊ ဆေးရုံသို့၊ သူ . .ချက်ချင်းမပြန်ဖြစ်။ ဝေလင်းနှင့်ဆုံလျှင် . . တစ်နေရာသို့ သွား,လာပြီးမှ၊ ပြန်နေကျဖြစ်သည်။

"ဟေ့ကောင် . . ဂေါက်။ ဒီနေ့ရုပ်ရှင်ကြည့်မယ်"

"ဟေ့ကောင် ငထွေ။ မင်းကိုယ်မင်းကျောင်းသားများ အောက်မေ့နေသလား။

www.burmeseclassic.com

www.burmeseclassic.com



ဆေးရုံက,နေ ခိုးခိုးထွက်ပြီး၊
ရုပ်ရှင် ဆင်းဆင်းကြည့်နေတာ။ ငါ . .
ဆရာကြီးကို တက်တိုင်လိုက်ရမလား"

"တိုင်လည်း မတက်နိုင်ဘူး။ ငါမှ
. .မအားဘဲ။ အချိန်ဆိုတာ အခုလိုပဲ ခိုးလုရ
တယ်ကွ။ ဒါပေမဲ့ အခု . . ငါ ဂျူတီထွက်
လာတာကွ။ အေးအေးဆေးဆေးပဲ"

"မင်း . . အေးဆေးပေမယ့်၊ ငါ
မအေးဆေးဘူး။ ငါ့ ဆေးရုံမှာ၊ အစည်း
အဝေးရှိတယ်"

"ဂေါက်။ မင်း . .အပိုတွေ ပြော
မနေနဲ့။ ခဏနေရင်, ငါလာခေါ်မယ်။ ညက,
ရောက်လာတဲ့ ကေ့(စ)တစ်ခုကို သွားကြည့်
လိုက်အုံးမယ်"

"လူနာတွေရှိသေးတယ်" . .ဟု၊ သူ . .ပြုံးလျက်ပြော၏။
"ဟိုမှာ . .နှစ်ယောက်တည်းပဲ ရှိတော့တယ်။ ငါ နပ်(စ)ကို မေးကြည့်ပြီးပြီ" . . ဟု၊ ပြောပြီး၊ ဝေလင်း . .ထွက်သွား၏။
သူ . .ရယ်မောလိုက်သည်။

❀



ဝေလင်းက, အထွေထွေရောဂါကု ဆရာဝန်။ ထို့ကြောင့် ဝေလင်းကို သူက,.ထွေ . .ဟု ခေါ်သည်။ သူက . .စိတ်ရောဂါ အထူးကုဆရာဝန်ပေါက်စ။ ထို့ကြောင့် . ."စိတ်ရောဂါ ကုတွေက ဂေါက်တွေကို ကုတာ။" . . ဟု ဝေလင်းပြောသည်။ ပြီးနောက် သူ့ကိုပါ "ဂေါက်". .ဟု ခေါ်၏။

လူရှေ့သူရှေ့မရှောင် ခေါ်ဝေါ်ခြင်းမျိုးမဟုတ်။

နောက်ပြောင်ကျီစယ်လိုသောအခါမှသာ၊ ခေါ်ဝေါ်ကြခြင်း ဖြစ်သည်။

❀

သူ . .အချိန်ပိုင်းကုသရာ ဤပြင်ပလူနာဌာနတွင် . . စကီဇိုဖရီးနီးယား (Schizophrenia) (ခေါ်) စိတ်ကစဉ့်ကလျားရောဂါရှင်မျိုးမရှိ။

ခန္ဓာကိုယ်၌ ဖြစ်ပွားခံစားရသည့် ရောဂါတို့ကြောင့်၊ ရောဂါဝေဒနာအတွက်သောက, ဖိစီးပြီးဖြစ်တတ်သော . . စိတ်ရောဂါ (Depression) ဝေဒနာရှင်များကိုသာ တွေ့ရလေ့ရှိ၏။

နှလုံးရောဂါဝေဒနာရှင်သည် . . မည်သည့်အာရုံကျောကိုမျှ ထိခိုက်ထားခြင်းမရှိဘဲ၊ အောက်ပိုင်းသေစရာအကြောင်းမရှိ၊ ခြေထောက်များ ထုံနေစရာအကြောင်းမရှိ။

ထိုလူနာမျိုးကို၊ ခန္ဓာကိုယ်ပိုင်းဆိုင်ရာများ ပြည့်စုံစွာ

www.burmeseclassic.com

www.burmeseclassic.com



စစ်ဆေးကြည့်ပြီးသော်လည်း၊ ခန္ဓာပိုင်းဆိုင်ရာတွင်၊ မည်သည့်ချွင်းချက်မှုမတွေ့ရ။ ခြေထောက်, ထောက်၍မရဘဲ ဖြစ်နေ၏။

ထိုအခါ . . ထိုနှလုံးရောဂါဝေဒနာရှင်၏ စိတ်ခံစားမှုကို လေ့လာရန် လိုအပ်နေပေပြီ။ ထိုလူနာအား စိတ်ရောဂါကုဆရာဝန်နှင့် တွေ့ပေးဖို့လိုအပ်လာလေသည်။

"စိတ်ထောင်း ကိုယ်ကြေ" ဆိုသကဲ့သို့၊ ခန္ဓာကိုယ်၌ ခံစားရသော ရောဂါကြောင့် စိတ်ညစ်ခြင်း . . စိတ်ဓာတ်ကျခြင်း . . (ထို့အပြင်) မိသားစု၏ အယုအယကို၊ မခံစားရဘဲ အထီးကျန်နေခြင်းတို့ကို၊ ရင်ဆိုင်ရဖန်များသော လူနာသည် စိတ်ကျရောဂါဖြစ်တတ်၏။

ထိုအခါ . . နှလုံးရောဂါမျှသာဖြစ်ပါလျက်၊ ခြေထောက်ပါမထောက်နိုင်လောက်အောင် (ထောက်ချင်စိတ်မရှိလောက်အောင်) ဖြစ်ပြီး၊ အောက်ပိုင်းသေနေသူအဖြစ်၊ ပူးတွဲ(စိတ်)ရောဂါမျိုးပါ ဝင်နေတတ်ပေသည်။

စိတ်ကုထုံးများအရ . .

ထို ဝေဒနာရှင်မျိုးသည်၊ စိတ်ရောဂါအပျော့စားကိုသာ ခံစားရသည့်၊ ပြင်ပ,လူနာ အဆင့်မျှသာ ဖြစ်၏။ အပျော့စားစိတ်ဝေဒနာရှင်များကိုသာ၊ ဤဆေးရုံ၏ ပြင်ပ, လူနာဌာနတွင်၊ သူ . .ကုသ,ပေးခဲ့ရလေသည်။

❀



ဆေးရုံဝင်းအတွင်းရှိ စားသောက်ဆိုင်တွင်၊ ဝေလင်းနှင့်အတူ သူ . .မနက်စာ စားကြသည်။ ပြီးနောက် . . ဆေးရုံအနီးရှိ ရုပ်ရှင်ရုံတွင် ရုပ်ရှင်ကြည့်မည်. . ဟု၊ ဝေလင်း ပြောသည်။ ရုပ်ရှင်တစ်ကားပြီးဆုံးလောက်သည်အထိ၊ သူ . .အချိန်မရကြောင်းပြောသေးသည်။ သို့သော် . . ဝေလင်းကို ဘယ်တုန်းက,မှ ငြင်းဆန်၍မရ။

ထို့ကြောင့် . . , ခေါင်းညိတ်လိုက်နာလိုက်ရသည်။

❀

ကား တံခါးသော့ကို၊ သူ . .ဖွင့်သည်။

"ဟော့ကောင်။ အောင်ကျော်စွာ၊ ဆေးရုံဝင်းထဲကထွက်ရင်၊ ရုပ်ရှင်ရုံရောက်ပြီ။ မင်း . . ကားက ဘာလုပ်မလို့လဲ"

"ဘာမှမလုပ်ပါဘူး။ ကား ထားခဲ့မှာပါ။ ငါ့ . . စာအုပ်တွေ ယူမလို့"

"ဘာ . . စာအုပ်လဲ" . .ဟု၊ ဝေလင်း မေးသည်။ ကားအတွင်းမှ၊ ဆန္ဒမတာန်းဖတ်စာအုပ်တွေကို၊ သူ . .မ,ယူလိုက်၏။ ဖတ်စာအုပ်များကို မြင်လျှင်မြင်ချင်း. . ၊ ဝေလင်း၏မျက်နှာ ရှုံ့မဲ့သွားလေသည်။

"ဟား။ အောင်ကျော်စွာ။ မင်း . . အဲဒီဝင်္ခကို, မကျွတ်သေးဘူးလားကွာ။

www.burmeseclassic.com

www.burmeseclassic.com



မင်းက, ဂေါက်ဆိုတဲ့အတိုင်း၊ တကယ်
ဂေါက်တဲ့ ကောင်ပဲ"

"ဝဋ်" . . ဟူသော စကားလုံးကြောင့်၊ သူ့မျက်နှာ ညှိုး
သွား၏။ မျက်ရည်တွေ ဝေ့တက်လာသည်။

"ဝေလင်း။ ငါ့ကို ဂေါက်လို့ ခေါ်
ချင်ခေါ်ပါကွာ။ ဝဋ်မကျွတ်သေးဘူးလား
ဆိုတဲ့ စကားမျိုးတော့ မင်း . .မသုံးပါနဲ့"

ဖတ်စာအုပ်များကို ကိုင်မ,လျက် . .

"ဒါ . .ဝဋ်ကြွေးတွေမှ မဟုတ်ဘဲ။
ဒါ. .ကျေးဇူးတရားတွေ။
ကျေးဇူးဆပ်ခွင့် မရတဲ့ လူတစ်
ယောက်က၊ ကျေးဇူးပြုခဲ့တဲ့ ပစ္စည်းတွေ
အပေါ်ကို၊ မြတ်နိုးတွယ်တာနေတာ . . ။
ဒါကို. .ဝဋ်ကြွေးလို့ မင်း ခေါ်ရက်သလား"

သူ့ ရင်တွင်းသို့ ဝေလင်း မြင်သွားနိုင်လေသည်။

"Sorry ။ ငါ . . စကားလော
သွားတယ်။ မင်း . . ကားထဲမှာ ထားခဲ့လည်း
ဒီ စာအုပ်တွေမပျောက်နိုင်ပါဘူး . . လို့၊
ငါ . . ပြောချင်တာပါ"

"မပျောက်နိုင်ပေမယ့်။ ငါ . .
မခွဲနိုင်ဘူး . . ဝေလင်း"

"မင်း . .သဘောပါပဲကွာ" . . ဟု၊ ဝေလင်း ပြောသည်။



"ကျေးဇူးပဲ" . .ဟု သူ . .ပြော၏။ ဆဋ္ဌမတန်း ဖတ်စာအုပ်များ
ကို၊ ကျွတ်ကျွတ်အိတ်ထဲသို့ ထည့်ဆွဲပြီး၊ ရုပ်ရှင်ရုံအတွင်းသို့ပါ၊
သူ . .ယူဆောင်လာလေသည်။

❀ ❀ ❀

www.burmeseclassic.com

www.burmeseclassic.com

## ( ၅ )

ဝေလင်းသည် ပျော်ပျော်နေတတ်သူဖြစ်၏။ ကိုယ်ပိုင်ဆေးခန်းတွင်လည်းကောင်း၊ တာဝန်ထမ်းဆောင်ရာ ဆေးရုံတွင်လည်းကောင်း၊ လူနာများအပေါ် ဖက်လှဲတကင်း ဆက်ဆံ၏။ ရယ်စရာ ပြုံးစရာတွေ အဆက်မပြတ်ပြော၏။

တာဝန်ထမ်းဆောင်ချိန်မှအပ၊ ဟေးလားဟားလား နေသည်။ ဂျူတီကုပ်နှင့် နားကြပ်ကိုသာ၊ ဝေလင်း၏ ခပ်ဝေးဝေးမှာထားပါက၊ ဝေလင်းသည်၊ ဆရာဝန်တစ်ယောက်နှင့် မတူတော့ဘဲ၊ လူရွှင်တော်တစ်ယောက်နှင့် တူသွားပေလိမ့်မည်။

အချို့သော လူနာများသည်၊ ဆရာ့ထက် သားတစ်လ ကြီးလေ့ရှိသော လူနာများဖြစ်ကြ၏။ အချို့သော လူနာများသည်၊ စိတ်ညစ်စရာကောင်းလောက်အောင် အနှောက်အယှက်ပေးတတ်သော လူနာများဖြစ်ကြ၏။ ထို . .လူနာအမျိုးအစားတွေကို များသောအားဖြင့်တော့၊ ဝေလင်း၏ ကိုယ်ပိုင်ဆေးခန်း



ထဲတွင်၊ တွေ့ကြုံရလေ့ရှိသည်။

အရက်သောက်လာပြီး . . မမူးအောင်၊ အမူးပျောက်ဆေး ထိုးခိုင်းသောလူနာမျိုးလည်း ကြုံဖူး၏။ ဒါပေမဲ့ . . ဝေလင်းက ရယ်ရယ်မောမောပဲ ဖြစ်သည်။

ညစာ အစားမှားသော ကာလ,သားများကိုတော့ သူ . . ပက်ပက်စက်စက် ပြောဆို . .ဆုံးမ,လေ့ရှိသည်။ ဒေါသဖြင့် ပြောဆိုသည့်တိုင်၊ မျက်နှာက အပြုံးမပျက်။

"ပစ္စည်းက၊ သန့်တယ် ဒေါက်တာ ရဲ့"

"သန့်တယ်ဆိုတာ၊ ရေဆေးထားရုံလောက်ပဲ ရှိတာပါဗျာ" . .ဟု၊ ဝေလင်းက၊ လူနာကို ပြန်ပြော၏။

လူနာက . . ,

"ရေဆေးထားရင်၊ တော်ရောပေါ့ ဒေါက်တာရဲ့"

ဝေလင်းက မျက်နှာကို ရှုံ့ကာမဲ့ကာဖြင့် . .,

"ရေဆေးထားတာလောက်ကို သတီတယ်ဆိုရင်၊ အိမ်သာသုံးတဲ့ခွက်ကို၊ သန့်သန့်ပြန့်ပြန့် ပြန်လုပ်ပြီး၊ ခင်ဗျား သောက်ရေခွက် အဖြစ်သုံးမလား"

"အာ . .၊ ဒေါက်တာ ညစ်ပတ်တယ်" , . ဟု၊ လူနာက ပြန်ပြောသည်။ ဝေလင်းက . . ,

"ခင်ဗျားတို့ အစားမမှားကြနဲ့။

www.burmeseclassic.com

www.burmeseclassic.com



ခေတ်က ကောင်းတာမဟုတ်ဘူး။ ရောဂါ
ပေါင်း . . သောင်းခြောက်ထောင်။

ခင်ဗျားတို့ အစားမှားတာက၊
တစ်ခါတည်း။ အခု . . ဆေးထိုးဆေးသောက်
နေရတာ၊ ဘယ်လောက်ကြာပြီလဲ။

နောက်တစ်ခါ . . အစားသောင်း
ကြမ်းရင်၊ တစ်ခါတည်း . . ထုံဆေးထိုးပေး
လိုက်မယ်"

လူနာတွေ . . လူနာရှင်တွေ၊ ရယ်မောကြ၏။

❀

နောက်ထပ် . . ဆရာ့ထက် ပိုတတ်သော လူနာအမျိုး အစားမျိုးလည်း ရှိသေးသည်။

"ဒေါက်တာ။ ကျွန်တော် မနေ့က
ပရက်ရှာတက်လို့၊ သွေးကျဆေး နှစ်လုံး
သောက်လိုက်တာ။ ဒီနေ့ . . လုံး၀ ဒေါင်း
သွားတယ်။

မိုက်ထရွန်ပါ တွဲပေးပါ ဒေါက်တာ။
ဘားပလက်တော့ မအွန်သေးဘူး"

ထိုလူနာအား၊ ဝေလင်းက လက်ကာပြလိုက်သည်။ ပြီးနောက် . . လူနာကုတင်တွင် လှဲနေရာမှ အထ,ခိုင်းသည်။



ပြီးနောက် . .လူနာကို ကုတင်ပေါ်မှဆင်းစေပြီး၊ သူ ထိုင်နေရာ ဆုံလည်ကုလားထိုင်ပေါ်တွင်၊ လူနာကို ထိုင်စေ၏။

လူနာက, ဝေလင်းကို မျက်လုံးလေး ကလည်ကလည်နှင့် ကြည့်နေ၏။ ဝေလင်းက၊ ပန်းပေါ်မှ နားကြပ်ကိုဖြုတ်ပြီး၊ လူနာ၏ နားတွင် တပ်ပေးလိုက်သည်။ ပြီးနောက် . . လူနာ ကုတင်ပေါ်တွင်၊ လှဲအိပ်လိုက်လေ၏။

ထိုအခါကျမှ လူနာက၊ ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်ပြီး . .

"ဒေါက် . .၊ ဒေါက်တာ။ ဒါ . .
ဒါ, ဘာလုပ်တာလဲ"

ဝေလင်းက, မျက်လုံးလေးစင်းပြီး . . ,

"ခင်ဗျားက . . ပရက်ရှာတက်တာ
လည်း . . သိတယ်။ ကျတာလည်း သိ
တယ်။ ဘာဆေးအွန်ရမယ် ဆိုတာလည်း၊
သိတယ်။ ဘာ ဆေးတွဲပေးရမယ်ဆိုတာ
လည်း နားလည်တယ်။

အဲဒီတော့ . .၊ အဲဒီ့ နားကြပ်ကို
ကိုင်။ ကျွန်တော့်ကို ကု။ ကျွန်တော် . .,
ခေါင်းလည်း ကိုက်နေတယ်။ ဇက်ကြော
လည်းတက်နေတယ်။ စိတ်လည်း တိုနေ
တယ်။ ဘာအွန်ရင်၊ ကောင်းမလဲ ဟင်"
. . ဟု၊ လူနာကို မေးလိုက်လေသည်။ အနီးရှိ လူနာရှင်

www.burmeseclassic.com

www.burmeseclassic.com



တွေ . .၊ လူနာတွေ ဝေါခနဲ ရယ်မောကြလေ၏။ သူ ပြောချင်ရာ ပြောပြီးမှ၊ ဝေလင်းလည်း . . တဟားဟားရယ်လေ၏။ စိတ်ဆိုး စရာကိုပင်၊ ရယ်ရယ်မောမော စိတ်ဆိုးတတ်သူဖြစ်သည်။

⊛

ရုပ်ရှင်ကြည့်လျှင်လည်း . . ဘယ်တော့မှ ငြိမ်ငြိမ်ခံမိစိမ် မကြည့်။ ဇာတ်ကား အသွားအလာ . . အမူအရာတွေကို ဝေဖန် လိုက်သေးသည်။ ရုပ်ရှင်ကို၊ ဝေဖန်စရာမရှိဘူးဆိုလျှင်တော့၊ အနီးအပါးရှိ . . လူယောက်ျား . . လူမိန်းမ, တို့၏ အနေအထိုင် အမူအကျင့်တို့ကို လက်တို့အသိပေးပြီး၊ ဘယ်လိုလူမျိုး၊ ဘယ်လိုအဆင့်အတန်းမျိုးဆိုတာတွေကို၊ တီးတိုးသဲ့သဲ့ ဝေဖန် လေတော့၏။

နှုတ် . . လျှာ သွက်လွန်းသဖြင့်၊ အသေအချာ သတိထား ကြည့်စဉ်အခါတိုင်း၌, ဝေလင်းသည် . .များသောအားဖြင့်၊ ဘီယာလောက်တော့ သောက်ထားတတ်လေ၏။ ပြောဆို ပိတ်ပင်သောအခါ "ပင်ပန်းလွန်းလို့ပါ". . ဟု၊ သူ့ကို ဝေလင်း ပြောသည်။ ဝေလင်းသည်၊ ထိုမျှသော ချွင်းချက်လေးများ၊ ရှိထားသူဖြစ်၏။

ဒါပေမဲ့ . . .

ဝေလင်းသည်၊ သူ့ သူငယ်ချင်းသာဖြစ်သည်။

⊛



"ဟော့ကောင် . . အောင်ကျော်စွာ၊ ရှေ့ကစုံတွဲကိုကြည့်စမ်း။ အသက်ချင်းကွာ လိုက်တာကွာ။ အဖေနဲ့ သမီးအရွယ်လောက် ရှိတယ်"

ဝေလင်းက လေသံသဲ့သဲ့ဖြင့်၊ သူ့နားအနီးသို့ တိုးကပ်ပြီး ပြော၏။ သူက . .

"ဝေလင်း။ ရုပ်ရှင်ကြည့်မှာ ကြည့် စမ်းပါကွာ။ မင်း . . တော်တော် ဝါသနာ ကြီးတဲ့ကောင်။ မင်းကိုယ်မှုင်း လူငယ်လေး အောက်မေ့နေသလား။ သူ့ဘာသာ အရွယ် ကွာကွာ မကွာကွာ။ မင်းနဲ့ဘာဆိုင်လဲ"

"ဆိုင်တာပေါ့ကွ။ ဟိုးတုန်းက, သူများနဲ့ ကိုကိုနဲ့ခေတ်။ နောက်တော့ . . မနဲ့မောင်လေး . . ခေတ်။ နောက်တော့ . . ဦးနဲ့ . .သမီး။ အခု . .ဦးနဲ့သမီး မဟုတ် တော့ဘူး။ ဘဘနဲ့ သမီးနဲ့ခေတ်မျိုး ဖြစ်သွား မှာစိုးလို့"

"အေးလေ။ အဲဒါ . . မင်းနဲ့ ဘာ ဆိုင်လဲ"

"ဟ။ မြန်မာပြည်မှာနေရင်၊ မြန်မာ ပြည်မှာဖြစ်ပျက်နေတဲ့ ကိစ္စတွေအကုန်လုံး၊ မြန်မာပြည်မှာနေတဲ့ မြန်မာပြည်သားတိုင်းနဲ့

www.burmeseclassic.com

www.burmeseclassic.com



မဆိုင်ဘူးလား"

"မင်း. .စကားက၊ ကြီးကျယ်လိုက်တာ" . . ဟု၊ သူ ပြောသည်။

"ငါ . . ကြီးကျယ်တာမဟုတ်ဘူး။ ယိုသူမရှက်၊ မြင်သူရှက်။ ဟိုမှာ. .။ မင်း ကြည့်ပါလား"

ရှေ့တည့်တည့်သို့ သူ . .ကြည့်လိုက်မိသည်။ အမျိုးသမီး က. .နံဘေးရှိ အဘိုးကြီး၏ ပခုံးပေါ်သို့ ခေါင်းမှီထားသည်ကို မြင်၏။ ဝေလင်းအား . . စကားနိုင်လုလိုသဖြင့် ပိတ်ကားပေါ်မှ ရုပ်ရှင်ဇာတ်ကားကို အာရုံမရောက်တော့ချေ။

"ဟုတ်ပြီ။ အဲဒါကို မင်း . . မြင်တော့။ မင်း. . စိတ်ထဲ ဘာဖြစ်လို့လဲ။ ဘာ ပြောချင်လို့လဲ"

"မသင့်လျော်ဘူးလို့ ပြောချင်တယ်။ ကြီးသူကို ရိုသေ၊ ရွယ်တူကို လေးစား၊ ငယ်သူကို သနားဆိုတဲ့ စကားကို၊ ဘယ်နေရာမှာ သွားသုံးနေကြသလဲလို့ မေးလိုက်ချင်တယ်"

"အခု . . လှမ်းမေးလိုက်ပါလား" . .ဟု၊ သူ ပြောလိုက်၏။ "ငါ့မှာ . . မေးခွင့်၊ ပြောခွင့်မှ မရှိဘဲ" . . ဟု ဝေလင်း ပြော၏။

"အဲဒါဆိုလည်း၊ မင်းက ငါ့ကို



ဘာဖြစ်လို့ စကားအဖြစ်လာပြောနေရသေးလဲ။ ကိုယ် မစွမ်းဆောင်နိုင်တဲ့ကိစ္စကို၊ ပါးစပ်နဲ့ပြောနေတာ၊ အလကားပဲ"

"မင်းကို၊ ငါ . .ပါးစပ်နဲ့ပြောတာ မဟုတ်ဘူး အောင်ကျော်စွာ၊ ရင်ဖွင့်တာကွ။ ပြောခွင့်မရဘူး . .ဆိုပြီး၊ ရေငုံနှုတ်ပိတ်နေမယ့်အစား၊ ငါ့ဘေးနားမှာရှိတဲ့ မင်းကို၊ ဝေဒနာချင်းတူမယ်ထင်ပြီး ရင်ဖွင့်ဆွေးနွေးတာ။ ကာယကံရှင်တွေကို လက်ညှိုးထိုးပြီး ပြောခွင့်မရတောင်၊ ကိုယ့်အချင်းချင်း၊ လက်တို့ ရင်ဖွင့်လိုက်တော့ . . စိတ်နည်းနည်း သက်သာတာပေါ့။ ဟဲ ဟဲ"

"တော်စမ်းပါကွာ။ မင်း ဘာသာ . .မင်း၊ ဝါသနာပါလို့ ဝေးချင်ရင် ဝေးချင်တယ် ပြော"

"မင်းက၊ နှမသားချင်း မရှိတော့၊ ဒီလိုပဲပြောမှာပေါ့။ အဲဒီ အမျိုးသမီးနေရာမှာ . .မင်း့၊ အစ်မတစ်ယောက်ဆိုရင်၊ မင်း့၊ ဘယ်လိုခံစားရမလဲ" . .ဟု၊ ဝေလင်း မေးသည်။

"ဘာ ခံစားစရာရှိသလဲ။ သူ့စိတ်နဲ့ သူ့ကိုယ် သူရွေးချင်မှာရွေးတာပဲ"

ဝေလင်း၊ ခေါင်းခါ၏။ တစ်ခုခုပြောဖို့ ဝေလင်း ပါးစပ် ဖြင်သည်။

www.burmeseclassic.com

www.burmeseclassic.com



"တော်တော့ ဝေလင်း။ ကြားသွားရင် မကောင်းဘူး" . . ဟု၊ သူ . . စကားဟန့်သည်။ ပိတ်ကားဆီမှ ရောင်ပြန်အလင်းကြောင့်၊ ဝေလင်းက မျက်ခုံးများတွန့်ကာ၊ သူ့ကိုကြည့်လိုက်သည်ကို၊ မြင်ရ၏။ စိတ်အလိုမကျဖြစ်သွားဟန်တူသည်။ ထို့ကြောင့် . .,

"ဝေလင်း။ မင်း ပြောတာကို ငါ သဘောပေါက်တယ်။ ဒါပေမဲ့ . .၊ ဆရာဝန်က, ဆရာဝန် အလုပ်ကိုပဲ၊ လုပ်တာ ကောင်းတယ်။ တခြား အခြေအနေတွေကို၊ ခေါင်းထဲထည့်တွေးရင်၊ မင်း . . ရူးလိမ့်မယ် ဝေလင်း"

"ငါ . . စာရေးတဲ့ ဆရာဝန်တွေကို၊ သိပ်လေးစားတာပဲကွာ" . . ဟု၊ ဝေလင်းက သက်ပြင်းမောသံဖြင့် ပြော၏။ ဆက်ပြောမည့် ထိုစကားကိုတော့ သူ . . နားစွင့်သည်။

"ငါသာ . .၊ စာရေးတတ်ရင်၊ အဲဒီဆရာဝန်၊ စာရေးဆရာတွေလိုပဲ၊ ငါ့ရင်ထဲက, ဝေဒနာတွေ၊ ငါ့လူနာတွေရဲ့ ဝေဒနာတွေကို၊ ငါ . . ရေးမိမှာပဲ။

ငါ . . ပျော်ပျော်နေတာဟာ စိတ်ညစ်စရာတွေ များလွန်းလို့ပါ။ ငါ့မိသားစုမှာ စိတ်ညစ်စရာ သိပ်မရှိဘူး ဒါပေမဲ့ . . လူနာတွေရဲ့ ဘဝတွေမှာ စိတ်ညစ်စရာတွေ အများကြီးရှိတယ်။



အဲဒါတွေကို၊ ငါ . . လိုက်, လိုက်ခံစားနေမိလို့၊ ငါ . . နေရာတကာပါမိတာထင်တယ်"

သူက . .,

"နေရာတကာ ပါတယ်လို့တော့၊ မင်းကို ငါ မပြောပါဘူး။ လူတိုင်းလူတိုင်းဟာ၊ ကိုယ့်လက်တစ်ကမ်းက၊ တာဝန်ကိုကျေပြီးမှ၊ တခြားဘက်ကမ်းက၊ တာဝန်ကိုယူသင့်တယ်။

အားလုံးအတွက်ပူ၊ အားလုံးအတွက် စွမ်းဆောင်နိုင်ဖို့ဆိုတာ၊ ငါတို့မင်းတို့က၊ တန်ခိုးရှင်တွေမှ မဟုတ်ဘဲ။ အဲဒီတော့ . . ,

အရင်ဦးဆုံး၊ ကိုယ့်တာဝန်ကိုယ်ကျေအောင် ဆောင်ရွက်နေတာသာ၊ လောလောဆယ်အကောင်းဆုံးပါပဲ။"

စကားစ, ပြတ်သွားကြသည်။ ရုပ်ရှင်ပိတ်ကားထံသို့၊ အာရုံ ပြန်ပို့ဖြစ်၏။

ရုပ်ရှင်ရုံသည် မှောင်အတိ။

နံရံတချို့ရှိ၊ အသိပေးစာတန်းများတွင်သာ၊ အလင်းကို အနီရောင်ဖြင့်၊ မြင်တွေ့နေရ၏။ ရုပ်ရှင်ဇာတ်ကားပြီးဆုံးသွားသွင်မှ၊ တစ်ရုံလုံး ထိန်ထိန်လင်းပေလိမ့်မည်။ ငြိမ်သက်နေသော

www.burmeseclassic.com

www.burmeseclassic.com



ပရိသတ်တွေ၊ လှုပ်ခပ်လာကြပေလိမ့်မည်။ ထိုအခါ . . အနီရောင် စာတမ်းတို့၏ အလင်းရောင်သည် တစ်ရုံလုံး၏ အလင်းအားကြောင့်၊ မှိန်ဖျော့သွားရပေလိမ့်မည်။

❀

ရုပ်ရှင်ဇာတ်ကားပြီးဆုံးသွားသောအခါ၊ ရုပ်ရှင်ရုံ တစ်ခုလုံး မီးရောင်တွေ ထိန်ထိန်လင်းသွား၏။ ရှေ့တည့်တည့်ရှိ၊ အမျိုးသမီးနှင့် အဘိုးကြီးတို့ကို၊ ဝေလင်းနည်းတူ သူလည်း၊ သတိပြုကြည့်လိုက်မိ၏။

အမျိုးသမီးက၊ မတ်တတ်ရပ်သည်။ အဘိုးကြီးက၊ ဖေးတွဲသည်။ ထို . .အမျိုးသမီး၏ မျက်နှာကို နီးကပ်စွာ တွေ့မြင်လိုက်ရ၏။ လှပ, တင့်တယ်သော ရုပ်ရည်ဟု သူ . .သိလိုက်၏။ ဆံပင်များသည် ရှည်လျားနက်မှောင်သော်လည်း ဖိုးယိုးဖားရား ရှိလွန်း၏။

"သမီး။ လုံချည်ကို အဲဒီလို ဖြန့်မဝတ်ရဘူး
လေ"

အဘိုးကြီး၏ သတိပေးစကားသံကြောင့်၊ ထိုအမျိုးသမီးက, ခေါင်းညိတ်၏။ သူနှင့်ဝေလင်းတို့၊ မျက်နှာလွှဲကာ၊ ထွက်ခွာလာခဲ့ပြန်သည်။

"ဒီ ဇာတ်ကားကိုကြည့်တာ၊ သုံးခါရှိပြီနော် . .သမီး နောက်နေ့ မကြည့်ရတော့ဘူးနော်။ ဖေဖေ့စကားကို နားထောင်



ရမယ်နော်" ဟူသော၊ စကားသံကို ကြားလိုက်ရပြန်သေး၏။

ဝေလင်းကို၊ သူ . .မျက်လုံးဝိုင်းလျက်၊ ကြည့်လိုက်၏။ သူ့ကို ဝေလင်း ပြုံးပြသည်။

"မင်း ထင်မြင်ချက်တွေ လွဲကုန်ပြီ
မဟုတ်လား။ အဲဒါ သားအဖကွ"

သွားစေ့လျက်၊ လေသံအုပ်ပြီး ပြောလိုက်သည်။ ဝေလင်းက . .,

"ဟဲ ဟဲ. . ။ Sorry။ ငါ. . မှားသွား
တယ်"

"မင်း . .ငရဲကြီးပြီ" . .ဟု၊ သူပြောလိုက်သည်။ ပြီးနောက်, နောက်ကျောဘက်သို့၊ အားနာစိတ်ဖြင့်၊ ငဲ့ကြည့်လိုက်မိ၏။ မျက်ခုံးထူထူကိုလည်းကောင်း၊ ဆံပင်ရှည်ရှည်များကိုလည်းကောင်း၊ သူ . .သတိပြုဖြစ်သည်။

လက်ထဲမှ၊ ဆဋ္ဌမတန်းဖတ်စာအုပ်တွေကို၊ ပိုမို၍ ထွေးပွေ့လိုက်၏။

❀ ❀ ❀

www.burmeseclassic.com

www.burmeseclassic.com

( ၆ )

ဝေလင်းက၊ အိမ်ပြန်ပေလိမ့်မည်။ သူက, တော့ . . စိတ်ရောဂါအထူးကုဆေးရုံကြီးသို့၊ (အစည်းအဝေးတစ်ခုတက်ရန်) ပြန်သွားရပေဦးမည်။

ကားအတွင်းသို့၊ ဖတ်စာအုပ်များကို နေသားတကျထားပြီး၊ ကားမောင်းသူနေရာတွင်၊ သူ . .ဝင်ထိုင်သည်။ ဝေလင်း၏ ကားက၊ နံဘေးတွင် ရပ်ထား၏။ ကားရှိရာသို့ မသွားသေးသော ဝေလင်းကို၊ သူ . . မော့ကြည့်လျက် . .

"မမနွယ်လည်း၊ ခုနက, တွေ့ခဲ့တဲ့
အမျိုးသမီးလောက်တော့၊ ချောမှာပဲကွ။ နော်
. . ဝေလင်း။
အဲဒီ့အရွယ်လောက်တော့၊ ရှိရော့
မယ်"

ဝေလင်း မဲ့ပြုံးပြုံး၏။

"မင်း . . မမနွယ်ကို၊ ငါ . . မြင်
လည်း မမြင်ဖူးဘူး။ မင်း ပြောပြောနေတဲ့၊



ဓာတ်မှောရှည်ကြီးကိုသာ ကြားဖူးတာ။
အခု . .အရွယ်မှာ၊ ချောနေမယ်၊
လှနေမယ်လို့ ဘယ်ပြောလို့ရပါ့မလဲ"

ကောင်းကင်သို့ မော့ကြည့်ရင်း . . ,

"မမနွယ်က၊ လှတယ်ကွ" . .ဟု၊ သူ ပြောသည်။ ပြီးနောက် . .

"ခုနက၊ အမျိုးသမီးက၊ မမနွယ်
များ ဖြစ်နေမလား . . မသိဘူးနော်"

ဝေလင်း တဟားဟား၊ ရယ်လေ၏။

"မင်းက၊ ဘာကြောင့် . .အဲဒီလို
ထင်ချင်ရတာလဲ"

"သူက . . လှတာကိုး"

"ဩော . . ။ လှတဲ့သူတိုင်းက၊
မမနွယ်ပေါ့။ ဟုတ်လား"

သူ . .၊ စကားမတုံ့ပြန်ဘဲ ပြုံးနေလိုက်၏။ ဝေလင်းက–

"ခုနက၊ အမျိုးသမီးက၊ လှတော့
လှပါတယ်ကွာ။ ဒါပေမဲ့ . . ဝတ်တာ
ဆင်တာ ကပိုကယိုနဲ့"

"အဝတ်အစားကို၊ ငါ . .သေသေချာချာ မကြည့်မိဘူး။ ရှက်နှာနဲ့၊ ဆံပင်တွေကို ကြည့်မိတာ" . .ဟု၊ သူ ပြော၏။ ဝေလင်းက . .

"ကဲ ကဲ . .။ မင်း ရောက်ကျနေ

www.burmeseclassic.com

www.burmeseclassic.com



မယ်။ ငါလည်း . . လစ်တော့မယ်”

သူ . . ခေါင်းညိတ်လိုက်သည်။ ကားစက်မနှိုးခင်၊ နံဘေးရှိ၊ ဖတ်စာအုပ်တွေကို ငုံ့ကြည့်လိုက်မိ၏။ မမနွယ်နှင့် ပြန်တွေ့ချင်လှပြီ။

⊛

မမနွယ်ကို၊ သူ . .စွဲလန်း တပ်မက်ခဲ့ခြင်းမျိုးမဟုတ်။ ပြန်လည်တွေ့ဆုံလိုခြင်းပင် ဖြစ်သည်။

မရတာကိုမှ ပို၍လိုချင်လေ့ရှိသော လူ့သဘာဝကြောင့်လား မသိ။ တွေ့ခွင့်ဆုံခွင့်မရရှိခဲ့သောကြောင့် မမနွယ်ကို ပို၍ . .ပို၍ တွေ့ဆုံလိုခဲ့သည်မှာ နှစ်ပေါင်းများစွာ၊ ကြာမြင့်ခဲ့သည်။

မအိပ်, မစားနိုင်လောက်အောင် ပြန်လည်တွေ့ဆုံလိုသော စိတ်ခံစားမှုမျိုး မဟုတ်သည်ကိုတော့၊ ကိုယ့်ကိုကိုယ်သိ၏။

ရယ်မောလိုက်စဉ်အခါတိုင်း ဖြူဖွေးသန့်စင် သွယ်တန်းညီညာနေသော မမနွယ်၏ သွားလှလှလေးများကိုလည်းကောင်း၊ မျက်နက်ဝန်းကို အနားသပ်အလှဆင်ထားသော မျက်တောင်ကော့လေးများကိုလည်းကောင်း၊ ထင်းပြတ်သော မျက်ခုံးထူထူနှင့် ငယ်နသော ဝင်းပ, မျက်နှာလေးတို့လည်းကောင်း၊ ဘဝ၏လှေကားထစ်များ တိုးထွက်မြင့်တက်စဉ်အခါတိုင်း၌၊ ပို၍မြင်ယောင် တမ်းတ, မိလေသည်။

မိန်းကလေး သူငယ်ချင်းများကို ဘဝတလျှောက်၌ ခင်မင်



ရင်းနှီးစွာနေထိုင်ခဲ့ရသော်လည်း၊ အနားမှာ . . မမနွယ် ရှိနေသည့် . . ဟု၊ ဖျတ်ခနဲ ဖျတ်ခနဲ သူတွေးသည်။ ထိုအခါ . . မမနွယ်သည်၊ သူ . .အခင်ရဆုံး သူငယ်ချင်း။ သူ . .အချစ်ရဆုံး . . အစ်မ။ သူ . . အမြော်လင့်ဆုံးသော သံယောဇဉ် မိန်းမသား။

“မင်း . . မမနွယ်လို့ ခေါ်တဲ့၊ မသီရိနွယ်ကို၊ မင်း . . ချစ်နေတာများလား” . .ဟု၊ ဝေလင်း မေးဖူးသည်။ ဆယ်တန်းအောင်တုန်းက . .သူ ခေါင်းခါခဲ့သည်။ ဆေးတက္ကသိုလ်တက်နေစဉ်က၊ သူ . .ခေါင်းခါခဲ့သည်။ အလုပ်သင်ဆရာဝန်ဖြစ်နေစဉ်က၊ သူ . .ခေါင်းခါခဲ့သည်။ ယခုအချိန်တွင်မူ၊ ဦးခေါင်းကို၊ မခါယမ်းလိုတော့။

ပျိုမျစ်နုငယ်စဉ်က၊ တွေ့ဆုံခဲ့ဖူးသူကို၊ နှောင်းသောအခါ တျမှတစစ တိုးလာသည့် သံယောဇဉ်များစွာကြောင့်၊ ရင့်ကျက်တည်ကြည်စွာ၊ ချစ်မြတ်နိုးမိသည်ကို၊ အပြစ်တစ်ခု . .ဟု၊ ထင်မြင်နိုင်ပါသလား။ ထို . .အပြစ်၏ ဒဏ်ကို၊ သူ . .ခံယူချင်ပါသည်။

“မင်းနဲ့ ပြန်တွေ့တဲ့အချိန်မှာ၊
မသီရိနွယ်က၊ အိမ်ထောင်ကျနေရင်
ဘယ်လိုလုပ်မလဲ”

သတိပြုဆင်ခြင်စရာစကားကို ဝေလင်း ပြောဖူးသည်။ ထိုအမေးစကားက၊ ရင်ထဲတွင် ထင့်ကနဲ နင့်သွားစေ၏။

“ငါက . . ,
နောက်ကျလို့၊ အပေါက်ဝက,

www.burmeseclassic.com

www.burmeseclassic.com



ပြန်လည့်မယ့်သူမှ မဟုတ်တာ။
မမနွယ်ကို၊ ငါက . . ချစ်သူလို၊
စ,ပြီး တမ်းတခဲ့တာမှ မဟုတ်ဘဲ။
တဖြည်းဖြည်း တမ်းတပြီး တစ်ရစ်ရစ်နဲ့
ချစ်ခဲ့တာ"

ယခုအချိန်အထိ၊ ရင်ထဲတွင် မမောချင်သေး။ မျှော်လင့်ခြင်းသည် နှလုံးသည်းခြေထဲ၌၊ နွေးထွေးလျက် ရှိနေသေး၏။

"ကတိစကား တစ်ခွန်းကို၊ အသက်နှင့်အတူ သယ်ဆောင်သိမ်းဆည်းထားခဲ့သူ" . .ဟု၊ ကိုယ့်ကိုကိုယ် နားလည်ဂုဏ်ယူလိုသည်။ ကတိတစ်လုံးကို လူသိရှင်ကြားပေးပြီး၊ လူမသိ သူမကြား ပယ်ဖျက်မေ့လျော့ ထားသူများထက် ပို၍ မြင့်မြတ်သူအဖြစ်၊ ကိုယ့်ကိုကိုယ် ဂုဏ်ယူလိုသည်။

ငယ်စဉ်က, သက်သေမရှိ၊ တိုင်တည်သူမရှိဘဲ၊ နှစ်ကိုယ်ကြားပေးထားခဲ့သော ကတိစကားကို၊ အလွယ်တကူပယ်ဖျက်နိုင်ခွင့်ရှိပါလျက်၊ ကိုယ့်ကိုကိုယ် တိုင်တည်ကာ၊ ကိုယ့်ကိုကိုယ် သက်သေထူခဲ့သူမို့၊ ပယ်ဖျက်မေ့လျော့လိုက်ရမည့် အပြစ်ဆိုးအတွက်၊ ကိုယ့်ကိုကိုယ်ရက်တတ်ခဲ့သူဖြစ်၏။ 'ဆိုခဲ့စေ၊ မြဲစေ' . .ဟူသော စကားကို၊ သူ . .တန်ဖိုးထားဖြစ်ခဲ့သည်။

တစ်ခုံတစ်ရာ (များစွာ)ဖြင့်၊ ကုစားနိုင်ခွင့်ရှိပါလျက်၊ 'သစ်မရခင် ဝါးဖြင့်ပေါင်းကွတ်' လိုသော၊ အစားထိုးခြင်းမျိုးတွေကို၊ လွယ်ကူစွာ ရှောင်ရှားနိုင်ခဲ့၏။

❁



မိုးရေစက်များသည်လည်း၊ အေးမြစမြဲဖြစ်သည်။ နှင်းပွင့်၊ နှင်းခဲတို့သည်လည်း . . အေးမြစမြဲဖြစ်သည်။ သူ . .လိုလားသည်မှာ နှင်းငွေ့တို့၏ အေးမြခြင်းမျိုးသာဖြစ်၏။

ဆောင်းကိုသာ မွေ့ပိုက်လိုသူမို့၊ မိုးစက်ပွင့်တို့၏ အေးမြခြင်းအောက်၌၊ နှင်း၏ကိုယ်စား၊ မိုးစက်ပွင့်များဖြင့်၊ အစားမထိုးချင်ပေ။ လိုလားရာ . . တမ်းတခြင်းဖြင့်သာ၊ ခိုင်မတ်စွာ လွမ်းနေလို၏။ ဆောင်းနှင့်တွေ့လိုသူအား၊ မည်သည့်အရာက,မျှ ဆောင်းယောင်ဆောင်၍ မလွမ်းမိုးနိုင်။

နွေ တစ်ရာအောက်
ခြေရာပျောက်လို့
ဘယ်ရောက်နေသလဲ၊ ချစ်တဲ့ . . နှင်း။

ဥသြအော်ငို၊ မပျော်လိုဘူး
မိုးဦး . . နှောင်းလွန်
ကောင်းကင်ယုယ၊ သူ . . ရွာချလည်း၊
ဘဝခံပြင်း၊ ကိုယ့်ရင်တွင်းက
တမ်းတမ်းတ, နေ . . .
ဆောင်း, လာမှပဲ အေးပါရစေ။
အေးလျှင်ပြီးရော
မိုးရေတောမှာ၊ မျှောမပါဘူး။
နှင်း၏ချစ်သူ၊ ကိုယ့်လိုလူက,
ဘယ်သူငြိမ်းငြိမ်း . . မစိမ်းလန်းဘူး

www.burmeseclassic.com

www.burmeseclassic.com



ဘယ်သူနမ်းနမ်း . . မလွမ်းတတ်ဘူး
ဘယ်သူလှလှ . . မတွေ့မျှဘူး။

ဘ၀ အရင်၊ ဟိုး . . ငယ်စဉ်က
ဆောင်းလွင်ပြင်ထဲ၊ ပျော်မွေ့မြဲမို့၊

နွေထဲ တမ်းတ၊ ငွေနှင်းမြူဖြူ
မိုးထဲ မလျှောက်၊ နှင်း ဖျောက်ဖျောက် . . မျှော်
ဘယ်သူ ခေါ်ခေါ်၊ ကိုယ် . .မပျော်ခဲ့၊

ထို မျှော်လင့်ခြင်း
စောင့်စည်းခြင်းကြောင့်၊
ချိုသာနေနား၊ ကိုယ့်အပါး . .သို့
ရွေ့လျားဝေဆင်း၊ သင့်ဆောင်းတွင်းမှာ . .
ကောင်းခြင်းတွေ လာ ဝေပါ . . နှင်း ။ ။

ထိုကဗျာလေးထဲက,လိုပါပဲ။

နှင်းငွေ့၊ နှင်းပေါက်၊ နှင်းရည်သောက်ရန်၊ မျှော်ထောက်နေသကဲ့သို့၊ မမနှင့် တွေ့ဆုံခွင့်ရခဲ့လျှင်၊ ဆောင်းဥတုနှင့် တွေ့ဆုံခွင့်ရသည့်ပမာ၊ ရင်မှာ . . ချမ်းမြလိမ့်မည်. .ဟု၊ ဟိုစဉ်ကတည်းက၊ ယုံကြည်ထားခဲ့၏။ မျှော်လင့်သက်တွေ ရှည်ခဲ့ပြီ။

❀ ❀ ❀

( ၇ )

တနင်္လာနေ့တိုင်း၊ ဆရာဝန်ကြီးနှင့်အတူ သူတို့လက်ထောက်ဆရာဝန်များ၊ လူနာဆောင်တွေဘက်သို့ လှည့်လည်စစ်ဆေးကြရသည်။

သူ . .စစ်ဆေးကုသ, ပေးထားရသည့် လူနာတွေ၏ အခြေအနေကို၊ ဆရာဝန်ကြီးထံသို့, တင်ပြရသည်။ ဆရာဝန်ကြီးက၊ လိုအပ်ချက်များကို ညွှန်ကြားလေ့ရှိ၏။

အင်္ဂါနေ့ ညနေပိုင်းတွင်၊ သူ့ ကိုယ်ပိုင်ဆေးခန်းသို့၊ ဆလင်း ဖုန်းဆက်ပြန်သည်။ ဗုဒ္ဓဟူးနေ့ ညတာဝန်အပြီးတွင်၊ အချိန်ပိုင်းကုသ,မှုပေးနေမည့်၊ သူ့ အခန်းသို့လာမည်ဖြစ်ကြောင်း၊ အတူတူပြန်မည်ဖြစ်ကြောင်းပြော၏။ "ရုပ်ရှင်ကြည့်အုံးမလား" . .ဟု၊ အလိုမကျသံဖြင့်၊ သူပြောသောအခါ၊ ဆလင်းက . .,

"ဒီ . . တစ်ပတ်မကြည့်တော့ပါဘူး". .ဟု ပြောသည်။ ပြီးမှ . . "ကားမကောင်းလို့". .ဟု စကားဆက်၏။ "ဈေးကောင်"

www.burmeseclassic.com

www.burmeseclassic.com



. .ဟု၊ သူခေါ်လိုက်သည်။ ဝေလင်း၏ ရယ်သံကိုကြားရ၏။

❀

ဗုဒ္ဓဟူးနေ့ မနက်ပိုင်း၊ ( . . . . ) ဆေးရုံ၏ ပြင်ပ,လူနာဌာန၊ လူနာသုံးလေးဦး ကြည့်ရှုညွှန်ကြားပြီးသည်အထိ၊ ဝေလင်း ပေါ်မလာသေး။

"နောက်တစ်ယောက် ခေါ်လိုက်ပါ" . .ဟု၊ သူနာပြုဆရာမ,ကို သူ . .ပြောသည်။ သူနာပြုဆရာမက . .အခန်း၀,သို့ သွားပြီး . .လူနာ၏အမည်ကို ခေါ်လိုက်၏။

သူ့စားပွဲ၏နံဘေး တစ်ဘက်တစ်ချက်တွင်၊ သူနာပြုသင်တန်းကျောင်းမှ၊ သင်တန်းသူတွေရှိနေကြသည်။ လူနာတွေကို လာရောက်လေ့လာကြခြင်းဖြစ်၏။ လူနာတို့၏ ရောဂါဇစ်မြစ်။ အခြေအနေ။ ကုသ,ပုံနှင့်တကွ၊ ပြုစုပုံတို့ကိုပါ၊ သူ. . ရှင်းပြရလေသည်။

အသက် သုံးဆယ့်လေးနှစ်ခန့် လူနာ(အမျိုးသမီး) တစ်ဦးနှင့် သူ့၏အမျိုးသားတို့ဝင်လာကြသည်။ ရှေ့တည့်တည့် ထိုင်ခုံများတွင် ထိုင်ကြ၏။ လူနာကို သူ ပြုံးပြသည်။ လူနာက, သူ့ကို ပြုံးပြ၏။

"ဘယ်လိုလဲ။ မညွှန့်ညွှန့်ဝေး နေကောင်းသွားပြီလား"

"ဟုတ်ကဲ့ . . ဆရာ"



"လမ်းလည်း၊ လျှောက်လို့ရသွားပြီနော်"

"ဟုတ်ကဲ့"

"စိတ်ထဲမှာ အားငယ်နေသေးလား"

ပြုံးလျက်, ခေါင်းခါပြသည်။

သူနာပြုသင်တန်းသူများအား၊ (လူနာ) မညွှန့်ညွှန့်ဝေ၏ ရောဂါအကြောင်းကို၊ သူ . .ရှင်းပြသည်။

"ဒီ . . မညွှန့်ညွှန့်ဝေက၊ Psycho အသေးစားလေးဖြစ်တယ်ဆိုပါတော့။

သူ့ မူလ,ရောဂါက၊ နှလုံးသွေးကြောကျဉ်းရောဂါ။ နေမကောင်းဖြစ်နေတုန်း၊ အိမ်ရှင်နဲ့ စကားများတယ် . . တဲ့။

အဲဒီမှာ အထိတ်တလန့်ဖြစ်ပြီး၊ အောက်ပိုင်းသေသွားတယ်။ ဆေးရုံပေါ်ရောက်လာတာက၊ သတိလစ်ပြီး ရောက်လာတာ။

ဒီဆေးရုံမှာ၊ နှလုံးအခြေအနေကောင်းသွားတဲ့အထိ၊ ခြေထောက်က, ထောက်လို့မရဘူး။

ခါးဆီဖောက်တယ်။ ရောဂါမတွေ့ဘူး။ အာရုံကြောဌာနကို ပို့တယ်။ အာရုံ

www.burmeseclassic.com

www.burmeseclassic.com



ကြောချို့ယွင်းချက်မရှိဘူး။ ခြေထောက်က,
တော့ လုံး၀, မထောက်နိုင်ဘူး"

သူ . . ပြောပြသမျှကို၊ သူနာပြုသင်တန်းသူများက၊ ရေးမှတ်နေကြ၏။ လူနာရှင်နှင့် လူနာမှာ . . လန်းလန်းဆန်းဆန်း။

"အဲဒီလိုနဲ့၊ ဒီကိုရောက်လာတာ။
သူ့ ဘိုင်အိုဂရပ်ဖီကို ကြည့်လိုက်တော့၊
သူက . . လွန်ခဲ့တဲ့ ဆယ်နှစ်လောက်
ကတည်းက, မိဘက၊ သမီးအဖြစ်က,နေ
စွန့်ပစ်ခံထားရတဲ့၊ သူဖြစ်နေတယ်"

မညွှန့်ညွှန့်ဝေအနီးရှိ၊ အမျိုးသားကို၊ လက်ညှိုးညွှန်လျက် . .

"ဒါက . . မညွှန့်ညွှန့်ဝေရဲ့
အမျိုးသား။ သူနဲ့လက်ထပ်တဲ့အတွက်၊ မိဘ
ကစွန့်ပစ်ထားတာ။

အဲဒီတော့ . .လူနာက, နှလုံးရောဂါ
အခံရှိနေတဲ့သူ ဖြစ်တဲ့အတွက်၊ ဝမ်းနည်း
စရာကို၊ သိပ်မခံစားနိုင်ဘူး။

ဒါပေမဲ့ . .

အိမ်ထောင်ဘက်ကို၊ အားနာတဲ့
အတွက်၊ သူ့ရင်ထဲမှာ ရှိတာတွေကို၊ ဖွင့်
မပြောဘူး။ မျိုသိပ်တယ်။



အမျိုးသားရဲ့၊ လုပ်ငန်းက,လည်း၊
ခရီးခဏခဏထွက်ရတဲ့အလုပ်ဆိုတော့၊
အိမ်မှာတစ်ယောက်တည်း ကျန်ခဲ့ရတာ
များတယ်။

အထီးကျန်လွန်းတယ်ဆိုပါတော့။
မိဘအသိုင်းအဝိုင်းက,လည်း ပစ်ထား။
အိမ်ထောင်ဘက်က,လည်း၊ အနားမှာ အမြဲ
တမ်းရှိမနေနိုင်တော့၊ စိတ်ဓာတ်ကျသွား
တယ်။

စိတ်ကျသွားတဲ့အတွက်၊ မလှုပ်ရှား
ချင်တော့ဘူး။ အဲဒီအချိန်မှာ၊ ငှားနေတဲ့
အိမ်ရှင်နဲ့စကားများတော့၊ အထိတ်တလန့်
ဖြစ်ပြီး၊ သတိလစ်တယ်။ သတိပြန်ရတော့
. .ခြေထောက်တွေ ထောက်လို့မရတော့ဘူး"

လူနာရှင်ဘက်သို့လှည့်ပြီး . .

"အိမ်မှာ၊ တစ်လ,လောက် ကုနေသေးတယ်နော်" . .ဟု၊ သူ မေးပြော, ပြော၏။ လူနာရှင်အမျိုးသားက,

"ဟုတ်တယ်. .ဆရာ။ ခြေထောက်တွေကို၊ ဗမာဆရာနဲ့ နှိပ်သေးတယ်" . . ဟု ပြော၏။

ဆေးမှတ်တမ်းစာအုပ်တွင်၊ လူနာအတွက်,ဆေးအညွှန်းကိုရေးပေးပြီး၊ သူ . .စကားဆက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"သူ့ကို၊ စိတ်ပြန်တက်လာအောင်၊ ဒီက . . လိုအပ်တဲ့ ဆေးတွေပေးတယ်။

သူ . .သံယောဇဉ်အရှိဆုံး ပုဂ္ဂိုလ်ကို၊ သူ့အနားမှာ အချိန်တိုင်းထားပြီး၊ ဂရုတစိုက်ပြုစုနိုင်းတယ်။ လိုလေးသေးမရှိ ပြုစုနိုင်းလိုက်တယ်။ အဲဒီမှာ . .လူနာ စိတ်ချမ်းသာလာတယ်။ စိတ်ကြည်လာတယ်။ တဖြည်းဖြည်းနဲ့ စိတ်ဓာတ်ခိုင်မာလာတယ်။

အခု . .လမ်းလျှောက်လို့ရသွားပြီ။ သူ သံယောဇဉ်အရှိဆုံး၊ ပုဂ္ဂိုလ်က, အလုပ်တွေကို ပစ်ပြီး၊ လူနာအနားမှာ အချိန်ပြည့် ပြုစုပေးလိုက်တဲ့အခါကျတော့၊ လူနာက တခြားကို အာရုံမရောက်တော့ဘူး။ စိတ်ပျော်လာတယ်။ အခု. .နေကောင်းသွားပြီ။

သူ . .သံယောဇဉ်အရှိဆုံးပုဂ္ဂိုလ်က,တော့၊ ဒီက . .သူ့ အမျိုးသားပေါ့"

သင်တန်းသူများ ပြုံးရယ်ကြ၏။

"ဒီရောဂါမျိုးက၊ ဆေးတစ်[illegible] တည်းကို၊ အားကိုးလို့မရဘူး။ ပြုစုတဲ့ သူရဲ့အခန်း ကဏ္ဍလည်း၊ အများကြီးပါ တယ်။ ဒီက. .၊ သူ့ အမျိုးသား . . တော်လို့ တော်တော်လေးကို၊ ဂရုစိုက်လို့၊ အခုလို ပြန်ကောင်းသွားတာ"



ပြောပြီး၊ မညွန့်ညွန့်ဝေ ဘက်သို့လှည့်ကာ . .

"ဟုတ်တယ် မို့လား" . .ဟု မေး၏။ ခေါင်းညိတ်သည်ကို မြင်သည်။ သင်တန်းသူများဘက်သို့၊ ပြန်လှည့်ပြီး၊ သူက . .

"ဆေးအနေနဲ့က,တော့ Alzolam နဲ့ Imipramine ကို၊ လူနာရဲ့အခြေအနေ ကြည့်ပြီး ပေးရတာပေါ့"

လူနာရှင်ကို ဆေးမှတ်တမ်းစာအုပ် ပြန်ပေးပြီး . .

"ကဲ . . မညွန့်ညွန့်ဝေ။ နေကောင်းသွားပြီနော်။ ဒီ. . ဆေးအစိမ်းနုရောင်လေးကို၊ အိပ်ရာဝင်ရင်၊ တစ်ခြမ်းပဲ သောက်တော့၊ အညိုရောင် အလုံးသေးသေး လေးတွေကို၊ သောက်ဖို့ မလိုတော့ဘူး။ ဟုတ်ပြီလား"

"ဟုတ်ကဲ့ . . ဆရာ"

လူနာ၏အမျိုးသားက၊ ဆေးမှတ်တမ်းစာအုပ်ကို၊ [illegible]ယူသည်။ ထိုင်ရာမှထ,ပြီး . .

"ခွင့်ပြုပါအုံး ဆရာ။ ကျေးဇူးတင်ပါတယ်"

"ကောင်းပါပြီ။ ခင်ဗျားက ပိုပြီး ဂရုစိုက်လိုက်ပါဗျာ။

www.burmeseclassic.com

www.burmeseclassic.com



မိဘက ပစ်ထားပေမယ့်၊ ခင်ဗျား
က ပစ်မထားဘူးဆိုတာ၊ ပိုပြီးတော့ပြလိုက်
ပေါ့"

"ဟုတ်ကဲ့ပါ . . ဆရာ"

လူနာနှင့်လူနာရှင်တို့ ပြန်ထွက်သွားကြ၏။ စားပွဲပေါ်တွင်၊ လူနာများ၏ ဆေးမှတ်တမ်းစာအုပ်တွေကို၊ မတွေ့ရတော့။ နာရီဝက်လောက်ကြာမှ၊ ဝေလင်း၏ လူနာဆောင်ဘက်သို့၊ သွားမည် . .ဟု၊ တွေး၏။

တွေးကာစ,၌ပင်၊ သူ့အခန်းထဲသို့၊ အိပ်ရာထ မျက်နှာမျိုးဖြင့်၊ ဝေလင်း ဝင်ရောက်လာလေသည်။ "ဝါဒ်ထဲမှာ အိပ်ပျော်သွားတာ" . .ဟု၊ ဝေလင်း၊ သူ့ကိုပြော၏။

စားပွဲထောင့်ရှိ၊ ဆဋ္ဌမတန်းဖတ်စာအုပ်များကို၊ သူ . . စုစုစည်းစည်း၊ ကိုင်တွယ်လိုက်သည်။

အနီးရှိ ဖန်ခွက်ထဲမှ၊ အချိုရည်အေးအေးလေးကို၊ တစ်ကျိုက်မျှမျိုချလိုက်ရလေ၏။

❀ ❀ ❀

( ၈ )

"မင်း . . အလုပ်သမားတစ်ယောက်
တော့၊ ငှားထားဖို့လိုပြီထင်တယ် အောင်
ကျော်စွာ"

သီရိနွယ်၏ ဆက်ကျော်သက်အရွယ် ဓာတ်ပုံလေးကို၊ ဆဋ္ဌမတန်းမြန်မာဖတ်စာအုပ်အတွင်းမှ၊ ယူကြည့်ပြီး၊ သူ့ကို ဝေလင်းပြောသည်။ ဝေလင်း၏ စကားဆိုလိုရင်းကို၊ သူ . . နားမရှင်း။

ဝေလင်းက၊ ဓာတ်ပုံလေးကို စာအုပ်ကြားထဲတွင် ပြန်ညှပ်ထားလိုက်သည်။ စာအုပ်များထည့်ထားရာ၊ ပလပ်စတစ်အိတ်ကို လက်နှစ်ဘက်ဖြင့် ကိုင်တွယ်ပေးထား၏။ ဝေလင်းကို သူ တစ်ချက်ငဲ့ကြည့်၏။ ကား၏အရှိန်ကို လျှော့မောင်းပြီး . .

"ငါ့ညီမက၊ အင်ဂျင်နီယာ။ အဖေ
နဲ့အမေက ပင်စင်စား။ ငါက . . ဆရာဝန်၊
အိမ်မှာ . .ကူဖော်လောင်ဘက်တစ်ယောက်
ရှိပြီးသား။

www.burmeseclassic.com



ငါ့အတွက် . . အလုပ်သမား တစ်ယောက်သပ်သပ်ထပ်ငှားရအောင် ငါ့မှာ ဘာအခက်အခဲရှိနေတယ်လို့ မင်း . . ထင်လို့လဲ"

ဝေလင်းက အသံထွက်အောင် ရယ်မော၏။ ပြီးမှ . . စာအုပ်များကို လက်ဝါးဖြင့် ပုတ်သည်။

"ဒီ . .အထုတ်လေ။ ဒီ. .အထုတ်။ မင်း . .သွားလေရာ တဆွဲဆွဲနဲ့။ အခုလည်း စားသောက်ဆိုင်မှာ ထမင်းသွားစားမှာ။ ဆိုင်ထဲကို၊ မင်း . . ဒါတွေကို သယ်လာဦးမှာပဲ။

အေး။ အဲဒီအထုတ်ကို သယ်ဖို့. . ပိုးဖို့. .စောင့်ရှောက်ဖို့အတွက်။ အလုပ်သမားတစ်ယောက်ငှားပါလို့ . .၊ ငါ. . ပြောတာ"

ဝေလင်း၏ စကားကြောင့်၊ သူ . .ရယ်သည်။

"မင်း . .မှတ်ထား . .သူငယ်ချင်း။ ဒီ . .စာအုပ်တွေကို၊ ငါ ကိုယ်တိုင် သယ်မယ်။ ပိုးမယ်။ စောင့်လျှောက်မယ်။ တခြားဘယ်သူမှ၊ ဒီ . .စာအုပ်တွေကို၊ ထိစရာမလိုဘူး"

"အခု . . ငါ ကိုင်ပေးထားရတယ်လေ" . .ဟု၊ ဝေလင်း



ပြော၏။ "မင်းက . .ငါ့ သူငယ်ချင်းပဲ၊ ကိစ္စမရှိဘူး။ ဒါပေမဲ့ . . ဒီစာအုပ်တွေကို၊ မင်းက ငါ့မျက်စေ့အောက်ကနေ တခြားကို တစ်မိနစ်လောက်ယူသွားမယ်ဆိုရင်တော့၊ ငါ ခွင့်ပြုမှာ မဟုတ်ဘူး" . . ဟု၊ သူ . .ပြော၏။ "ငါက, လည်း၊ လက်အသွောင်းခံပြီး ယူမသွားပါဘူး" . .ဟု၊ ဝေလင်း ပြန်ပြောသည်။

လမ်းချိုးတစ်ခုကို တွေ့သည်။ ကားကိုအရှိန်လျှော့ပြီး လက်ယာဘက်သို့ကွေ့သည်။ ပြီးမှ . .လီဗာကို ပိုနင်းလိုက်၏။

ဝေလင်းက . .

"ငါ . .တစ်ခု မေးချင်တယ် အောင်ကျော်စွာ"

"မေး"

"ကျောင်းတတ်ခဲ့တဲ့ တစ်လျှောက်လုံး၊ မင်းမှာ ရည်းစားမရှိခဲ့ဘူး။ အခုလည်း မရှိဘူး။

ငါက,တော့ . .ထားလိုက်ပါတော့။ ဟေးလားဟားလား နေချင်တဲ့ကောင်။ အလုပ်က, လွဲပြီး၊ ကျန်တာတွေကို ပေါ့ပျက်ပျက်သဘောထားတဲ့ကောင်။

မင်းက, နူးညံ့ သိမ်မွေ့တယ်။ လူကြီးဆန်တယ်၊ ကြိုးစားတယ်။ ငါ . . မေးချင်တာက . .,

မင်း . . ရည်းစားမထားခဲ့တာ၊

www.burmeseclassic.com

www.burmeseclassic.com



မသီရိနွယ်ကြောင့်များလား"

"ဟုတ်တယ်"

ဝေလင်း . . မျက်လုံးဝိုင်းသွားသည်။

"ဟာ . .ဒါဆို။ မသီရိနွယ်ကို တွေ့ရင်၊ မင်း . .ရည်းစားစကား ပြောမှာပေါ့။ ဟုတ်လား"

"မဟုတ်ဘူး။ အဲဒီလို မဟုတ်ဘူး"

"ဒါဆိုဘယ်လိုလဲ" . .ဟု၊ ဝေလင်း မေး၏။ သူ . . သက်ပြင်းချသည်။

"ငါ ဆယ်ကျော်သက်အရွယ်မှာ၊ ငါ့မျက်လုံးက, တစ်ဆင့်၊ ငါ့စိတ်ကို၊ စိုးမိုးနေခဲ့တာ၊ မမနွယ်ပဲ။

ခွဲခွာခဲ့ရတဲ့အချိန်က,နေ၊ ဒီနေ့အထိ၊ မမနွယ်ကိုပဲ ငါ . .သတိရနေတယ်။ ငါ့ဘဝ တိုးတက်တဲ့အခါတိုင်း မမနွယ်ကို ပိုပြီး သတိရတယ်။

အဲဒီလို သတိရနေတတ်တဲ့ ငါ့စိတ်နှလုံးထဲကို၊ ဘယ် . . မိန်းကလေးက၊ ဝင်လာနိုင်ပါ့မလဲ။ မမနွယ်ကို သတိရတဲ့စိတ်က, တခြားကို ရောက်မယ့် အာရုံတွေထက် ပိုကြီးတယ်။ အဲဒါကြောင့်ပါ"

"မသီရိနွယ်ကို သတိရတာ၊



ရည်းစားတစ်ယောက်ကို သတိရသလိုမျိုး မဟုတ်ဘူးပေါ့"

"မဟုတ်ဘူး။ ရည်းစားလို သတိရသလိုဖြစ်ရအောင်၊ ငါနဲ့ မမနွယ်နဲ့က၊ သမီးရည်းစားတွေမှ မဟုတ်တာ"

"ဒါဆို ဘာတွေလဲ"

ပြုံးလျက် ငဲ့ကြည့်ပြီး၊ ဝေလင်း . .သူ့ကိုမေးသည်။ ဝေလင်းကို သူပြန်ကြည့်လိုက်၏။ ပြီးမှ၊ ကားရှေ့သို့ မျက်နှာပြန်မူလျက် . .

"ငါ . . မဖြေတတ်ဘူး။ မမနွယ်ကို ငါ . .ပြန်တွေ့ချင်တယ်။ တွေ့ရင် . . ဒီ,စာအုပ်လေးတွေကိုပြပြီး၊ ငါ. .ပြောချင်တာတွေ ပြောမယ်"

"မင်း . . ပြောမယ့် စကားတွေထဲမှာ ရည်းစားစကား မပါဘူးလို့၊ အာမ,ခံနိုင်လား"

သူ . . ခေါင်းခါ၏။ ပြီးနောက် . .

"သူ . .လွတ်လွတ်လပ်လပ် ဖြစ်နေရင်၊ သိပ်ကောင်းမှာပဲ" . .ဟု၊ ပြောလိုက်သည်။

"မလွတ်မလပ် ဖြစ်နေရင်ရော"

"အဲဒီလိုဆိုလည်း၊ ငါ. .ဝမ်းနည်းပါဘူး။ မမနွယ်နဲ့ ပြန်တွေ့ချင်တာက,

www.burmeseclassic.com

www.burmeseclassic.com



အမိက,ပဲ။ ပြန်တွေ့တဲ့အချိန်မှာ မလွတ်မလပ်ဖြစ်နေခဲ့ရင်တောင်၊ မမနွယ်ဟာ၊ ငါ့ရဲ့အစ်မ,ပေါ့။ မဟုတ်ဘူးလား"

ဝေလင်း၊ ခေါင်းတဆတ်ဆတ်ညိတ်သည်။

ပလပ်စတစ်အိတ်ကို လက်ဖြင့်ပုတ်လျက် . .

"ဒီအထဲက ဓာတ်ပုံလေးက၊ မသီရိနွယ် ပေးထားတာလား"

"ပေးတယ်လို့ ဆိုရမှာပဲ။ စာအုပ်ကြားထဲမှာ ပါလာတာ။ ငါက . . ပါလာတဲ့အကြောင်းပြောတော့၊ မမနွယ်က, ယူထားလိုက်တော့ . . တဲ့"

"သြော် . ." . .ဟု အသံပြုပြီး၊ ဝေလင်းက . .

"အဲဒီတုန်းက၊ ဒီဓာတ်ပုံလေးကို၊ မင်းအနေနဲ့ရော ယူချင်စိတ်ရှိခဲ့လို့လား"

"အခုအချိန်လောက်အထိတော့၊ ငါ . .မဖြစ်ခဲ့ဘူး။ အဲဒီတုန်းက ငါက, ငယ်ငယ်လေးပဲရှိသေးတာ။

မမနွယ် အရမ်းလှတယ်ဆိုတာလောက်ပဲ၊ သတိထားမိတဲ့အရွယ်။ ကျန်တဲ့စိတ်ထားတွေ၊ ငါ့မှာ ဘာမှမရှိဘူး။

ဒါပေမဲ့ . . ပေးခဲ့တဲ့ကတိကိုတော့



ပေးလိုက်တဲ့အချိန်က,နေ အခုအချိန်အထိ၊ လေးလေးနက်နက် မှတ်ထားခဲ့တယ်"

စားသောက်ဆိုင်ရှိရာ လမ်းဘက်သို့၊ ကားကို ချိုးကွေ့လိုက်သည်။ ကားကွေ့ပြီးသောအခါ၊ ဝေလင်းက . .

"ရုပ်ရှင်တွေ ဗီဒီယိုတွေထဲက,လို၊ မသီရိနွယ်ကို၊ မင်း . . နေ့စဉ်နဲ့အမျှ၊ ရှာခဲ့ဖွေခဲ့ရင်၊ အခုလောက်ဆို၊ မင်း . . သူ့ကို ပြန်တွေ့နေရလောက်ပြီ၊ နော် . . ။ အောင်ကျော်စွာ"

နှုတ်ခမ်းတွန့်ရုံ သူ . .ပြုံး၏။

"တစ်ယောက်နဲ့တစ်ယောက်၊ ဝေးသွားကြပြီးကတည်းက၊ နေ့စဉ်နဲ့အမျှသာ၊ ငါ. .ရှာခဲ့ရင်၊ မမနွယ်ကို၊ ငါ တွေ့ချင်တွေ့မှာပေါ့။

ဒါပေမဲ့ . .ငါ၊ ဆရာဝန် ဖြစ်တော့မှာ မဟုတ်ဘူး"

"အခု . .အချိန်မှာ၊ မင်း . . .သူ့အိမ်ထဲကို ဝင်မေးကြည့်ရင်ရော . ."

သူ . . ခေါင်းခါ၏။

"ဆယ်တန်းအောင်တဲ့နေ့က၊ ငါ . . အဲဒီအိမ်ကိုသွားတယ်။ ခြံစောင့် တစ်ယောက်ပဲရှိတယ်။ မမနွယ်က . .၊ ဒီမှာ

www.burmeseclassic.com



မနေဘူးတဲ့။ မန္တလေးမှာ . . တဲ့။

မင်းတို့ဆေးရုံမှာ၊ ငါ. .အချိန်ပိုင်း စ,ထိုင်ရမယ့်နေ့တုန်းက၊ ငါ. .သွားသေးတယ်။ မရှိဘူးပဲ ပြောလွှတ်လိုက်တယ်ကွ"

"အခု . . အဲဒီ့၊

အိမ်ထဲကို၊ ဝင်ခွင့်တောင်းကြည့်ရင်ရော"

"မမနွယ် . . မရှိဘူး ဆိုမှာတော့။ ဝင်ခွင့်တောင်းလို့ ဘာထူးမှာလဲ"

ဝေလင်းက၊ စာအုပ်ထုတ်ကို၊ ချိုပိုက်ပြီး . . ,

"မင်းက၊ တွေ့ချင်တာပဲ ရှိတယ်။ နေ့မအား၊ ညမအားလည်း မရှာဘူး"

"ငါမှ မအားဘဲ သူငယ်ချင်းရယ်။ ဒါပေမဲ့ . . ၊ ငါနဲ့ မမနွယ်နဲ့၊ တစ်နေ့နေ့မှာ ပြန်ဆုံတွေ့ကြမှာပါ"

"မင်းက၊ စိတ်ကူးယဉ် သိပ်ဆန်နေတယ်ကွ။ ဟဲ ဟဲ။ မဟုတ်မှလွဲရော၊ မင်းလည်း Psychoဝင်နေပြီထင်တယ်။ ဟား ဟား"

"အဲဒါတော့၊ တိတိကျကျ . . ငါ မပြောတတ်ဘူး" ဟု၊ သူပြောလိုက်၏။ နှစ်ယောက်သား၊ တဟားဟား ရယ်မောကြလေ၏။



စားသောက်ဆိုင်အနီး၌၊ ကားရပ်လိုက်သည်အထိ၊ နေရောင်ခြည်သည် မှိန်းမတည့်သေး။

❀ ❀ ❀

www.burmeseclassic.com

www.burmeseclassic.com

## ( ၉ )

စားသောက်ဆိုင်သည်၊ ဆေးရုံနှင့် ခပ်ဝေးဝေးတွင်ရှိ၏။ စည်ကား ထည်ဝါခြင်း မရှိလှ။ ထိုစားသောက်ဆိုင်မှာ မနက်စာ စားဖို့ ဆုံးဖြတ်သည်။

ဆိုင်အတွင်းသို့ ဝင်ထိုင်ပြီးသောအခါ၊ ဝေလင်းက . . "ငါ. .ဘီယာ နည်းနည်းသောက်အုံးမှာနော်" . . ဟု၊ ပြော၏။ ခွင့်ပန်ဟန်မျက်နှာပေး။

"သဘော . . သဘော။ မင်း . . သဘော"

သူ . .ခွင့်ပြုလိုက်သည်။ အလိုမတူသော မျက်နှာထား၊ ဝေလင်းက . . ဆိုင်ဝန်ထမ်းတစ်ဦးထံတွင်၊ "တစ်ဂျား" . .ဟု မှာသည်။ "အာလူးကြော်တစ်ပွဲ" . .ဟု၊ ပြောသည်။ ဝေလင်း၏ အနီးရှိ၊ ဆဋ္ဌမတန်းဖတ်စာအုပ်တွေထည့်ထားသော ပလပ်စတစ် အိတ်ကို ဆွဲယူပြီး၊ လေသံသဲ့သဲ့ဖြင့်။

"မင်းကွာ။ ဝေလင်း။ မင်း . . ဆရာဝန် မဟုတ်တဲ့အတိုင်းပဲ"



"ဘာလဲ။ ဆရာဝန် ဘီယာ မသောက်ရဘူးလား"

"မသောက်သင့်ဘူး"

"ဘီယာသေတ္တာတွေ၊ ဘီယာ ပုလင်းတွေ၊ ဗူးတွေပေါ်မှာ၊ ဆရာဝန် မသောက်သင့် . . လို့၊ ရေးမထားဘူး။ ဒီကိစ္စနဲ့ပတ်သက်ပြီး မင်း . . . မှားတယ် အောင်ကျော်စွာ"

"မင်း . .ပေါက်ကရမပြောနဲ့"

"မပြောပါဘူး။ မင်းကိုအားနာလို့။ ပြီးတော့ . . မနက်စာစားမှာမို့လို့၊ ငါ. . ဘီယာပဲသောက်တာ။ ငါက. .အပြင်း သောက်ချင်တာ"

ဆိုင်ဝန်ထမ်းက၊ ဖန်ကရားဖြင့် ထည့်ထားသော ဘီယာကို၊ ယူလာသည်။ ဝေလင်း ရှေ့တွင်ချသည်။ ဖန်ခွက်တစ်ခွက်ကို၊ ဝေလင်းရှေ့၊ ကျန်တစ်ခွက်ကို၊ သူ့ရှေ့တွင် ချ၏။ ဝေလင်း ပြုံးလျက်၊ သူ့ကို ကြည့်နေ၏။ ပြီးနောက် ဆိုင်ဝန်ထမ်းအား မော်ကြည့်လျက် . . .

"အာလူးကြော်တစ်ပွဲ ကျန်သေးတယ်။ ပြီးရင် . ., ထမင်းကြော် ပုစွန်နဲ့ တစ်ပွဲ။ သတ်သတ်လွတ်တစ်ပွဲ"

ဝေလင်း၏ စကားကြောင့်၊ ဆိုင်ဝန်ထမ်းက၊ သူ့ရှေ့

www.burmeseclassic.com

www.burmeseclassic.com



တည့်တည့်ရှိ ဖန်ခွက်ကိုကြည့်သည်။ ဝေလင်းက ရယ်လျက်–

"သတ်သတ်လွတ်စားမှာက . .သူ။

သူက . .ဘိုးတော်။ ဘီယာမသောက်ဘူး"

"Sorry နော်" . .ဟု၊ ဆိုင်ဝန်ထမ်းက ပြောသည်။ ဖန်ခွက်ကို ပြန်ယူမည်အပြု၊ သူက . . လက်ကာလျက် . .

"ရေသန့်ဗူးတစ်ဗူးပေး" . .ဟု၊ ပြောလိုက်၏။ ဆိုင်ဝန်ထမ်းက၊ ဖန်ခွက်ထံမှ လက်ရုတ်သည်။ ဆိုင်အနောက်ဘက်သို့ ပြန်ဝင်သွားသည်။ ပြီးနောက် . . ရေသန့်ဗူး တစ်ဗူးလာချပေး၏။ ဆိုင်ဝန်ထမ်းထွက်ခွာသွားသောအခါ . .သူက . .

"မင်းကြောင့်၊ ငါ့ကို အရက်သမားလို့ ထင်သွားတယ်။ တွေ့တယ်မို့လား"

"တော်ပါတော့ . .အောင်ကျော်စွာရယ်။ မင်းရဲ့၊ လူနာတွေကို မင်း ဟောဟောနေတဲ့ အရက်မကောင်းကြောင်းတွေ၊ ငါ့ကို မဟောနဲ့တော့။ ငါ . .အလွတ်ရနေပြီ"

"မဟောပါဘူး။ မင်းက ဘုန်းကြီးတစ္ဆေပဲ။ ဘာဂါထာရွတ်ရွတ်၊ ကျွတ်မယ့်ကောင်မဟုတ်ဘူး"

"မင်းက နယ်စွန်နယ်ဖျားမှာ တာဝန်မကျဘူးလို့၊ ငါ့ကို ကိုယ်ချင်းမစာတာ။ ငါ . .နယ်မှာနေတုန်းက၊ အဖော်တစ်ယောက်မှမရှိဘူး။ အရက်ကိုပဲ၊ ငါ . .



အဖော်လုပ်ခဲ့ရတာကွ"

သူ . .သက်ပြင်းချ၏။

"အခု . . ရန်ကုန်ရောက်နေပြီပဲ"

"ဟဲ ဟဲ။ နယ်က သံယောဇဉ်က၊ ရန်ကုန်အထိ ပါလာတာလေကွာ"

ဝေလင်း ရယ်၏။ သူ . .မဲ့ပြုံးသာ ပြုံးသည်။ စားပွဲပေါ်သို့ ရောက်လာသောရေသန့်ဗူးထဲမှ၊ ရေတစ်ခွက် ငှဲ့လိုက်၏။ တစ်ငုံမျှသာ သောက်လိုက်သည်။ ရင်ထဲသို့၊ သိသိသာသာ အေးမြ။

"ငါလည်း၊ နယ်မှာ . . တာဝန်ကျခဲ့ဖူးတာပဲ။ ငါက . . ဘာဖြစ်လို့"

ဝေလင်း လက်ကာ၏။ ဘီယာ တစ်ငုံသောက်သည်။ ပြီးမှ . .

"မင်းက . .အရက်ကို အဖော်လုပ်စရာ ဘယ်လိုပါ့မလဲ။ မင်း နံဘေးမှာ . .။ ဒီ . .အထုတ်ကြီးရှိနေတယ်လေ။ ဟင်း ဟင်း"

"မင်းကို၊ ငါ စကားရည်မလုတော့ဘူး" . .ဟု၊ သူ . . ပြောလိုက်၏။ ဝေလင်း . .ရယ်လေသည်။

"မင်း . .အရက်မသောက်တာ ထားပါ။ ငါ . .ရိုးကျိုးပါတယ်။ ငါ့ကို . . မသောက်ဖို့တားတာကိုလည်း၊ ငါ . .

www.burmeseclassic.com

www.burmeseclassic.com



ကျေးဇူးတင်ပါတယ်။

ဆိုးဆိုးဝါးဝါးကြီးလည်း ငါ. . မသောက်ပါဘူး။ နောင် တစ်နေ့နေ့ကျရင်၊ မသောက်ဘဲနေမှာပါ။

မင်း . .မသောက်တဲ့အတွက်၊ ငါ တကယ်ချီးကျူးပါတယ်။ ဒါပေမဲ့ . .တစ်ခု တော့ မေးချင်တယ်။ သက်သတ်လွတ်စား တာက,ရော၊ ဘာအဓိပ္ပါယ်လဲ။ ကုသိုလ် ရလို့လား"

သူ . .ခေါင်းခါ၏။ ဝေလင်းက . .

"သက်သတ်လွတ်စားတာ၊ ကုသိုလ် မရဘူး။ ဟုတ်လား"

သူက . .

"ကုသိုလ်ရခြင်း၊ မရခြင်းဟာ၊ ငါနဲ့ မဆိုင်ဘူး။ ငါ့ စာနာစိတ်နဲ့ ငါ. .စား တာ။ တိရစ္ဆာန်တွေကို သနားလို့၊ သူတို့ အသားကို၊ ငါ မစားဘဲနေတာ။ ကုသိုလ် ရလိုစိတ်နဲ့ သက်သတ်လွတ်စားတာ မဟုတ်ဘူး"

"ဟဲ ဟဲ။ မင်းနဲ့ငါနဲ့ စကားနိုင်လုကြည့်မယ်" . .ဟု ဝေလင်းပြော၏။ အာလူးကြော် တစ်ချောင်းစားသည်။ ဘီယာ တစ်ကျိုက်မော့သည်။ ပြီးမှ . .



"ဂေါတမမြတ်စွာဘုရားက၊ သက်သတ်လွတ်စားပါ. . လို့၊ ပညတ်မထား ဘူးဆို။ ဒေဝဒတ်က,သာ သက်သတ်လွတ် စားတာဆို။ ဟုတ်လား"

သူက . .ရေသန့်ဗူးထဲမှ ရေကို ဖန်ခွက်ထဲသို့၊ ငှဲ့ထည့် ပြီး. . ,

"မင်းကို၊ ငါ. .စကားရှည်မလုပ်ဘူး။ ငါ. .ကြားဖူးတာ ငါ, ပြောမယ်"

"ပြော"

"သံဃာတွေကို ဒကာ၊ ဒကာမ အိမ်တွေကို၊ ဆွမ်းစားမကြွဖို့။ လှူတဲ့သင်္ကန်း ကို မရုံဖို့။ အမိုးအကာအောက်မှာ မနေဘဲ၊ သစ်ပင်အောက်မှာသာ နေဖို့။ ရွာကျောင်း တွေမှာ မနေဘဲ၊ တောကျောင်းမှာသာနေဖို့၊ အသက်ထက်ဆုံး၊ အသား . .ငါးကို မစားဖို့ ဒေဝဒတ်က၊ မြတ်စွာဘုရားကို လျှောက် ထားတယ်။ မြတ်စွာဘုရားက ရဟန်းသံဃာ တွေအားလုံး၊ တောကျောင်းမှာနေချင်တဲ့သူ . . နေ၊ ရွာကျောင်းမှာ နေချင်တဲ့သူ . .နေ၊ ဆွမ်းခံစားလိုသူ . .ဆွမ်းခံ။ ဒကာ၊ ဒကာမ တွေ လှူတဲ့ဆွမ်းကို စားလိုက . .စား။ ပံ့သကူသင်္ကန်းကို ရုံချင်တဲ့သူ ရုံ။ လှူဒါန်း

www.burmeseclassic.com

www.burmeseclassic.com



တဲ့သက်န်းကို ရုံလိုတဲ့သူ . .ရုံဖို့ မိန့်တယ်။ မိုးရာသီမဟုတ်တဲ့ အခါကာလ,တွေမှာသာ ရဟန်းသံဃာတွေ သစ်ပင်ရင်းမှာနေဖို့ မိန့်တယ်။

ပြီးတော့ . . မိမိအတွက် ရည်စူးပြီး သတ်နေတာကို၊ မြင်ခြင်း၊ ကြားခြင်း၊ ယုံမှားသကင်္ာရှိခြင်းဆိုတဲ့၊ အစွန်းသုံးပါးက၊ လွတ်တဲ့ သားငါးကိုစားသုံးခွင့်ပြုတယ်"

"အေးလေ။ သက်သတ်လွတ်စားဖို့ ပညတ်ချက်မှ မထုတ်ဘဲ။ ဘာဖြစ်လို့ လူတွေက၊ သက်သတ်လွတ် စားနေကြတာလဲ"

"စာနာစိတ်ကြောင့် စားနေကြတာ"

"ဘာလဲ . .စာနာစိတ်။ လူအချင်းချင်း စာနာရင်ပြီးရောပေါ့"

သူ . .ဝေလင်း၏ မျက်နှာကို၊ သေသေချာချာကြည့်၏။ ပြီးမှ . .ဝေလင်း၏ လက်ခုံကို၊ ဘာမပြော ညာမပြော ဆွဲဆိတ်လိုက်သည်။

"အား . . .။ ဟေ့ကောင် . . အောင်ကျော်စွာ။ ဘာလုပ်တာလဲ။ နာလိုက်တာ"

"နာလား"



"နာတာပေါ့ကွ"

"မင်းအသားကို၊ ငါ. .ဆိတ်လိုက်ရုံနဲ့တောင်၊ နာသေးတာပဲ။

ဝက်သတ်ရုံက၊ ဝက်တွေ။ ကြက်သတ်ရုံက ကြက်တွေ။ နွားသတ်ရုံက နွားတွေ။ ငါးဒိုင်ထဲက . .ငါးတွေက၊ အဆိတ်ခံရတာမဟုတ်ဘူး။ အသတ်ခံကြရတာ။ သူတို့ ဗိုနာကြမှာပေါ့နော်"

ဝေလင်း၊ ဘာမျှ ပြန်မပြောတော့ချေ။ သူ. .စကားဆက်၏။

"ငါ . .ငယ်ငယ်က၊ မုန့်ဖုတ်ထုတ်ရောင်းဖူးတယ်။ ဝက်တွေ ကြက်တွေကို သတ်တာ မြင်ဖူးတယ်။

ကြက်တွေကို၊ အတောင်ပံက,ကိုင်၊ ကျောကို တုတ်နဲ့ နှစ်ချက်လောက်ရိုက်။ သေသေ မသေသေ ကျွက်ကျွက်ဆူနေတဲ့ ရေနွေးအိုးထဲထည့်ပစ်လိုက်ကြတယ်။

ငါက, ကလေးပီပီ၊ မေးကြည့်တာပေါ့။ ဘာဖြစ်လို့ ရေနွေးအိုးထဲထည့်ရတာလဲဆိုတော့၊ အမွေးနှုတ်ဖို့ . .တဲ့။ တစ်ချို့ ကြက်တွေက၊ မသေသေးဘဲနဲ့ကို အထည့်ခံရတာ။

www.burmeseclassic.com

www.burmeseclassic.com



ဘယ်လောက်အခံရ ခက်လိုက်မလဲ။ တစ်ကိုယ်လုံး အနှစ်ခံရတာ။ မင်း. . လက်ညှိုးတစ်ချောင်းလောက် ထည့်ကြည့်ပါလား။ ရေနွေးအိုးထဲကို"

"နိုး။ နိုး။ ငါ. .အဲဒီလောက်၊ သတ္တိမရှိဘူး". .ဟု၊ ဝေလင်း ပြော၏။

"ပြောမယ့်သာပြောရတယ်။ ငါလည်း . . ငယ်ငယ်က၊ စိတ်ထဲက,သာ သနားတာ။ အိမ်ရောက်တော့ မိဘကျွေးတဲ့ ကြက်သားဟင်းနဲ့ပဲ ထမင်းစားရတာပါ။

နောက်မှ . .ကိုယ်စားချင်တာ စားလို့ရတဲ့အခြေအနေကျမှ၊ အသီးအရွက် စားတော့တာ။ အခုမှ. .ငါးနှစ်လောက် ရှိအုံးမှာပါ"

"မင်းက ဘယ်နှစ်,နှစ်စားမှာလဲ"

"သေတဲ့အထိ"

"မင်းတော့ . .အာဟာရ ချို့တဲ့ တော့မှာပဲ"

သူ . .ပြုံး၏။

"စာနာစိတ်က၊ ငါ့ရဲ့အာဟာရပဲ မင်းကို. . ငါ မေးရအုံးမယ် . .ဝေလင်း"

"မေး"



"မင်း ဘာဖြစ်လို့ သက်သတ်လွတ် မစားတာလဲ"

"ထမင်း စားမကောင်းလို့။ ပြီးတော့ . . ဂေါတမမြတ်စွာဘုရားက၊ ပညတ်မထားလို့ပေါ့"

"ဩော် . .။ ဘုရား, မပညတ်ရင်၊ မင်းက, မလိုက်နာဘူးပေါ့"

"ဒါပေါ့"

"သုရာမေဒရ . .ကံ။ သေရည်သေရက်သောက်စားခြင်းကို၊ မြတ်စွာဘုရားက . .မပညတ်ထားဘူးလား"

"ဟဲ ဟဲ။ အောင်ကျော်စွာ။ ရေခဲရေတွေ၊ အေးကုန်အုံးမယ်။ သောက်လိုက်ဦးလေကွာ"

ဝေလင်းကိုကြည့်လျက်၊ သူ . .ရယ်မောလိုက်၏။ ထမင်းကြော်နှစ်ပွဲရောက်လာသည်။ စကားနိုင်လုပွဲ ပြီးဆုံးသွားလေ၏။

❀ ❀ ❀

www.burmeseclassic.com

www.burmeseclassic.com

## ( ၁၀ )

"အောင်ကျော်စွာ။ မင်း . . ဘေးနား
က စားပွဲကို လှည့်ကြည့်လိုက်စမ်း"

"ဘာကြည့်ရမှာလဲ" . . ဟု၊ သူ မေးသည်။ ဝေလင်းက,

"ဟိုတစ်ပတ်က ရုပ်ရှင်ရုံမှာ၊ တွေ့
ခဲ့တဲ့ အမျိုးသမီးလေ"

ဝေလင်းက၊ လေသံသဲ့သဲ့ဖြင့် ပြော၏။

"အခု . . သူ တစ်ယောက်တည်း။
အဖိုးကြီး မပါဘူးနဲ့တူတယ်ကွ"

သူ . . လှည့်ကြည့်သည်။ အမျိုးသမီးတစ်ယောက် ထိုင်နေသည်ကို၊ ဘေးတိုက်အနေအထားအဖြစ်၊ မြင်ရ၏။ ဆံပင်ရှည်ရှည်တွေကို၊ တစ်ချက်ကြည့်ပြီး ဝေလင်းဘက်သို့၊ ပြန်လှည့်၏။ ဝေလင်းက . .

"မင်း . . မမှတ်မိဘူးလား။ ငါတို့
နှစ်ယောက်ထိုင်တဲ့ ရှေ့က၊ သားအဖ
နှစ်ယောက်လေ။ ငါတောင်မှ . . တစ်မျိုးထင်
လို့ ဝေဖန်လိုက်သေးတယ်။ မှတ်မိလား"



"သြော် . . ။ မှတ်မိပြီ"

ဝေလင်းက၊ ထို . . အမျိုးသမီးဘက်သို့သာ စိုက်ကြည့်နေပြန်သည်။ သူက . .

"ဝေလင်း။ မင်း . . မျက်လုံး
ကလည်း၊ ခါတောမျက်လုံးကျနေတာပဲ။
မူးရင် အေးအေးဆေးဆေးနေကွာ"

"ဘီယာသောက်ရုံနဲ့၊ ငါ့ . . မူးပါ့
မလားကွာ"

ဝေလင်းက၊ ထမင်းကြော်ပန်းကန်ထဲမှ ပုဇွန်တစ်ကောင်ကို၊ ခရင်းဖြင့်ထိုးစိုက်ပြီး၊ ပြော၏။

"မမူးဘူးဆိုရင်လည်း၊ သူတစ်ပါး
ကို၊ အဲဒီလောက်အထိ၊ စိုက်ကြည့်မနေနဲ့
လေကွာ"

ဝေလင်း မျက်နှာရှုံ့ပြ၏။ ပြီးနောက် . . သူ့ရှေ့သို့ မျက်နှာတိုးကပ်လျက်,

"ငါက . . ခါတောအကြည့်နဲ့
ကြည့်တာမဟုတ်ဘူးကွ။ အဲဒီအမျိုးသမီးရဲ့
ကာရိုက်တာ တစ်မျိုးဖြစ်နေလို့"

"ဘာဖြစ်နေလို့လဲ" . . ဟုပြောပြီး၊ သူပါ လှည့်ကြည့်လိုက်မိသည်။

အမျိုးသမီးသည်၊ ဆံပင်ရှည်ကို ဖားလျားချထားပြီး၊ ခါးလယ်လောက်တွင်၊ ၎င်း ဆံပင်တွေကို၊ လက်ကိုင်ပုဝါဖြင့်

www.burmeseclassic.com

www.burmeseclassic.com



လျှော့ရဲစွာစည်းနှောင်ထား၏။ ရှေ့တည့်တည့်စားပွဲပေါ်တွင်၊ ခေါက်ဆွဲကြော်ပန်းကန်။ ကြာဇံကြော်ပန်းကန်နှင့် အချဉ်တစ်ပန်းကန်ကိုမြင်ရ၏။

ခေါက်ဆွဲကြော်ပန်းကန်ထဲမှ ခေါက်ဆွဲတွေကို ဇွန်းဖြင့်ခပ်ယူပြီး၊ ကြာဇံကြော်ပန်းကန်ထဲသို့ထည့်၏။ ကြာဇံကြော်ပန်းကန်ထဲမှ၊ ကြာဇံတွေကို ဇွန်းဖြင့်ခပ်ယူပြီး၊ ခေါက်ဆွဲကြော်ပန်းကန်ထဲသို့ထည့်၏။ ထို့နောက် . .ပန်းကန်နှစ်ချပ်ထဲရှိ ခေါက်ဆွဲနှင့်ကြာဇံကို၊ ဇွန်းနှစ်ချောင်းကို၊ တစ်ဘက်တစ်ချက်ကိုင်ပြီး၊ ငြိုင်တူမွှေနောက်နေပြန်သည်။

ထို . .မြင်ကွင်းကြောင့်၊ သူ . .မျက်ခုံးတွန့်သွားရ၏။ ဝေလင်းဘက်သို့ ပြန်လှည့်ပြီး၊

"ပုံမှန်မဟုတ်ဘူးထင်တယ်"

ဝေလင်းက . .,

"ငါ. .လှမ်းကြည့်နေတာကြာပြီ။
လက်ကိုလည်း သူ့အကျႌနဲ့သုတ်တယ်"

စားလက်စ၊ ထမင်းကြော်ကို၊ သူ . .ဆက်မစားဖြစ်တော့ချေ။ နံဘေးရှိ၊ ထိုအမျိုးသမီးကိုသာ၊ တစ်ချက်တစ်ချက် ငဲ့ငဲ့ကြည့်နေမိ၏။

"ငါ . .သူ့ကို မြင်ဖူးသလိုလိုပဲ"

"မင်းက,လည်း၊ အခုမှ. .မြင်ဖူးသလိုလိုပဲ. .တဲ့။ ဟိုတစ်ပတ်က၊ ရုပ်ရှင်ရုံမှာတွေ့ခဲ့တာပါဆိုမှ"



သူ . .ခေါင်းညိတ်ရုံသာ ညိတ်နေမိသည်။
ဘာကို စဉ်းစားတွေးဆ,မိသည် မသိ။

⊛

ခေါက်ဆွဲကြော်နှင့် ကြာဇံကြော်များကို ရောနှောမွှေနောက်ပြီး၊ ပလုပ်ပလောင်းစားနေသော အမျိုးသမီးဘက်သို့၊ သူ နှင့် ဝေလင်း ငေးကြည့်နေကြသည်။ ထိုအမျိုးသမီးက၊ အနီးအပါးတွင်ရှိနေသော သူနှင့် ဝေလင်းကိုပင်၊ ရှိသည်ဟု၊ သူဆ,ထားပုံမရချေ။

သိသိသာသာ အရာမယွင်းသေးသော ခေါက်ဆွဲပန်းကန်နှင့် ကြာဇံပန်းကန်ထဲသို့ ငရုတ်ဆီတွေလောင်းထည့်သည်။ ပြီးနောက် . . ရေနွေးတွေကို၊ တဖူးဖူးမှုတ်သောက်သည်။ ပြီးနောက် . .စားပွဲခင်းကို၊ လက်သုတ်သည်။ ထို့နောက် . . ထိုင်နေရာမှထ,၏။ ထို့နောက် ဆိုင်အပြင်သို့ ထွက်သွားလေတော့သည်။ ထိုစဉ် . .

"ဦးလေးရေ။ မသီရိနွယ် . . ပိုက်ဆံပေးမသွားဘူး". . ဟူသော ဆိုင်ဝန်ထမ်းကောင်လေး၏ အသံကို ကြားလိုက်ရ၏။

သူ . .မျက်လုံးဝိုင်းသွားသည်။

"ရတယ်. . ၊ ရတယ်။ ပန်းကန်တွေပဲသိမ်းလိုက်။ သူ့အဖေလာရှင်းပေးလိမ့်မယ်။ ညနေကျရင်လည်း . .၊ သူ . .လာ

www.burmeseclassic.com

www.burmeseclassic.com



စားခဲ့ရင်၊ မှာတာ . . လုပ်ပေးလိုက်နော်"

"ဟုတ်ကဲ့။ ဟုတ်ကဲ့။

သူ . .ထိုင်ရာမှ၊ ထ၏။ ဝေလင်းက,

"ဟော့ကောင်။ ဘာဖြစ်တာလဲ"

ဆိုင်အဝင်ဝ,သို့ . .သူ၊ လှမ်းကြည့်သည်။ မည်သည့်အရိပ်အယောင်မျှ မမြင်ရ။ ကားလမ်းမ။ ရပ်ထားသော . . သူ့ကား။ လမ်း၏တစ်ဘက်ကမ်းရှိ၊ လူနေရပ်ကွက်။ . . ထိုနေရာတွေကိုသာ မြင်ရတော့၏။

"ခုနက၊ အမျိုးသမီးနာမည်က၊ မသီရိနွယ် . .တဲ့။ မင်း . .မကြားဘူးလား"

"ကြားတယ်လေ။ အဲဒါ. .ဘာဖြစ်လဲ"

"မမနွယ် နာမည်က၊ မသီရိနွယ်လေကွာ"

ဝေလင်း ရယ်လေ၏။

"မင်းက,လည်း။ မင်. . မမနွယ်ဖြစ်နိုင်ပါ့မလားကွ။ နာမည်တူတာနေမှာပေါ့။

ဘာလဲ။ မင်း . .မမနွယ်က,လည်း မင်းကိုတမ်းတရင်းနဲ့၊ အရူးမ,ဖြစ်နေပြီလို့ မင်း . .ထင်နေလို့လား"

သူ. .၊ ပြန်ထိုင်လိုက်၏။



"ထင်တော့၊ မထင်ချင်ဘူး။ ဒါပေမဲ့ . . ထင်ချင်စရာဖြစ်သွားတယ်"

"ဘာဖြစ်လို့လဲ"

ဆိုင်အပြင်ဘက်သို့၊ သူ . .မေးဆက်ပြ၏။

"အဲဒီ့ရပ်ကွက်က၊ ငါ. .ငယ်ငယ်တုန်းက နေခဲ့တဲ့ရပ်ကွက်။

အဲဒီ့ ရပ်ကွက်ရဲ့ . .ဟိုး . . ကမ်းနားဘက်မှာ, အိမ်ဝင်းအကျယ်ကြီး၊ တစ်ခုရှိတယ်။

အဲဒီ့အိမ်ဝင်းအကျယ်ကြီးထဲမှာ၊ အိမ်မည်းမည်းကြီးတစ်အိမ်ရှိတယ်။

အဲဒါ. .မမနွယ်ရဲ့၊ အိမ်ပဲ"

"အဲဒီတော့ . .မင်း ဆိုလိုချင်တာက"

"ခုနက၊ အမျိုးသမီးက၊ လမ်းလျှောက်ပြီးပြန်သွားတာ။ ဒီ . .အနီးအနားတဝိုက်က, ဖြစ်လိမ့်မယ်ထင်တယ်။

မသီရိနွယ် . . ဆိုတော့။ မမနွယ်များဖြစ်နေမလား . . လို့၊ ငါထင်လို့ပါ"

"ထင်တာများကွာ။ မင်း . .အခုပြောတဲ့၊ အိမ်မည်းမည်းကြီးမှာ သွားမေးလိုက်ပေါ့ကွ။ မသီရိနွယ် . .ရှိလား . .လို့၊

www.burmeseclassic.com

www.burmeseclassic.com



ဝင်မေးလိုက်ပေါ့"

သူ . .ခေါင်းခါ၏။

"ငါ . .ဝင်မေးပြီးပြီ. မင်းတို့ ဆေးရုံမှာ ငါ . .စ,ထိုင်တဲ့ရက်တုန်းက၊ ဒီဘက်ကို ငါ . .ရောက်တယ်။

ငါ . .နေဖူးခဲ့တဲ့ ရပ်ကွက်ထဲကိုလည်း၊ ငါ . .ရောက်တယ်။ အဲဒီ . .အိမ်ဝင်းရှေ့ကိုလည်း၊ ငါ . .ရောက်တယ်။

မသီရိနွယ်ရှိလား . .ဆိုတော့။ မရှိဘူး . .တဲ့။ ပြောင်းသွားကြပြီ . .တဲ့။ ခြံစောင့်ကြီးက ပြောလိုက်တာ"

"ဒါဆို၊ အခုမေးလည်း၊ အဲဒီအတိုင်းပဲပြောမှာပေါ့နော်" . .ဟု ဝေလင်း ပြော၏။

"ဒါပေါ့"

ဝေလင်း . .ထိုင်ရာမှ၊ ထ,၏။ ဆိုင်ရှင်အမျိုးသားကြီး ထိုင်နေရာကောင်တာဘက်သို့ သွားသည်။ သူပါ. .လိုက်သွားရ၏။ ဝေလင်းက, ကျသင့်ငွေများကို၊ ပေးသည်။ ပြီးနောက် စီးကရက်တစ်လိပ်ကို၊ မီးညှိသည်။ ပြီးမှ . .ဆိုင်ရှင်အမျိုးသားကြီးဘက်သို့လှည့်ပြီး . .

"ဦးလေး။ ကျွန်တော်တို့က . . ဆရာဝန်တွေပါ။ ဦးလေးရဲ့ ဆိုင်ထဲမှာ စိတ်ဝင်စားစရာတစ်ခုတွေ့လို့။ အဲဒါ . .



နည်းနည်းစပ်စုချင်လို့"

ရယ်ကာ . .ပြုံးကာ ပြော၏။ ဆိုင်ရှင်က . . ,

"ဘာများလဲကွဲ့"

"ဪ . .၊ ခုနက။ သီရိနွယ် . . ဆိုတာ၊ ဒီဆိုင်မှာ စားနေကျလား"

"စားနေကျဆိုပါတော့။ ဒါပေမဲ့ အဲဒီကောင်မ,လေးက၊ အိမ်က . .ခိုးခိုးထွက်လာတာ။

ဖအေက၊ မျက်စေ့အောက်က အပျောက်မခံဘူး။ အဲဒီကြားထဲက, ကို၊ ထွက်ထွက်လာတာ။

စိတ်,သိပ် မမှန်ဘူး။ ဒီမှာ . .စပြီး စားခါစ, တုန်းကလည်း၊ ခုနလိုပဲ စားပြီး ထ,သွားတာ။

ဆိုင်က. .ကောင်လေးတွေနဲ့ ပြဿနာဖြစ်ခါနီးတော့၊ သူ့အဖေရောက်လာပြီး၊ အကျိုးအကြောင်း ပြောပြမှ၊ သိရတာ။

နောက် . .နောင်၊ သူ့သမီး ဝင်စားရင်၊ သူ . .ဝင်ရှင်းပေးပါ့မယ်၊ ကျေးဇူး ကျေးလိုက်ပါ . .လို့၊ မှာထားတယ်လေ။ အစာစားရင်လည်း၊ ပါးစပ်နဲ့ မမှာဘူး။ လက်ညှိုးပဲ ထိုးပြတာ"

www.burmeseclassic.com

www.burmeseclassic.com



သူ . .စိတ်ဝင်တစား နားထောင်သည်။

မည်သည့်စကားမျှ ဝင်မပြောဖြစ်သေး။

"မောင်ရင်တို့က၊ ဘာသိချင်လို့
လဲ"

ဝေလင်းက၊ သူ့ကိုငုံ့ကြည့်၏။ သူက . .

"ကျွန်တော် . .။ အဲဒီ အမျိုးသမီးရဲ့
အိမ်ကို သိချင်တယ်"

ဆိုင်ရှင်အမျိုးသားကြီးက၊ ခေါင်းကုတ်၏။ ဝေလင်းက–

"သူက . .စိတ်ရောဂါကု ဆရာဝန်
ပါ။ သူက . .လူနာတွေ့ရင်၊ အမြဲကုချင်
နေတဲ့ ကောင်ပဲ။ အဲဒါ . .လူနာရဲ့အိမ်ကို
သိချင်လို့"

ဆိုင်ရှင်က . .,

"ဦးလေးလည်း၊ သေသေချာချာ
တော့၊ မသိဘူးကွ။ ဒါပေမဲ့ . ., အဲဒီ
ကလေးမ၊ ဆိုင်မှာ တစ်ခုခုစားသွားလို့၊
ပိုက်ဆံမပေးတာများရင်၊ အိမ်မှာ
လာယူဖို့၊ သူ့အဖေက၊ အိမ်ကို ညွှန်ထားတာ
တော့ ရှိတယ်။ ဆိုင်က ကောင်လေးတွေ
သိလိမ့်မယ်"

ပြောပြီး၊ မီးဖိုဆောင်ဘက်သို့၊ လှမ်းကြည့်၏။ ပြီး . .

"ဟေ့ကောင်။ တင်ညွှန့်။ သိရှိ [illegible]



ရဲ့အိမ်က ဘယ်နားမှာလဲ"

တင်ညွှန့်ဆိုသော ဆိုင်ဝန်ထမ်းက . .

"ဟို . .ကန္တားဘက်က၊ အိမ်မည်း
မည်းကြီးမှာနေတာလေ"

"အိမ်နံပါတ်တွေ၊ ဘာတွေမေးတာကွ" . .ဟု၊ ဆိုင်ရှင်က၊ ပြော၏။

"အိမ်နံပါတ်တော့ မသိဘူး။ အဲဒီ မသီရိနွယ်ရဲ့ အဖေ
ကလည်း အိမ်နံပါတ်နဲ့ ညွှန်တာမဟုတ်ဘူး။ ကန္တားဘက်က၊
အိမ်မည်းမည်းကြီး . .လို့ပဲ၊ ညွှန်တာ။ အိမ်ဝင်းတံခါးဝမှာ၊
သီရိဂေဟာ လို့ ရေးထားတယ်" . .ဟူသော၊ အဖြေစကားသံ
[illegible]၊ ပီသ,စွာ ကြားလိုက်ရ၏။

သူ့ . .ရင်တွေ တလှပ်လှပ်ခုန်လာ၏။ ဆိုင်ရှင်က . .

"လိပ်စာတော့ မသိဘူးတဲ့" . .ဟု၊ ပြောသည်။

သူက . .

"ရတယ် ဦးလေး။ ကျွန်တော်
အဲဒီအိမ်ကို သိပါတယ်"

ပြုံးရယ်၍ပင်၊ မပြောဖြစ်တော့။

"ကျေးဇူးပဲနော်" . .ဟူသော စကားကို၊ ဝေလင်း
[illegible]သည်။

ပျော်ရွှင်ခြင်း၊ ရင်နင့်ခြင်းတို့၊ ရင်သို့ . .အတူတကွ
[illegible]ရောက်လာသည် . .ဟု၊ ခံစားရသည်။ တွေ့မြင်ချင်၍မျှော်
[illegible]ရှည်ကြာစွာ စောင့်စားခဲ့ရသူအား၊ တွေ့ခဲ့မြင့်ခဲ့ရပါလျက်၊

www.burmeseclassic.com

www.burmeseclassic.com



မတွေ့၊ မသိ၊ မမှတ်မိခဲ့ရသော၊ ကာလ,ငယ်အား၊ ပြန်လည်မြင်ယောင်ကြည့်မိသည်။ နမျောတ,သလွန်းရ၏။

"မင်း . . ဘာလုပ်မလဲ"

"ငါ . . သွားမှာပေါ့"

ရင်ထဲတွင်၊ ငိုချင်လာ၏။ လိုက်ဖို့စွာ ကြည်နူးခြင်းဟု ရင်ခွင်ကို ဘာသာပြန်ချင်သည်။

"ငါ သွားမယ်။ အဲဒီအိမ်ကို၊ အခု ချက်ချင်းသွားမယ်"

ဝေလင်းက . . .

"သိပ်လောလို့ မကောင်းဘူး။ အောင်ကျော်စွာ။ အခု . .နေပူတဲ့အချိန်လည်း ဖြစ်တယ်။ မင်း . .ပင်ပန်းထားတယ်။ ပြီးတော့ . . အခု စိတ်လှုပ်ရှားနေတယ်။ နောက်နေ့မှ သွားစေချင်တယ်။

ဘာဖြစ်လို့လဲဆိုတော့၊ ဘယ်လို အခြေအနေကို ရင်ဆိုင်ရမယ်မှန်း၊ မသိဘူး။ အလောသုံးဆယ် မသွားသင့်ဘူးလေ။ ငါ ပြောတာကို၊ မင်း . . လက်ခံပါ။ ငါ . . မမူးသေးဘူး"

သူ့ပခုံးပေါ်သို့၊ ဝေလင်း၏ လက်တစ်ဘက်ကျရောက် လာ၏။

"နော် . . သူငယ်ချင်း"



သူ . .ခေါင်းညိတ်လိုက်သည်။

ရင်တွင် . .နင့်သွား၏။ မျက်ရည်များ ဝေ့လာ၏။ အပျော်စိတ်ကြောင့်၊ ပြုံးမိသေးသည်။

"မမနွယ်ရယ် . . "

❀ ❀ ❀

www.burmeseclassic.com

www.burmeseclassic.com

နွေ၏ဒဏ်ကို
ခံယူပါ၏။

ပြန်လည်ဆုံတွေ့ခွင့်ပေးပါ
ဘုရားသခင်။

www.burmeseclassic.com

www.burmeseclassic.com



( ၁၁ )

"မသိရိန္တယ် ရှိသလား" . . ဟု၊ ခြံစောင့်ကြီးကို၊ သူ . . မေးတော့။

"ဒီ. .အိမ်က၊ အိမ်ရှင်နဲ့တွေ့ချင်တယ်" . .ဟု၊ သူ . . ပြောလိုက်သည်။ ဆဋ္ဌမတန်းဖတ်စာအုပ်တွေ ထည့်ထားရာ၊ သပ်စတစ်အိတ်ကို၊ တည်ကြည်စွာထွေးပိုက်ထား၏။ အလင်းက . .

"ဒီ . .အိမ်ပိုင်ရှင်နာမည်၊ ဘယ်သူလဲ။ ဟို . .ထိပ်ပြောင် ပြောင်နဲ့လေ" . .ဟု၊ မေးလိုက်သောအခါ၊ ခြံစောင့်ကြီးက၊ "ဦးချမ်းမြေ့" . .ဟု၊ ဖြေရာ၏။ "အဲဒီ ဦးချမ်းမြေ့နဲ့ တွေ့ချင်တယ်" . .ဟု၊ သူ့ ပြောလိုက်သည်။

ခြံစောင့်ကြီးက . . ,

"ဘာကိစ္စရှိလို့လဲကွယ်"

"ဦးချမ်းမြေ့နဲ့တွေ့မှ၊ ပြောလိုရမယ်။ ဦးချမ်းမြေ့ကိုသာ၊ အကြောင်းကြားပေးပါ"

www.burmeseclassic.com

www.burmeseclassic.com



ခြံစောင့်ကြီးက၊ ခေါင်းညိတ်ပြပြီး . .,

အိမ်ဝင်းသော့ကို မဖွင့်သေးဘဲ၊ အိမ်မ,ကြီးရှိရာသို့ ထွက်ခွာသွားလေ၏။ "သီရိဂေဟာ" . . ဟူသော စာလုံးလုလု လေးကို၊ လွမ်းမောစွာ၊ သူ . .ငေးကြည့်နေမိသည်။

တစ်ခါက ခြေချဖူးသော . .နေရာ။ တစ်ခါက. မသီရိနွယ်ကို၊ လှည့်ပတ်ရှာဖွေခဲ့ရာ အိမ်ခြံဝင်း။ တစ်ခါက . . မသီရိနွယ်ကို မြင်တွေ့ မော့ကြည့်ဖူးသော . .ပြတင်းတံခါး။

အရာအားလုံးသည်၊ မှိန်ဖျော့သွားသည်မှအပ၊ ယခင် အတိုင်း၊ တည်ဖွဲ့လျက်ရှိနေသေး၏။ ပြောင်းလဲသွားသည့် အရာဆို၍၊ ခြံဝင်း,တံခါးဝတွင်၊ အစောင့်အရှောက်၊ ချထားခြင်း သာ ဖြစ်ပေမည်။ ခြံစောင့်ပုဂ္ဂိုလ်သည်ပင်လျှင်၊ ယခင် .ခြံစောင့် မဟုတ်တော့။

"ပြဿနာတွေ ဘာတွေ တက်နေ
ဦးမလား အောင်ကျော်စွာ"

အိမ်မ,ကြီး ရှိရာဘက်သို့၊ လည်ဆန့်ကြည့်ရင်း၊ ဝေလင်း မေးသည်။

"ခြေခြေငံငံပြောရင်၊ မတက်နိုင်ပါ
ဘူးကွာ။ တက်တော့လည်း၊ ရင်ဆိုင်လိုက်ရုံ
ပေါ့"

"ဟိုတစ်ခါ၊ မသီရိနွယ် မရှိဘူးလို့
ပြောတာ၊ ဒီ. .ခြံစောင့်ကြီးပဲလား"

"ဟုတ်တယ်။ ဒါပေမဲ့ . .ငါ့ကို



မှတ်မိပုံမရဘူး"

စိတ်ပျံ့လွင့်နေဟန်တူသော အမျိုးသမီးအား၊ မမနွယ် ဟုတ်ပါစေနဲ့ . .ဟုလည်း၊ ဆုတောင်းချင်သည်။ မမနွယ်ကို တွေ့ချင်လွန်းသောစိတ်ကြောင့်၊ ဟုတ်ပါစေ. .ဟုလည်း၊ ဆုတောင်းမိပြန်၏။

"မသီရိနွယ်ဆိုတဲ့၊ အခု၊
အမျိုးသမီးက၊ မင်း . .မမနွယ်ကော
ဟုတ်ပါ့မလား"

"မပြောတတ်ဘူး"

"မင်း . .မမှတ်မိဘူးလား"

သူ . .ခေါင်းခါ၏။

"ဟိုတုန်းက, သွယ်သွယ်လေးကွ။
အခု . .မျက်နှာပေါက်ကို၊ သေသေချာချာ
ကြည့်ဖြစ်မှ၊ ငယ်ရုပ်ကိုဖမ်းနိုင်မှာ"

"ရုပ်ရှင်ရုံမှာတွေ့တုန်းက,ရော၊
စားသောက်ဆိုင်မှာတွေ့တုန်းကရော၊ မင်း
. . မျက်နှာကို၊ သေသေချာချာ မကြည့်ဘူး
လား"

"မကြည့်လိုက်မိဘူး"

"အင်းလေ။ နှစ်တွေက ကြာပြီပဲ" . .ဟု၊ ဝေလင်း ပြော၏။

ခြံစောင့်ကြီးနှင့်အတူ၊ ဦးချမ်းမြေ့ လိုက်ပါလာ၏။ သူနှင့်

www.burmeseclassic.com

www.burmeseclassic.com



ဝေလင်းတို့ကို မျက်မှောင်ကြုတ်လျက်ကြည့်ပြီး . .

"ဘာကိစ္စရှိလို့လဲ"

သူ . .စကားမတုံ့ပြန်။

ဆဋ္ဌမတန်းဖတ်စာအုပ်များ ထည့်ထားရာ ပလပ်စတစ်အိတ်ထဲမှ၊ သီရိနွယ်၏ ဓာတ်ပုံကို၊ ထုတ်ယူလိုက်၏။ သူ . . ပြုမူသမျှကို ဝေလင်း . .ငေးကြည့်နေသည်။

ဓာတ်ပုံကို၊ ဦးချမ်းမြေ့၏ လက်ထဲသို့၊ ထည့်လိုက်၏။ ဦးချမ်းမြေ့က၊ ဓာတ်ပုံကို၊ မျက်ခုံးတွန့်ပြီး ကြည့်သည်။ ပြီးနောက် . .မျက်လုံးဝိုင်းသွားသည်။ ပြီးနောက် . .သူ့ကို ကြည့်၏။

"ဒါ . . အန်ကယ်ရဲ့သမီး မသီရိနွယ်ရဲ့ပုံ၊ ဟုတ်၊ မဟုတ်၊ သိချင်ပါတယ်"

ဦးချမ်းမြေ့က၊ ခြံစောင့်ကြီးကို ငဲ့ကြည့်သည်။ ခြံစောင့်ကြီးက၊ ထိုအကြည့်ကြောင့်၊ အနီးမှထွက်ခွာသွား၏။

"ဟုတ်တယ်။ မင်း . .ဘယ်သူလဲ"

"ကျွန်တော် . . အောင်ကျော်စွာပါ"

ဒေါက်တာ အောင်ကျော်စွာ"

"ဘာ . . အောင်ကျော်စွာ ဟုတ်လား"

"ဟုတ်ကဲ့"

"မင်းနဲ့၊ အန်ကယ့်သမီးနဲ့ ဘယ်



ပတ်သက်လဲ"

"အဲဒီကိစ္စကို၊ အန်ကယ် ခွင့်ပြုမယ်ဆိုရင်၊ အချိန်ယူပြီး၊ ပြောပါရစေ . .၊ အန်ကယ်။

မပြောခင်၊ အန်ကယ့်အနေနဲ့၊ တစ်ခုသိထားစေချင်ပါတယ်။ ကျွန်တော်နဲ့ မသီရိနွယ်ဟာ . .ဟို . .လွန်ခဲ့တဲ့နှစ်ပေါင်းများစွာက၊ ခင်မင်ရင်းနှီးပြီး၊ ခွဲခွာခဲ့ကြရတဲ့၊ မောင်နှမလိုမိတ်ဆွေတွေပါ"

လက်ထဲရှိ ပလပ်စတစ်အိတ်ထဲမှ၊ ဆဋ္ဌမတန်း ဖတ်စာအုပ်တွေကို၊ ဦးချမ်းမြေ့ထုတ်ပြသည်။

"ဒါ . .မသီရိနွယ်၊ ငယ်ငယ်တုန်းက ကျွန်တော့်ကို ပေးခဲ့တဲ့စာအုပ်တွေပါ"

ဦးချမ်းမြေ့က၊ လွမ်းမောစရာ၊ မျက်ဝန်းများဖြင့်၊ စာအုပ်တွေကို၊ တုန်ယင်စွာကြည့်ပြီး . . .

"အန်ကယ့်သမီး၊ ဒီမှာရှိတယ်ဆိုတာ၊ မင်း . .ဘယ်လိုလုပ်သိလဲ"

"နောက်ပြီးမှ၊ ကျွန်တော် . . ပြောပြပါ့မယ် အန်ကယ်"

စာအုပ်တွေကို၊ ပလပ်စတစ်အိတ်ထဲသို့ ပြန်ထည့်ရင်း၊

"မသီရိနွယ်ဟာ . .၊ စိတ်ရောဂါ ဖြစ်နေတယ်ဆိုတာ၊ ဟုတ်ပါသလား . . ၊

www.burmeseclassic.com

www.burmeseclassic.com



အန်ကယ်။

အဲဒါကို၊ ကျွန်တော်. .အရင် သိချင်ပါတယ်။ ကျွန်တော်. .စိတ်ရောဂါ အထူးကုဆရာဝန်ပါ"

သူ့မျက်နှာကို၊ ဦးချမ်းမြေ့ သေသေချာချာကြည့်၏။

"မင်းတောင် . .ဆရာဝန် ဖြစ်နေပြီကိုး"

သူ . . အံ့ဩစိတ် ဖြစ်လာသည်။

"အန်ကယ် . .ကျွန်တော့်ကို သိနေပါသလား ခင်ဗျာ"

ခေါင်းတဆတ်ဆတ်ညိတ်နေသည်။

"သိတယ် ဆိုပါတော့။ နာမည်ကို သိနေခဲ့တယ်ဆိုပါတော့ကွာ"

"အန်ကယ်။ ကျွန်တော် အန်ကယ့်ကို၊ ကူညီပါရစေ။ မမနွယ်ကို၊ ကျွန်တော် . .ကုပါရစေ"

ဦးချမ်းမြေ့က၊ အိမ်ကြီးဘက်သို့၊ တစ်ချက်လှည့်ကြည့်သည်။

"အန်ကယ်။"မင်းနဲ့ စကားပြောချင်တယ်။ မင်းနဲ့ . . သမီးနဲ့ အကြောင်းလေးကို၊ အန်ကယ် ခြေခြေမြစ်မြစ် သိချင်တယ်။ မင်း . .ပြောပြနိုင်မလား"



"ပြောပြပါ့မယ် အန်ကယ်။ မမနွယ်. .အခုလို ဖြစ်သွားရတဲ့ အခြေအနေကိုလည်း၊ အန်ကယ်. .ပြောပြစေချင်ပါတယ်"

သက်ပြင်းချသည်ကို၊ မြင်၏။

"မင်းတို့နှစ်ယောက် အိမ်ထဲကိုကြွပါ"

ဖိတ်ခေါ်သံသည်၊ လေးသံမော။

ရင်ထဲတွင်၊ အစိုင်အခဲတစ်ခု၊ ကြပ်ညပ်စွာ ခိုဝင်နေသကဲ့သို့၊ ခံစားနေရလေ၏။ ခြံတံခါးဝ,တွင်၊ ရပ်တန့်ထားသော ကားဆီသို့ သွား၏။ ထို. .ကားဖြင့်၊ ဝေလင်းနှင့်အတူ ဦးချမ်းမြေ့ ဖိတ်ခေါ်ရာသို့၊ သူ. .လိုက်ပါခဲ့သည်။

❀ ❀ ❀

www.burmeseclassic.com

www.burmeseclassic.com

( ၁၂ )

တစ်ခုသော နွေကျောင်းပိတ်ရက်။

ရပ်ကွက်ထဲက၊ တချို့သော၊ သူနှင့်ရွယ်တူ ကောင်လေးတွေ၊ ကောင်မလေးတွေက,တော့၊ ထို . .နွေကျောင်းပိတ်ရက်မှာ၊ "ဖရဲသီးစိပ် ချိုချိုလေး" . .ဟု၊ အော်ဟစ်ကူးလူးပြီး၊ နွေ . . ကျောင်းပိတ်ရက်ကို ကြိုဆိုကြသည်။

သူ့ဖခင်က ရခိုင်ပြည်နယ်မှာ တာဝန်ထမ်းဆောင်နေသောအချိန်ဖြစ်သည်။ မိခင်နှင့်အတူ သူတို့မောင်နှမနှစ်ယောက်က,တော့၊ ရန်ကုန်မြို့၏ ဤဆင်ခြေဖုံးရပ်ကွက်လေးထဲ၌၊ အိမ်တစ်လုံးငှားရမ်း၍ နေထိုင်ကြသည်။ ဖခင်ရော မိခင်ပါ အစိုးရဝန်ထမ်းများဖြစ်ကြ၏။

နွေကျောင်းပိတ်ရက်တွင်၊ မောင်နှမနှစ်ယောက် ပေလီတွင်၊ အနားယူနိုင်ရန်၊ အဖေ. .စီစဥ်သည်။ စာလှမ်းရေးသည်။ အဖေ့တပည့်တစ်ယောက်ကို၊ အခေါ်လွှတ်၏။ သူ၏ငြင်းဆန်



ကြောင့်၊ ညီမလေးတစ်ယောက်တည်းသာ၊ ပေလီကို . .လိုက်ပါသွားလေ၏။

"အမေ တစ်ယောက်တည်း ကျန်ခဲ့မှာစိုးလို့" . .ဟု၊ သူ အကြောင်းပြသည်။ အမှန်က,တော့၊ နွေကျောင်းပိတ်ရက်တွင်၊ ပေလီကို၊ သူ . .မလိုက်ပါဖြစ်သောအကြောင်းမှာ . .အမေ့ တစ်ယောက်တည်း ကျန်ရစ်ခဲ့မှာစိုးသော စိတ်တစ်ခုတည်းကြောင့်၊ မဟုတ်ချေ။

"အမေ"

"ဘာလဲ . .သား"

"သား . .မုန့်ဖက်ထုတ် ရောင်းချင်တယ်"

"ဟဲ့ . .သား။ သား ဘာပြောတာလဲ"

"မုန့်ဖက်ထုတ်ရောင်းချင်တယ်လို့ ပြောတာလေ အမေရဲ့"

သူ့ကို . . ,

အမေ့၏မျက်လုံးများက၊ ဝိုင်းစက်စွာ၊ ကြည့်နေဆဲဖြစ်သည်။

"အေးလေ။ အဲဒီစကားက၊ ဘာစကားလဲ။ ဘာလဲ။ မုန့်ဖက်ထုတ်တွေ အများကြီး စားချင်လို့လား"

"မဟုတ်ဘူး။ ရပ်ကွက်ထဲမှာ

www.burmeseclassic.com

www.burmeseclassic.com



တချို့ကောင်မလေးတွေ၊ ကောင်လေးတွေက၊ ဖရဲသီးစိပ်ရောင်းတယ်။ တချို့ကောင်လေးတွေက၊ မုန့်ဖက်ထုတ်ရောင်းတယ်။

ခုနက၊ မုန့်ဖက်ထုတ်လို့ အော်သွားတာ၊ သားတို့အတန်းထဲက၊ ကောင်လေးလေ အမေရဲ့"

"ဟဲ့။ အဲဒီ့ကလေးတွေက။ မိဘက ဆင်းရဲ့လို့ ရောင်းတာ။ သားက၊ ဆင်းရဲလို့လား။ သားအဖေသာကြားလို့က၊တော့၊ သားကို၊ နားရင်းအုပ်လိမ့်မယ်"

သူ . .မျက်နှာရှုံ့မဲ့သည်။ ခေါင်းကုတ်သည်။

အမေ့ကို နားရှင်းအောင် မည်သို့ပြောရမလဲ မသိ။ ပြီး-နှုတ်ခမ်းကိုက်လျက် စဉ်းစားခန်းဝင်၏။

အမေ့ကို သေသေချာချာကြည့်လိုက်သည်။ မျက်ခုံးကို စိတ်ဆိုးမာန်ဆိုးတွန့်လိုက်၏။ နှုတ်ခမ်းစူလိုက်သေးသည်။

ပြီးမှ . .

"ငပလီလိုက်မသွားတာ၊ သား . . မုန့်ဖက်ထုတ်ရောင်းချင်လို့ အမေရဲ့"

"ဟယ်။ ဘယ်လို။ သား။ မင်းပြောတော့ . ., အမေ့တစ်ယောက်တည်း အိမ်မှာ မထားခဲ့ချင်လို့၊ မလိုက်တာဆို"

အမေ့မျက်နှာကို သူမကြည့်ဘဲ . .,

"အဲဒါလည်း ပါတာပေါ့။ ဒါပေမဲ့ မုန့်ဖက်ထုတ်လည်း ရောင်းချင်တယ်"

"ဟောတော်။ ဘာ . .စိတ်ပေါက်ပြန်ပြီလဲ မသိဘူး။ ဘာ . .ပူဆာမှန်းလည်း မသိဘူး။

သား . .။ မင်း . ., သုံးနှစ်သားလောက်က၊ မင်း . . ပူဆာလို့ အမေ . . ဝယ်ကျွေးထားတာ မင်း . . မှတ်မိလား"

"ဘာ . .ဝယ်ကျွေးလို့လဲ"

မျက်နှာပုတ်ပုတ်ဖြင့်၊ သူ . .မေး၏။

"ဘာ ဝယ်ကျွေးရမလဲ။ အိုးတိုက်ဖွဲ့ပြာ ဝယ်ကျွေးတာလေ။

မင်း . .မမှတ်မိဘူး မို့လား။

အခုလိုပဲ . .၊ မင်း ပူဆာတယ်။ "အိုးတိုက်ဖွဲ့ပြာ" . .လို့၊ အော်သံကြားတာနဲ့၊ မင်းက . ., အိုးတိုက်ဖွဲ့ပြာ စားမယ်။ အိုးတိုက်ဖွဲ့ပြာစားမယ် . .ဆိုပြီး၊ အော်ငိုရောလေ။ ဘယ်လိုမှ၊ ချော့လို့မရဘူး။

ချော့လို့မရတဲ့အဆုံး၊ အိုးတိုက်ဖွဲ့ပြာသည်ကိုခေါ်ပြီး၊ ဆယ်ပြားဖိုးဝယ်လိုက်ရတယ်လေ။

www.burmeseclassic.com

www.burmeseclassic.com



မင်း. .ပါးစပ်ထဲ ဖွဲပြာနှစ်လုတ်ပဲ ခွန့်လိုက်ရတယ်။ အိုးတိုက်ဖွဲပြာ စားမယ်လို့ မပူဆာတော့ဘူးလေ. ."

"ဟုတ်လည်း မဟုတ်ဘဲနဲ့". .ဟု၊ သူ . . ပြော၏။

"ဘာမဟုတ်ရမှာလဲ။ အခုလည်း ဘာစိတ်ကူးပေါက်ပြန်တာလဲ။ မုန့်ဖက် ထုတ် ရောင်းရအောင်၊ မင်းကို. .ဘယ်သူက မြှောက်ပေးလိုက်လို့လဲ"

"မြှောက်ပေးတာ မဟုတ်ဘူး။ သားတို့ငါးတန်းဆရာမ ဒေါ်သောင့်မြင့်က ပြောတယ်။ စာမေးပွဲပြီးလို့ နွေကျောင်းပိတ် ရက်ရောက်ရင်၊ မိဘ,ကို တစ်ဖက်တစ်လမ်း က၊ ကူညီရမယ်. . တဲ့။ အားလုံးကို မှာ လိုက်တယ်"

"သြော်"

သူ့ကိုကြည့်လျက် အမေ ပြုံးလေ၏။

"အမေ့ကို၊ ကူညီချင်ရင်၊ ထမင်း ကူချက်ပေးပေါ့ သားရဲ့။ အမေ့ ထမင်းချိုင့် ကို ဆေးပေးပေါ့"

"အဲဒါလည်း လုပ်ပေးမယ်။ မုန့် ဖက်ထုတ်လည်း ရောင်းမယ်"

"မုန့်ဖက်ထုတ်ရောင်းပြီး၊ ဘာလု



မှာတုန်း။ ရတဲ့ပိုက်ဆံကို"

"ရတဲ့ပိုက်ဆံနဲ့၊ ကိုယ့်ကျောင်း စာအုပ် ကိုယ့်ဘာသာ ဝယ်မယ်။ အမေတို့ ပိုက်ဆံကုန်သက်သာအောင်လို့"

အမေ ... ရယ်လေ၏။

"ကဲ . .အမေက၊ အိမ်မှာ မုန့်ဖက် ထုတ်, ထုတ်ပေးရမှာလား"

"ထုတ်မပေးရဘူး။ မုန့်ဖက်ထုတ် တွေ အေးမသွားအောင်၊ နွေးနွေးလေးဖြစ် အောင်ဖုံးဖို့ ပုဆိုးတစ်ထည်ပဲ ပေး။

အရင်းပိုက်ဆံလည်း၊ မလိုဘူး။ ထည့်ဖို့တောင်းလည်း မလိုဘူး။

"အမယ်။ တယ်ဟုတ်ပါလား။ ဘယ်သူက . .အရင်းစိုက်ပေးမှာမို့လို့လဲ"

"လမ်းထိပ်က ဦးရွှေဗျိုင်းတို့အိမ် မှာ မုန့်ဖက်ထုတ် ဖောက်သည်ပေးတယ်။ တစ်ထုတ်ကို တစ်မတ်။ ထည့်ဖို့တောင်း လည်းပေးတယ်။ ပိုက်ဆံက,လည်း၊ ရောင်း ပြီးပြန်လာမှ ပေးရမှာ"

"သားက ဘယ်လိုလုပ် သိလဲ"

"ရောင်းနေတဲ့ကောင်တွေကို၊ သား မေးကြည့်တာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"သားရယ် . .။ သားက, ဘယ်မှာ သွားရောင်းမှာလဲ။ ရပ်ကွက်ထဲမှာပဲ ရောင်းမှာလား"

"ရပ်ကွက်ထဲမှာတော့ ရောင်းကောင်းမှာ မဟုတ်ဘူး။ တစ်ရပ်ကွက်လုံး၊ မုန့်ဖက်ထုတ်နဲ့ ဖရဲသီးနဲ့ ပြည့်နေပြီ။

တခြားမှာသွားရောင်းမှာ။ ကန္တာလမ်းဘက်က . .ဆန်ဂိုဒေါင်တွေနားမှာ၊ ဝယ်စားမယ့်သူတွေ အများကြီးပဲ"

"အမေက၊ မရောင်းရဘူးဆိုရင်၊ သား . .ဘာလုပ်မလဲ"

"အမေ. .မရောင်းခိုင်းရင်၊ သားက၊ ခိုးပြီးရောင်းမှာပေါ့။ အမေ . .ရုံးသွားနေတုန်း၊ အမေ မသိအောင်ရောင်းမှာပေါ့"

"ရွှေကျောင်းပိတ်ရက်မှာ၊ မိဘ,ကို မကူညီရင်၊ ရိုက်မယ်. .လို့၊ ဆရာမ,က ပြောလို့လား"

"ရိုက်မယ်လို့တော့ မပြောပါဘူး။ ဒါပေမဲ့ . .ဆရာမ, ပြောပြီးကတည်းက၊ သားက, ပိုက်ဆံရှာဖို့ တွေးထားပြီးသား"

"အမေ စိတ်မချဘူး သားရယ်"

"အမေ စိတ်မချတာ၊ စိတ်ပူလို့ပါ၊



မပူနဲ့။ အမေ ခွင့်မပြုလည်း၊ သားက . . ရောင်းဖြစ်အောင် ရောင်းမှာပဲ"

အမေ သက်ပြင်းချ၏။

"ကဲ . .ဒီလိုဆို၊ သားအဖေဆီကို အမေ . .စာရေးမယ်။ အဖေ ခွင့်ပြုရင်၊ သား ရောင်း။ ဘယ့်နှယ့်လဲ"

သူ . .ခေါင်းညိတ်၏။ အမေ . .ထိုင်ရာမှ ထ,မည်အပြု။

"အမေ့"

"ဘာလဲ . .သား"

"အဖေ . . ခွင့်မပြုလည်း သားက, ရောင်းမှာနော်"

အမေ. .မျက်နှာရှုံ့လျက်ပြုံး၏။ သူ့နားရွက်လေးကို ဆိမ်ဆွဲသည်။

❀

အတန်းပိုင်ဆရာမ ဒေါ်သောင့်မြင့်ကို ချီးကျူးကြောင်း၊ ဆရာမ,အစစ်ဖြစ်ကြောင်း . . အမေ့ထံသို့ အဖေ စာရေးသည်။ သူ . .မုန့်ဖက်ထုတ်ရောင်းမည့် အစီအစဉ်ကိုလည်း၊ အဖေ . . ခွင့်ပြုကြောင်း . .

❀ ❀ ❀

www.burmeseclassic.com

www.burmeseclassic.com

# ( ၁၃ )

## "အုန်းသီးမုန့်ဖက်ထုတ်"

နေ့လည် ဆယ့်နှစ်နာရီထိုးသောအခါ၊ အိမ်သော ပိတ်သည်။ လမ်းထိပ်ရှိ ဦးရွှေဖျိုင်းတို့အိမ်သို့ ပုဆိုးသန့်သ တစ်ထည်ကို၊ ပခုံးပေါ်တင်လျက်သွားသည်။ အဖေ့ ဦးထု အဟောင်းတစ်လုံးကို၊ ဦးခေါင်းပေါ်သို့၊ ချောင်ချောင်ချိ ဆောင်းသည်။

ဦးရွှေဖျိုင်းအိမ်သို့ ရောက်သောအခါ၊ သူ့စိတ်ကြိုက် တောင်းတစ်လုံးကိုယူပြီး၊ အငွေ့တထောင်းထောင်းထ, နေသော မုန့်ဖက်ထုတ်ပေါင်းအိုးအနီးသို့ သွားသည်။ ထိုပေါင်းအိုးအနီ တွင်၊ ဦးရွှေဖျိုင်း၏ ဇနီးရှိသည်။ သူ့အရွယ်ကောင်လေး သုံးလေးယောက်ရှိသည်။

မုန့်ဖက်ထုတ်များ ကျက်လျှင်ကျက်ချင်း၊ တောင်း အတွင်းရှိ၊ အလိုက်သင့်ခင်းထည့်ထားသော ပုဆိုးမျက်နှာပြ ပေါ်သို့၊ မုန့်ဖက်ထုတ်များကို၊ ဦးရွှေဖျိုင်း၏ဇနီးက၊ စီစီရီရီ



ရေတွက်၍ ထည့်ပေးသည်။ ပြီးသောအခါ . .ပုဆိုးအပို အနားပိုင်းကို၊ ထည့်ထားပြီးသော မုန့်ဖက်ထုတ်များပေါ်သို့၊ ဖုံးခြုံ၍ ဖုံးအုပ် ပေးလေ၏။ (တချို့က ပုဆိုးအစား၊ အဆင်သင့်ရာ ပိတ်စ, ထွာထုတ်တို့ကို အသုံးပြုသည်)။

ရပ်ကွက်၏ ပြင်ပ,သို့ ရောက်မှ၊ "အုန်းသီးမုန့်ဖက်ထုတ်" . .ဟု၊ သူ . .အော်ရောင်းလေသည်။ အော်ရဟစ်ရသည်မှာ. .၊ အခက်အခဲမရှိ။ အစ,ပိုင်းနေ့ရက်တုန်းက၊ ရွယ်တူကောင်လေးတစ်ယောက်၏ အကူအညီကို၊ သူ . .ယူရသည်။ အနားလမ်းနှင့် နီးသော ရပ်ကွက်အတွင်းသို့ ထို ကောင်လေးနှင့် အတူသွားပြီး၊ တစ်ယောက်ကိုတစ်လမ်းဆီ၊ ဝင်ရောက် အော်ဟစ် ရောင်းချခဲ့လေ၏။

လေး,ငါးရက်မျှ ကြာသောအခါ၊ သူ . .အနည်းငယ် ယုံကြည်စိတ်တတ်ခဲ့သည်။ မုန့်ဖက်ထုတ်တွေ ရောင်းမကောင်းမှာ . . မကုန်မှာကို၊ သူ . .စိုးရိမ်တတ်ခဲ့သည်။ ထို့ပြင် . . လမ်းပေါ်တွင်၊ အော်ဟစ်လျှောက် လှမ်းပြီး၊ တစ်ဝမ်းတစ်ခါး ရှာစားနေကြရသည့်၊ ဈေးရောင်းသူတို့၏ ဒုက္ခဆင်းရဲကို၊ သူ . .စာနာစိတ်ဝင်သည်။ ဈေးရောင်းရတာ တော်တော် ပင်ပန်းတာပဲ . .ဟု တွေးနိုင်ခဲ့သည်။

ထို့ပြင် လူတစ်ချို့၏ စရိုက်သဘာဝကို၊ သူ့. .အသိဉာဏ်မျှဖြင့်၊ ရှုံ့ရှာ စရာ . .ဟု၊ သတ်မှတ်ဖြစ်ခဲ့ပြန်သည်။ လေးငါးယောက်ခန့် မုန့်ဖက်ထုတ်တောင်းကို ဝိုင်းနှိုက်ပြီး၊ ခြောက် ထုတ်ယူသည်ကို၊ ငါးထုတ် . .ဟု၊ ပြောသောအိမ်တစ်အိမ်ကို၊

www.burmeseclassic.com

www.burmeseclassic.com



ကြုံဖူးသည်။ ဖဲရိုက်နေစဉ် ဝယ်စားကြပြီး၊ ခဏထိုင်စောင့် . . ဟု၊ ပြောသော အိမ် တစ်အိမ်ကို ကြုံဖူးသည်။

ဖက်ဖြင့်ထုတ်ထားသော မုန့်ကို၊ အတွင်းသို့ ဖြည်ကြည့်ပြီး၊ ကောင်းမကောင်း သန့်မသန့် စစ်ဆေးသူမျိုးကိုလည်း တွေ့ဖူးသည်။

"ဟဲ့။ မုန့်ဖက်ထုတ်သည်။ ဒီနားမှာ လာပြီး အော်မရောင်း နဲ့။ ဒီမှာ . .အိမ်က၊ ကလေး ချောင်းဆိုးနေတယ်။ နင့်အသံ ကြားရင်၊ ကလေးက, ပူဆာလိမ့်မယ်။ သွား . .သွား" . .ဟု မောင်းထုတ် . .နှင်ထုတ်သူမျိုးကိုလည်း၊ မြင်ဖူးလိုက်ရပြန်သေး သည်။

အိမ်တို့၏ ဖိနပ်ချွတ်ဖွင့်၊ တင်ပါးလွှဲထိုင်။ ပေါင်ပေါ်သို့ တောင်းကိုတင်။ သူများမွှေနှောက်သမျှ သည်းခံပြီး၊ ရောင်း နိမ့်ပါးနေကြရသည့်၊ ဈေးသည်၏ ဘဝကို တွေးပြီး၊ စိတ် တတ်ခဲ့သည်။

"ဒီအိမ်ကို မကျေနပ်ဘူး။ ဒီအိမ်က, လူပါးဝ,တယ် ဈေးသည်ဆိုပြီး၊ ငါ့ကို နှိမ်တယ်။ ငါ့ကို ဘာမှတ်သလဲ။ ငါ အရာရှိသား။ သင်းတို့ မသိကြဘူး။ ဒီ. .အိမ်က၊ ခေါ်ဝယ် နောက်တစ်ခါ မရောင်းဘူး" . .ဟု၊ ဆုံးဖြတ်သတ်မှတ်ပြ ကွက်လပ်ချန်ထားရသည့်၊ လူတန်းစားမျိုးကိုလည်း၊ ကြုံ သည်။

ထိုအိမ်မျိုး၏ အနီးအပါးသို့ ရောက်သောအခါ "အုန်းသီးမုန့်ဖက်ထုတ်" . .ဟူသော အသံကို၊ သူ . .မအော်



ဟစ်ပြတော့ဘဲ၊ နေလိုက်သည်။

အော်သံကြားရင်၊ ခေါ်ဝယ်နေမှာစိုးလို့။

သို့သော် . .မအော်မဟစ်ပါဘဲလျက်၊ မရောင်းဘူး. .ဟု၊ သတ်မှတ်ထားသည့်အိမ်က၊ "မုန့်ဖက်ထုတ်။ လာပါအုံး" . . ဟု၊ ခေါ်လိုက်ပြန်သောအခါ၊ သူ . .မရောင်းဘဲ၊ မနေနိုင်ခဲ့။ "ခင်ဗျားတို့အိမ်ကို၊ မရောင်းဘူး" . .ဟု၊ ပြောဖို့ နေနေသာသာ မျက်နှာထားတည်၍ပင် မရခဲ့။ ပြုံးချိုပျူငှာစွာဖြင့်၊ ရောင်းချ မာန်လျှော့ရပြန်သည်။

နေ့တဓူဝ တွေ့ကြုံခဲ့ရခြင်းများကို၊ ည,အိပ်ရာဝင်သော အခါ၊ အမေ့ကို သူ . .ပြောပြဖြစ်သည်။ မူလ,တန်းဘဝတုန်းက, တော့၊ အမေ ပြောပြသောပုံပြင်တို့ကို နားထောင်ပြီး၊ သူ . . အိပ်ရသည်။ ယခု ပဌမတန်းကျောင်းသား (နွေရာသီ) မုန့်ဖက် ထုတ်သည် ဘဝလေးတွင်မူ၊ သူ . .ပြောပြသမျှတွေကို နားထောင်ပြီးမှ၊ အမေ အိပ်ရ၏။

"ဒီလိုပဲပေါ့ သားရယ်။ ဈေးသည်
ပဲဖြစ်ဖြစ်။ တခြားအလုပ်သမား၊ လခ,စားပဲ
ဖြစ်ဖြစ်၊ သူ့ဆန်စားရင် ရဲရမှာပေါ့"

"သူ့ ဆန်စားရင် ရဲရမှာပေါ့ ဆိုတာ
ဘာကိုပြောတာလဲ . .အမေ"

အမေက, သူ့နောက်ကျောသို့၊ ယပ်တောင်ဖြင့် ခြင်ယမ်း ပြီး . .

"လခ,စားဆိုတာ။ အလုပ်သမား

www.burmeseclassic.com

www.burmeseclassic.com



ဆိုတာ အလုပ်ရှင်က, ဘယ်လိုပဲ ဆူဆူ။ ဘယ်လိုပဲ နှိမ်နှိမ်၊ သူတို့ဆီက၊ အလုပ်ခ, လခ, လိုချင်တော့ . .၊ သည်းခံကြရတာပေါ့။

* ဥပမာ – ဈေးသည်။ ဈေးသည်ဆိုတာ ဝယ်သူက၊ ဘယ်လောက်ပဲ ဆိုးဆိုး၊ သည်းခံပြီး ရောင်းရတယ်။ အမေ . .ပြောတာ ဟုတ်တယ်မို့လား"

သူ . .ခေါင်းညိတ်သည်။

"အလုပ်ရှင်ဆီမှာ အလုပ်,လုပ်တယ်။ အလုပ်ရှင်ဆီက၊ လုပ်ခ, ရတယ်။ အဲဒီအခါ အလုပ်သမား, လုပ်ခစားတွေက၊ အလုပ်ရှင်အတွက်ဆိုရင်၊ မခိုမကပ် ရဲရဲဝံ့ဝံ့ လုပ်ကိုင်ပေးကြရတယ်။ အဲဒါကို . .၊ သူ့ဆန်စားရင် ရဲရမှာပေါ့. .လို့၊ ပြောတာ"

"သား . .၊ နားမရှင်းဘူး . .အမေရ။ အလုပ် လုပ်လို့လခ,ရတာပဲ။ သူတို့ကို ကျေးဇူးတင်စရာ လိုလို့လား"

"လိုတာပေါ့ သားရဲ့။ သားရော. . သားဆီက မုန့်ဖက်ထုတ်ဝယ်စားတဲ့ သူတွေကို ကျေးဇူးမတင်ဘူးလား"

သူ. .မဖြေတတ်။ "တင်ရမှာလား" . .ဟု၊ အမေ့ကို ပြန်မေးလေ၏။



"တင်ရမှာပေါ့။ ဝယ်သူ ဘယ်လောက် ဂျီးများများ၊ ကိုယ့်ဆီက, သူတို့ ဝယ်နေသမျှ၊ သူတို့ကိုကျေးဇူးတင်ရမှာပဲ။

အလုပ်ရှင်ဘယ်လောက်ပဲ နိုင်းနိုင်း၊ သူ. .နိုင်းနေသမျှ၊ သူ့ဆီက,လခ ရနေမှာပဲ။ သူ့ဆီက လခရနေသမျှ၊ သူ့ကို ကျေးဇူးတင်ရမှာပဲ။ အလုပ်ရှင်နဲ့ အလုပ်သမား၊ ဈေးသည်နဲ့ ဈေးဝယ်တွေဆိုတာ၊ စီးပွားဖက်တွေသားရဲ့"

"စီးပွားဘက်" ဟူသော စကားလုံးကို၊ နားမရှင်းသော်လည်း၊ သူ . .မမေးဖြစ်။

"အဲဒီ့ အလုပ်ရှင်တွေက၊ မတရားနိုင်းနေရင်ရော။ အဲဒီ့ဈေးဝယ်တဲ့သူတွေက၊ မတရား အနိုင်ကျင့် နေရင်ရော"

အမေက . .သူ့ ဆံပင်များကို၊ လက်ဖဝါးဖြင့် ပွတ်သပ်ပြီး၊ ပြုံးလျက် . .

"လူ့လောက,မှာ၊ ဥပဒေဆိုတာ ရှိတယ်သားရဲ့။ မတရားမှုတိုင်းကို၊ အဲဒီ့ဥပဒေက လက်ပိုက်ကြည့်မနေဘူး။ အမြဲတမ်း . .,အပြစ်ပေးတယ်"

"အဲဒီ့ . .ဥပဒေက၊ မတရားလုပ်တဲ့ သူတွေကို၊ တကယ်အပြစ်ပေးလို့လား"

www.burmeseclassic.com

www.burmeseclassic.com



"ပေးတာပေါ့ သားရဲ့" . .ဟု၊ အမေ ပြောသည်။ သူ . .
လှဲအိပ်နေရာမှ ထ,ထိုင်လိုက်ပြီး . .

"သား . .မုန့်ဖက်ထုတ်ကို ဝယ်
စားပြီး၊ ဖဲဝိုင်းမှာ ခဏထိုင်စောင့်နိုင်းတဲ့
သူတွေ။ ခြောက်ထုတ်ဝယ်ပြီး ငါးထုတ်ဖိုး
ပေးတဲ့သူတွေက၊ သားကို မတရားလုပ်တာ
ပဲ . .အမေရဲ့။ အဲဒီမတရားလုပ်တဲ့သူတွေကို
ဥပဒေက၊ အပြစ်ပေးမှာလားဟင်"

"ပေးမှာပေါ့ သားရဲ့" . .ဟု၊ အမေ ပြောသည်။ သူ . .
ကျေနပ်သွား၏။

"ဘယ်တော့ . .ပေးမှာလဲ" . .ဟု၊ သူ မေးသည်။ "ဥပဒေ
က၊ အဲဒီအိမ်တွေပေါ်ကို၊ ရောက်လာမယ့်နေ့ပေါ့ . .သားရဲ့" . .
ဟု၊ အမေ ပြော၏။ သူ . .ကျေနပ်သွားသည်။ အိပ်ရာထက်သို့
ပြန်လှဲလိုက်၏။

"သား . .ဒီနေ့ ဘယ်နှစ်ထုတ်
ရောင်းရလဲ"

"အထုတ်ငါးဆယ်ပဲကုန်တယ်"

"ဘယ်လောက်မြတ်လဲ"

"နှစ်ကျပ်ခွဲ"

"သားက၊ ကြီးလာရင်၊ ဈေးသည်
လုပ်မှာလား"

"ကြီးလာရင်တော့၊ ဈေးမရောင်း



ချင်ဘူး . .အမေ။ ဈေးဝယ်တဲ့သူတွေက၊
အရမ်းကျီးများတယ်။ သားက,သိပ်ပြီး . .
သည်းမခံချင်ဘူး။

ဒီကြားထဲ၊ တစ်ထုတ်ပြားသုံးဆယ်
ပါဆိုမှ၊ တစ်ကျပ်ဖိုး လေးထုတ်မရဘူးလား
. . လို့၊ ဈေးဆစ်တဲ့သူတွေ ရှိသေးတယ်။
ကိုယ်ချင်းစာစိတ်မရှိကြဘူး"

အမေ . .ပြုံးလေ၏။

"ဒါဆို၊ သားက . .ကြီးလာရင်
ဘာလုပ်မှာလဲ"

"မသိသေးဘူး အမေရဲ့။ သား . .
ဘာလုပ်ရင် ကောင်းမလဲ"

"လူတော်လူကောင်းဖြစ်အောင်
လုပ်ပေါ့"

"လူတော်လူကောင်းဆိုတာ၊
ဘာလဲ . .အမေ"

"လူတော်လူကောင်းဆိုတာ။
ပညာလည်း၊ တော်ရမယ်။ စိတ်ကောင်း
လည်းရှိရမှာပေါ့"

"စိတ်ကောင်းဆိုတာကော၊
ဘာလဲ"

"စိတ်ကောင်းဆိုတာ၊ သူတစ်ပါး

www.burmeseclassic.com

www.burmeseclassic.com



ကို စိတ်ဆင်းရဲအောင် မလုပ်ချင်တဲ့ စိတ်
ဓာတ်ကို ပြောတာပေါ့သားရဲ့"

"သားက. ., စာတော်တယ် မဟုတ်
လား. .အမေ"

"အင်း။ တော်တယ်"

"သားကြောင့်၊ အမေ စိတ်ဆင်းရဲ
လားဟင်"

"မဆင်းရဲပါဘူး"

"ဟာ။ ဒါဆို သားက၊ လူတော်
လူကောင်းပေါ့နော်"

"ဟုတ်ပါ့။ ဟုတ်ပါ့" . .ဟု၊ အမေ ပြောသည်။ အမေ့ထောက်ခံမှုက၊ လူတော်လူကောင်း ဖြစ်လိုစိတ်ကို၊ ပို၍ ကိန်းဝပ်စေလေ၏။

❀ ❀ ❀

## ( ၁၄ )

"အုန်းသီးမုန့်ဖက်ထုပ်"

ကန္တားလမ်းဘက်၊ ဆန်ဂိုဒေါင်တွေဘက်သို့ သူ . .သွားရောင်းသည်။ ဆန်အိတ်ထမ်းသော အလုပ်သမားတွေက၊ အစားကြမ်းသည်။ တစ်ယောက်ကို သုံး,လေးထုပ်ဝယ်စားကြသည်။ ဆန်ဂိုဒေါင်အလုပ်သမားများ ဝယ်စားပြီးကြပြီဆိုလျှင်၊ သူ့တောင်းထဲရှိ မုန့်ဖက်ထုပ်တွေ သိသိသာသာ လျော့ပါးသွားရစမြဲ။

ထိုနေရာတွင် အချိန်အတန်ကြာ ရောင်းပြီးသောအခါ၊ ကန္တားတစ်လျှောက်တွင်၊ ဆက်လက်အော်ဟစ်ရောင်းချစမြဲဖြစ်၏။

"အုန်းသီးမုန့်ဖက်ထုပ်"

ကန္တားလမ်းပေါ်ရှိ၊ အိမ်ဝင်းကျယ်ကြီး တစ်ခုအနားတွင်မူ၊ အိမ်ခြေကျဲပါးသွားသဖြင့်၊ သူ . .တစ်ခွန်းစ, နှစ်ခွန်းစ,သာ အော်သည်။

"မုန့်ဖက်ထုပ်။ လာဦး"

အိမ်ဝင်းကျယ်ကြီး၏၊ တံခါးအနီးမှ၊ ခေါ်သံ . .ဟု၊

www.burmeseclassic.com

www.burmeseclassic.com



သိလိုက်၏။ ထို. .အိမ်ဝင်းကျယ်ကြီးသည်၊ ဆန်ဂိုဒေါင်တွေ၏ တစ်ဖက်ကမ်း၊ ဒါးလွယ်ခုတ်လောက်တွင်ရှိမည်၊ ထင်သည်။

ခေါ်သံ. .ဟုသာ ထင်ရပြီး၊ လူရိပ်မတွေ့။ အိမ်ဝင်းထဲသို့၊ အိမ်ဝင်းသံတိုင်များမှတစ်ဆင့်၊ ခေါင်းမော်၍ ကြည့်နေမိသည်။ အိမ်မည်းမည်းတစ်အိမ်ကိုတွေ့၏။ ထည်ဝါသော်လည်း၊ ခြောက်ကပ်နေသည်ထင်ရ၏။

"ဟော့။ မုန့်ဖက်ထုတ်"

အိမ်ဝင်း၏ အဝင်ဝ၊ သော့ခပ်ထားသော သံတံခါးအနီးသို့ရောက်မှ၊ ငေးမောလက်စ, ရပ်သွားရသည်။

သံတိုင်များဖြင့်ပြုလုပ်ထားသော တံခါး၏ဟိုမှာဘက်တွင်၊ သူ့ထက် သုံး,လေးနှစ်လောက် အသက်ကြီးမည် ဟုထင်ရသော၊ မိန်းမလှတစ်ယောက်ကို တွေ့၏။

ပြုံးခြင်းရယ်ခြင်းမရှိသော်လည်း၊ ငေးမောမောဖြစ်နေသည့်၊ သူ့ကို ကြည့်နေသည့်မျက်လုံးများက၊ အိပ်မက်က, လန့်နိုးခါစ ကလေးငယ်တစ်ယောက်ကို ကြည့်ငေးနေသည်နှင့် တူလွန်းလှ၏။ ဘာဖြစ်လို့လဲဆိုတော့၊ အိမ်ဝင်းထဲကို မမီမကမ်း ငေးမောကြည့်နေစဉ်မှာ၊ တံခါးဝ,ကျမှ လူရိပ်ကိုတွေ့လိုက်ရတော့၊ သူ . .နည်းနည်း လန့်သွားလို့ပေါ့။

"တစ်ထုတ်ဘယ်လောက်လဲ"

"ပြား . .သုံးဆယ်"

"ပြား . .သုံးဆယ်။ ဟုတ်လား"

ဈေးဆစ်တော့မည်ဟု၊ သူ . .ထင်သည်။



"ဟုတ်ကဲ့၊ ပြားသုံးဆယ်တည်းပါ"

တွန့်သွားသော မျက်လုံးနက်နက်တစ်စုံကို ကြည့်မြင်ိုက်ရ၏။

"မင်းက . .ဈေးလျှော့ရောင်းတာလား"

"ခင်ဗျာ"

"ဩော် . .။ ရောင်းမကောင်းလို့၊ ပြားသုံးဆယ်နဲ့ရောင်းတာလားလို့ မေးတာ"

"ရောင်းမကောင်းလို့မဟုတ်ဘူး။ ပြားသုံးဆယ်နဲ့ပဲ၊ ကျွန်တော် ရောင်းနေကျ"

"သုံးဆယ့်ငါးပြားမဟုတ်ဘူးလား"

သူ. .ခေါင်းခါ၏။

ဝင်းတံခါးသော့ကိုမဖွင့်။

ရှေ့သို့သာ အနည်းငယ်တိုးလျက်၊ တောင်းထဲသို့ ငုံ့ကြည့်သည်။

"ပူရဲ့လား"

"များများတော့ မပူဘူး။ နွေးနွေးလေး"

လက်ထဲတွင်၊ တစ်ကျပ်တန်တစ်ရွက်၊ ကိုင်ထားသည်ကို တွေ့၏။

"တခြားမုန့်ဖက်ထုတ်သည်တွေက၊

www.burmeseclassic.com

www.burmeseclassic.com



တစ်ကျပ်ဖိုးကိုသုံးထုတ် . .တဲ့။ တစ်ထုတ်
ကို၊ သုံးဆယ့်ငါးပြား။

မင်းက . .ပြားသုံးဆယ်နဲ့ ရောင်း
တယ်ဆိုတော့၊ မုန့်ဖက်ထုတ်ချင်း မတူလို့
လား"

"အတူတူပဲ။ ပြားသုံးဆယ်ရောင်း
ရင်၊ တစ်ထုတ်ကို ငါးပြားမြတ်တယ်။
သုံးဆယ့်ငါးပြားရောင်းရင်၊ တစ်ထုတ်
ဆယ်ပြားမြတ်တယ်"

"ဪ . .။

မင်းက. .အမြတ်ကြီးမစားဘူးပေါ့"

"ဟုတ်ကဲ့"

"ကဲ. .ရော့။ သုံးထုတ်ပေး"

တစ်ကျပ်တန်တစ်ရွက်ကို၊ သံတိုင်များကြားမှ၊ သူ့
ပေးသည်။ အပူအငွေ့များ ကိန်းဝပ်လျက်ရှိနေသေးသော၊ မုန့်
ထုတ်အတွင်းမှ၊ မုန့်ဖက်ထုတ်သုံးထုတ်ကို၊ သူ နှိုက်ယူသည်
တံခါးသံတိုင်များကြားသို့ လက်လျှိုပြီး၊ အတွင်းသို့လှမ်း
လိုက်၏။

တောင်းကို၊ လက်တစ်ဘက်ဖြင့် မိုက်သည်။ ကျန်လ
တစ်ဘက်ဖြင့် အင်္ကျီအိတ်အတွင်းသို့ နှိုက်သည်။ တစ်ထု
ပြားသုံးဆယ်။ သုံးထုတ်ဆိုတော့ ပြားကိုးဆယ်။ တစ်ကျ
တန်ကို အိပ်ထဲထည့်ပြီး၊ ပြန်အမ်းစရာ၊ အကြွေဆယ်ပြား



ကို၊ အလျင်အမြန်နှိုက်ရှာနေရသည်။

"ဒီဘက်ကို နေ့တိုင်းရောက်လား"

"ဟုတ်ကဲ့ ရောက်ပါတယ်"

"ရောက်ရင်၊ ဒီနားမှာ နေ့တိုင်း
အော်နော်။ တစ်နေ့ကို သုံးထုတ်ဝယ်မယ်"

"ဘယ်အချိန် လာအော်မှာလဲ"

"နေ့လည်ပိုင်း၊ ကြိုက်တဲ့အချိန်
လာအော်။ တို့ ထွက်မလာမချင်း . .အော်။
ဟုတ်လား"

သူ . .ခေါင်းညိတ်၏။

"တခြားအသည်တွေဆီက၊ မဝယ်
တော့ဘူး။ လိမ်ရောင်းကြတယ်။ တစ်ထုတ်
ကို၊ အရင်းပြားသုံဆယ်တဲ့။ အဲဒါကြောင့်
သုံးဆယ့်ငါးပြားရောင်းတာ . .တဲ့"

အင်္ကျီအိတ်ထဲမှ၊ ဆယ်ပြားစေ့ လေးငါးစေ့ကို
စမ်းမိခါစ,တွင်၊

"ဆယ်ပြား၊ ပြန်မအမ်းနဲ့တော့"

ပြောပြီး၊ အိမ်ဘက်သို့ထွက်သွားသည်။ အအမ်းပေးရ
မည့်ဆယ်ပြားစေ့လေးကို ကိုင်လျက်၊ ကျန်ရစ်ခဲ့၏။ ထို
ဆယ်ပြားစေ့ကို တံခါးသံတိုင်များ၏ ကန့်လန့်ဖြတ်သံတန်း
ပေါ်သို့တင်လိုက်ပြီး . .

www.burmeseclassic.com

www.burmeseclassic.com



"အစ်မ"

သူ. . .ခေါ်သံကြောင့် လှည့်ကြည့်စဉ်၊ ဆယ်ပြားစေ့လေးကို၊ လက်ဖြင့်တောက်လိုက်၏။ ဖိနပ်လှလှလေး၏အနီးသို့၊ ဆင်းသက်သွားမည်ထင်သည်။

"ဟော့။ ပြန်မအမ်းနဲ့တော့ဆို"

ကျော်ခိုင်းလိုက်ပြီဖြစ်သဖြင့်၊ အသံကိုသာ ကြားလိုက်ရ၏။ ဘယ့်နှယ့်။

သူတစ်ပါးပိုက်ဆံကို၊ အလကားရတိုင်း၊ ယူစရာမှမဟုတ်တာ။ အဲဒီလိုသာ ယူရစတမ်းဆိုရင်၊ အဖေ့ဆီမှာကိုယ်ပိုင်ကားသုံးစီးလောက်တော့၊ ရှိလုပြီ။

✿

ထိုသို့ဖြင့်။ "မမနွယ်"ဟု၊ သူ. .ခေါ်ဝေါ်ခဲ့သော၊ သီရိနွယ်နှင့် သိကျွမ်းခဲ့ရသည်။

ထိုအိမ်ဝင်းကြီး၏ရှေ့သို့ ရောက်စဉ်အခါတိုင်း၊ "အုန်းသီးမုန့်ဖက်ထုတ်" . .ဟု၊ တစ်ခွန်းနှစ်ခွန်းသာ၊ သူ . .အော်ဟစ်ခဲ့ရသည်။ သူ့အသံကိုကြားသည်နှင့်၊ အိမ်ထဲမှ ပြေးထွက်လာလေ့ရှိသော၊ လူရိပ်လှလှလေးကို မြင်လိုက်ရစမြဲ။

သူ့ထက်၊ အသက်သုံးလေးနှစ်လောက် ကြီးမည်. .ဟုယူဆသဖြင့်၊ သီရိနွယ်ကို၊ မမ . .ဟု၊ သူ ခေါ်သည်။



နေ့စဉ်နှင့်အမျှ၊ သီရိနွယ်က, သူ့ကို၊ တစ်ကျပ်တန်ငွေစက္ကူတစ်ရွက်ပေးသည်။ သို့မဟုတ် ကျပ်စေ့တစ်စေ့ပေးသည်။ သူက . . မုန့်ဖက်ထုတ် သုံးထုတ်ပေးသည်။ အကြွေဆယ်ပြားကို၊ ပြန်အမ်းမည်ဟုပြင်တိုင်း၊ မသီရိနွယ် အိမ်ထဲသို့ဝင်ပြေး၏။ ထိုအခါ. .သူက,လည်း၊ အကြွေစေ့ကို သံတန်းဆါကိုတင်ပြီး၊ လက်ညှိုးလေးဖြင့်၊ ပစ်တောက်ထားခဲ့မြဲဖြစ်သည်။

✿

တစ်နေ့သောအခါ၌၊ မသီရိနွယ်၏ လက်သီးဆုတ်လေးထဲတွင်၊ ဆယ်ပြားစေ့များကို၊ ပြည့်သိပ်စွာ၊ သူ . .တွေ့လိုက်ရသည်။ အကြွေစေ့များကို ဆုတ်ကိုင်ထားသော လက်သီးဆုတ်လေးက၊ ကျစ်လျစ်မာကျောနေသကဲ့သို့၊ မသီရိနွယ်၏ မျက်နှာလှလှလေးသည်လည်း၊ ထိုနေ့က . .အနည်းငယ် တင်းမာနေလျက်ရှိ၏။ တမင်တင်းမာထားသော မျက်နှာဟန်ပန်. .တော့၊ သူ . .သတိမထားတတ်ခဲ့။

နှစ်ဦးကြားရှိ၊ ဝင်းတံခါးသံတိုင်ဖြင့်၊ မုန့်ဖက်ထုတ်တောင်းလေးကို၊ မှီထိန်းရင်း၊ တောင်းထဲမှ မုန့်ဖက်ထုပ်သုံးထုတ်ကို၊ ထုတ်ယူဖို့ သူ . .လက်ပြင်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ခဏနေဦး"

ပြတ်တောက်မာကျောသော . .စကားအမိန့်။

ထိုအခါကျမှ၊ မျက်နှာထားတင်းထန်နေသည်ကို၊ သူ. . သတိပြုမိလေ၏။ မုန့်ဖက်ထုတ်တောင်းထဲသို့၊ နှိုက်ယူလျက်ရှိသော သူ့လက်ချောင်းများသည် အဝေးထိန်းစက်ခလုပ်ဖြင့်၊ ထိန်းသိမ်းဟန့်တားခြင်းခံလိုက်ရသော စက်ရုပ်တစ်ရုပ်၏ လက်ချောင်းများကဲ့သို့၊ တောင့်တင်းစွာရပ်တန့်သွားရ၏။

လက်သီးဆုတ်လေးကို၊ မသိရိနှယ် ဖြေလျော့သည်။ မျက်နှာထား၏မာကျောခြင်းက၊ မပြေလျော့သေး။ ပျော့ပျောင်းသွယ်နွဲ့သော လက်ချောင်းများ၏ အလယ်ရှိ၊ လက်ဖဝါးနုနုထက်တွင်၊ ဆယ်ပြားစေ့များကို၊ စုပုံပြေလျော့စွာ မြင်လိုက်ရသည်။

ဆယ်ပြားစေ့များထံသို့ အကြည့်တစ်ကြည့်။ လက်ဖဝါးနု၏ပိုင်ရှင်မျက်နှာနုနု၏ မျက်နှာထားတင်းတင်းထံသို့ အကြည့်တစ်ကြည့်။ သူ . .ငေးကြည့်သည်။ အခြေအနေကို မခန့်မှန်းတတ်လေသဖြင့်၊ မျက်ခုံးတစ်စုံကိုပါ၊ အနည်းငယ်မျှတွန့်ကွေးလိုက်မိသေး၏။

"ဘာဖြစ်လို့လဲ . . မမ"

နေရောင်ပြင်းပြင်း၏စူးရှခြင်းသည်၊ သူ့ထံသို့ ထိုးစိုက်လိုက်သောမျက်ဝန်းတစ်စုံ၏တောက်ပ,အားကို၊ မှိန်ဖျော့နိုင်စွမ်းမရှိ။

"မင်း . .မရှိမသေ ပစ်တောက်ခဲ့



တဲ့၊ ဟောဒီဆယ်ပြားစေ့တွေကို၊ မင်း . . ပြန်ယူမလား၊ မယူဘူးလား"

ပိုရှုံးမလည်စေသော . .မေးခွန်း။

"ဒါ. . ဘယ်သူ့ ပိုက်ဆံတွေမို့လဲ . .မမ"

"မင်း . .အပြင်က,နေ၊ ပစ်ပစ်ထည့်ခဲ့တဲ့ပိုက်ဆံတွေလေ"

"အာ။ အဲဒါ. .ကျွန်တော် ပြန့်အမ်းတာလေ"

"မင်း. .ပြန်အမ်းတာ မဟုတ်ဘူး။ စေတနာကို၊ စော်ကားခဲ့တာ"

"ကျွန်တော်. . ဘာစော်ကားလို့လဲ"

ပြန်မေးလိုက်သော၊ သူ့လေသံလည်း၊ မာကျောသွားရသည်။

"မင်း . .ဘာဖြစ်လို့၊ ခြံတံခါးဝ,မှာ ပစ်ပစ်ထားခဲ့ရတာလဲ"

"မမက,ရော . .၊ ဘာ့ဖြစ် ပို့၊ အမ်းမယ့်ပိုက်ဆံကို မယူဘဲနဲ့၊ ထားခဲ့ရတာလဲ"

တုံ့ပြန်သော သူ့လေသံ၊ သူ့စကားကြောင့်ဖြစ်ပေမည်။ သိရိနှယ် မဲ့ပြုံးပြုံးလေ၏။

"မင်းကို ယူစေချင်လို့ ပေးခဲ့တာ။

www.burmeseclassic.com

www.burmeseclassic.com



မင်း . .ကြီးကြီးကျယ်ကျယ်နဲ့၊ ရှိင်းရှိင်းစိုင်း စိုင်း ပြန်မပေးသင့်ဘူး"

"ပေးရမှာပေါ့။ ဒါ. .ကျွန်တော့် ပိုက်ဆံမှ မဟုတ်တာ"

"တခြားအသည်ဆီက၊ ဝယ်လည်း တစ်ကျပ်ဖိုး သုံးထုတ်မို့လို့၊ မင်း. .ပြန်အမ်း မယ့် ဆယ်ပြားကို၊ တို့ မယူတာ"

"မမ . .မယူသလို၊ ကျွန်တော် လည်း၊ မယူချင်ဘူး"

"ဘာကြောင့်လဲ"

"မသိဘူး။ သုံးထုတ်ရောင်းရရှင် ကျွန်တော်. .ဆယ့်ငါးပြားမြတ်မယ်။ အဲ ထက်ပိုပြီး မယူချင်ဘူး"

"ဘာကြောင့် မယူချင်တာလဲ. .လို့ တို့ မေးနေတာ"

"မသိဘူး။ ကျွန်တော့်အဖေနဲ့အမေ က၊ သင်ထားတယ်။ သူတစ်ပါးဥစ္စာပစ္စည် ကို၊ အချောင်မယူရဘူး . .တဲ့"

မဲ့ပြုံးကင်းစွာ၊ ရယ်လေ၏။

"ကဲ. .ဒါဆို၊ တို့ မေးမယ် တစ်ကျပ်ဖို့ကို၊ လေးထုတ်ပေးမလား"

"မပေးဘူး" . .ဟု၊ ချက်ချင်းဖြေ



လိုက်သည်။

"ဘာဖြစ်လို့"

"တစ်ကျပ်ဖိုးလေးထုတ်က၊ ကျွန်တော့် အရင်းပဲ။ လေးထုတ်ယူရင်၊ တစ်ကျပ်ပြားနှစ်ဆယ်ပေးရမယ်"

"မမြတ်မှာတော့ ကြောက်တယ်။ အပိုပေးတဲ့ပိုက်ဆံကျတော့ မယူဘူး။ မင်း . .ဦးနှောက်မှ ကောင်းရဲ့လား"

"မသိဘူး။ ကျွန်တော် . .အလကား မယူချင်တာတဲ သိတယ်။ အလကားလည်း မယူဘူး။ အလကားလည်း မပေးဘူး"

တင်းမာခဲ့သော မျက်နှာထားသည်၊ ဟက်ဟက်ပက်ပက် ရယ်မောခြင်းကြောင့် အလုံးစုံပြေပျစ်သွား၏။

"ဒီ. .ဆယ်ပြားစေ့တွေကို၊ မင်း၊ ပြန်ယူမှ၊ မင်း. .ဆီက၊ မုန့်ဖက်ထုတ်ကို တို့ ဝယ်မယ်။ မင်း. .ပြန်မယူဘူးဆိုရင်၊ ဒီနေ့က,စပြီး ဘယ်တော့မှ၊ မင်းဆီမှာ . . မဝယ်တော့ဘူး"

မုန့်ဖက်ထုတ်တောင်းကို၊ သူ . .ပြန်ထမ်းလိုက်၏။

"နေအုံးလေ"

ဟန့်တားရာသို့၊ မျက်နှာ မမူတော့ဘဲ . .

"ကျွန်တော်၊ တခြားမှာ ဆက်

www.burmeseclassic.com

www.burmeseclassic.com



ရောင်းတော့မယ်။ အဲဒီ. .အလကားပိုက်ဆံ
တွေကိုတော့၊ ကျွန်တော် မယူဘူး"

"ကဲကဲ . .မယူရင်လည်း၊ မပေး
တော့ဘူး။ ရော့ . .ကျပ်တန်။ မုန့်ဖက်ထုတ်
သုံးထုတ်ပေး"

အခြားလက်တစ်ဖက်ဖြင့် ပေးသော၊ တစ်ကျပ်တန်ငွေစက္ကူကို၊ သူ . .လှမ်းယူလိုက်ပြီး . ."ကျွန်တော် . .ဆယ်ပြားပြန်အမ်းမယ်" . .ဟု၊ ပြော၏။ ခေါင်းညိတ်သည်ကိုမြင်သည်။ ပြုံး၍ကြည့်နေသည်ကို သတိထားမိ၏။ မုန့်ဖက်ထုတ်သုံးထုတ်နှင့်အတူ၊ ဆယ်ပြားစေ့တစ်စေ့ကို ပေးလိုက်သည်။ ပြီးနောက်,

"ကျွန်တော် . .နောက်နေ့ လာ
ရောင်းရဦးမှာလား"

"ဒီ . .တစ်နွေလုံးလာရောင်း" . .ဟု၊ သီရိနွယ်၊ ပြန်ပြော၏။ ထိုအချိန်အထိ၊ သီရိနွယ်၏ အမည်နာမ,ကို၊ သူ . .မသိရသေး။ မမ. .ဟုသာ၊ ခေါ်ဝေါ်ခင်မင်နေခဲ့သည်။

❀ ❀ ❀

( ၁၅ )

"မင်း . .ဘယ်နှစ်တန်းလဲ" . .ဟု၊ သူ့ကို သီရိနွယ်မေးသည်။

"ငါးတန်း ဖြေထားတယ်" . .ဟု၊ သူ ဖြေ၏။

"အောင်ပါ့မလား" . .ဟု၊ သီရိနွယ် ပြန်မေးသည်။

"အောင်မယ်" . .ဟု၊ သူ ဖြေ၏။

"မမက,ရော ဘယ်နှစ်တန်းလဲ"

"ကိုးတန်း"

"အောင်ပါ့မလား"

သူ့. .အမေးကြောင့်၊ သီရိနွယ် ရယ်လေ၏။ ပြီးမှ . .,

"ဖြေတော့ ဖြေခဲ့တာပဲ။ မင်း. .
အောင်ရင်၊ တို့လည်း အောင်ရမှာပေါ့"

"ကျွန်တော်က အောင်မှာ" . .ဟု၊ လက်မ,ထောင်၍၊ သူ . .ပြောသည်။

"မင်းက၊ ဘယ်မှာနေတာလဲ"

"အခုလောလောဆယ်တော့. .။

www.burmeseclassic.com



ဟိုးမှာမြင်နေရတဲ့ ရပ်ကွက်ထဲမှာ။ နောက်
တော့ ဘယ်ရောက်မလဲ မသိဘူး"

"ငှားနေတာလား"

သူ . .ခေါင်းညိတ်၏။

ဆင်းရဲနွမ်းပါးသော မုန့်ဖက်ထုတ်သည်လေး တစ်ယောက်ကို၊ သနားစိတ်သက်ရောက်စွာ ငေးကြည့်လျက် ကရုဏာသက်စွာသော၊ မျက်လုံးတစ်စုံကို၊ မြင်လိုက်ရ၏။

နှုတ်မှ "သြော်". .ဟု၊ အသံပြုသည်ကို ကြားရ၏။

"မိဘတွေ အဆင်ပြေရဲ့လား"

"ပြေပါတယ်။ အဖေနဲ့ အမေက
တစ်ခါမှရန်မဖြစ်ကြဘူး။ ရန်ဖြစ်ဖို့လည်း
မလွယ်ဘူး။ တစ်ယောက်နဲ့တစ်ယောက်
အဝေးကြီး"

မုန့်ဖက်ထုတ်တောင်းလေးကိုပိုက်လျက် သူ ပြောပြ၏။ ရောင်းသူက,လည်း . .ရောင်း၊ ဝယ်သူက,လည်း ဝယ်ပြီးပါလျက်၊ စကားလက်စ၊ မပြတ်သေး။

"တို့ မေးတာက၊ စီးပွားရေး အဆင်
ပြေရဲ့လားလို့ မေးတာ"

"စီးပွားရေးဆိုတာ ဘာလဲ"

သီရိနွယ် ပြုံး၏။

"မင်းတို့အိမ်မှာ၊ ဆန်ကောင်း
ကောင်းနဲ့၊ ဟင်းကောင်းကောင်းနဲ့ ချက်စား



လို့ရအောင်၊ မိဘ,တွေက၊ ပိုက်ဆံရှာနိုင်
သလားလို့မေးတာ"

"ကောင်းပါတယ်။ ဆန်လည်း
ကောင်းတယ်။ ဟင်းလည်း ကောင်းတယ်"

သူ့အဖြေစကားတိုင်းသည်၊ သီရိနွယ်၏ အမေးစကားတိုင်းနှင့်၊ သိပ်အဆင်ပြေပုံမရ။ ထို့ကြောင့် သီရိနွယ်က . .,

"မင်းက၊ ကျောင်းတက်ရင်လည်း
မုန့်ဖက်ထုတ်ရောင်းရတာပဲလား"

မုန့်ဖက်ထုတ်ရောင်းရခြင်း၏၊ အလုံးစုံကို သီရိနွယ်အား သူ . .ပြောပြလိုက်၏။

"သြော်. .။ ဒီလိုကိုး"

ဖခင်အရာရှိဖြစ်ကြောင်း။ နယ်တွင်အမှုထမ်းရကြောင်း။ မိခင်လည်း ဝန်ထမ်းဖြစ်ကြောင်း။ အဖေ့၏မိဘ (သူ့အဘိုးအဘွား) တွေ၊ မရမ်းကုန်းတွင်ရှိကြောင်း။ ချမ်းသာကြကြောင်း။ ဖခင် ရန်ကုန်ပြောင်းလာမှ၊ ထို့ အိမ်တွင် နေလေ့ရှိကြကြောင်း။ ဖခင် . .ရန်ကုန်တွင် မရှိပါက၊ အမေ့၏ရုံးနှင့် နီးရာတွင်၊ ယခုကဲ့သို့ အဆင်သင့်ရာ၌ ငှားရမ်းနေထိုင်ဖြစ်ကြောင်းတွေကို၊ မေးသူက . .မေးသဖြင့်၊ ဖြေသူက, ဖြေလေ၏။

"သင်္ကြန်ရက်တွေမှာရော၊ မင်း. .
မုန့်ဖက်ထုတ်ရောင်းမှာလား"

"မရောင်းဘူး။ ဘွားဘွားတို့
အိမ်မှာ သွားနေမှာ"

www.burmeseclassic.com

www.burmeseclassic.com

"ဒါဆို။ ဒုက္ခပဲ"

"ဘာဖြစ်လို့လဲ"

"တို့ မေမေက၊ နေ့တိုင်းမုန့်ဖက်ထုတ်စားတာ"

"မမ. .ရဲ့ အမေက၊ မုန့်ဖက်ထုတ်အရမ်းကြိုက်လို့လား"

"ကြိုက်တယ်"

သူ. .စဉ်းစားဟန်ပြု၏။ ပြီးမှ . .

"သကြ်န်ရက်မှာ၊ ကျွန်တော်. . ဈေးတော့ မရောင်းဘူး။ ဒါပေမဲ့. . နေ့လည်ဆယ့်နှစ်နာရီလောက်မှာ၊ မုန့်ဖက်ထုတ်သုံးထုတ်လာပို့ပေးမယ်"

ကျေနပ်စွာပြုံးသည်ကို၊ သူ . .မြင်ရ၏။

"သေချာတယ်နော်။ တို့ . . တကယ် မျှော်နေမှာ"

"ဟုတ်ကဲ့ပါ" . .ဟု၊ သူ ဖြေ၏။

သူ့ခေါင်းပေါ်မှ ဦးထုတ်လေးကို ဆွဲဖိလျက်၊ သီရိနွယ်အိမ်ထဲသို့ ဝင်သွားသည်။ နွေ၏နေသည်၊ ယခုမှ ပူလာသည်ဟု၊ သတိထားမိ၏။

❀



အကြံ်နတွင်း၌၊ အဘိုးအဘွားတို့အိမ်မှာ ရေမကစားဘဲ၊ အိမ်မှာသာနေမည်ဆိုသဖြင့်၊ အမေ. .သူ့ကို ဆူသည်။

"ဘာကြောင့်လဲ" . .ဟု၊ အမေ မေးသည်။ အကြောင်းပြချက် ခိုင်ခိုင်လုံလုံဖြင့်၊ စကားမဆိုတတ်သောကြောင့်၊ သကြံ်န်ရက်,များတွင်လည်း၊ မုန့်ဖက်ထုတ်ရောင်းချင်ကြောင်း . ., သူ ပြောမိသည်။ ထိုအခါကျမှ၊ အမေ . .ပို၍၊ အလိုမကျဖြစ်၏။

မတတ်သာသည့်အဆုံး၊ မမ ထံသို့၊ မုန့်ဖက်ထုတ်သုံးထုတ်ပို့ပေးရမည့်ဖြစ်စဉ်ကို၊ ပြောပြလိုက်ရသည်။ အစအဦးတွင်၊ "ပို့စရာမလိုဘူး" . .ဟု၊ အမေ ပြော၏။ မှောက်သည်မျက်မှာစိုးကြောင်း၊ သူ . .ပြောသည်။ အမေ . .လက်မခံ။

မနက်စာ၊ ညစာ ထမင်းကို တစ်လုတ်နှစ်လုတ်သာစားခြင်း၊ အိပ်ရာထဲမှာသာ ခွေခွေလေးနေထိုင်ခြင်းတို့ကို၊ နှစ်ရက်လောက် ပြုမူလိုက်သောအခါတွင်၊ အမေက . .,

"သကြံ်န်ရက်မှာ၊ ဦးရွှေဖျိုင်းတို့က မုန့်ထုတ်လို့လား"

"ထုတ်တယ်"

"နေပါဦး။ အမေ. .မေးပါဦးမယ်။ အဲဒီ . .မုန့်သုံးထုတ်ကို၊ ဘာဖြစ်လို့၊ ဒီလောက်တောင်၊ ပို့ချင်နေရတာလဲ"

"အဲဒီ . .အစ်မနဲ့သားနဲ့က၊ ဆင်နေတာ။ လာပို့ပါ့မယ်လို့လည်း၊ သားက၊ ကတိပေးခဲ့ပြီးပြီ။ ပြီးတော့ . .အဲဒီမုန့်ဖက်ထုတ်

www.burmeseclassic.com

www.burmeseclassic.com



တွေက, သူ့အမေစားဖို့၊ သူ. .ဝယ်နေကျ။ သား. .သွားမပို့ရင်, သူ့အမေအတွက်၊ သူ စိတ်မကောင်းဖြစ်မှာပေါ့"

အမေ . .သူ့ကို သေသေချာချာကြည့်လျက် . .

"သားနော်။ အမေ . .မင်းကို မရိုက်ချင်ဘူး။ မိဘ,ကို သိပ်ပြီး ဆန္ဒမပြနဲ့"

"ဆန္ဒပြတယ်ဆိုတာ၊ ဘာလဲ"

"မင်း . . .စိတ်ကောက်ကောက်နေတာ။ အဲဒါ. .မိဘကို အနိုင်ကျင့်တာပေါ့။ ဆန္ဒပြတာပေါ့"

"သား . .စိတ်မကောက်ပါဘူး"

"စိတ်မကောက်ဘူးဆို၊ ဘာဖြစ်လို့၊ မင်း. .အိပ်ရာထဲ ခွေခွေနေတာလဲ။ ဘာဖြစ်လို့ ထမင်းမစားလဲ"

သူ . .မျက်ခုံးတွန့်ပြီး၊ စဉ်းစား၏။ အမေ ပြောသကဲ့သို့၊ သူ . .စိတ်ကောက်ခဲ့သလား။ စိတ်ကောက်ခဲ့သည်ဟု၊ ကိုယ့်ကိုယ်ကို မယူဆ။

"သား . .လုပ်ချင်တာ မလုပ်ရတော့၊ စားလည်း မစားချင်တော့ဘူး။ ထိုင်လည်း မထိုင်ချင်တော့ဘူး။ အဲဒါကြောင့်၊ အိပ်ရာထဲမှာနေတာ။ စိတ်ကောက်တာ မဟုတ်ပါဘူး"



"ဟဲ့။ အဲဒါ စိတ်ကောက်တာပေါ့"

ပြောရင်း. .ဆိုရင်း၊ အမေ . .တံမျက်စည်း ထ,လှဲသည်။ ကြမ်းပြင်ပေါ်သို့ တံမျက်စည်းခပ်လျက် . .

"ပို့မယ်လို့ ပြောခဲ့ပြီးသားဆိုရင်လည်း၊ သွားပို့။ မြန်မြန်သွား။ မြန်မြန်ပြန်။ ကြာရင် အမေ ရိုက်မှာနော်"

"မကြာပါဘူး" . .ဟု၊ သူ . .ပြော၏။

"ဘယ်လိုကလေးမှန်း မသိဘူး။ ဈေးသည်လုပ်ရတာများ၊ အဟုတ်မှတ်နေတယ်" . .ဟု၊ အမေ . .တစ်ကိုယ်တည်း မြည်တွန်နေပြန်သည်။

အလိုဆန္ဒပြည့်ဝ,ပြီဟု၊ သိလိုက်ရသဖြင့်၊ အမေ့ကို ညည်သည့်စကားမျှ၊ သူ . .မတုံ့ပြန်တော့ချေ။

ကြက်မွေးတံမျက်စည်းဖြင့်၊ စားပွဲပေါ်ရှိ ဖုံမှုန့်တွေကို၊ သုတ်ပေးလိုက်သည်။ လှဲရင်း ကျင်းရင်းဖြင့်၊ ပလပ်စတစ်အိပ်တစ်အိပ်လောက် အမေ့ထံတွင် တောင်းရလေဦးမည်။

❀ ❀ ❀

www.burmeseclassic.com

www.burmeseclassic.com

## ( ၁၆ )

"မေမေက၊ စိတ်မမှန်ဘူး။ တို့က

မေမေ့အနားမှာ ဒီ . .နွေကျောင်းပိတ်ရ

လောက်ပဲ လာနေခွင့်ရတာ။ နေခွင့်ရ

အချိန်လေးပဲ၊ မေမေ့ကို ပြုစုရတာ။ မေ

က . .မုန့်ဖက်ထုတ် သိပ်ကြိုက်တာ။ ထမ

စားပြီးတာနဲ့ မုန့်ဖက်ထုတ်တောင်းတေ

တာပဲ။

အခုလို၊ တကူးတက လာပို့ေ

တဲ့အတွက်၊ မင်းကို၊ တို့ . .ကျေးဇူးတင်

တယ်"

ဘာပြန်ပြောရမည် မသိ။

သော့ခတ်ထားသော သံတံခါး၏ သံတိုင်ကိုသာ

ထားမိသည်။ သူ့တစ်ကိုယ်လုံး ရေတွေရွှဲရွှဲစိုနေသော်လည

ချမ်းချမ်းစီးစီး မဖြစ်။ မုန့်ဖက်ထုတ်သုံးထုတ်ကို ရေလုံအော

သယ်ဆောင်ပေးခဲ့နိုင်သဖြင့်၊ ကိုယ့်ကိုယ်ကို၊ ဂုဏ်ယူနေမိသည



"တို့က၊ မင်းကို ကျေးဇူးတင်လို့

မေမေ့အကြောင်း ပြောဖြစ်တာနော်။

တခြား . .ဘယ်သူ့ကိုမှ မပြော

ဖြစ်ဘူး။ ဒီအိမ်ကြီးထဲမှာ . .စိတ်မမှန်တဲ့ သူ

ရှိတယ်ဆိုတာ ဘယ်သူမှ မသိဘူး။ မင်း

လည်း . .ဘယ်သူ့ကိုမှ မပြောရဘူးနော်"

"ဟုတ်ကဲ့"

ဟုတ်ကဲ့ . .ဟုသာ ပြောလိုက်ရသည်။ "စိတ်မမှန်ဘူး" ဆိုသော၊ ဝေါဟာရ၏ အဓိပ္ပါယ်ကို သူ . .မသိ။ ထို့ကြောင့်၊

"စိတ်, မမှန်ဘူးဆိုတာ၊ ဘာကို

ပြောတာလဲ မမ"

သိရိန္ဒယ်က . .၊

သူ့ကိုငေးကြည့်လျက်၊ ပြုံးချင်သောမျက်နှာဖြင့်၊

"ရူးနေတယ်. .လို့ ပြောတာ"

မျက်လုံးအစုံ၊ ဝိုင်းစက်သွားရ၏။

လမ်းမ,ပေါ်မှာ က,ခုန် သီဆိုနေသော၊ စိတ်ဝေဒနာသည် အချို့ကို၊ သူတွေ့ဖူးသည်။ ထိုသူတို့ကို၊ "အရူး". .ဟု၊ ခေါ်ဝေါ်တတ်ကြသည်ကို၊ သူ . .သတိပြုမိ၏။

"ဒါ. .၊ ဒါဆို။ မမ အမေက၊ အိမ်

ထဲမှာ သီချင်းဆိုနေမှာပေါ့နော်"

"အင်း . .ဆိုတဲ့အခါ ဆိုတာပေါ့"

"လမ်းမ,မှာရော၊ မဆိုဘူးလား။

www.burmeseclassic.com

www.burmeseclassic.com



တချို့အရှုးတွေက၊ လမ်းမ,မှာလည်း၊ သီချင်းဆိုတယ်"

"အဲဒီလို၊ လမ်းမ,မှာ ဆိုမှာစိုးလို့၊ ခြံဝင်းတံခါးကို၊ အမြဲတမ်းပိတ်ထားတာပေါ့"

"ဩော် . ."

"ဘယ်သူ့ကိုမှ၊ မပြောနဲ့နော်။ တို့ . . ရှက်လို့ မဟုတ်ပါဘူး။ ဖေဖေက၊ ဘယ်သူ့ကိုမှ မသိစေချင်လို့"

"မမ. .အဖေက၊ အိမ်ထဲမှာလား"

သီရိနွယ်၊ ခေါင်းခါ၏။

"ဖေဖေက၊ ခရီးသွားတယ်"

ကုန်သည်။ အိမ်မှာ . .၊ မေမေ့ အစ်မ,က လာပြီး . .ပြုစုနေတာ။ တို့က . .ကျောင်း ပိတ်ရက်ကျမှ၊ အိမ်ပြန်လာခွင့်ရတယ်"

"မမက . .ဘယ်မှာနေလို့လဲ"

"မန္တလေးမှာ။ ဖေဖေ့အစ်ကိုအိမ်မှာ နေရတာ"

"ဒီမှာဘာဖြစ်လို့မနေတာလဲဟင်"

"တို့က၊ မေမေ့ကို မြင်နေတွေ့နေ တဲ့အခါ၊ ကြာရင်၊ တို့လည်း . .မေမေ့လို ဖြစ်မှာစိုးလို့တဲ့။

မေမေ့ အမေက,လည်း၊ အဲဒီလို



ဖြစ်ဖူးတယ်တဲ့။ မျိုးရိုးလိုက်တယ်ဆိုလားပဲ။ အဲဒါကြောင့် တို့ကို၊ အိမ်မှာ. .မထားတာ"

"မမက . .ညီမ,တွေ ဘာတွေ မရှိဘူးလား"

"ညီမ,တော့မရှိဘူး။ အစ်ကိုတော့ ရှိတယ်။ မူးယစ်ဆေးဝါးသုံးလို့ အရေးယူ ခံထားရတယ်"

"အရေးယူခံထားရတယ်ဆိုတာ၊ ဘာလဲဟင်"

"ထောင်ကျနေတယ်လို့ပြောတာ"

"ဩော် . .မမ။ ရော့"

အကျီအိတ်ထောင်ထဲမှ၊ ဆယ်ပြားစေ့ကို၊ သီရိနွယ် ...သို့၊ သူ . .လှမ်းပေးလိုက်၏။

"အမ်း မနေပါနဲ့တော့"

သူ . .ခေါင်းခါ၏။

"အအမ်းမယူရင်၊ ကျွန်တော် နောက်နေ့ မလာတော့ဘူး"

ထိုအခါကျမှ၊ ဆယ်ပြားစေ့လေးကို လှမ်းယူလေ၏။

"မြန်မြန်သွား၊ မြန်မြန်ပြန်၊ ကြာရင် အမေ ရိုက်မှာနော်" ...ဟူသော၊ အမေ့စကားကို၊ ယခုမှ သတိရ၏။ သူ . .ခြေလှမ်း ...င်လျက် . .

"ကျွန်တော် ပြန်တော့မယ်"

www.burmeseclassic.com

www.burmeseclassic.com



ခေါင်းညိတ်သည်ကိုမြင်၏။ ခြေလှမ်းရွေ့စ,တွင်၊

"သြော် . . ခဏ"

ခြေလှမ်း တုန့်သွား၏။ တစ်ဝက်မျှရှိုင်းထားသော ကျောကို၊ သံတိုင်များဘက်သို့ ပြန်လှည့်လိုက်ရသည်။

"မင်း . .နာမည်၊ ဘယ်သူလဲ"

"အောင်ကျော်စွာ။ မမက,ရော နာမည် ဘာလဲ"

"သီရိနွယ်။ မှတ်ထားနော်"

"ဟုတ်ကဲ့"

"ဒါနဲ့။ မင်းက . .ငါးတန်းဖြေထား တာနော်"

"ဟုတ်ကဲ့"

"နှစ်ဆန်းတစ်ရက်နေ့ကျရင်၊ မင်း . . ဈေးရောင်းထွက်မှာလား"

"နှစ်ဆန်းတစ်ရက်နေ့က၊ ဘယ် နေ့လဲ"

"သင်္ကြန်ပြီးတော့၊ နောက်တစ်ရက် လေ။ မင်းတို့၊ အောင်စာရင်းထွက်မယ့်နေ့"

"သြော် . .။ အဲ့ဒီနေ့ ထွက်မှာပေါ့ အောင်စာရင်း ကြည့်ပြီးတာနဲ့၊ နေ့ခင်းဘက် ဈေးထွက်မှာ"

"မင်း . .အောင်မှာ သေချာတယ်



နော်"

"သေချာပါတယ်။ လ,ပတ် စာမေးပွဲတွေမှာ၊ ကျွန်တော် .အဆင့်နှစ် ချည်းပဲ။ စာမေးပွဲကြီးမှာ၊ ပထမ ရ,မရဘဲ ကြည့်ရမှာ"

"သြော်. .။ မင်းက . .စာတော် လား"

လေသံကြွားကြွားလေးဖြင့် . .,

"တော်,တယ်။ အမေက . . စာ မတော်ရင်၊ ရိုက်မှာ"

"ဆု . .ဘယ်နှစ်ခါရဘူးလဲ"

"သူငယ်တန်းက,နေ၊ လေးတန်း အထိ၊ ရပြီးပြီ။ အခု. .ငါးတန်းအတွက်ပဲ မရသေးတာ"

"ဟယ်။ တကယ်တော်တာပဲ။ ဝမ်းသာလိုက်တာ။ ဒီနှစ်လည်းရမှာပါ"

ပြန်ချင်နေပြီ. .ဟု၊ ကိုယ့်ကိုကိုယ် သိ၏။

"ကျွန်တော် . .ပြန်မယ်နော်။ မနက်ဖြန်၊ ဒီ. .အချိန်ပဲလာပို့ပေးမယ်"

မမ . . ခေါင်းညိတ်၏။

"မနက်ဖြန်၊ မင်းကို၊ တို့ . .ရေ လောင်းမှာနော်"

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်လည်း၊ မမ. .ကို လောင်းမယ်။ ရေတစ်ခွက်ပိုခတ်ပေးထား"

"ခတ်ပေးထားမယ်" . .ဟူသော အသံကိုကြားရ၏။

စိုနေသောရေများပင်၊ အကျီနှင့်ဘောင်းဘီမှာ၊ သိပ်မရှိလှတော့။ အိမ်ဝင်းကြီး၏ အစွန်အဖျားသို့ရောက်သောအခါကျမှ၊ ခြေလှမ်းတွေကို သူ . .ပြေးခိုင်းလိုက်တော့၏။

မေမေ . . ဆူမှာ နည်းနည်းသေချာသည်။

❀ ❀ ❀

( ၁၇ )

"ဘာဖြစ်လို့ကြာနေရတာလဲ သား"

ဦးခေါင်းပေါ်မှ ရေစိုဆံပင်တွေကို၊ မွှေးပွမျက်နှာသုတ်ပုဝါကြီးဖြင့် တဖွဖွသုတ်ပေးရင်း၊ အမေ . .မေး၏။ သူ . . မကြားဟန်ပြုထားသည်။

"ဟဲ့။ ဘာဖြစ်လို့ ကြာနေတာလဲ လို့"

မဖြေ၍ မဖြစ်တော့။

"စိတ်မမှန်တဲ့အကြောင်း ပြောနေ လို့ပါ"

"ဘာ။ ဘာစိတ်မမှန်တာလဲ"

အဖြေ စကားမှားသွားပြီ . .ဟု၊ သိလိုက်သည်။ မျက်နှာသုတ်ပုဝါကြီးအတွင်းမှ၊ ခေါင်းမပြူသေးဘဲ၊ "ဘယ်သူ့ကိုမှ ပြောနဲ့နော်" . .ဆိုသည့်၊ သီရိနွယ်၏ စကားသံကို သူ . . ကြားယောင်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ . .သား။ အောင်ကျော်စွာ။ စိတ်မမှန်တဲ့အကြောင်းကို ဘယ်သူနဲ့ ပြောနေတာလဲ"

"မုန့်ဖက်ထုတ် ဝယ်တဲ့အစ်မကြီးနဲ့ ပြောနေတာပါ"

အမေ . .မျက်ခုံးတွန့်လာလေပြီ။

"လမ်းမှာ . .အရူးကြီးတစ်ယောက်နဲ့တွေ့တယ်။ အဲဒါ. .။ အဲဒီအရူးကြီးကို၊ သားက . ., မုန့်ဖက်ထုတ်တစ်ထုတ် ကျွေးလိုက်လို့။

အဲဒါ . .၊ ဟို . .။ နှစ်ထုတ်ပဲ ပို့နိုင်တော့တယ်လေ။ သုံးထုတ်မှာလျက်နဲ့ နှစ်ထုတ်ပဲပို့လို့၊ သိပ်မကျေနပ်ချင်ဘူး။ သားက . .အရူးကြီးကို သနားလို့ပေးခဲ့ရတဲ့အကြောင်း၊ ပြောပြရင်းက,နေ . .။

အရူးတွေအကြောင်းကို၊ စကားစပ်မိရင်း စကားပြောနေတာ။ ကြာသွားတယ်"

လိမ်ပြောလျှင် "ငရဲကြီးတယ်" . .ဟူသည့်၊ အသိကို သတိရလိုက်သောကြောင့်၊ ရင်ထဲမှာ . .ထိတ်ကနဲ ဖြစ်သွားသေးသည်။

"သားရယ်။ တခြားမုန့်ဖက်ထုတ်



သည် တစ်ယောက်ယောက်ကို၊ ပို့ခိုင်းလိုက်ပါလား။ သုံးထုတ်တည်းနဲ့၊ တကူးတက သွားပို့ရတာ။

ဘယ်နေရာ . .ဘယ်အိမ်မှန်းမသိ။ အမေ . .စိတ်ပူတယ် သားရဲ့။ တခြားတစ်ယောက်ယောက်ကို ပို့ခိုင်းလိုက်နော်"

"တခြားသူကို ပို့ခိုင်းရင်၊ သား . . မြတ်မယ့် ဆယ့်ငါးပြားကို၊ သား . .ဘယ်လိုလုပ်ရတော့မှာလဲ"

"အမေ ပေးမယ်။ အဲဒီဆယ့်ငါးပြား"

သူ . .ခေါင်းခါ၏။

"အဲဒါဆိုလည်း. .၊ နောက်နေ့ကျရင်၊ အမြန်ပြန်လာစမ်းပါ၊ အောင်ကျော်စွာရယ်"

မျက်နှာသုတ်ပုဝါကြီးကို၊ လုံထွေးယူငင်ပြီး၊ စိတ်မသက်သာစွာဖြင့်၊ အမေ . .ပြော၏။

"အမေရယ်။ အမေ. .ရုံးသွားနေတဲ့နေ့တွေတုန်းကလည်း၊ သား . .ရပ်ကွက်တွေ၊ လျှောက်ပတ်နေတာပါ။ သား . . လမ်းကျွမ်းနေပြီ၊ အမေရဲ့"

"ဟဲ့ . .။ အခုက၊ သကြန်တွင်း

www.burmeseclassic.com

www.burmeseclassic.com



မို့လို့ ပြောနေတာ။ မူးမူးရူးရူးတွေနဲ့။ ကား
တွေနဲ့။ မြန်မြန်ပြန်မရောက်ရင်၊ မအေစိတ်ပူ
မယ်ဆိုတာ၊ နားမလည်ဘူးလား"

"သားက. .၊ လျင်ပါတယ် . .
အမေရဲ့။ မပူပါနဲ့"

"ငါ . .နင့်ကို ရိုက်ချင်လာပြီနော်။ အောင်ကျော်စွာ" . . ဟု၊ ပြောပြီး အမေ . .သူ့ကို မျက်စောင်းဖြင့်ကြည့်သည်။ "ဖအေ ကလည်း၊ တားမယ် စီးမယ် . .အောက်မေ့လို့။ စာရေးလိုက်မိ ပါတယ်။ သူ့ကိုက၊ မျောက်ကိုချိုတတ်ပေးချင်နေတာ" . .ဟု တစ်ကိုယ်တည်း ပြော၏။ ပြောလျက် သူ့ကို အကျီလဲပေး၏။ ဘောင်းဘီလဲပေး၏။

တတွတ်တွတ်မြည်တွန်ပြောဆိုနေသော၊ အမေ့ စကားထဲ၌၊ "နောက်နေ့ သွားမပို့နဲ့တော့" . .ဟူသော၊ စကားလုံးတစ်လုံး မပါဝင်ခဲ့သဖြင့်၊ သူ . .နားငြီးရကျိုး နပ်ခဲ့သည်။

❀

နောက်တစ်နေ့ နေ့လည်တွင်၊ သီရိနွယ်သူ့ကို ရေလောင်း၏။ သူလည်း . .သီရိနွယ်ကို ရေပြန်လောင်းသည်။ ရေလောင်းသောအခါတွင်၊ သီရိနွယ်၏မျက်နှာကို နီးကပ်စွာ သတိပြုမိ



သည်။ မျက်ခုံးနက်နက်တစ်စုံနှင့် မျက်ဝန်းနက်နက်တစ်စုံကို၊ မှတ်မှတ်မိမိ၊ ကြည့်မြင်ခဲ့ဖူးသည်။

ထိုနေ့က . .သကြ်န်ရေလောင်းခြင်းကြောင့်၊ သီရိနွယ် ခြံဝင်းတံခါးဖွင့်သည်။ အိမ်အတွင်းသို့ အလည်အပတ်ခေါ်သည်။ မိခင်နှင့်လည်းကောင်း၊ အဒေါ်နှင့်လည်းကောင်း၊ တွေ့ဆုံစေချင်ပုံရ၏။ အိမ်ပြန်နောက်ကျလျှင်၊ အမေ့၏အဆူအပြောကို ခံရမည်ဖြစ်သောကြောင့်၊ သူ . .ငြင်းခဲ့မိသည်။ ထို့ကြောင့် . . ,ခြံဝင်းတံခါး၏အပြင်ဘက်၊ အင်္ဂတေအုတ်ခုံလေးပေါ်တွင်သာထိုင်လျက် စကားပြောဖြစ်၏။

"အိမ်ထဲမှာ၊ မမ. .တစ်ယောက်တည်း၊ မပျင်းဘူးလား"

"မေမေ့ကို ပြုစုနေရတော့၊ ပျင်းချိန်မရပါဘူး။ ဒါပေမဲ့ . .တစ်ခါတလေတော့ ပျင်းတာပေါ့။ အဲဒါကြောင့်၊ အောင်ကျော်စွာကို အိမ်လည်ခေါ်တာ"

"မမ . .ဘောလုံး ကန်တတ်လား"

"ဘယ်လိုလုပ် ကန်တတ်မှာလဲ"

"ကျွန်တော်သာဆို၊ မမတို့ အိမ်ဝင်းထဲမှာ၊ ဘောလုံးကန်နေမှာပဲ။ အဘိုးတို့ အိမ်ဝင်းထဲမှာဆိုရင်၊ ကျွန်တော် . .ဘောလုံးပဲ ကန်တယ်"

သီရိနွယ်က၊ ပြုံးလျက် . .

www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာလည်း . .လာကန်ပေါ့။ မေမေ့ကို မြင်ဖူးအောင် အိမ်ထဲဝင်ပါဦးဆို မင်းက ကြီးကျယ်တယ်"

"အမေ ဆူမှာစိုးလို့။ မြန်မြန်ပြန် လာဖို့မှာထားလို့"

"တို့က၊ မင်းကို . .လူရည်သန့် လေးမို့ အိမ်အလည်ခေါ်တာနော်။ ပြီးတော့ တို့မှာ ညီမ,လေးတွေ၊ မောင်လေးတွေ မရှိလို့"

"ကျွန်တော်လည်း၊ အစ်မ မရှိဘူး လေ။ မမက . .ကျွန်တော့်အစ်မ,ပေါ့။ မွေးစားအစ်မ။ ကျွန်တော်က, မွေးစား မောင်လေး"

ပြောပြီး၊ သူ . .ရယ်လေ၏။

"မမ။ လူရည်သန့်ဆိုတာ၊ ဘာ ပြောတာလဲ"

"အဖေ အမေက၊ ဆိုဆုံးမ,တာကို နားထောင်ပြီးတော့၊ လိမ်လိမ်မာမာနေ သူကို ပြောတာပေါ့"

ရေစိုနေသောလုံချည်လေးကို၊ မတ်တတ်ရပ်ပြီး၊ သူ . . ပြင်ဝတ်လိုက်သည်။ သီရိနွယ်ကို ပလပ်စတစ်နဲ့ထုတ်ထားသော မုန့်ဖက်ထုတ်တွေ ပေးလိုက်၏။ သီရိနွယ်က ကျပ်တန်တစ်ရွက်



ပေးသည်။ သူက . .ဆယ်ပြားစေ့တစ်စေ့အမ်းသည်။

"ပြန်တော့မလို့လား"

"ဟုတ်ကဲ့"

"ကျေးဇူးတင်တယ်နော်၊ အောင်ကျော်စွာ။ နှစ်ဆန်းတစ်ရက် နေ့ကျရင်၊ မင်းကို . .တို့ ကျေးဇူးဆပ်မယ်။ မင်း . .စာမေးပွဲအောင်မယ် မဟုတ်လား"

"အောင်မှာပါ"

နှုတ်ဆက်ပြီး၊ အပြေးပြန်ခဲ့သည်။

အိမ်ပြန်ရောက်သောအခါ၊ အဝတ်အစား မလဲသေး။ အမေ့ကိုပြောပြီး၊ ရပ်ကွက်ထဲက အဖော်များဖြင့်၊ ရေ . .ကစားသေးသည်။

ညဘက်တွင်၊ သံချပ်ပြိုင်ပွဲများကို၊ အမေ . .လိုက်ပြ၏။ သီရိနွယ်၏အိမ် ခပ်လှမ်းလှမ်းသို့ရောက်သောအခါ၊ "သား . . မုန့်ဖက်ထုတ်လာပို့တာ၊ အဲဒီအိမ်" . .ဟု၊ အမေ့ကို ပြောပြသည်။ "အိမ်က, ကြီးက,လည်း၊ အကြီး,ကြီးပဲ။ သူများအိမ် ဝင်းထဲမဝင်ရဘူးနော်" . .ဟု၊ အမေ မှာသည်။

မမ၏ အိမ်အတွင်းသို့၊ ရောက်ဖြစ်မည် မဟုတ်တော့။

❀ ❀ ❀

www.burmeseclassic.com

www.burmeseclassic.com

( ၁၈ )

အမေနှင့်အတူ၊ သူ . .အောင်စာရင်းလိုက်ကြည့်သည်။ ညီမလေး နှင်းဆီအောင်၏ မူလ,တန်းကျောင်းသို့ အလျင်သွားသည်။ ပြီးမှ . .သူ့ကျောင်းကိုသွားသည်။ "ညီမလေးလည်း အောင်တယ်၊ သားလည်း အောင်တယ်" . .ဟု၊ အမေ ပြော၏။ အောင်သည် . .ဟု အမေ ပြောပါလျက်၊ ကျောင်းသံဇကာများကိုတွယ်တက်တိုးဝှေ့လျက်၊ ကိုယ့်အမည်ကို၊ ကိုယ် ကြည့်ခဲ့သေးသည်။ ဖခင်အမည် ဦးကျော်စွာ . .ကို တွေ့ပြီးမှ၊ သူ့အမည်နှင့် ခုံနံပါတ်ကို တွေ့သည်။ ပျော်သည် . .ဟုသာ သိ၏။ ပညာ၏တန်ဖိုးကို၊ မသိသေး။

"ညီမလေးက၊ လေးတန်းရောက်ပြီနော် အမေ။ သားက၊ ခြောက်တန်း။ ကျောင်းအပ်ရင်၊ သား ပိုက်ဆံနဲ့ အပ်မယ်နော်။ စာအုပ်ဖိုးတွေလည်း . .၊ သား



ပိုက်ဆံနဲ့ပေးမယ်"

အမေ . . မဲ့ပြုံး,ပြုံး၏။

"ပိုက်ဆံက၊ ဘယ်လောက်တောင်ရှိနေလို့လဲ"

"မသိဘူး၊ စုဗူးထဲမှာလေ"

"သားဘာသာ မုန့်ဝယ်စားပါ။ အတန်းကြီးလာပြီ။ နောက်နှစ်တွေ၊ နွေကျောင်းပိတ်ရက်မှာ၊ ဘာမှမလုပ်ရတော့ဘူးနော်"

"ဟုတ်ကဲ့ပါ"

"ကျောင်းဖွင့်ခါနီးပြီ။ ဈေးမရောင်းနဲ့တော့။ ဒီနေ့ . .သားကို အမေ၊ ဘုရားလိုက်ပို့မယ်။ ပြီးရင်. .ရုပ်ရှင်လိုက်ပြမယ်"

"မသွားတော့ဘူး အမေ။ မုန့်ဖက်ထုတ် ဖောက်သည်တွေပျက်ကုန်လိမ့်မယ်" ငယ်ထိပ်ကို၊ အမေ . .ဖွဖွ ပုတ်၏။ "ဈေးသည်လုံးလုံးဖြစ်နေပြီ" . .ဟု၊ ပြောသည်။

သူက . . ,

"အဖေ့ဆီကို၊ စာရေးရဦးမယ်လေ။ ညီမလေး စာမေးပွဲအောင်တာ၊ အကြောင်းကြားရဦးမယ်"

"မအေကို ဆရာမလုပ်နဲ့" . .ဟု၊ အမေ ပြော၏။

www.burmeseclassic.com

www.burmeseclassic.com



စာမေးပွဲအောင်သည့်အကြောင်း၊ တစ်နေရာရာသို့ သွား ရောက်ကြွားဝါချင်နေပြီကို၊ အမေ . .မရိပ်စားမိသဖြင့်၊ တော် ပါသေး၏။

❀

နေ့လည် . .ဆယ်နာရီလောက်တွင်၊ သီရိနွယ်၏ အိမ်ရှေ့ သို့၊ သူ . .ရောက်၏။

"မင်း . .၊ ကို့စေတနာကို မငြ ကားသင့်ဘူး"

"ကျွန်တော် စော်ကားတာ မဟုတ်ဘဲ။ ဒီစာအုပ်တွေကို၊ မနက်ဖြန် လာယူမယ်လို့ ပြောတာ"

"အေးလေ။ အဲဒါ . .စော်ကားတာ ပေါ့။ မနက်ဖြန်မှ၊ လာယူမယ်ဆိုတာ၊ ဘာ သဘောလဲ။ ဘာကြောင့်လဲ။ ပြော"

သူ . .နှုတ်ဆိတ်နေ၏။ အိမ်ဝင်းတံခါးသည် ပွင့်လျ သူသည် . .အုတ်ခုံပေါ်ရှိ သီရိနွယ်၏၊ နံဘေးတွင်ထိုင်လျ သီရိနွယ်၏ ဆဋ္ဌမ,တန်းဖတ်စာအုပ်တွေကို စိုက်ကြည့်လျ နေ၏။ စကားမတုံ့ပြန်။

"ပြောလေ။ အခု . .ယူသွားလေ



ရလျက်နဲ့။ မနက်ဖြန်မှ ယူမယ်လို့ ဘာ ကြောင့်ပြောရတာလဲ။ အောင်ကျော်စွာ။ ကို့ မေးနေတာ ဖြေလေ"

နေပူပြင်အောက်ရှိ၊ မြက်ခင်း ခြောက်ကပ်ကပ်တွေကို၊ အမျှော်တခေါ် ငေးမောကြည့်ရင်း . .၊

"အိမ်က၊ စုဗူးထဲက၊ မုန့်ဖက်ထုတ် ရောင်းပြီး စုထားတဲ့၊ ကျွန်တော့် ပိုက်ဆံတွေ ရှိတယ်။

အဲဒီပိုက်ဆံတွေနဲ့ ကျောင်းစာအုပ် တွေဝယ်မယ်လို့ အမေ့ကို ပြောထားပြီးသား။ မမ . . ရဲ့၊ စာအုပ်တွေကို . ."

စကားဆက်မပြောဝံ့သေး။

စကားရပ်လျက်၊ သီရိနွယ်၏မျက်နှာကို၊ တစ်ချက်ငဲ့ ကြည့်လိုက်သေးသည်။ သီရိနွယ် သူ့ကို စိုက်ကြည့်နေ၏။ ဝံ့ ပြန်ကြည့်ပစ်လိုက်ပြီး . .၊

"မမရဲ့ စာအုပ်တွေကို၊ စုဗူးထဲက ပိုက်ဆံတွေနဲ့၊ ဝယ်မလို့"

သီရိနွယ် စိုက်ကြည့်လျက် ရှိသေး၏။ ပြီးမှ . .

"အဲဒါ စော်ကားတာပေါ့ . . အောင်ကျော်စွာ။ စေတနာနဲ့ ပေးတဲ့ပစ္စည်း ကို၊ ငွေနဲ့ဝယ်တယ်ဆိုတော့၊ ရိုင်းစိုင်းတဲ့ လူတွေရဲ့ အလေ့အထပဲ။

www.burmeseclassic.com

www.burmeseclassic.com



ဘာလဲ။ တို့ သုံးပြီးသားစာအုပ် တွေမို့ မယူချင်လို့၊ အကြောင်းပြတာလား"

သူ . . ခေါင်းခါ၏။

"ဒါဆို။ စော်ကားရဲ့သက်သက် ပေါ့။ ဟုတ်လား"

"မဟုတ်ဘူး"

"မဟုတ်ရင်၊ ဘာသဘောလဲ။ တို့က . .ငါးတန်းကတည်းက၊ အခု . . အချိန် အထိ၊ သင်ရိုးညွှန်းတန်းဖတ်စာအုပ်တွေကို တရိုတသေ သိမ်းထားတာ။

ဘယ်သူ့ကိုမှ၊ ပေးဖို့သိမ်းထားတာ မဟုတ်ဘူး။ တို့ဘာသာ တို့မြတ်နိုးလို့ သိမ်း ထားတာ။ တို့မြတ်နိုးတဲ့ပစ္စည်းကို၊ တို့ . . ခင်မိတဲ့သူကို ပေးတာ။ ပေးမိတာ။ အစော် ကားခံရတယ်။ စေတနာကို ငွေနဲ့ စော်ကား တယ်"

"မဟုတ်ဘူး။ ကျွန်တော် စော်ကား တာ၊ မဟုတ်ဘူး။ သူ့ . .တစ်ပါးပစ္စည်းကို အလကားမယူချင်လို့။ သူများဥစ္စာပစ္စည်း ကို၊ ကိုယ့်ချွေးကိုယ့်သွေးမပါဘဲ၊ အလကား ယူတာ၊ အရှက်မရှိတဲ့ လူတွေလုပ်တာ . .တဲ့၊ အဖေ . . သင်ထားတယ်"



သိရှိနွယ်က . .,

နှုတ်ခမ်းတစ်ချက် မဲ့သွား၏။ ထို . .မဲ့ပြုံးဖြင့်၊ စကား ဆိုသည်။

"မင်း . .အဖေ စကားကို၊ မင်း နားထောင်တယ်ပေါ့"

သူ . .ခေါင်းညိတ်၏။

"ဒီ . .ဖတ်စာအုပ်တွေရဲ့ တန်ဘိုးကို တို့ ငွေနဲ့မတိုင်းတာချင်ဘူး။ တစ်နေ့နေ့မှာ ဒီ . .ဖတ်စာအုပ်တွေကိုပဲ၊ မင်း . .ဆီက၊ ပြန်ယူမယ်ဆိုရင်ကော . .၊ မင်း . .အခု ယူမလား"

သူ . .အချိန် အနည်းငယ် စဉ်းစားသည်။ ပြီးနောက်,

"မမ . .ကို၊ ပြန်ပေးရမယ်ဆိုရင်၊ ကျွန်တော် . .အခု ယူသွားပါ့မယ်"

"ကောင်းပြီ။ ရော့"

သူ့လက်ထဲသို့ ဖတ်စာအုပ်တွေ၊ ရောက်လာ၏။ မုန့်ဖက် ခုတ်တောင်းထဲသို့၊ ထည့်မည် အပြုတွင် . .

"နေဦး။ တောင်းထဲ မထည့်နဲ့ဦး"

လက်ထဲတွင်သာ ပြန်ယူထားလိုက်၏။

"ဒီ . .စာအုပ်တွေကို၊ တို့ဆီကို၊ မင်း . .ဘယ်တော့ လာပြန်ပေးမလဲ"

"ခြောက်တန်းဖြေပြီးကာမှ လာပြန်

www.burmeseclassic.com

www.burmeseclassic.com



ပေးမယ်"

ညင်သာစွာခေါင်းခါသည်ကိုတွေ့၏။ ပြီးမှ . .

"မင်း . .ကြီးလာရင်၊ ဘာလုပ်မယ်လို့ စိတ်ကူးထားလဲ"

ရေရေရာရာ . .မဖြေနိုင်သေးသော . .ကိစ္စ။ ထို့ကြောင့် အပြေးအလွှားစဉ်းစားသည်။ အဖေ့ မျက်နှာကိုမြင်ယောင်မိသဖြင့်၊

"အဖေ့လို အရာရှိလုပ်မယ်"

သနားစရာသတ္တဝါတစ်ကောင်ကိုကြည့်ပြီး၊ ပြုံးသော အပြုံးမျိုးဖြင့်၊ သီရိနွယ် . .သူ့ကို ကြည့်သည်။

"မင်း . .အဖေလို အရာရှိလုပ်မယ်ဆိုတာ၊ မင်း . .ရင်ထဲက၊ တကယ့်ဆန္ဒလား"

ခေါင်းညိတ်ဖို့၊ ခက်သွား၏။

"မင်း . .မိဘတွေ ချမ်းသာလား"

"အဲဒါတော့ မသိဘူး။ အဖေက . .နယ်မှာတော့ ကားစီးရတယ်။ အမေကတော့ ပြောတယ်။ သား . .အဖေက ချမ်းသာအောင် မလုပ်ဘူးတဲ့။ အ,လို့ မလုပ်တာ မဟုတ်ဘူးတဲ့။ ရိုးသားလို့ မလုပ်တာ . .တဲ့။ အဲဒီစိတ်ဓာတ်မျိုးကိုသာ၊ သား . .အတုယူရမယ် . .တဲ့။

အဖေ့မိဘတွေက၊ ချမ်းသာတယ်။



မမ . .ဘာ သိချင်လို့လဲ"

"မိဘချမ်းသာလို့၊ သားသမီးက အလိုအလျောက်လွယ်လွယ်လေးနဲ့ ချမ်းသာသွားမယ့် လူတန်းစားတွေထဲမှာ မင်း . . ပါသွားမှာစိုးလို့ပါ"

"ဘာကိုပြောတာလဲ" . .ဟု၊ သူ . .မေးသည်။ သီရိနွယ်က၊

"မိဘက . .ဟိုတယ် ပိုင်တယ်။ သားသမီးက မိဘသေသွားတော့၊ အဲဒီ ဟိုတယ်ကြီးကို ဆက်ပိုင်တယ်ဆိုပါတော့။ အဲဒါ . .အဲဒီသားသမီးရဲ့၊ တကယ့် အရည်အချင်းမဟုတ်ဘူး။ သူ့ ကိုယ်ပိုင် အရည်အချင်းမရှိဘဲ၊ မိဘရဲ့ ပေးစာကမ်းစာနဲ့၊ အသက်ရှင်ရတာ"

"ကိုယ်ပိုင်အရည်အချင်းဆိုတာဘာလဲ" . .ဟု၊ သူ . . မေး၏။

"အောင်ကျော်စွာရဲ့ မိဘ,တွေက၊ ဝန်ထမ်းတွေ။ အရာရှိတွေ။ အောင်ကျော်စွာက,လည်း . .၊ အဲဒီလိုပဲ၊ အရာရှိဖြစ်အောင် လုပ်မယ်ဆိုရင်၊ တော်တော့ တော်တယ်။ ဒါပေမဲ့ . .အဲဒါ . .၊ မိဘရဲ့၊ အရည်အချင်း နည်းနည်းပါနေတယ်။

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ပိုင်အရည်အချင်းဆိုတာ . . ငါ. .ဘာလုပ်ချင်တယ်။ ဘယ်လိုလုပ်မယ်။ ဖြစ်ကို ဖြစ်ရမယ်ဆိုတဲ့ ဆုံးဖြတ်ချက်အတိုင်း ဖြစ်အောင်လုပ်နိုင်တဲ့ အရည်အချင်းကို ခေါ်တာ"

"အဖေက . .၊ သူ့လို အရာရှိဖြစ်စေ ချင်တာ . .မမရဲ့"

"မင်းကရော . .တကယ်ဖြစ်ချင် တာလား"

"မသိဘူး"

"လူဆိုတာ၊ ကိုယ်ဖြစ်ချင်တာကို ကိုယ် . .လုပ်ရတယ်။ မိဘခိုင်းလို့ လိုက်လုပ် ရင်၊ မိဘ,လောက်ပဲ တော်မှာပေါ့။

သားသမီးဆိုတာ၊ မိဘ,ထက် တော်ရမယ်။ တပည့်ဆိုတာ ဆရာထက် တော်အောင်ကြိုးစားရမယ် . .တဲ့။ အရာရှိ ဖြစ်ရုံလောက်ပဲ၊ မင်းက . .ကြိုးစားချင်တာ လား။ အဲဒီ့ထက် ပိုပြီး၊ မကြိုးစားချင်ဘူး လား"

"ကျွန်တော် . .ဘာဖြစ်အောင် ကြိုးစားရမလဲ။ မမ"

"မမ. .ခိုင်းတိုင်း၊ မင်း . .မလုပ်



သင့်ဘူးလေ။ လူဆိုတာ၊ ကိုယ့်ကိုကိုယ် ခိုင်းရတယ်"

"ကျွန်တော်မှ၊ မခိုင်းတတ်တာ။ တော်အောင်လုပ်ရမယ်ဆိုတာပဲ သိတယ်။ ဘာအတွက်၊ တော်အောင်လုပ်ရမယ်ဆိုတာ မသိဘူး။ စာတော်ရင်၊ အရာရှိဖြစ်မယ် ဆိုတာပဲ ကျွန်တော် သိတယ်"

"မင်း . .အရွယ်နဲ့၊ အဲဒီလောက် သိတာကိုလည်း၊ တို့ ချီးကျူးပါတယ်"

သူက . .

"မမ. .ကရော။ ဘာဖြစ်အောင် ကြိုးစားမှာလဲ"

"တို့က . .ဆရာဝန်ဖြစ်ချင်တာ။ တို့အမေကို တို့ကိုယ်တိုင်ကုပေးချင်တယ်။ ဆရာဝန်ဖြစ်ရင်တောင်၊ စိတ်ရောဂါကုတဲ့ ဆရာဝန်ဖြစ်ချင်တယ်"

"မမ အဖေက၊ မမ မေမေကို၊ ဆေးကုမပေးဘူးလား"

"မျိုးရိုးကြောင့် ဖြစ်တာတဲ့။ ကုလို့ မရတော့ဘူး . .တဲ့။ ဖေဖေပြောတယ်။ ရရ . .မရရ။ တို့ဆရာဝန်ဖြစ်ရင်၊ တို့ ရအောင် ကုမယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဆရာဝန်ဖြစ်အောင်၊ ဘာလုပ်
လဲ . .မမ"

"စာကြိုးစားရတယ်။ ဆယ်တန်း
ကို ဘာသာစုံဂုဏ်ထူးထွက်အောင် လုပ်
တယ်"

ဘာသာစုံ၊ ဂုဏ်ထူးထွက်အောင်၊ လုပ်နိုင်ပါ့မလား . .ဟု၊ သူ့ကိုယ်သူ စိတ်ထဲက . .မေးသည်။ ပြီးမှ . .

"ဒါဆို။ ကျွန်တော်လည်း . .
ဆရာဝန်လုပ်မယ် . .မမ"

အံ့ဩဝမ်းသာဟန်ကို၊ သီရိနွယ်၏ မျက်နှာပေါ်တွင် မြင်ရ၏။

"အောင်ကျော်စွာ။ မင်း. .တကယ်
ပြောတာလား"

"တကယ်ပြောတာ။ ကျွန်တော်
. .ပြောပြီးရင်တော့။ ပြောတဲ့အတိုင်း၊ ဖြစ်
အောင်လုပ်မှာ"

သီရိနွယ် . .မျက်ရည်တွေဝဲလာ၏။

"ဝမ်းသာလိုက်တာ၊ မောင်လေး
ရယ်။ မမ. .မှာ၊ မင်းလို မောင်လေး
တစ်ယောက်ရှိရင်၊ သိပ်ကောင်းမှာပဲ"

"အခု. .၊ ကျွန်တော်က။ မမ
မောင်လေးပဲလေ"



သူ . .ပခုံးပေါ်သို့၊ သီရိနွယ် သိုင်းဖက်၏။

သူ့လက်ထဲရှိ၊ ဆဋ္ဌမတန်း ဖတ်စာအုပ်တွေကို၊ လက်ညှိုးလေးဖြင့် ဖိပွတ်ရင်း . .

"ဒီ. .၊ စာအုပ်တွေကို၊ မင်း . .
ဆရာဝန်ဖြစ်တဲ့နေ့ကျမှ၊ မမ . .ဆီကို ပြန်
လာပေး။ ဆရာဝန် မဖြစ်ဘဲနဲ့၊ မင်း . .လာ
ပေးစရာမလိုဘူး။ ဆရာဝန် မဖြစ်ဘဲနဲ့ ပြန်
လာပေးခဲ့ရင်လည်း၊ မမ. .ပြန်ယူမှာ မဟုတ်
ဘူး။ မင်းကိုလည်း . .အထင်သေးမှာ
အမှန်ပဲ"

သီရိနွယ်ကို၊ သူ . .ငဲ့ကြည့်ပစ်လိုက်၏။

"ကျွန်တော့်နာမည်၊ အောင်
ကျော်စွာ . .တဲ့။ မမရဲ့။ ပြောပြီးရင်၊
ဖြစ်အောင်လုပ်မယ်"

"မင်း. .ဖြစ်အောင်လုပ်မယ် ဆို
တာ၊ သေချာမှ၊ ဒီ. .စာအုပ်တွေကို၊
မုန့်ဖက်ထုတ် တောင်းထဲကိုထည့်လိုက်ပါ .
. အောင်ကျော်စွာ"

မုန့်ဖက်ထုတ်များကို၊ ရစ်သိုင်းထုတ်ပိုးထားသည့်၊ ပုဆိုးလေးကို၊ ဆွဲမလိုက်သည်။ တောင်းထဲသို့၊ ဖတ်စာအုပ်တွေကို၊ ထည့်ပစ်လိုက်၏။ စာအုပ်တွေအပေါ်မှာ၊ မုန့်ဖက်ထုတ်များ ထုတ်ထားရာ၊ ပုဆိုးလေးကို ဖွဖွပြန်တင်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"မမ . .စာမေးပွဲအောင်လား"

ခေါင်းညိတ်၏။

"မနက်က၊ ဖေဖေ. .ဖုန်းဆက်တယ်။ အောင်တယ်။ ဂုဏ်ထူးတွေပါတယ်။ တို့. .ဆယ်တန်းကျောင်းသူ ဖြစ်သွားပြီနော။ မင်း . . မှီအောင်လိုက်"

သူ . . ခေါင်းကုတ်၏။

"ကျွန်တော်က . .မမ အမေကို ကူပြီးတော့ ကုပေးချင်တာ။ မမက . . ဆရာဝန်အရင်ဖြစ်မှာဆိုတော့၊ မမ. .ကုလို့ ပျောက်သွားရင်၊ ကျွန်တော် . .ကုခွင့်မရ တော့ဘူး။

မမက . .တစ်ဝက်လောက်ပဲ ကုထားလိုက်ပါလား။ ကျန်တဲ့တစ်ဝက်ကို ကျွန်တော် . .ဆရာဝန်ဖြစ်တော့မှ၊ ဆက်ကု မယ်လေ"

သီရိနွယ် . .ရယ်မောလေ၏။ ရယ်လျက် . .

"ကဲပါ။ မေမေ့ကို ကုလို့မမှီရင် မမကိုကု။ မမကိုကု။ ဘယ်နှယ့်လဲ။ မမကို ကုပေးမှာလား"

"ကုပေးမယ်". .ဟု၊ သူပြော၏။ သူ . .ပေးသော မုန့်ဖက် ထုတ်သုံးထုတ်ကိုယူသည်။ ကျပ်တန်တစ်ရွက် သူ့ကိုပေးသည်။



ဆယ်ပြားစေ့တစ်စေ့ သူ . .ပြန်အမ်းသည်။

"တို့ အိမ်ထဲကို ဝင်ဦးလေ"

"မဝင်တော့ဘူး။ အမေက . .မှာထားတယ်။ သူများအိမ်ထဲကို၊ မဝင်ရဘူး . တဲ့"

"ကိုယ် . .ကုပေးရမယ့်၊ လူနာကို အခုကတည်းက . .ကြည့်ထားရမှာပေါ့"

"အင်း . .။ လိုက်ကြည့်မယ်"

အမေ့ အမှာစကားကို၊ သူ . .မေ့သွား၏။

❀ ❀ ❀

www.burmeseclassic.com

www.burmeseclassic.com

## ( ၁၉ )

"တောင်တော်။ တောင်တော့်သာယာ၊ ပန်းမျိုးစုံလင်ရွှာ
x x x ဂန္ဓမာတောင်။ အိုအောင် . .မင်းအောင် ပေါင်းကြရပါစေ"

အသက် သုံးဆယ့်ငါးနှစ်ကျော်လောက်ရှိမည့် . . အမျိုးသမီးကြီးက၊ ပါးစပ်ထဲတွေ့ကရာ၊ သီချင်းများကို သီဆိုနေလေ၏။ မြင်လျှင်. .မြင်ချင်း၊ သူ . .လန့်သွား၏။ အနားမှာ သီရိနွယ် ရှိနေသဖြင့်၊ စိတ်တင်းလိုက်သည်။

"မေမေ. .မုန့်ဖက်ထုပ် ပါလာပြီ"

"ပေး ပေး" . .ဟု ပြောပြီး၊ ကုတင်ပေါ်မှ ပြေးဆင်းလာ၏။ အနီးတွင် သီရိနွယ်၏ အဒေါ်တစ်ယောက်ရှိနေလေသည်။ သီရိနွယ်၏ မိခင်က၊ မုန့်ဖက်ထုပ်တွေကို လှမ်းယူသည်။ သီရိနွယ်က မုန့်ဖက်ထုပ်ကို၊ အလျင်အမြန်ဖြည်ပေးရ၏။

"နွယ်။ မုန့်ဖက်ထုပ်ဖိုး မပေး
သေးဘူးလား"



သီရိနွယ်၏ အဒေါ်ဖြစ်သူက၊ သူ့ကို ကြည့်လျက်မေး၏။ သီရိနွယ်က . .,

"ပေးပြီးပါပြီ . .ဒေါ်ကြီးရဲ့။ သူက
မုန့်ဖက်ထုတ်သည် အစစ်မဟုတ်ဘူး။
ကျောင်းသား"

"သမီး . .အဖေသိရင် အဆူခံရ
လိမ့်မယ်နော်။ ခြံတံခါးရော၊ ပိတ်ခဲ့ရဲ့လား"

"ပိတ်ခဲ့ပါတယ် . .ဒေါ်ကြီးရဲ့"

သီရိနွယ်၏ မိခင်သည်၊ ဆံပင် ဖိုးရိုးဖားရားမရှိ။ ခဝတ်အစားကို ခဏခဏလဲပေးရဟန်တူ၏။ အနီးအပါးတွင် ခဝတ်ခေါက်တွေ၊ အဆင်သင့်ချထားသည်ကို တွေ့သည်။

"မမ. .၊ ကျွန်တော် ပြန်တော့မယ်
လေ"

သူ . .တီးတိုးပြောသည်။

ဝင်းတံခါးအဝ,အထိ၊ သီရိနွယ် လိုက်ပို့၏။ တံခါးသော့ ခတ်ပြီးသောအခါ . .။

"ကျွန်တော် ဆရာဝန်ဖြစ်ရင်၊
ဒီအိမ်ကိုပဲ လာရမှာလား။ မမက . .ဒီမှာ
ရှိပါ့မလား"

"ဒါ. .တို့အိမ်ပဲ။ ဆရာဝန်မဖြစ်ခင်
တော့ မလာနဲ့ပေါ့။ ဖေဖေသိရင် ဆူလိမ့်
မယ်။ အပြင်လူတွေ၊ အိမ်ထဲဝင်လို့၊

www.burmeseclassic.com

www.burmeseclassic.com



ဆူမှာ။

ဘယ်သူ့ကိုမှ၊ မေမေ့အကြောင်း..မပြောပါနဲ့။ အောင်ကျော်စွာရယ်။ နော်။ တို့က . .မန္တလေးမှာ၊ ကျောင်းသွားတက်ရ မယ်ဆိုပေမယ့်၊ မင်း ဆရာဝန်ဖြစ်တဲ့အချိန် လောက်ဆိုရင်၊ ဒီ. .အိမ်ထဲမှာ၊ တို့. .ရှိမှာပါ။

ဆယ်တန်းအောင်ပြီးတာနဲ့၊ ဒီ. . အိမ်ကြီးကို သီရိဂေဟာလို့၊ နာမည်ပေးမယ် . .တဲ့၊ ဖေဖေ ပြောထားတယ်။ မင်း. . ဆရာဝန် ဖြစ်ရင်၊ တို့အိမ်က,လည်း၊ သီရိ ဂေဟာ . .ဖြစ်နေလောက်ရောပေါ့”

“မမ အမေက။ လူကောင်းအတိုင်း ပဲနော်။ ဘာဖြစ်လို့ အခန်းထဲမှာပဲ ထားရတာ လဲ။ ဘာရောဂါဖြစ်နေလို့လဲ။ ရောဂါနာမည် က ဘာလဲဟင်။ ရောဂါနာမည်က စိတ် ရောဂါပဲလား”

“မေမေက၊ တစ်ခါတစ်ခါ ကြမ်း တယ်။ အဲဒါကြောင့် . .အခန်းထဲမှာ ထား တာ။ စိတ်ရောဂါပါပဲ။ အင်း . .ဖေဖေ ပြော ဖူးတယ်။ ရောဂါနာမည်ကို။

ဘာတဲ့။ သြော်. .စကီဇိုဖရီးနီးယား . .တဲ့”



“စကီဇိုဖရီးနီးယား”. .ဟု၊ သူ ရေရွတ်လိုက်၏။ အတွေး အာရုံထဲ၌၊ သူ့ကိုယ်သူ . .ဆရာဝန်တစ်ယောက်အဖြစ် မြင်ယောင်ပစ်လိုက်သည်။

⊛

သီရိနွယ်. .ဟူသော အမည်နာမ။ မုန့်ဖက်ထုတ် ဝယ်နေ ချဖောက်သည်။ နဝမတန်းအောင်မြင်သည့်၊ ကျောင်းသူ။ . . သည်ဖြင့်သာ၊ အမေ့ကို အသိပေးပြောပြပြီး၊ သီရိနွယ်ပေးသော စာအုပ်တွေကို၊ အမေ့အား၊ သူ . .ပြသသည်။

“သူများပေးတာ ဘာဖြစ်လို့ ယူလာရတာလဲ။ စာအုပ်တွေ က သပ်သပ်ရပ်ရပ်။ အားနာစရာ သားရယ်” . .ဟု၊ အမေ ပြော၏။ “စေတနာနဲ့ ပေးတာကို၊ မငြင်းရဘူး။ ငြင်းရင် ရိုင်း တယ်လို့ပြောတယ် အမေရဲ့။ အဲဒါကြောင့်၊ သား . .ယူလာတာ” . .ဟုသာ၊ သူ . .ပြော၏။ အခြားသော စကားကြွင်းတို့ကို၊ သူ . . နှုတ်မဟ။

“သား။ မုန့်ဖက်ထုတ် မရောင်းနဲ့ တော့နော်။ ကျူရှင်တက်ရတော့မယ်”

“ကျူရှင်လည်းတက်မယ်။ မုန့်ဖက် ထုတ်လည်းရောင်းအုံးမယ်လေ။ ကျောင်းဖွင့်

www.burmeseclassic.com

www.burmeseclassic.com



ဖို့ လိုသေးတာပဲ အမေရဲ့"

အမေ . .မျက်နှာထား တင်းသွားသည်။

"တော်တော့။ မင်း . .စကားမရှည်နဲ့တော့။ မနက်ဖြန် ကျူရှင်အပ်မယ်။ ဘာ ဈေးမှရောင်းစရာ မလိုတော့ဘူး။ နောက်ထပ် စကားရှည်ရင်၊ မင်း . .ကြက်မွေးတံမျက်စည်းစာမိမယ်။ ဒါပဲ။ သွား . .။ ရေတစ်ခွက်သောက်။ ပြီးရင် . .ရေချိုး"

မည်သည့်စကားမျှ၊ သူ . .မတုံ့ပြန်ဝံ့တော့ချေ။

အမည်မသိ ဝေဒနာတစ်ခု၊ ရင်တွင်း . .သို့၊ နှမျစ်စွာ ခိုဝင်၏။

⊛

ကျူရှင်ချိန်သည် . .နေ့လည် ဆယ်နှစ်နာရီခွဲတိတိ။

ထိုအချိန်သည်၊ သီရိနွယ်၏ အိမ်ရှေ့သို့၊ သူ . . မုန့်ဖက်ထုတ် ပို့လေ့ရှိသည့်အချိန်။

အမေက၊ ထိုအချိန်နာရီကို ရိပ်စားမိသဖြင့်၊ တမင်ရွေးချယ်ခြင်း မဟုတ်သည်ကို၊ သူ သိ၏။ ကျောင်းတက်ချိန်သည်၊ နံနက်ခုနစ်နာရီမှ၊ နေ့လည် ဆယ့်နှစ်နာရီ။ ကျောင်းဆင်းဆင်းချင်း၊ အိမ်ပြန်။ ထမင်းစား။ အဝတ်အစားလဲ



ပြီးနောက် ကျူရှင်သွားရန်၊ အစဉ်တကျ စီမံခဲ့ခြင်းဖြစ်ပေမည်။

အမေ . .ရုံးတက်နေချိန်၊ မနက်ခင်းပိုင်းတွင်၊ သီရိနွယ်၏ အိမ်ရှေ့သို့၊ သူ . .ခိုးချောင်ခိုးဝှက် သွားခဲ့သေး၏။ ဝင်းတံခါးသည်၊ ပိတ်ခတ်လျက်။ ပုန္နရိပ်ပင်တန်းတို့သည်၊ အသက်မဲ့လျက်။ အိမ်ဝင်းအတွင်းသို့၊ ငေးမျှော်ကြည့်သော်လည်း၊ ပြတင်းတံခါးတို့သည်၊ ပွင့်ဟကာ အရိပ်အယောင်မဲ့လျက်ရှိ၏။

"မမ" . .ဟု၊ အော်၍ခေါ်မည်ဟု စိတ်ကူးသည်။ "မမနွယ်"ဟု၊ အသံပြုဖို့ စဉ်းစားသည် စိတ်ကူးစဉ်းစားသမျှ အချည်းနှီး။ အိမ်နှင့် ဝင်းတံခါးဝ၏ အကွာအဝေးသည်၊ ရှည်လျားကျယ်ဝန်းလွန်းသည်ကို သိမြင်သဖြင့်၊ အသံပြုလိုသမျှ အထမမြောက်။

"အုန်းသီး မုန့်ဖက်ထုတ်" . .ဟု၊ လာခဲ့တစ်ယောက်သောသူတို့၏ အော်ဟစ်သံကြားတိုင်း သီရိနွယ်ကို၊ သူ . . သတိရသည်။ အမေသာ သူ့ သူငယ်ချင်းဖြစ်ပါက၊ "မမ . . အိမ်ရှေ့ကို သွားရအောင်" . .ဟု၊ သူ . .အဖော်ခေါ်မိပေမည်။

ဘာမှန်းမသိသော ဝေဒနာသည်၊ ည . .အိပ်ရာဝင်လျှင် ပို၍ဖိစီးလေ၏။ သတိရစိတ်ဖြင့် အိပ်ပျော်စဉ်ကိုင်း အိပ်မက်အတွင်း ဒေါက်တာ . .သီရိနွယ်နှင့် စကားတွေပြောနေသည်။ အိမ်မှာ ကခုန်သီဆိုနေကြသော၊ စိတ်ဇောက် ဝေဒနာရှင်များ ဒေါက်တာသီရိနွယ်နှင့်အတူ၊ ဒေါက်တာအောင်ကျော်စွာ မုန့်ဖက်ထုတ်တွေ ခွဲ့ကျွေးနေသည်။

ကျောင်းတက်သေးသော်လည်း ကျူရှင်ကာလင်အခါကို၊ ကျက်မှတ်နေရပေပြီ။ ကျောင်းမှတ် . . သင်ခန်းစာတွေ

www.burmeseclassic.com



ကို၊ အာဂုံဆောင်ပြီးသည်နှင့်၊ ထိုစာအုပ်၏ နောက်ဆုံးစာမျက်နှာ၏အပေါ်တွင်၊ သီရိနွယ် . .ဟု၊ ခဲတံဖြင့် ဖွဖွမှိန်မှိန်လေးသူ ရေးသည်။ မည်သည့်သင်ခန်းစာကို ကျက်မှတ်သည်ဖြစ်စေ၊ သူ့အနီးအပါး၌၊ သီရိနွယ် . .ဟု၊ ရေးထိုးထားသော ဆဋ္ဌမတန်း ဖတ်စာအုပ်တွေက၊ နီးကပ်စီရီစွာ၊ တည်ရှိနေစမြဲဖြစ်၏။

ထိုစဉ်က . .ခံစားမှုကို၊ ယခုမှ ဘာသာပြန်ရမည်ဆိုလျှင် အဲဒါ. .ရိုးရိုးလေးမျှ၊ လွမ်းဆွတ်သတိရနေခြင်းသာ ဖြစ်လေ၏။

❀ ❀ ❀

( ၂၀ )

ကျောင်းအပ်ဖို့ ဆယ့်ငါးရက်မျှ အလိုတွင်၊ အဖေနှင့် ညီမလေးတို့ ပြန်ရောက်လာကြသည်။

အဖေ ပြန်ရောက်လာပြီးသည့် ငါးရက်ခန့်တွင်၊ အိမ်ရှိ ပစ္စည်းပစ္စယတို့ကို အမေ . .ထုတ်ပိုးနေ၏။ အိမ်နံရံမှာအလှ ချိတ်ဆွဲထားသော၊ ပြက္ခဒိန်တို့ကိုပင်လျှင်၊ နံရံမှဖြုတ်ခွာပြီး၊ စီစီရီရီ သိမ်းဆည်းနေသည်ကိုမြင်၏။

"အမေ။ ပစ္စည်းတွေကို၊ ဘာဖြစ်လို့ သိမ်းနေတာလဲ"

"အိမ်ပြောင်းရမယ်လေ။ သား လည်း. .စာအုပ်တွေကို သေသေချာချာ သိမ်းဖို့ပြင်"

ရင်ထဲတွင် ထိတ်ခနဲဖြစ်၏။

ဝေးပြီ. .ဟူသော ဝေါဟာရကို၊ ထိုအခါကျမှ ရင်ထဲက

www.burmeseclassic.com

www.burmeseclassic.com



ကြားလိုက်ရ၏။

"ဘာဖြစ်လို့ ပြောင်းရတာလဲ အမေ။ ဘယ်ကိုပြောင်းမှာလဲ"

"သားတို့ အဘိုးအဘွားတွေအိမ်မှာ သွားနေရမယ်လေ။ သားအဖေက၊ ရန်ကုန်မှာပဲ၊ တာဝန်ထမ်းဆောင်ရတော့မှာ။

အဲဒီတော့ . . ၊ အိမ်ငှားနေစရာ မလိုတော့ဘူးပေါ့"

"အမေ ရုံးတက်ရင်ရော"

"သားတို့အဖေ လိုက်ပို့မှာပေါ့၊ ရုံးက,ကားပေးထားတာပဲ"

မျှော်လင့်စရာ၊ တစ်စွန်းတစ်စ ကျန်နေသေးသည်. .ဟု ယူဆပြီး . .

"ဒါဆို၊ သားတို့ကိုလည်း၊ ဒီကား နဲ့ ကျောင်းလာပို့မှာပေါ့နော်"

"ဟို . . မြို့နယ်က ကျောင်းမှာ နေရမှာပေါ့"

မျှော်လင့်ခြင်း တစ်စွန်းတစ်စ, ပွန်းရှသွား၏။

"ဒါဆို . . ကျူရှင်ကျတော့ရော"

"ကျူရှင်လည်း၊ မနက်ဖြန်က,စပြီး မတက်နဲ့တော့။ အဘိုးတို့အိမ်မှာ . .မင်းတို့ အဖေက၊ ဆရာ. .ခေါ်သင်ပေးမယ်တဲ့"



မျှော်လင့်စရာ ဟူသမျှကြေမွသွားရပြီ။

ထိုနေရာမှ၊ ဝုန်းကနဲ ထ,လိုက်မိ၏။

"ဟဲ့ . .ဘာဖြစ်တာတုန်း"

ကိုယ်ရှိန်တန့်သွား၏။ ပြီးမှ . .,

"စာအုပ်တွေ သိမ်းမလို့"

အမေ့ကို လှည့်မကြည့်ဘဲ၊ ပြောလိုက်၏။ စာကြည့်စားပွဲပေါ်ရှိ သိရှိနိုင်သယ်၏ စာအုပ်တွေကို အလျင်ဦးဆုံး၊ လုံခြုံသပ်ရပ်စွာ ထုတ်ပိုးထားလိုက်၏။

ငိုချင်နေသည်. .ဟု သိပါလျက်၊ ဘယ်လိုပြောပြီး၊ ငိုကြွေးရမည်. . မသိ။

❀

အဘိုးအဘွားတို့၏အိမ်သည်၊ လွန်စွာထည်ဝါသော. . အိမ်။ သူ . .နှစ်သက်သဘောကျရသည့် . .အိမ်။ လိုတာရသည့် . .အိမ်။ အစေအပါး၊ အလုပ်သမားတို့ဖြင့်၊ ပြည့်ဝ,ကုံလုံသည့်အိမ်။

အဖေ ရန်ကုန်မှာ မရှိသည့်ကာလ။ အမေ့ ရုံးနှင့်နီးရာတွင်၊ အဖေ အိမ်ငှားပေးခဲ့သည်။ ငှားရမ်းပေးခဲ့သည့်အိမ်သည် ဆင်ခြေဖုံးရပ်ကွက်ထဲတွင်၊ တည်ဆောက်ထားခြင်းဖြစ်သော်လည်း၊ ထည်ထည်ဝါဝါရှိလေ၏။ အမေ . .ကိုယ်၌က,ကား မောင်းတတ်။ အဖေ မပါရှိဘဲလျက်၊ အိမ်၏ကားဒရိုင်ဘာ

www.burmeseclassic.com

www.burmeseclassic.com



မောင်းသောကားကိုလည်း၊ အမေ . .မစီးချင်။ ထို့ကြောင့် . . ရုံးအနီးရှိ၊ ရပ်ကွက်တွင်၊ အဆင်ပြေသလိုနေထိုင်ဖို့ အဖေ စီစဉ် ပေးခဲ့ခြင်းဖြစ်၏။

ကျောင်းပိတ်ရက်တိုင်းတွင်၊ အဘိုးအဘွားတို့၏အိမ်သို့၊ သူတို့မောင်နှမ, နှစ်ယောက်ကို၊ အမေ. .လိုက်ပို့ပေးရစမြဲ။ အဖေသည် အဘိုးအဘွားတို့၏ တစ်ဦးတည်းသောသား။ သူတို့မောင်နှမသည်၊ အဘိုးအဘွားတို့၏ ချစ်မေတ္တာ . .အနှစ်။ အဘိုးအဘွားတို့၏အိမ်တွင်သာ၊ သူ . .ပျော်ပိုက်ခဲ့သည်။ ထို. .အိမ်တွင်သာ နေထိုင်လိုစိတ်ရှိခဲ့သည်။

သို့သော်. .

နွေကျောင်းပိတ်ရက်၊ အဘိုးအဘွားတို့ထံတွင် နေထိုင် နေကျအစဉ်အလာနှင့် အဖေရှိရာ၊ ဒေသသို့သွားရောက် လည်ပတ်ရမည့် အစီအစဉ်တို့ကို ပယ်ဖျက်ပြီး၊ အာဂန္တုမုန့်ဖက်ထုတ်သည်လေးအဖြစ်ကို၊ ပြုမူပြီးသည့်နောက်၊ သီရိနွယ်နှင့် ခင်မင်စ,ပြုပြီးသည့်နောက်မှာတော့၊ ဤ. .ဆင်ခြေဖုံးရပ်ကွက်ထဲက၊ ငှားရမ်းထားသည့် အိမ်နေရာမှာသာ၊ သူ. .ပျော်ပိုက်လိုတော့သည်။

သို့သော် . .

⊛



ပစ္စည်း ပစ္စယတို့ကို၊ အဘိုးအဘွားတို့၏ အိမ်အလုပ်သမားများက၊ လာရောက်သယ်ပိုးပေးကြသဖြင့်၊ နံနက်ဆယ်နာရီ လောက်တွင်၊ ငှားနေခဲ့သည့်အိမ်ကို၊ အဖေ . .သော့ပိတ်လိုက် သည်။

အဖေ့ အလုပ်ဌာနက၊ ကားပေါ်တွင်၊ သူတို့မိသားစုသာ လိုက်ပါလာခဲ့သည်။ ကားမောင်းနေသော၊ အဖေ့နံဘေးတွင်၊ အမေ ထိုင်သည်။ အဖေ့နောက်ဘက်တည့်တည့် နီးနီးကပ်ကပ်တွင်၊ သူ. .တိုးထိုင်၏။ ညီမလေးက. .ဟိုဘက်ခြမ်းတွင်၊ အိပ်ငိုက်နေသည်။

ကားကို၊ ကန္တားလမ်းဘက်သို့ ချိုးကွေ့လိုက်သောအခါ၊ သူ. .ရင်တွေ ခုန်လာသည်။ ပြောလိုသော စကားသံက၊ ပါးစပ်မှ ထွက်ကျလာဖို့ ခဲယဉ်းလွန်းနေသဖြင့်၊ ရင်ထဲတွင်၊ ပို၍ . . တဒိတ်ဒိတ်ဖြစ်လာ၏။ နားထင်နှစ်ဖက်စလုံး ထူပူနေသည်. . ဟု၊ ကိုယ့်ကိုကိုယ် သိ၏။

သီရိနွယ် နေထိုင်ရာ အိမ်ဝင်းကျယ်ကြီးကို ခပ်ဝေးဝေးတွင် မြင်ရစဉ်၊ ကားက . .မနှေးမမြန်သောအရှိန်ဖြင့်၊ ထို. . အိမ်ဝင်းကြီးကို၊ ဖြတ်သန်းကျော်လွန်ခဲ့လေသည်။ သူ. .အသက်ရှူနှုန်းတွေမြန်လာ၏။ ကိုယ့်အသက်ရှူသံကို၊ ကိုယ်တိုင် ပြန်ကြားနေရ၏။ ခပ်ဝေးဝေးမျှသာ မြင်ရတော့သော၊ အိမ်ဝင်းတံခါးဘက်သို့၊ တစ်ချက်မျှ ငဲ့ကြည့်မိပြန်သည်။ သီရိနွယ်၏ မျက်နှာလေးကို မြင်ယောင်လေ၏။

"အဖေ"

www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ . .သား"

"သားကို။ သားကို၊ ကားခဏရပ်ပေးပါ"

ပလပ်ဖောင်းဘက်သို့တိုးကပ်လျက်၊ အဖေ. .ကားကို တုန့်ကနဲရပ်လိုက်ပြီး . ..

"ဘာလုပ်မလို့လဲ . .သား"

အမေ့ဘက်သို့ ငဲ့ကြည့်လိုက်စဉ်၊ ငဲ့ကြည့်သော အမေ့ကို မြင်၏။ အမေ့ထံမှ၊ အကြည့်လွှဲလျက် . .

"သား . . ။ သုံငယ်ချင်းတစ်ယောက်ကို နှုတ်ဆက်ချင်လို့ပါ"

"ဘယ်သူ့ကို နှုတ်ဆက်မှာလဲ" . .ဟု၊ အမေဝင်မေး၏။

"ဟို. .။ စာအုံပ်ပေးတဲ့ အစ်မကို"

"သား . .အဖေက၊ ရုံ.ဝင်ရတော့မယ်လေ"

"သားကို၊ ခြောက်တန်းဖတ်စာအုပ်တွေ ပေးတယ်ဆိုတဲ့ ကောင်မလေးလား" . .ဟု၊ အဖေ . .မေး၏။

"ဟုတ်ကဲ့"

ကား၏ကျော်လွန်ခဲ့ရာသို့ အဖေ လှည့်ကြည့်၏။

"ကဲ . .နှုတ်ဆက်၊ နှုတ်ဆက်။ မြန်မြန်နော်. .သား"

"ဟုတ်ကဲ့ . .အဖေ"

ကား( )ါမှ သူ. .ခုံဆင်းလိုက်၏။ "ဟဲ့. .ကားနဲ့လိုက်ပို့



ပေးမှာကို" . .ဟူသော၊ အမေ့ အသံကို၊ တစ်စွန်းတစ်စ,သာ ကြားရတော့သည်။ နေရောင်ပျိုးစ,တွင်၊ မှုန်ပျပျမြင်နေရသော အိမ်ဝင်းရှိရာသို့ လျင်မြန်စွာ အရောက်ပို့ပေးမည့်အရာမှာ၊ သူ့ ခြေစက်များနှင့် သူ့ ခြေလှမ်းများသာဖြစ်၏။

အဖေ . .ကားစက်နှိုးသည့်ကာလ,ကိုပင်၊ သူ. .မစောင့် ဆိုင်းလိုတော့။ ခြေထောက်နှစ်ချောင်းဖြင့်သာ၊ တစ်ဟုန်ထိုး၊ အပြေးနှင်ခဲ့မိလေ၏။

"မမနွယ်။ မသီရိနွယ်"

အသံစွမ်းရှိသမျှ အော်ဟစ်ခေါ်မိသော်လည်း၊ ပုန္နရိပ်ပင် တန်းရှိ၊ ပုန္နရိပ်အခက်အညွန့်တို့ လှုပ်ယမ်းသည်ကိုသာ မြင်ရ၏။ ပြတင်းတံခါးချပ်ရှိဇာပုဝါတို့ ယိမ်းလှုပ်သည်ကိုသာ တွေ့ရ၏။ ကောင်းကင်ပြာ၏ ရင်ခွင်၌၊ ဟိုတစ်စု သည်တစ်စ ရွှေ့လျား နေသော တိမ်ဖြူလိပ်တို့၏ နှုတ်ဆက်ဟန်ကိုသာ၊ ငေးတ်ခနဲ ကြည့်မိ၏။

ခြေစက်တို့ ရွဲစိုနေပေပြီ။ အသံတို့အက်ကွဲလုပေပြီ။ သက်ရှိဟူသော အရာ၏၊ အရိပ်, အလှုပ်, အငွေ့, အသက်တို့ကို အနည်းငယ်မျှ မတွေ့ရ။ မမြင်ရ။ မကြားရ။

"ဟေ့။ ဘယ်သူလဲကွဲ့"

ကျောဘက်မှ အမေးစကား။ လှည့်မကြည့်။ သီရိနွယ်၏ အခေါ်။ အမောတစ်ဝက် ပြေသွားသည်။

"ဒေါ်ဒေါ်ကြီး။ မသီရိနွယ် ရှိလား"

"မရှိဘူးကွဲ့"

www.burmeseclassic.com

www.burmeseclassic.com

ဈေးခြင်းတစ်ဘက်ဖြင့်၊ တံခါးသော့ဖွင့်ရင်း၊ ပြောဏ်။ သူ့ကို အသေအချာကြည့်လျက် . . "မင်းက . .ဘယ်သူတုန်း" . .ဟု၊ မေးပြီးမှ . .

"ဪ. .မုန့်ဖက်ထုတ်သည်လေး"

တံခါးဖွင့်၏။ သော့ပြန်ခပ်၏။

"ကျွန်တော် . .မသီရိနွယ်ကို . . .

. . . . . . . . ."

"မင်းနာမည်၊ အောင်ကျော်စွာ လား"

"ဟုတ်ကဲ့"

"သီရိနွယ်။ မန္တလေးပြန်သွားပြီ။ မင်းကိုမှာခဲ့တယ်။ ဆရာဝန်ဖြစ်အောင် ကြိုးစားပါ . .တဲ့"

အမှာစကားအဆုံး။ သော့ကို လက်လွှတ်။ တံခါးကို ကျောခိုင်း။ ဈေးခြင်းကိုလက်ဆွဲ။ သူ့ရှေ့မှ၊ အိမ်ဘက်သို့ ထွက်ခွာသွားလေသည်။

ပါးစပ်. .ဟ,လျက်။ စကားလုံးတို့ တစ်ဆို့လျက်။ သူ . . ကျောက်ရုပ်တစ်ရုပ် ဖြစ်သွားသည်။

"ပွမ်။ ပွမ်"

အဖေ့၏ ကားဟွန်းသံ။

သူ . .ရှိရာသို့၊ ကားကို နောက်ပြန်မောင်းနှင်ပြီး ခပ်လှမ်းလှမ်းမှာ၊ ရပ်ပြီး ဟွန်းတီး၍ခေါ်နေပေပြီ။



www.burmeseclassic.com

ကားရပ်ထားရာသို့၊ သူ . .ခေါင်းငိုက်စိုက်ချလျက်၊ လှမ်းထွက်ခဲ့လေသည်။ ကားအနီးသို့ရောက်သောအခါ၊ အနောက်ဘက်မှ မတက်ဘဲ၊ အဖေ ရှိရာသို့၊ သူ. .သွား၏။ ငြိုးကြည့်နေသော အဖေ့မျက်နှာကို၊ သူ . .မော့ကြည့်သည်။

"အဖေ"

"ဘာလဲ. .သား"

မျက်တောင် တဖျတ်ဖျတ်ခတ်လိုက်ရသေးသည်။

"သားကို၊ ဆရာဝန်ဖြစ်အောင် လုပ်ပေးပါ"

အဖေ၊ ရယ်လေ၏။ ပြီးမှ . .,

"အဲဒါ၊ ကားပေါ်တက်ပြီးမှ၊ ပြောပါလား . .သားရဲ့"

"ဟုတ်ကဲ့"

အဖေ . .ကားစက်နှိုးသည်။ သူ . .ကားပေါ်သို့တက်သည်။ ကားထွက်ခွာသွားသောအခါ၊ အနောက်ဘက်သို့ လှည့်ကြည့်ချင်စိတ်ကို၊ တမင်ထိန်းသိမ်းလိုက်ရ၏။ စီးကျလာသော မျက်ရည်များကို၊ အဖေနှင့်အမေ မမြင်အောင်၊ အလျင်အမြန် ယ်သုတ်ပစ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



အမည် မဖော်လိုပါ
ပလီ တတ်သော
လောကဓံ တရား
ဘယ်အချိန်က ခါးသက်သွားသလဲ။

မြား တစ်ချက်ထိသလို
ပကတိ အဖြူရောင်လေး
မျက်ရည်ဆေးသား ပေကျံသွားပြီ။

နွေ၏ဒဏ်ကို
ခံယူပါ၏။

ပြန်လည်ဆုံတွေ့ခွင့်ပေးပါ
ဘုရားသခင် ။ ။

"တက်" တစ်ချက်ခေါက်
"တောက်" ကနဲ မြည်
စီကနဲ . . ရှိုက်
လှိုက်ကနဲ . . ငို

လိုစာရင်းပြ
ငိုချင်းချ။

www.burmeseclassic.com

www.burmeseclassic.com

## ( ၂၁ )

"အဲဒီ နောက်ပိုင်း၊ ကျွန်တော် တကို အရမ်းကြိုးစားခဲ့တယ်။ အဘိုး အသွားနဲ့ အဖေတို့ အမေတို့ဆီက၊ အကူ အညီတွေ အများကြီး ယူခဲ့ရတယ်။

ဘာကြောင့် ဆရာဝန်ဖြစ်ချင်တာ လဲဆိုတဲ့ မေးခွန်းကို၊ အဖေ. .အကြိမ်ကြိမ် မေးတယ်။ ကျွန်တော် မပြောပြခဲ့ဘူး။ ဖြစ် ချင်တယ်။ ဖြစ်အောင်လုပ်ပေးပါ။ ဒါပဲ . . ကျွန်တော် တစာစာ ပြောခဲ့တယ်။

ဘာကြောင့်ဆိုတဲ့ အကြောင်း ပြချက်ကို၊ ကျွန်တော် မပေးခဲ့ပေမယ့်၊ အဖေတို့က၊ ကျွန်တော့်ကိုအများကြီး အကူအညီ ပေးခဲ့ပါတယ်။ ဦးဖွ။ ဆရာဝန် ဖြစ်စေ. .လို့ မန်းမှုတ်ပေးလို့ရရင် အဖေ. .



မန်းမှုတ်ပေးချင်ပါတယ်. .တဲ့။ ဒါပေမဲ့ . . ဘယ်အရာပဲ ဖြစ်ဖြစ်၊ တကယ်ဖြစ်ချင် တကယ်လုပ်ရမှာက, သားကိုယ်တိုင်ပဲ . . တဲ့။ အဖေ, ကျွန်တော့်ကို ပြောတယ်။

အဲဒီ, ဆဋ္ဌမတန်းနှစ်မှာ၊ အဖေနဲ့ ကျွန်တော် အပေးအယူ တစ်ခုလုပ်ခဲ့တယ်။ ဆရာဝန်တကယ်ဖြစ်ချင်တာ မှန်ရင်၊ ခြောက်တန်းမှာအဆင့်တစ်ရအောင်လုပ်ပြ ရမယ်. .တဲ့။ ကျွန်တော် လုပ်ပြနိုင်ခဲ့တယ်။ အဲဒီနောက်ပိုင်း၊ ကျွန်တော့် တစ်မိသားစုလုံး က၊ ပညာရေးနဲ့ ပတ်သက်ပြီး၊ လိုလေသေး မရှိအောင်၊ စီမံပေးခဲ့တယ်။

ကျောင်းချိန်တွေ၊ ကျူရှင်ချိန်တွေ၊ စာကျက်ချိန်တွေ၊ လစ်ဟင်းမှာစိုးတာက၊ တစ်ကြောင်း။ မိဘ,မသိအောင်၊ ခိုးချောင် ခိုးဝှက်လာရမှာက၊ တစ်ကြောင်းကြောင့်။ ဒီ. . အိမ်ဘက်ကို ကျွန်တော် . .မရောက်ခဲ့ဘူး။

ဆယ်တန်းမှာ၊ ဂုဏ်ထူးလေး ဘာသာနဲ့အောင်ပြီး၊ ဆေးတက္ကသိုလ်တက် ခွင့်ရခဲ့တယ်။ ဆယ်တန်းအောင်စာရင်းထွက် တဲ့နေ့က၊ ဒီ. .အိမ်ရှေ့ကို ရောက်သေးတယ်။ ဒါပေမဲ့ . . မမနွယ်နဲ့၊ မတွေ့ခဲ့ပါဘူး။

www.burmeseclassic.com

www.burmeseclassic.com



ဆရာဝန်ဖြစ်ခါစ,မှာတစ်ခေါက်၊ နယ်မှာ
အမှုထမ်းဖို့သွားခါနီးတုန်းက, တစ်ခေါက်။
စိတ်ရောဂါအထူးကု ဆက်ယူပြီး၊ စိတ်
ရောဂါအထူးကုဆရာဝန်အဖြစ် အမှုထမ်း
ရတဲ့နေ့က, တစ်ခေါက်။ ကျွန်တော် . .
ရောက်ခဲ့သေးတယ်။

အိမ် . .အမှုထမ်းက၊ မသီရိနွယ်
မရှိဘူး . .လို့ ဖြေတဲ့အတွက်။ ကျွန်တော်
ဘာလုပ်ရမှန်း မသိခဲ့ဘူး"

စကားစ,ရပ်လျက်၊ ဦးချမ်းမြေ့ကို တစ်လှည့်၊ ငယ်စဉ်တုန်းက သူ . .ရောက်ဖူးခဲ့သည့်၊ အခန်းတစ်ခန်း၏ တံခါးဝ,သို့ တစ်လှည့်၊ ကြည့်လိုက်သည်။ ပြီးမှ . .

"မသီရိနွယ်ရဲ့ အမေရော
အန်ကယ်။ ဟိုအခန်းထဲမှာလား"

ဦးချမ်းမြေ့၊ သက်မ,ရှိုက်လိုက်သည်။ သက်ပြင်း၏ ထင်းစွာမချ။

"သမီးရဲ့အမေ၊ ဆုံးသွားတာ
ကြာပြီကွဲ့"

"ဗျာ"

မိခင်ကို ကုသ,ပေးချင်လွန်းသောကြောင့်၊ ဆရာဝန် ဖြစ်ချင်သည် . .ဟု၊ ပြောခဲ့ဖူးသော သီရိနွယ်၏စကားသံလေး ကို၊ ပြန်လည်ကြားယောင်သည်။



ထိုစဉ် . .ဦးချမ်းမြေ့၏ နံဘေးသို့၊ လူတစ်ယောက် ဝင်ထိုင်၏။ ရုပ်ရည်ပြေပြစ်သည့် လူရည်သန့်တစ်ဦး။

"ဩော် . .။ မောင်အောင်ကျော်စွာ။
ဒါ . .အန်ကယ့်ရဲ့သား၊ သမီးရဲ့အစ်ကို၊
မောင်သောင်းတန် . ."

တွေ့ရတာဝမ်းသာပါတယ် . .ဟု၊ နှုတ်မှ ပြောမထွက်။ ကိုသောင်းတန်ကို ပြုံးပြလျက်၊ သူက . .

"ကျွန်တော်၊ အောင်ကျော်စွာပါ။
ဒါက . .ကျွန်တော့်သူငယ်ချင်း၊ ဒေါက်တာ
. .ဝေလင်း"

"ဝမ်းသာပါတယ်ကွာ။ တွေ့ရတာ" . .ဟု၊ ကိုသောင်းတန် ပြော၏။ ပြောပြီး . .သူ့ကို စိတ်ဝင်တစား ကြည့်နေလေ၏။ ကိုသောင်းတန်ဘက်သို့ လှည့်ပြီး၊ ဦးချမ်းမြေ့က၊ "သားကြီး" . .ဟု၊ ခေါ်၏။ ပြီးနောက် . .သူ့ထံသို့ လက်ညွှန်လျက် . .

"အောင်ကျော်စွာက၊ ဒေါက်တာ
ဖြစ်နေပြီကွ"

"ဩော်။ မုန့်ဖက်ထုတ်သည်
ကောင်လေး။ အောင်ကျော်စွာ။ ဆရာဝန်
ဖြစ်နေပြီ။ ကိုယ် . .ဝမ်းသာပါတယ် ညီလေး
ရာ"

သူ့အမည်၊ သူ့အကြောင်းကို၊ ရင်းနှီးနေကြဟန်ကို မြင်ပြီး

www.burmeseclassic.com

www.burmeseclassic.com


. . သူ . .အံ့သြချင်၏။

"ညီမလေးက, တော့၊ ဆရာဝန် လိုင်းရတယ်။ ဒါပေမဲ့, သူ . .ဆရာဝန် မဖြစ်တော့ဘူး။ တရားခံထဲမှာ . .ကိုယ်ပါ ပါတယ်ကွာ"

စကားသံ တုန်ယင်သွား၏။ မျက်ရည်တွေ ဝေ့တက်လာသည်ကို မြင်သည်။ အိမ်နံရံရှိ သီရိနွယ်၏ ဓာတ်ပုံတစ်ပုံကို သူ . .မော့ကြည့်လိုက်သည်။

"မသီရိနွယ်နဲ့ ကျွန်တော် တွေ့ပါရစေ". .ဟု၊ အခွင့် တောင်းချင်သည်။ စကားစ, မပြတ်သေး။ သိချင်စရာတွေ မစုံလင်သေး။

မမနှင့်သက်ဆိုင်သမျှ၊ မမ . .ကိုယ်တိုင် ပြောပြနိုင်စွမ်း မရှိတော့သည့်တိုင်။ အဖေနှင့် အစ်ကိုဖြစ်သူတို့က,တော့၊ တချို့ တစ်ဝက် အဖြစ်အပျက်ကို၊ ပြည့်စုံလုနီးပါး၊ ပြောပြနိုင်ကြလိမ့် မည်. .ဟု၊ ယုံကြည်၏။

သူ . .ပြောပြသော သူနှင့် သီရိနွယ်အကြောင်းကို ဦးချမ်းမြေ့က၊ သားဖြစ်သူ ကိုသောင်းတန်အား၊ စကား လက်ဆင့်ကမ်းလေ၏။ ထို့နောက် . ., သီရိနွယ်အကြောင်းကို အဖေနှင့် အစ်ကိုတို့က၊ ကြေကွဲဆို့နင့်ခြင်း၊ တသနှမျောခြင်း တို့ဖြင့်၊ ရင်မချမ်းမြေ့ဖွယ်၊ ပြောပြကြလေသည်။

နားမကြားရသော၊ စကားလုံးတို့သည်၊ ရင်တွင်းသို့ ပျော့ခွေစွာစီးဝင်လာရသည့်၊ မီးတောင်တစ်ခု၏ ချော်ရည်စီး ချောင်းများပမာ၊ ခံစားပူလောင်ရလေ၏။ လွမ်းတ,ရင်နင့်ပါ သည် . .မမနွယ်။

❀

သီရိနွယ် ဆယ်တန်းအောင်သောအခါ၊ ဆေးတက္ကသိုလ် တက်ခွင့်ရသည်။ ဆယ်တန်းဖြေပြီး၊ ရန်ကုန်အိမ်သို့ ပြန်လာ သောအခါ၊ နှစ်ဦးပိုင်းတုန်းက၊ မုန့်ဖက်ထုတ်သည်လေး လာ သွားကြောင်းကို၊ သူ့အဒေါ်ပြောပြသဖြင့်၊ သူ. .သိရသည်။

"ဆရာဝန်ဖြစ်အောင် ကြိုးစား" ဟူသော စကားကို၊ သီရိနွယ်မှာကြားသည့်အတိုင်း၊ မှာကြားပေးကြောင်း၊ ကောင်လေးမှာ တခြားပြောစရာရှိပုံရကြောင်း . .သီရိနွယ် ကြားသိရ၏။ ထိုအခါ . .အောင်ကျော်စွာကို ပိုသတိရမိသည်။

နေရပ်လိပ်စာကို မတောင်းထားမိလေခြင်း . .ဟု၊ တွေးပြီး စိတ်မကောင်းဖြစ်ရသည်။ ထို. .စိတ်ခံစားမှုကို၊ ဒိုင်ယာရီထဲမှာ သူ . .ရေးမှတ်၏။

❀

မန္တလေး ဆေးတက္ကသိုလ်တွင်၊ ဒုတိယနှစ်တက်ရောက် သင်ကြားနေစဉ်၊ မိခင် ဆုံးပါး၏။ ရန်ကုန်သို့ ပြန်လာသည်။ ဘာပနသင်္ဂြိုဟ်မည့်နေ့တွင်၊ သီရိနွယ်၏ စိတ်များ၊ စ,တင်

www.burmeseclassic.com

www.burmeseclassic.com



ယိမ်းယိုင်၏။

"မေမေ့ကို လွှတ်လိုက်ပါ. .သမီးရယ်။ မေမေ . .ဖြောင့်ဖြောင့်တန်းတန်း ဘဝ,ကူးပါစေ။ ဖေဖေ ပြောနေတယ်လေ သမီး။ ဖေဖေ့စကားကို နားထောင်ပါ သမီးရယ်"

သမီးဖြစ်သူကို ချော့မော့ပြောဆိုရင်း၊ ဦးချမ်းမြေ့ ငိုကျွေးမိလေသည်။ သီရိနွယ်က၊ မိခင်၏အလောင်းပေါ်ကို မှောက်အိပ်ထား၏။ ဈာပနကိစ္စ၊ ကြန့်ကြာလျက်ရှိနေပေပြီ။ ဆွေမျိုးသားချင်းများ၊ ညှို့သည်ဆောင်တာများ၊ ဈာပနခရီးကို ပို့ဆောင်မည့်သူများ၊ အိမ်ဝင်းထဲတွင် ပြည့်နှက်နေ၏။

တမလွန်ရထား. .ဟု၊ ခေါ်ဝေါ်သင့်သော နိဗ္ဗာန်ယာဉ် (သို့မဟုတ်) ဈာပနသယ်ဆောင်မည့် မော်တော်ကားသည် အိမ်၏ဆင်ဝင်အောက်တွင် စောင့်ဆိုင်းလျက်ရှိ၏။ ကြေးစည်သံသည် အဆက်မပြတ်။

"သမီး"

ဖခင်၏ ခေါ်သံကို၊ သီရိနွယ် မကြားသကဲ့သို့ ဖြစ်နေ၏။

"မိနွယ်။ ဖယ်စမ်း"

အကျဉ်းစခန်းမှ ပြန်ရောက်ကာစ၊ အစ်ကိုဖြစ်သူ သောင်းတန်က၊ သီရိနွယ်၏ လက်မောင်းတွေကို ဆွဲမ,သည်။ သို့သော် . .သီရိနွယ်၊ နေရာမရွှေ့။ ဆွဲသောလက်ကို ဆောင့်ရုန်း၏။



"ဟဲ့။ ဖယ်လို့ပြောနေတယ်မို့လား"

သောင်းတန်က၊ တွန်းတွန်းတိုက်တိုက် ပြုမူတော့မည် . .ဟု၊ သိသဖြင့် ဦးချမ်းမြေ့ ဝင်တားသည်။

"သားကြီး။ ညီမ,လေး အရမ်းစိတ်ထိခိုက်နေတယ်။ သား နောက်ဆုတ်နေလိုက်။ ဖေဖေ . . ပြောပါ့မယ်"

မျက်ရည်စ,များကို ဦးချမ်းမြေ့ ဖယ်သုတ်၏။ သီရိနွယ် မျက်ရည်မကျ။ မိခင်၏ရင်ခွင်ထက်တွင် ဦးခေါင်းကို တစောင်းတင်လျက်၊ မိခင်မျက်နှာကို ငေးကြည့်နေရှာ၏။

"သမီး။ သေဆုံးပြီးတဲ့သူကို၊ သင်္ဂြိုဟ် ရတယ်ဆိုတာ သမီး သိရဲ့သားနဲ့ကွယ်။ အချိန်တွေ နောက်ကျနေလိမ့်မယ် နော်. .သမီး"

ဦးခေါင်းကို လှုပ်ရှုံသာခါ၏။ မိခင်မျက်နှာကို ငေးကြည့်ပြီး . .

"မေမေ့ကို သမီးက၊ ဆေးကုပေးမလို့။ ဆရာဝန်ဖြစ်အောင် လုပ်နေတာ။ မေမေ မသေရဘူး။ မေမေ့ကို သမီး ဆေးကုပေးရဦးမယ်။ ဘယ်မှ ခေါ်မသွားရဘူး။ မေမေ့ကို . .ဘယ်သူ့မှ ခေါ်မသွားရဘူး"

ညင်သာစွာ လိမ့်ဆင်းလာသော သီရိနွယ်၏ မျက်ရည်

www.burmeseclassic.com

www.burmeseclassic.com



များက၊ မိခင်ဖြစ်သူ၏ ရင်ခွင်ထက်တွင် နစ်ဝင်သွား၏။ အဒေါ်ဖြစ်သူက အနားတွင် လာထိုင်သည်။ သီရိနွယ်၊ ငုံ့မကြည့်။ အမေကိုသာ ဖက်ထား၏။

"နွယ်။ သမီး။ အဲလိုမလုပ်နဲ့လေ
သမီးရယ်။ ဒေါ်ကြီး စကားကို နားထောင်
နော် . .သမီး"

အဒေါ်ဖြစ်သူကို မျက်ရည်ဝဲသောမျက်ဝန်းများဖြင့် မော်ကြည့်၏။

"သမီး . .ဆရာဝန်မဖြစ်သေးဘူး
ဒေါ်ကြီးရဲ့။ သမီး မေမေကို၊ သမီး . .ကုခွင့်
မရတော့ဘူး။ သမီးရည်ရွယ်ချက်တွေ၊ ဘာ
လုပ်တော့မှာလဲ။ မေမေ့ကို ကုဖို့၊ သမီး. .
ဆရာဝန်ဖြစ်ချင်တာ"

စကားအဆုံးတွင်၊ မိခင်၏ရင်ခွင်ထက်၌ မျက်နှာအပ်၍ သည်းထန်စွာ ငိုကျွေး၏။

"ကဲပါ . .သမီးရယ်။ မေမေ့ကို ကုခွင့်မရပေမယ့်၊ မေမေ့လိုလူနာတွေ လောက,ကြီးမှာ အများကြီးပဲလေ သမီးရဲ့။ နေမကောင်းဖြစ်နေပါမယ်သမီးရယ်။ ထ,တော့နော်" . .ဟု၊ အဒေါ်ပြော၏။ မိခင်ရင်ထက်မှ၊ သီရိနွယ်က ကိုယ်မခွာ။

"သမီး။ ဖယ်ပေးတော့နော်။
မေမေ့ကို သင်္ဂြိုဟ်ရတော့မယ်"

ဦးချမ်းမြေ့က ဆို့နင့်သောလေသံဖြင့် ပြောသည်။



သီရိနွယ်က, မိခင်ကိုပို၍ တင်းကျပ်စွာဖက်တွယ်ထား၏။ ကျောင်းတန်က, ဒေါ်နှင့်မောနှင့် ဝင်ရောက်ပြီး . .

"မိနွယ်။ နင်. .ရူးသလို ကြောင်
သလိုလုပ်မနေနဲ့။ ဖယ်တော့ . .။"

သီရိနွယ်၏ ချိုင်းနှစ်ဖက်မှ၊ ဆွဲမ,၏။

"ကိုကို။ ငါ့ကိုလွှတ်၊ ငါ့ကိုလွှတ်။
ငါ . .မရူးဘူး။ နင်သာ . .မူးရူးနေတာ။
မအေကို မအေမှန်း မသိဘဲနဲ့၊ ငါ့ကို ဆရာ
မလုပ်နဲ့။ ဖယ်. .ငါ့ကိုလွှတ်။
မေမေ့ကို ငါ ဆေးကုရဦးမယ်။
ငါ. .ဆေးမကုရသေးဘဲနဲ့။ မေမေ . .ဘယ်မှ
မသွားရဘူး။ မသွားရဘူး"

သီရိနွယ်. .အသံကုန် အော်ဟစ်ရုန်းကန်လေ၏။

"သားကြီး။ ညီမလေးကို ကြမ်းကြမ်းတမ်းတမ်း မလုပ်ပါနဲ့။ အဖေ ပြောပါ့မယ်" . . ဟု၊ ဦးချမ်းမြေ့၊ ဝင်ရောက်ဖျန်ဖြေ၏။ သီရိနွယ်၏ အဒေါ်က၊ သီရိနွယ်၏ စိတ်သောက,ကို ကြည့်ရင်လျက်၊ မျက်ရည်တွေတွေကျသည်။

ရုန်းရင်း . .ကန်ရင်း . .ငိုကြွေးရင်းဖြင့်၊ သီရိနွယ် ရင်ဆို့ငိုမျှောသွားလေသည်။

❀

www.burmeseclassic.com



ထိုနေ့မှစ၍၊ သီရိနွယ် . .မန္တလေးသို့ မပြန်တော့။ ထိုနေ့မှစ၍၊ သီရိနွယ် . .ကျောင်းမတက်တော့။

အစပထမ၌၊ မိခင်၏ စိတ်သောက,ကြောင့်၊ ခေတ္တခဏ စိတ်အနားယူခဲ့ခြင်း . .ဟု၊ ဦးချမ်းမြေ့ ထင်မိခဲ့သည်။ တစ်လ ကျော်လောက်ကြာသောအခါ၊ ကျောင်းတတ်ဖို့အကြောင်း စကားစ,သောအခါ၊ သီရိနွယ်၏ စိတ်နှလုံး၌၊ ကျောင်းတက်လို စိတ်မရှိတော့သည်ကို၊ သိလိုက်ရ၏။

"မေမေ့ကို၊ ကုဖို့အတွက်၊ သမီး . .ဆေးတက္ကသိုလ်တက်ခွင့်ရအောင် ကြိုး စားခဲ့တာ။ အခု . .မေမေ မရှိတော့ဘူး သမီး . .ကျောင်းတက်စရာ မလိုတော့ဘူး

. . ဟု၊ မျက်ရည်ကျရင်းပြော၏။

သားအကြီးဖြစ်သူက၊ မူယစ်ဆေးဝါး မပြတ်တတ်သေး သမီးဖြစ်သူက . . စိတ်ဖိစီးမှု ဒဏ်ရာ(ငယ်)ကို၊ မှန်ကန်စွာ မတုံ့ပြန်တတ်သေး။ ထို့ကြောင့် ဦးချမ်းမြေ့၏ စိတ်သောက သည် ပို၍ ထုထည်ကြီးမားခဲ့ရ၏။ သားနှင့်သမီး၏ နောင်ရေး ကို ပို၍ ရတက်မအေးဖြစ်ခဲ့ရ၏။

ဦးချမ်းမြေ့က၊ အရောင်းအဝယ်ကိစ္စဖြင့်၊ ခရီးထွက်နေ သည်က၊ များသည်။ သားသမီးအရေးက၊ တစ်ဖက်။ စီးပွားရေး က,တစ်ဖက်။ ဇနီးဖြစ်သူ ဒေါ်နွယ်နွယ်ရှိစဉ်ကလည်း၊ ဇနီး၏ ကျန်းမာရေးကိစ္စက၊ တစ်ဖက်။ ယခု ဇနီးသည်ဆုံးပါးပြီး



သော်လည်း . .၊ သောကလက်ကျန်တို့ စုစုပုံပုံကြုံနေရဆဲ ဖြစ်၏။

စီးပွားရေးလုပ်ငန်းကို ရန်ကုန်တွင်သာ၊ အခြေစိုက်ဖို့၊ ဦးစားသည်။ မရ။ ကျောက်မျက်ရတနာဆိုင်၊ ဖွင့်နိုင်လောက် သည်အထိ၊ ငွေကြေးက မကြွယ်ဝသေး။ တစ်နိုင်တစ်ပိုင် ဝယ်နိုင်ပြီး၊ တစ်နိုင်တစ်ပိုင် ရောင်းချနိုင်သည်သာ၊ ရှိသေး၏။

ဇနီးဖြစ်သူ၏ ကျန်းမာရေးအတွက်၊ မရီးဖြစ်သူကို အကူ အညီတောင်းခဲ့ရသည်။ ဇနီးဆုံးပါးပြီးသည့်တိုင်၊ သမီးဖြစ်သူ၏ နေရေးထိုင်ရေး ကျန်းမာရေးတို့အတွက်၊ မရီးဖြစ်သူကိုသာ၊ အားကိုးအားထားပြုခဲ့ရ၏။ လေးငါးဆယ်နှစ်အတွင်း၊ ခရီးမှ တစ်ခေါက်ပြန်ရောက်စဉ်တိုင်း၊ ကြီးတော်၏ ဆိုဆုံးမမှုရှိနေပါ လျက်၊ သားဖြစ်သူ သောင်းတန်သည်၊ မူးယစ်ဆေးဝါး သုံးစွဲ မှုအတွက်၊ အိမ်တွင်းပစ္စည်းပစ္စယတို့ကို၊ အလွဲသုံးစားလုပ်ပစ် ကြောင်း . .အမြဲလိုလိုကြားရသည်။ ရိုက်နှက်ထိုးကြိတ်၍ ဆုံး မြိမ်းရုံမှတစ်ပါး၊ ဦးချမ်းမြေ့ မစွမ်းနိုင်ခဲ့။ အစ်ကိုဖြစ်သူ သောင်းတန်က၊ ညီမဖြစ်သူ သီရိနွယ်၏ လက်ဝတ်ရတနာ အချို့ကို ခြိမ်းခြောက်ရိုက်ပုတ်၍၊ လုယူတတ်သေးကြောင်း သီရိနွယ်မှာ အစ်ကိုနှင့်မျက်နှာချင်းမဆိုင်ဖြစ်အောင်၊ ပုန်းအောင်း နေရကြောင်း၊ ဦးချမ်းမြေ့ ကြားသိရလေသည်။

မူးယစ်ဆေးဝါးသုံးစွဲမှုဖြင့်၊ သားဖြစ်သူ သောင်းတန်အား ဆေးယူနိုင်စေရန်၊ သက်ဆိုင်ရာသို့၊ ရင်နင့်ခြင်းကြီးစွာဖြင့်၊ သပ်မံတိုင်ကြားလိုက်ရပြန်၏။

www.burmeseclassic.com

www.burmeseclassic.com



သောင်းတန် အိမ်မှာ . .မရှိတော့သည့်တိုင်၊ ကြီးတော်နှင့် ထားခဲ့ရမည့်၊ သမီးဖြစ်သူ သီရိနွယ်ကို၊ စိတ်မချနိုင်သေး။ ကျောင်းမတက်လိုတော့ . .ဟု၊ ဆိုသဖြင့်၊ စိတ်တိုင်းကျ နေထိုင်စေခဲ့သည်။ သို့ဖြစ်သည့်တိုင်၊ သမီး သီရိနွယ်သည်၊ ရွှင်ရွှင်ပျပျမရှိ။ စိတ်ဖိစီးမှုတစ်ခုခုကြောင့်၊ မိခင်ကဲ့သို့သော ရောဂါမျိုးဖြစ်ဦးမလား . .ဟု၊ တွေး၍ စိုးရိမ်လာသည်။

မျိုးရိုးလိုက်တတ်သည်. .ဟူသော၊ ဖြစ်လေ့ဖြစ်ထကို အစွဲအမှတ်ကြီးထားသဖြင့်လည်း၊ စိုးရိမ်ကြီးခြင်းက၊ အဆ,များစွာ ပိုတိုးလာ၏။ ထို့ကြောင့်, သမီး၏ ပျော်ရွှင်ရေး. .ချမ်းမြေ့ရေး . .ဘဝလုံခြုံကျန်းမာရေးအတွက်၊ အပူတပြင်း စဉ်းစားရလေသည်။ ဉာဏ်မှီသလောက်သာ စဉ်းစားခြင်းဖြစ်၏။ အမှား . . အမှန် မဝေခွဲရက်။

❀ ❀ ❀

( ၂၂ )

အောင်ကျော်စွာရေ။
မင်း . .ကုရမယ့် လူနာတော့ ဆုံးသွားပြီ။
မင်း . .ဆရာဝန်ဖြစ်တဲ့အခါ၊ ငါ့ကိုသာကုပေးပါတော့။

ငါ. .စိတ်ညစ်တယ် အောင်ကျော်စွာ။
နင်သာ . .ငါ့ မောင်အရင်းလေး ဖြစ်လိုက်ပါတော့။
ငါ့အစ်ကိုက၊ တော်တော် ဆိုးတယ်။
အဖေက,လည်း . .သူ့ကို မနိုင်ဘူး။
အမေ ဆုံးသွားတာကို၊ ငါ့အစ်ကိုက၊ နှမြောပုံမရဘူး။
ငါက,တော့၊ နှမြောတယ်။ အမေ မရှိတော့တာဟာ၊
ငါ့. .အနာဂတ် မရှိတော့တာနဲ့ အတူတူပဲ။
ကောင်လေးရယ်. .
နင်သာ . .ငါ့အနားမှာ ရှိရင်၊ သိပ်ကောင်းမှာပဲ။

www.burmeseclassic.com

www.burmeseclassic.com



❀

ဘယ်သူနဲ့မှ စကားမပြောချင်တော့တဲ့ ငါ့ကို၊
ရူးတော့မယ်. .လို့၊ အားလုံးက စိုးရိမ်နေကြတယ်။
ငါ. .မရူးပါဘူး။ ငါရူးရင်လည်း ဒေါက်တာ
အောင်ကျော်စွာ ကုပေးလိမ့်မယ်။

မင်း . .ဘယ်မှာလဲ အောင်ကျော်စွာ၊ မင်းက, ကတိတည်မယ့်လူတစ်ယောက်ပါ။ မင်း. .ဆရာဝန်ဖြစ်ရင် တို့ဆီရောက်လာလိမ့်မယ်. .လို့၊ တို့ ယုံကြည်တယ်။ တို့က,တော့ ဆရာဝန်မဖြစ်ချင်တော့ဘူး။ လူနာပဲဖြစ်ချင်တော့တယ်။

❀

သီရိနွယ်၏ အိပ်ခန်းထဲမှ၊ ဟောင်းနွမ်းနေပြီဖြစ်သော နေ့စဉ်မှတ်တမ်းစာအုပ်ကို၊ ဦးချမ်းမြေ့ ဖတ်လိုက်ရသည် သီရိနွယ်သည်၊ မိခင်ဆုံးပါးပြီးသည့်နောက်ပိုင်း. .မည်သူ့၏ ဖြစ်ဖြစ်၊ စကားသိပ်မပြောတော့ချေ။

ပြောချင်ရာစကားများကို၊ ဒိုင်ယာရီ စာအုပ်ထဲတွင်သာ တတွတ်တွတ်ပြောဆိုနေခဲ့ဟန်တူ၏။ "အောင်ကျော်စွာ" ဟူသောအမည်ပိုင်ရှင်ကို၊ တိုင်တည်၍ ရင်ဖွင့်နေဟန်တူသည်

ဒိုင်ယာရီစာအုပ်ကို၊ သမီး၏ ခေါင်းအုံးအောက်မှ



နေသားတကျပြန်ထားလိုက်သည်။ အောင်ကျော်စွာ ဆိုတာ ဘယ်သူလဲ . .ဟု၊ သီရိနွယ်ကို ဦးချမ်းမြေ့ မေး၏။ သီရိနွယ် အဖြေမပေး။ နှုတ်မဟ။ ဦးခေါင်းကိုသာ ငြိမ်သက်စွာခါယမ်းပြ၏။

မရီးဖြစ်သူ ဒေါ်ကြည်ကြည်ကို မေးကြည့်သောအခါတွင်လည်း၊ တိတိကျကျအဖြေမရ။ အောင်ကျော်စွာဆိုတာ၊ မုန့်ဖက်ထုတ်ရောင်းတဲ့ကောင်လေးတစ်ယောက်။ အိမ်ထဲကိုတစ်ခါလိုက်လာဖူးသူ။ သီရိနွယ်ထက် အငယ်ငယ်သူ။

သီရိနွယ်က ဆရာဝန်ဖြစ်အောင်လုပ်ဖို့ မှာကြားခြင်းခံရသူ။ သီရိနွယ် ဆယ်တန်းတက်ဖို့ မန္တလေးရောက်နေစဉ်က၊ အိမ်ရှေ့သို့ . .တစ်ခေါက်ရောက်လာသူ . .စသည်ဖြင့်သာ သိရ၏။ ခြေခြေမြစ်မြစ် သိခွင့်မရ။

"အောက်ကျော်စွာက. .ဘယ်မှာနေတာလဲ" . .ဟု၊ မေး။ နေရပ်လိပ်စာမသိ။ သီရိနွယ်က၊ အောင်ကျော်စွာလာရင်၊ ဆရာဝန်ဖြစ်အောင် ကြိုးစားဖို့ ပြောပေးရန်သာ မှာထားဖူးကြောင်း၊ အောင်ကျော်စွာ လာသောအခါ. .သီရိနွယ်မှာသည့်အတိုင်း ပြောဖူးကြောင်း. .သီရိနွယ်၏ ကြီးတော်က ဦးချမ်းမြေ့ကို၊ ပြောပြ၏။

"သမီးနဲ့၊ အဲဒီအောင်ကျော်စွာ
နဲ့က၊ သမီးရည်းစားတွေလား"

"အခု. .အရွယ်ဆိုရင်တော့၊
ဟုတ်ချင် ဟုတ်မှာပေါ့။ ဟိုတုန်းက,တော့၊

www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ဘူး။ အစ်မ,တွေ့ဖူးတုန်းက ကောင်လေးက . .ငယ်ငယ်လေးပဲရှိသေး တာ။ အောင်ကျော်စွာ ဘယ်သူဘယ် သိရတော့၊ မောင်ချမ်းမြေ့က ဘာလု မလို့လဲ"

"သမီးရဲ့ဒိုင်ယာရီကို ကျွန်တော် ဖတ်ရတယ်။ သမီးက အဲဒီအောင်ကျော် ဆိုတဲ့ ကောင်လေးကို တော်တော်ခင်မ တယ်။

အဲဒီကောင်လေးသာ၊ သမီးအနား မှာရှိရင်၊ သမီး၊ စိတ်ချမ်းသာမယ် ထ တယ်။ သမီးက အဲဒီကောင်လေးကို ဆရာဝန်ဖြစ်အောင် ကြိုးစားဖို့၊ ဘာကြော မှာတာလဲ။ အဲဒါ. .အစ်မ, သိလား"

ဒေါ်ကြည်ကြည်က ...,

"မသိဘူး။ သမီးနွယ်က၊ ဘာ ပြောမပြဖူးဘူး။ မုန့်ဖက်ထုတ်ဝယ်ရင်း ခင်သွားကြပုံပဲ။

အိမ်ထဲကို လိုက်လာတုန်းက ဖအေ သိရင်ဆူအုံးမယ် . .လို့၊ အစ်မ . ပြောဖူးသေးတယ်။ သမီးနွယ်ပဲ သေ ချာချာ သိမှာပေါ့။ မေးကြည့်ပါလား"



"မပြောဘူး"

"အခုရော. .အဆက်အသွယ် ရှိနေ လို့လား"

"ရှိပုံမရဘူး". .ဟု၊ ဦးချမ်းမြေ့ ပြော၏။

သမီးကို၊ အစဉ်မပြတ် ဂရုစိုက်ရန်၊ ခရီးသွားစဉ်တိုင်း၌ ဦးချမ်းမြေ့ တတွတ်တွတ်မှာကြားသည်။ သားဖြစ်သူ အိမ်မှာ ရှိသောကာလ ဖြစ်ပါလျက်၊ နောက်ဆံက တင်းမြဲတင်းလျက် ရှိ၏။

သို့ဖြင့် . . .

❀

"အကျဉ်းချုံးပြောရရင်ကွာ။ သမီး ကို မိတ်ဆွေတစ်ယောက်ရဲ့သားနဲ့ လွန်ခဲ့တဲ့ နှစ်နှစ်ကျော်လောက်က၊ အိမ်ထောင်ချပေး လိုက်တယ်"

ဦးချမ်းမြေ့၏စကားလုံးကြောင့်၊ သူ့ရင်ထဲ လှပ်ကနဲ ဖြစ် သွားရ၏။ အမှုအယာမပျက်အောင် ဆက်လက်နေထိုင်နိုင်လိုက် သည်။

www.burmeseclassic.com

www.burmeseclassic.com



"သမီးကွာ။ ငြင်းလိုက်တာရ
အရမ်းပဲ။ ငိုလိုက်တာမှ အရမ်းပဲ။
အန်ကယ်က . .ဖေဖေ့ကို ချစ်ရင်
လိုက်လျောပါ သမီးရယ် . .လို့၊ အသနား
တော့မှ၊ သမီး. .အငိုတိတ်တယ်။ ခေါင်း
ညိတ်တယ်။ အဲဒီလို ခေါင်းညိတ်လိုက်တာ
ဖအေ့စကားကို၊ လိုက်နာလိုက်တာကို
သမီးဘ၀ကို ပိုပြီး ကံဆိုးသွားသလိုပါပဲ"

ဦးချမ်းမြေ့၊ မျက်ရည်ဝဲ၏။ မျက်မှန်ချွတ်သည်။ အင်
လက်မောင်းစ,ဖြင့်၊ မျက်ရည်တို့၏။ မျက်မှန်ကို ပြန်တတ်သည်
ကိုသောင်းတန်က၊ ဦးချမ်းမြေ့ကို တစ်လှည့် . .သူ့ကိုတစ်လှည့်
ကြည့်၏။ ဝေလင်း ငြိမ်သက်နေသည်။

"သမီးကို၊ စိတ်ရောဂါဖြစ်
အန်ကယ် သိပ်ကြောက်တယ်။ အိမ်ထော
ပြုပေးတာတောင်မှ၊ သမီးမှာ . .အဲဒီရော
မျိုးရိုးရှိတယ်ဆိုတာ၊ အန်ကယ် ကွယ်
ခဲ့တယ်။ ဒါပေမဲ့ . .အန်ကယ် ဘယ်လော
ပဲစိုးရိမ် . .စိုးရိမ်။ ဖြစ်မယ့် . .ကံပါရင်၊ ဖြ
ဖြစ်တော့တာပါပဲ"

❀

မေမေ . . မရှိတော့တာ နှစ်



များစွာ ကြာခဲ့ပေမယ့် တို့အနားမှာ၊ မေမေ ရှိနေတယ်။ တို့မေမေကို သတိရတယ်။ တို့ အိမ်ထောင်ပြုလိုက်ပြီ အောင်ကျော်စွာ။ တို့ ချစ်တဲ့ မေမေ မရှိတော့ပေမယ့်၊ တို့ချစ်တဲ့ ဖေဖေ့ကို တို့ စိတ်ချမ်းသာစေချင်တယ်။

တို့အိမ်ထောင်ပြုတာဟာ၊ ဖေဖေ့ စကားကို နားထောင်လိုက်ရုံတစ်ခုတည်းပါ။

ဖေဖေက၊ တို့ . .ရူးသွားမှာ စိုးရိမ်နေပုံရတယ်။ တကယ်တော့ တို့ မရူးပါဘူး။ အရူးလိုနေချင်တာ။ သွက်သွက်ခါအောင် ရူးသွားမှ၊ တို့ . .ခံစားနေရတဲ့သောက,ဒဏ်တွေက,နေ ကင်းဝေးသွားမှာပေါ့။ ဒီတစ်သက်၊ တို့ . .ဆရာဝန်မဖြစ်တော့ဘူးလေ။

အောင်ကျော်စွာရယ်။ တို့ မင်းနဲ့ တွေ့ချင်လိုက်တာ။ တို့ . .လူမှန်းသိစ,က၊ မေမေက စိတ္တဇဝေဒနာသည်။ ဖေဖေက . . အဝေးမှာ။ အစ်ကိုက ကြင်ကြင်နာနာ မရှိတဲ့ . .သူ။ မင်းကိုပဲ . .တို့ချစ်တယ် . . အောင်ကျော်စွာ။ မင်းမျက်လုံးလေးတွေက တည်ကြည်ကြင်နာတတ်တဲ့ မျက်လုံးလေး

www.burmeseclassic.com

www.burmeseclassic.com



တွေလေ။

ဒါပေမဲ့ . .မင်းလည်း၊ တို့

ရက်စက်တာပါပဲ။ တို့ဆီကို၊ တစ်ခေါ

မလာဘူးနော်။ ဆရာဝန်ဖြစ်ရင်

အရောက်လာပါ အောင်ကျော်စွာရယ်။

... ... ... ... ..

... ... ... ...

သမီးဖြစ်သူ၏ ဒိုင်ယာရီစာအုပ်ကို၊ ဦးချမ်းမြေ့ ဖျက်ပစ်လိုက်သည်။ ထိုစာအုပ် ပျောက်ဆုံးသွားသည့်အတွ သမီးဖြစ်သူက၊ ဦးချမ်းမြေ့အား၊ တစ်လုံးတစ်ပါဒမျှ၊ မေး စောကျောခြင်း မပြု။

ထို့ကြောင့် ဦးချမ်းမြေ့ ပို၍အနေခက်ခဲခဲ့ရသည်။

သီရိနှယ်၏ အိမ်ထောင်ဘက်က အင်ဂျင်နီ အိုးမကွာ၊ အိမ်မကွာ အလုပ်,လုပ်နိုင်စေရန်၊ ကားတစ်စီး အလျင်အမြန်ဝယ်ပြီး၊ လက်ဖွဲ့လိုက်သည်။ မြို့တွင် ဆောက်လုပ်ရေး လုပ်ငန်းများတွင်သာ၊ လုပ်ကိုင်ဆောင်ရွက် ဦးချမ်းမြေ့ ဆန္ဒပြုခဲ့သည်။

❀

အလုပ်အားသော ရက်တွင်၊ ဦးချမ်းမြေ့က၊ သမီးဖြ



စိတ်အပမ်းပြေစေရန်၊ အပမ်းဖြေခရီးထွက်ဖို့ အကြံပေးသည်။ သမီးနှင့် သားမက်က လိုက်နာခဲ့ကြ၏။ ထိုကဲ့သို့ အကြံပြုမိခဲ့ခြင်းသည်ပင်လျှင်၊ သမီးဖြစ်သူကို ဒုက္ခတွင်းထဲသို့၊ ပို့ဆောင်စေသကဲ့သို့ ဖြစ်ခဲ့ရ၏။ လမ်းတွင် ကားမှောက်သည်။ သမီး၏ခင်ပွန်း၊ ပွဲချင်းပြီးသေဆုံးသည်။ သမီး သီရိနှယ်တွင်မူ၊ ပွန်းပဲ့ဒဏ်ရာမျှသာ ရခဲ့၏။ စိတ်နှလုံးအား ပွန်းပဲ့ထိတ်လန့်သွားစေသည်ကို ဦးချမ်းမြေ့ သတိမမူခဲ့ချေ။

❀

"သမီးမှာ၊ သူ့အမျိုးသားရဲ့ ကိုယ်ပွားကျန်ခဲ့တယ်။ အန်ကယ်အနေနဲ့၊ အဲဒီအခြေအနေကို၊ ဝမ်းသာရမလိုလို၊ စိုးရိမ်ရမလိုလိုပါပဲ။

သမီးရဲ့ မွေးဖွားဖို့ကိစ္စ။ ရင်သွေးကို . . လွယ်ထားရတဲ့ကာလ,တွေမှာ . . ၊ သူ့ကြီးတော်က,သာ၊ အနီးကပ်စောင့်ရှောက်နိုင်တာပေါ့။ အန်ကယ်က,တော့၊ ခရီးထွက်လိုက်၊ သမီးအခြေအနေကို၊ ပြန်ကြည့်လိုက်နဲ့။ ကိုယ့်ကိုကိုယ်တောင်၊ ရူးမသွားအောင် ထိန်းသိမ်းနေရသလိုပါပဲ။

သမီး. .မျက်နှာမြင်တဲ့အချိန်မှာ၊

www.burmeseclassic.com

www.burmeseclassic.com



အန်ကယ် မရှိဘူး။ အန်ကယ့်မြေးလေးက
မီးတွင်းမှာပဲ၊ ဆုံးသွားတယ်. . တဲ့"

သူက . ., ထိုင်နေသော သဏ္ဌာန်ပြောင်းလျက်၊ ကိုယ်ကို ရှေ့သို့အနည်းငယ် ရွှေ့ထိုင်လိုက်ပြီး . .

"မီးတွင်းမှာ ကလေးဆုံးသွားလို့
မသီရိနွယ်က စိတ်ထိခိုက်ပြီး၊ အခုလို
ရောဂါသည်ဖြစ်သွားတာလား"

ကိုသောင်းတန်ဘက်သို့၊ ဦးချမ်းမြေ့ ငဲ့ကြည့်သည်။ ပြီးမှ၊ ခေါင်းခါ၏။

"မဟုတ်ဘူး . .သားကြီးပဲ ဆက်ပြောပြလိုက်ပါ" . .ဟု ကိုသောင်းတန်ကိုလှမ်းပြော၏။ "အဲဒီအချိန်မှာ . .အန်ကယ် မရှိဘူး" . .ဟု၊ သူ့ဘက်သို့ကြည့်ပြီး ပြောသည်။ ကိုသောင်းတန်၏ ပြောပြသောစကားများကို၊ သူနှင့်အတူ ဝေလင်းက,ပါ နားစွင့်နေသည်။

❀

ဆေးရုံ၌ သီရိနွယ်မီးဖွားသည့်အချိန်တွင်၊ အနီးအပါးမှာ ကြီးတော်ဒေါ်ကြည်ကြည်မှလွဲ၍၊ မည်သူမျှမရှိ။ အမေ မရှိ၊ အဖေ မရှိ။ လင်ယောကျ်ား မရှိ။

မွေးခန်းထဲက ထွက်ပြီးပြီးချင်း၊ ကိုယ့်အခြေအနေကို ကိုယ် . .မသိသေး။ နံဘေးမှ၊ ကလေးငိုသံကြားတော့မှ



ဘာလေးမွေးလဲ. .ဟု၊ ဒေါ်ကြည်ကြည်ကို သီရိနွယ်မေးသည်။ သမီးလေး . .ဟု၊ ပြောသံကြား၏။ မိခင်မျက်နှာကို မြင်ယောင်သည်။ "ကလေးကော". .ဟု မေးသည်။ "ပေါင်ချိန်မပြည့်လို့ ဆရာဝန်တွေက သီးသန့်ခန်းမှာ ယူထားတယ်". . .ဟု၊ ဒေါ်ကြည်ကြည် ဖြေသည်။

ကလေး နို့တိုက်ချိန်တွင်၊ သီရိနွယ်၏ ရင်ခွင်မှာ . . ကလေးမရှိ။ အခြားတစ်ပါးသော မိခင်တို့၏ရင်ခွင်၌၊ ကလေး ကိုယ်စီ။ ငိုသံ. .အော်သံ ချော့မြူသံတွေဖြင့် စည်စည်ကားကား။

"ဒေါ်ကြီး။ နွယ်ရော . .ကလေး နို့မတိုက်ရဘူးလား". .ဟု၊ ဒေါ်ကြည်ကြည်ကို မေးသည်။ ဒေါ်ကြည်ကြည် ခဏတရက်၊ မဖြေကြားတတ်။ ဟိုပစ္စည်းရှာသလိုလို၊ သည် ပစ္စည်း ရှာသလိုလို၊ လုပ်ပြီးမှ၊ "သမီးဆီမှာ အသားဝါပိုး ...သည်းနည်းတွေ့လို့ . .တဲ့။ ကလေးကို နို့ပေးမတိုက်တာ" . . ...ဟု၊ ပြော၏။ မေးသောအချိန်နှင့် ဖြေသောကာလ မိနစ်ပိုင်းမျှ ...ခြားနားကြန့်ကြာသည်ကို သီရိနွယ် ဘဝင်မကျ။ ဒါပေမဲ့ . . ...ဘာမှ ဆက်မမေးတော့။

ဒေါ်ကြည်ကြည်က တူမ,ဖြစ်သူ သီရိနွယ်၏လုံချည်တွေ ကို၊ ဆေးရုံ၏ ရေချိုးခန်းတွင်၊ သွားရောက်လျှော်ဖွတ်နေစဉ်၊ ...ဆောင်းကုတင်မှ မွေးလူနာအမျိုးသမီးက . .သီရိနွယ်ကို ပြုံးပြ၏။ သီရိနွယ် ပြန်ပြုံးပြသည်။ ပြုံးလျက် . .

"အစ်မ ကလေးရော၊ နေကောင်းရဲ့
လား"

www.burmeseclassic.com

www.burmeseclassic.com



"အစ်မလည်း၊ ညီမလိုပါပဲ။
အဖက်မတင်ဘူး။ မွေးတာသုံးခါရှိပြီ။
ကံပေါ့ . .ညီမ,ရယ်။ ညီမ,လည်း ဘာမှ
စိတ်မကောင်း ဖြစ်မနေပါနဲ့။ နောက်တစ်
ယောက်ထပ်မွေးပေါ့"

သီရိနွယ် ရင်ထဲ ထိတ်ကနဲဖြစ်သွားရလေသည်။ ဘာမျှ ထပ်မေးစရာ မလိုတော့သည့်အဖြေ။

ရေချိုးခန်းမှ ဒေါ်ကြည်ကြည်ပြန်လာသောအခါ၊ "ဆေးရုံဆင်းတော့မည်ဖြစ်ကြောင်း" . .သီရိနွယ် ပြောလိုက်၏။ ဒေါ်ကြည်ကြည်နှင့် ဆရာဝန်များစကားတီးတိုးဆိုနေကြသည်ကို၊ လှမ်းမြင်နေရသည်။ ဘာပဲဖြစ်ဖြစ်၊ ဒေါ်ကြည်ကြည်ကိုလည်း၊ ကလေးအကြောင်း . .ဘာမျှ သီရိနွယ် မမေးတော့။

ဒေါ်ကြည်ကြည်က,မူ၊ အိမ်အပြန်လမ်းတစ်လျှောက်လုံး၊ ကလေးကို ဆေးရုံမှာ နှစ်လ,လောက်ထားခဲ့ရတာဖြစ်ကြောင်း၊ သွေးပြောင်းသွင်းမည်ဖြစ်ကြောင်း၊ ပေါင်ချိန်တိုးတဲ့အထိ စောင့်ကြည့်ကြမှာဖြစ်ကြောင်းတွေ. .ကို၊ သီရိနွယ် မမေးဘဲ ပြောပြနေရှာ၏။

❀

အိမ်ဝင်းတံခါးဖွင့်ဖို့၊ ကားမောင်းသူက၊ ကားဟွန်းတီး



သည်။ အိမ်အဝင်ဝရှိ၊ "သီရိဂေဟာ". .ဟု၊ ဖခင်အမည်ပေးထားသော စာလုံးများကို၊ သီရိနွယ် ငေးကြည့်နေမိစဉ် . .ခြံစောင့်၏ စကားသံကို၊ ငုံ့မကြည့်ဘဲ ကြားနေရ၏။

"ဒေါ်ကြည်။ မောင်သောင်းတန်
လွတ်လာပြီ။ အိမ်ထဲမှာ ရှိတယ်" . .ဟု၊
ပြောသံကြားသည်။

အိမ်တံခါးမ,ကြီးသည် စေ့ထားရုံမျှ။ အိမ်အောက်ထပ်တွင် လူရိပ်လူခြေမတွေ့။ လှေခါးရင်းအရောက်တွင်၊ ဒေါ်ကြည်ကြည်က၊ သီရိနွယ်ကို ဖြေးညင်းစွာ၊ တက်စေ၏။

လှေခါးထိပ်သို့ရောက်သောအခါ၊ အစ်ကိုဖြစ်သူ မောင်သောင်းတန်ကို တွေ့သည်။

"မိနွယ်။ နင်. .ဘာဖြစ်လာတာလဲ"

သီရိနွယ် . .အိမ်ထောင်ကျသည်။ အိမ်ထောင်ဖက်ပါးပါးသည်။ ယခု. .ကလေး ပျက်စီးခဲ့ရသည်တို့ကို၊ မောင်သောင်းတန် မသိ။ မကြား။

"ဟဲ့ . .ဘာဖြစ်လာတာလဲ"

"ဘာမှ မဖြစ်ဘူး" . .ဟု၊ သီရိနွယ် ပြော၏။

"နေမကောင်းလို့" . .ဟု၊ ဒေါ်ကြည်ကြည် ဝင်ပြောသည်။

"နေမကောင်းတာ၊ နေကောင်းတာ
အရေးမကြီးဘူး။ ငါ့ကို ပိုက်ဆံနည်းနည်း
ပေး"

ပြောပြောဆိုဆို၊ သီရိနွယ်၏ လက်ထဲမှ ဆုတ်ကိုင်ထား

www.burmeseclassic.com

www.burmeseclassic.com



သောရှုဆေးကို၊ ပိုက်ဆံလိပ်အထင်ဖြင့် လုလေ၏။ "မရှိဘူး မရှိဘူး" . .ဟု၊ သီရိနွယ် ပြောသည်။ "မရှိရင်၊ နားကပ်တစ်ဖက် ပေး။ ဓားပေး။ ဖေဖေလာရင် ပြန်ပေးမယ်" . .ဟု၊ ပြောကာ သီရိနွယ်၏ နားဆီသို့၊ လက်လှမ်းလေသည်။

သီရိနွယ်က ရုတ်တရက်၊ လက်ကိုပုတ်ထုတ်ပြီး နောက်သို့ လှည့်ပြေးလေ၏။ ခြေလှမ်းတစ်လှမ်းသာ၊ လှမ်းလိုက် ရသေးသည်။

"ဝုန်း။ ဒုန်း"

"ဒုန်း။ ဒုန်း"

လေှကားထိပ်မှနေ၍၊ လေှခါးရင်းဆီသို့ သီရိနွယ် ဒလိမ့် ခေါက်ကွေးလိမ့်ကျသွားလေတော့၏။

"သမီး"

ဒေါ်ကြည်ကြည်၏ အော်သံ။ အစ်ကိုသောင်းတန်၏ ခေါ်သံ။ ဘာကိုမျှ သီရိနွယ် မကြားရတော့။ အမည်နာမ,ကို လည်း ခေါ်၍မရတော့။ ခန္ဓာကိုယ်ကို လှုပ်ခါသော်လည်း၊ သတိ မလည်လာတော့ချေ။ ဦးခေါင်း၊ ခြေ၊ လက်တို့တွင် သွေး တစ်စက်မျှ မထွက်။

"အဲဒီနောက်ပိုင်း၊ ညီမလေး သတိရလာတော့။ စကားမပြောတော့ဘူး။ စားမလား. .မစားဘူးလား။ ကြိုက်လား . . မကြိုက်ဘူးလား ဆိုတာတွေကို ခေါင်း ညိတ်၊ ခေါင်းခါပဲ လုပ်တော့တယ်။



အဲဒီ့ထက်ဆိုးတာက၊ ကိုယ့်ကို မြင်တိုင်း။ ကြောက်တယ် ကြောက်တယ် ဆိုပြီး၊ ညီမလေးက, ထွက်,ထွက်ပြေးတယ်။ အခုအချိန်ထိအောင်ပါပဲ။ ညီမလေး အိမ်ပေါ် မှာနေရင်၊ ကိုယ်. .အောက်မှာနေပေးရတယ်။

သူ့နာမည်လည်း မေးလို့မရတော့ ဘူး။ အဖေ အမေ့ နာမည်မေးလည်းမရ တော့ဘူး။ အစ်ကို ဆိုတာက,တော့၊ သူ . . အကြောက်ဆုံးသတ္တဝါဖြစ်နေပြီ။ ညီမလေး . .အတိတ်ကိုမေ့နေပြီ။ အဲဒါ. .ကိုယ့်ကြောင့် ပါကွာ။

အဲဒီ့နေ့ကစပြီး၊ ကိုယ်. .မူးယစ် ဆေးဝါး တကယ်ပြတ်ခဲ့တယ်။ ဖြတ်ပစ် လိုက်တယ်ကွာ"

ကိုသောင်းတန်၏ စကားသံ၊ တုန်ယင်လိုက်ခါသွား၏။ "စိတ်မကောင်း မဖြစ်ပါနဲ့ဗျာ။ ကိုသောင်းတန်ကြောင့် ရယ်လည်း မဟုတ်ပါဘူး။ မမနွယ်ရဲ့စိတ်ကိုက၊ ငယ်နေတဲ့ အချိန်မို့လို့၊ တိုက်ဆိုင်သွားတယ်ပဲ သဘောထားပါ". .ဟု၊ ပြောသည်။ ပြီးနောက်, ဦးချမ်းမြေ့ဘက်သို့ လှည့်ကာ . .

"ဆရာဝန်တွေနဲ့ မပြဘူးလား" . .ဟု၊ သူ. .မေးသည်။ ဦးချမ်းမြေ့က . .

"အသိအကျွမ်းဆရာဝန်တွေနဲ့.

www.burmeseclassic.com

www.burmeseclassic.com



ပြကြည့်တော့။ စိတ်ရောဂါလို့ပဲပြောတယ်။ ဒါပေမဲ့ . .သမီးက ဆေးကုမခံဘူး။ ဘာဆေးတိုက်တိုက် မသောက်ဘူး"

"မသီရိနွယ်၊ အတိတ်မေ့နေပြီ . .လို့၊ ဘယ်ဆရာဝန်ပြောတာလဲ" . .ဟု၊ သူ . .မေး၏။ ကိုသောင်းတန်က . .

"ကိုယ့် ထင်မြင်ချက်ပါ။ ဆရာဝန်တွေ ပြောတာမဟုတ်ဘူး"

ဦးချမ်းမြေ့က ခပ်လှမ်းလှမ်းရှိ၊ လှေခါးထစ်များကို မျက်နှာမူပြီး . .

"သမီး အမေတုန်းက,လည်း၊ အဲဒီ လှေခါးထစ်ပေါ်က လိမ့်ကျပြီး၊ ဆုံးပါးခဲ့ရတာ။

သူ့ အမေလို၊ စကီဇိုဖရီးနီးယားရောဂါဝေဒနာကို သမီး. .ခံစားနေရပါပြီ"

သူ . .ခေါင်းခါ၏။

"မမနွယ်က။ မသီရိနွယ်က၊ နေရင်းထိုင်ရင်း ဝုန်းဒိုင်းကျဲတာ ရှိဖူးသလား။ သူ့ကိုယ်သူ လုပ်ကြံဖို့ ကြံစည်တာမျိုး။ သူတစ်ပါးကို လုပ်ကြံဖို့ ကြံစည်တာမျိုးလုပ်ဖူးသလား . . အန်ကယ်"

"ဝုန်းဝုန်းဒိုင်းဒိုင်း ပြုမူတာမျိုးတော့ မရှိဘူး။ မအေဆုံးပြီးခါစ,တုန်းက,တော့၊ သူ့



ကိုယ်သူ သေကြောင်းကြံဖူးတယ်။ သေချင်တယ်ဆိုပြီး အိပ်ဆေးတွေသောက်တာ လေးခါလောက်ရှိမယ်။ အဲဒီနောက်ပိုင်းတော့၊ တစ်ယောက်တည်း၊ ငေးငိုင်နေတတ်တယ်။ ညဘက်လည်း သိပ်မအိပ်ဘူး။ အိမ်ထောင်ကျပြီး၊ အိမ်ထောင်ဖက်ဆုံးသွားသေ။ အသိတ်တလန့်ဖြစ်။ အဲဒီ နောက်ပိုင်း . . ,

သူ့အစ်ကိုကို မြင်ရင်တော့။ သေပြေးရှင်ပြေး၊ ပြေးတော့တာပဲ။ စကားတော့ တစ်လုံးမှ မပြောဘူး"

ကိုသောင်းတန် ခေါင်းငိုက်စိုက်ကျနေ၏။

"သားကြီးက၊ အခု. .စီးပွားရေးလုပ်နေပြီ။ အန်ကယ်က,တော့၊ သမီးရဲ့စောင့်ရှောက်ရေးတာဝန်ပေါ့ကွာ။ မျက်ခြေမပြတ်ကြည့်နေရတယ်။ အဲဒီကြားထဲက၊ လမ်းပေါ်ကို ထွက်ထွက်သွားတယ်။

အခုဆိုရင် . .တော်တော်များများက၊ သမီးကို သိနေကြတယ်။ ဝိုင်းဝန်းစောင့်ရှောက်ပေးကြတယ်။ ဟိုတုန်းက လူအထင်သေးမှာစိုးလို့ ဖုံးဖုံးဖိဖိထားခဲ့ပေမယ့် အခြေအနေက မပေးဘူး။

www.burmeseclassic.com

www.burmeseclassic.com



ယဉ်ယဉ်လေးနဲ့ ရှုံးနေတဲ့ သမီး
တစ်ယောက်ရှိနေပြန်ပြီဆိုတာ၊ လူတော်
တော်များများ သိနေကြပါပြီ"

ဖတ်စာအုပ်များအတွင်းသို့၊ သီရိနွယ်၏ ဓာတ်ပုံကို၊ သူ
. .ထည့်ညှပ်လိုက်ပြီး . .

"ဒီဓာတ်ပုံနဲ့၊ ဒီစာအုပ်တွေကို
ကျွန်တော် ဆက်သိမ်းထားပါရစေ
အန်ကယ်"

ဦးချမ်းမြေ့ ခေါင်းညိတ်၏။ ပြီးနောက် . .

"သမီးက၊ မောင်အောင်ကျော်မွှာ
ကို ဘာကြောင့် ဓာတ်ပုံပေးခဲ့တာလဲ
အန်ကယ် . .သိချင်လို့ပါ"

"ပေးတာမဟုတ်ဘူးထင်တယ် . .
အန်ကယ်။ စာအုပ်တွေပေးရင်း၊ စာအုပ်
ထဲမှာ ပါလာတာပါ။

ဒီစာအုပ်တွေ ကျွန်တော့်ဆီ ရောက်
ပြီးကတည်းက မမနွယ်ကို၊ ကျွန်တော်
မတွေ့ရတော့ဘူး။ အခုလို . .ဖြစ်လိမ့်မယ်လို့
လည်း၊ ကျွန်တော် မထင်ခဲ့ဘူး။ ပြော်. .
အန်ကယ်၊ ကျွန်တော် . .အန်ကယ့်ကို
အပြစ်တင်ပါရစေ"

"ဘာများလဲကွယ်"



"မသီရိနွယ်ကို၊ စိတ်ရောဂါကု
ဆေးရုံကို၊ မပို့ခဲ့တာ၊ အန်ကယ့်အမှားပဲ"
ဦးချမ်းမြေ့က, ခေါင်းတဆတ်ဆတ်ညိတ်လေ၏။

"အန်ကယ် စဉ်းစားပါသေးတယ်။
မျိုးရိုးလိုက်တယ်လို့ကြားဖူးထားတော့၊
ပျောက်ကင်းမယ် မထင်လို့ပါ"

သူ . .ခေါင်းခါ၏။

"မျိုးရိုးဗီဇကြောင့်၊ ဖြစ်လေ့ဖြစ်ထ
ရှိတတ်တာပါ။ ဖြစ်ကိုဖြစ်တယ် . .လို့၊
တရားသေ မပြောနိုင်ပါဘူး။

မသီရိနွယ်ရဲ့ရောဂါအခြေအနေကို
အန်ကယ်တို့ ပြောပြတဲ့အပေါ်၊ ကျွန်တော်
သုံးသပ်ရမယ်ဆိုရင် . .၊ သူ့ရောဂါဟာ
စကီဇိုဖရီးနီးယား (Schizophrenia)
လို့ခေါ်တဲ့၊ စိတ်ကစဉ့်ကလျားရောဂါမျိုး
မဟုတ်နိုင်ဘူး။ Depression. . လို့ခေါ်တဲ့
စိတ်ကျရောဂါမျိုးပဲ ဖြစ်လိမ့်မယ်။ နောက်ပြီး
. .မီးဖွားပြီးစ,မှာ၊ အထိတ်တလန့် ဖြစ်သွား
ရတယ်ဆိုတော့၊ ပါပီးရဲ(လ)ဆိုက်ကိုးဆစ်
(Puerperal Psychosic) . .လို့ခေါ်တဲ့
မီးတွင်းမှာဖြစ်တတ်တဲ့ စိတ်ရောဂါတစ်မျိုး
လို့လည်း ယူဆ,လို့ရတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ညီလေး။ သူက . .ညီမလေးက၊ ဦးနှောက်ထိခိုက်သွား
တာ မဟုတ်ဘူးလား" . .ဟု၊ ကိုသောင်းတန် သူ့ကိုမေး၏။

"ကျွန်တော်က,တော့၊ မထင်ဘူး
ဦးနှောက်ထိခိုက်သွားခဲ့ရင်၊ မသီရိနွယ်
ရောဂါလက္ခဏာ ပိုပြီးဆိုးဆိုးရွားရွား
ဖြစ်နေမှာပေါ့။ အခု . .သူ့အခြေအနေ
လူ့လောက,ကို၊ ရင်ဆိုင်ဖို့ စိတ်ဓာတ်မ
ကျော်တော့တဲ့ အခြေအနေလော
ဖြစ်လိမ့်မယ်"

ဝေလင်းက . .

"ဒါဆို။ အခုနေ . .မင်းကို
တွေ့ရင်။ ဒါမှမဟုတ် မင်းက အောင်ကျော်
ပါ. .လို့ သူ မှတ်မိရင်၊ သူ့အခြေအ
မဆိုးဘူးပေါ့"

သူ . .အတန်ငယ် စဉ်းစား၏။ ပြီးမှ . .

"စိတ်ကျရောဂါဝေဒနာသည်တွေ
သူတို့ရဲ့ အဆင်မပြေတဲ့ဘဝကို၊ တ
မေ့ထားတတ်ကြတယ်။ အဲဒီလို မေ့
လိုက်တဲ့ အထဲမှာ အောင်ကျော်စွာ
ထည့်ပြီးမေ့ထားလိုက်ရင်တော့ သူ
ရုတ်တရက်၊ ဘယ် မှတ်မိပါ့မလဲ"

မချိစွာပြုံးလျက်ပြော၏။ ဦးချမ်းမြေ့က . .



"အဲဒီလို၊ မမှတ်မိခဲ့ရင်၊ သမီးလေး
ရဲ့ အခြေအနေက၊ ပြန်မကောင်းနိုင်တော့
ဘူးလားဟင်။ မောင်အောင်ကျော်စွာ"

"ပြန်ကောင်းမှာပါ . .အန်ကယ်။
ကျွန်တော့်ကို ကုသခွင့်ပေးပါ။ ပြီးတော့ . .
အချိန်ပေးပါ"

"ပေးပါတယ်ကွယ်" . .ဟု၊ ဦးချမ်းမြေ့ ပြော၏။ "အခု
. .မမနွယ်က၊ ဘယ်မှာလဲ" . .ဟု၊ သူမေး၏။ "အပြင်ထွက်
သွားတယ်ဆိုလို့၊ အန်ကယ်လိုက်ရှာတာ၊ မတွေ့ဘူး။ ခုနက,မှ
အပြင်က ပြန်လာပြီး၊ အပေါ်ထပ်ကို တက်သွားတယ်။
အောင်ကျော်စွာတို့နဲ့ ရှေ့ဆင့်နောက်ဆင့်ပဲ ပြန်ရောက်တာ" .
.ဟု၊ ဦးချမ်းမြေ့ ပြော၏။ သူက .

"စားသောက်ဆိုင်က၊ ပြန်လာတာ။
ဆိုင်ထဲမှာ၊ ခေါက်ဆွဲနဲ့ကြာဇံကို ဖိတ်ဖိတ်
စင်စင်စားနေတာကို၊ ကျွန်တော်တို့
နှစ်ယောက် သတိထားကြည့်မိပြီးတော့၊
ဆိုင်ရှင်ကို မေးရင်း . .မြန်းရင်းနဲ့၊ ဒီကို
ရောက်လာကြတာ"

"ဩော် . ."

"ကျွန်တော် . .မသီရိနွယ်ကို တွေ့
ချင်တယ် အန်ကယ်။ ကိုသောင်းတန်က,
တော့၊ ရှောင်လက်စ,နဲ့ ရှောင်နေပေးပေါ့။

www.burmeseclassic.com

www.burmeseclassic.com



နော်"

ကိုသောင်းတန် ခေါင်းညိတ်၏။

ထိုင်နေရာမှ၊ ထ,လိုက်ကြသည်။ လေ့ခါးထစ်များကို တက်လှမ်းနေစဉ်အချိန်အတွင်း၊ သူ ကိုယ်တိုင်၊ စိတ်လှုပ်ရှား နေသေး၏။

❀ ❀ ❀

( ၂၃ )

ဆဋ္ဌမတန်းဖတ်စာအုပ်များကို၊ အခန်း၏ပြင်ပရှိ ဝေလင်း၏လက်ထဲတွင်ထားခဲ့သည်။ သူ့လက်ထဲတွင်၊ သီရိနွယ်၏ အဒေါ်အားဝယ်ခိုင်းခဲ့သည့် မုန့်ဖက်ထုတ် . .နှစ်ထုတ်။

သီရိနွယ်သည်၊ ကုတင်ပေါ်တွင် လဲလျောင်းနေ၏။ သံတိုင်များဖြင့် ကာရံထားသော ပြတင်းပေါက်မှ လေပြည်က၊ သင်သာစွာ တိုက်ခတ်နေ၏။ လဲလျောင်းနေသော သီရိနွယ်ကို ငုံ့မကြည့်ဘဲ၊ ပြတင်းပေါက်ဆီသို့၊ သူ . .သွား၏။ လက်ထဲမှ မုန့်ဖက်ထုတ်နှစ်ထုတ်ကို၊ သီရိနွယ် . .မြင်သာအောင် ကိုင်ထား သည်။

သူ့ကို မြင်လျှင်မြင်ချင်း . .သီရိနွယ်၊ ရုတ်တရက် ထ,ထိုင်၏။ သူ့ကို မျက်လုံးအဝိုင်းသားဖြင့် ငုံ့ကြည့်သည်။ သူ. . လုံးဝ လှည့်မကြည့်။

"ဖေဖေ။ ဖေဖေရေ . .ဖေဖေ"

ကြောက်လန့်တကြား အော်ဟစ်သံ။

ဦးချမ်းမြေ့ ပြေးဝင်လာသည်။

"ဖေဖေ . . "

www.burmeseclassic.com

www.burmeseclassic.com



ဖခင်ဆီသို့ ထ,ပြေးသည်။ ပြတင်းပေါက်အနီးတွင် ရပ်

နေသော၊ သူ့ထံသို့ လက်ညှိုးထိုး၏။

"သမီး။ သမီး ဘာဖြစ်လို့လဲ"

သူ့ကိုသာ၊ လက်ညှိုးထိုးပြသည်။

"မကြောက်နဲ့ သမီး၊ မကြောက်နဲ့။

ဒီမှာ ထိုင်နေ"

ကုတင်ခြေရင်းတွင် အထိုင်ခိုင်းသည်။ သူ့အနီးသို့

ဦးချမ်းမြေ့ အပြေးလာ၏။ ပြီးနောက် . .တီးတိုးသံဖြင့်၊

"သမီး ပါးစပ်က၊ အခုမှ . .စကား

သံထွက်လာတာ။ ဖေဖေ. .လို့ခေါ်တာ

တစ်နှစ် နှစ်နှစ်အတွင်းမှာ၊ ဒါ. .ပထမဆုံး

အကြိမ်ပဲ၊ မောင်အောင်ကျော်စွာ"

သူ . .ခေါင်းကို၊ လှုပ်ရုံသာညိတ်လိုက်၏။ သူ . .အနီးမှ

ဦးချမ်းမြေ့ ခြေတစ်လှမ်းပြန်ခွာပြီး၊ အသံမြှင့်လျက် . .

"ဟော့ကောင်။ မင်း ဘာလာလုပ်

တာလဲ။ မင်း . .ဘယ်သူလဲ"

သီရိနွယ်ထံသို့၊ သူ . .တစ်ချက် လှမ်းကြည့်၏။ ပြီးမှ—

"ကျွန်တော် မုန့်ဖက်ထုတ် လာပို့

တာပါ . .အန်ကယ်"

"ဘယ်သူစားဖို့လာပို့တာလဲ"

"မမနွယ် စားဖို့ လာပို့တာပါ"

"မင်း . .နာမည် ဘယ်သူလဲ"



"ကျွန်တော့်နာမည်၊အောင်ကျော်စွာ

ပါ"

သီရိနွယ် . .လှမ်းကြည့်သည်ကို မြင်လိုက်ရ၏။

"မင်းကို၊ ဘယ်သူ မှာထားလို့

လာပို့တာလဲ"

သီရိနွယ်ကို၊ သူ . .လက်ညှိုးထိုးသည်။

"မမနွယ် မှာထားတာပါ"

"ဟုတ်လို့လား။ ငါ. .သမီးကို

မေးကြည့်မှာနော်။ မင်း . .မညာနဲ့"

"မညာပါဘူး အန်ကယ်။ မမနွယ်

ကို၊ မေးကြည့်ပါ"

သီရိနွယ် အနီးသို့၊ နှစ်ဦးစလုံးလျှောက်လာကြသည်။

သီရိနွယ်က၊ သူ့ကိုတစ်လှည့်၊ ဦးချမ်းမြေ့ကိုတစ်လှည့်၊

ကြည့်၏။

"သမီး။ ဒီကောင့်နာမည်က၊

အောင်ကျော်စွာ . .လို့ ပြောတယ်။ သမီး

မုန့်ဖက်ထုတ်မှာထားလို့ လာပို့တာ . .တဲ့။

ဟုတ်လား။ သမီး . .မှာထားသလား"

သီရိနွယ်က သူ့ကို စူးစိုက်စွာ မော်ကြည့်လေသည်။ သူ့

[illegible]တွေ ခုန်လာ၏။ "မမနွယ်ရယ်" . .ဟု၊ ရင်ထဲမှ ခေါ်မြည်

[illegible]သသည်။ မျက်ရည်မဝေ့အောင် သူ. .ထိန်း၏။ မုန့်ဖက်ထုတ်

[illegible]ိုင်ထားသော လက်ချောင်းများကို၊ ပို၍ကိုင်ဆုတ်ထားရသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်လား . .သမီး။ သမီး, မုန့်
ဖက်ထုတ် မှာထားသလား"

သူ့ကို၊ အသေအချာကြည့်၏။ ပြီးနောက် ခေါင်းခါ၏။

"ဒါဆို။ သမီးက အောင်ကျော်ဦး
ကို မသိဘူးပေါ့"

ခေါင်းခါသည်ကိုသာ၊ မြင်ရသည်။ သူ့လက်ထဲ
မုန့်ဖက်ထုတ် နှစ်ထုတ်ကို ဦးချမ်းမြေ့ လှမ်းယူသည်။

"သမီး။ မုန့်ဖက်ထုတ်ကြိုက်တာ
မဟုတ်လား။ ရော့ . .သမီး။ စား"

သီရိနွယ် ခေါင်းခါသည်။

အခန်းအပြင်ဘက်သို့၊ သူ . .ထွက်ခဲ့၏။ ဝေလင်း
"အခြေအနေကောင်းလား" . .ဟု၊ မေးသည်။ "အချိန်ယူရမယ်"
. .ဟု၊ သူ . .ဖြေလိုက်၏။

ရင်ထဲမှာ ဆို့နင့်နေသည်။

❀

သောက်ဆေးများကို၊ ဥပါယ်တမျဉ်ဖြင့် တိုက်ရန်၊
မှာကြားသည်။ သီရိနွယ်၏ အစားအသောက်များထဲ
ထည့်၍တိုက်ရန် အကြံပြုသည်။



"မမနွယ်ရဲ့ ဒိုင်ယာရီစာအုပ်ကို၊ အန်ကယ် ဖျောက်ဖျက်
စ်လိုက်တာလည်း၊ အမှားတစ်ခုပဲ အန်ကယ်။ ဒိုင်ယာရီစာအုပ်
ရှိတော့တဲ့အခါ၊ သူ့မှာ ရင်ဖွင့်စရာ နေရာမရှိတော့ဘူးပေါ့".
. .ဟု၊ သူ . .ပြော၏။ "အိမ်ထောင်ရေးကို ထိခိုက်မှာစိုးလို့ပါ"
. . ဟု၊ ဦးချမ်းမြေ့ ပြောသည်။

"ကျွန်တော် အစွမ်းကုန် ကြိုးစား
ပါ့မယ် . .အန်ကယ်။ ကျွန်တော်တို့ . .
အချိန်မီပါတယ်။

ကျွန်တော် . .ဆရာဝန်ဖြစ်ခဲ့ရတာ၊
မမနွယ်ရဲ့ ကျေးဇူးကြောင့်ပါ။ အဲဒီကျေးဇူး
ကို၊ ကျွန်တော်ဆပ်နိုင်အောင် ကြိုးစားပါ့
မယ်"

"ကျေးဇူးပါပဲကွယ်။ အန်ကယ်. .
မင်းကို အားကိုးပါတယ်"

အိမ်လိပ်စာနှင့် ဖုန်းနံပါတ်။ ဆေးရုံ၏ဖုန်းနံပါတ်။ အချိန်
ပိုင်းဆောင်ရွက်လေ့ရှိသည့် ပုဂ္ဂလိက ဆေးရုံ၏ ဖုန်းနံပါတ်
တွေကို၊ ဦးချမ်းမြေ့အား . .သူ ပေးခဲ့၏။

သီရိနွယ်အား စိတ်ရောဂါရှင်တစ်ယောက်ကဲ့သို့ မသတ်
မှတ်ရန်။ သာမန်အိမ်သားတစ်ဦး၊ သာမန်လူတစ်ဦးကဲ့သို့၊
ပြောဆိုဆက်ဆံရန်၊ သူ . .မှာကြားသည်။ ဆေးမှန်မှတ်တိုက်
ရန်၊ ဒေါ်ကြည်ကြည်ကို သူ . .မှာကြား၏။ ဒေါ်ကြည်ကြည်က
သူ့ကို၊ အံ့သြစွာ အားကိုးသောမျက်လုံးတွေဖြင့် ကြည့်လျက်၊

www.burmeseclassic.com

www.burmeseclassic.com


သူ့. . မှာသမျှ ခေါင်းညိတ်နေလေ၏။

လှေခါးထစ်များကိုတက်၍ သီရိနွယ်၏ အခန်းဝ,သို့ သွားသေးသည်။ သီရိနွယ် ကုတင်ပေါ်တွင်၊ ထိုင်လျက်ရှိနေသေး၏။ "အောင်ကျော်စွာရေ။ ပြန်မယ်ဟေ့" . .ဟု၊ ဝေလင်းက ကျယ်လောင်စွာ အသံပြုသည်။ "လာပြီ" . .ဟု၊ သူ . . အသံပြု၏။

ဆဋ္ဌမတန်း စာအုပ်ထုတ်လေးကို ပိုက်လျက်၊ ခြံတံခါးရှိရာသို့၊ သူ . .သွားသည်။ ဆင်ဝင်အောက်မှ ကားကို၊ ဝေလင်းက . .မောင်းသွား၏။ သူ့ကျောပြင်ကို အပေါ်ထပ်ပြတင်းပေါက်မှ သီရိနွယ် ငေးကြည့်လျက် ကျန်ရစ်ခဲ့ကြောင်း . .ဦးချမ်းမြေ့က၊ သူ့. .ထံသို့ ဖုန်းဆက်၍ အကြောင်းကြားလေသည်။

❀ ❀ ❀

( ၂၄ )

". . . . . . . . . . . . . .
အဲဒါပါပဲ အမေနဲ့ အဖေ။
သား . .ဒေါက်တာဖြစ်လာအောင်
လှုံ့ဆော်ပေးခဲ့တဲ့သူဟာ၊ အဲဒီ မသီရိနွယ်
ပဲ"

"အဲဒီ ကလေးမ,ကို အစွမ်းကုန် ကူသ,ပေးပါ သားရယ်" အမေက၊ ကရုဏာကြီးစွာပြောသည်။ အဖေက . .

"ဟုတ်တယ် . .သား။ သားဟာ
အခုအချိန်မှာ . .၊ အမြင့်မှာလွင့်ပျံနေတဲ့
လေတံခွန်တစ်ခုပဲ။
လေတံခွန် အမြင့်မှာပျံဝဲနေနိုင်ဖို့၊
ဘာတွေက . .ဘယ်လောက်ပဲ ကူညီကူညီ၊
လေရှိမှ . .ပျံဝဲနိုင်တယ်။ အဲဒီ. .အဓိက,
လေထုဟာ၊ သားပြောတဲ့ . .ကလေးမ,လေး
သီရိနွယ်ပဲ။
အဖေတို့ အမေတို့ ဘယ်လောက်ပဲ

www.burmeseclassic.com

www.burmeseclassic.com



ပံ့ပိုးခဲ့၊ ပံ့ပိုးခဲ့၊ သားကို ဆရာဝန်ဖြစ်ချင်တဲ့ စိတ်ဖြစ်အောင်၊ အဓိက ပံ့ပိုးခဲ့တာဟာ. . သူပဲ သား။ ကျေးဇူးကြီးပါတယ်။ ကျေးဇူး ဆပ်နိုင်အောင်၊ ကိုယ်စွမ်း, ဉာဏ်စွမ်းရှိသမျှ ကြိုးပမ်းလိုက်ပါ သားရယ်"

"ဟုတ်ကဲ့ပါ . .အဖေ။ သားကို ဆရာဝန်ဖြစ်အောင် လုပ်ပေးပါ. .လို့၊ သား တောင်းဆိုခဲ့တုန်းက၊ ဘာကြောင့် ဖြစ်ချင် တယ်ဆိုတဲ့ အကြောင်းပြချက်ကို၊ ပြောမပြ ခဲ့တဲ့အတွက်၊ အဖေရော . .၊ အမေရော. .၊ သားကို ခွင့်လွှတ်ပါ"

အဖေ ခေါင်းညိတ်သည်။ "ခွင့်လွှတ်ပြီးသားပါ သား ရယ်" . .ဟု၊ အမေ ပြော၏။ ညီမ,လေး နှင်းဆီအောင်က . .

"ကိုကို ပြောပြသလိုဆိုရင်၊ အဲဒီ . .မသိရိန္ဒယ်က, ရူးနေတာ မဟုတ်ဘူးပေါ့"

"ဟုတ်တယ်။ သူ . .မရူးဘူး"

နှင်းဆီအောင်က၊ ပြုံးလျက် . .

"ဒါဆို၊ ရူးချင်ယောင် ဆောင်နေ တာပေါ့" . .ဟု၊ ပြော၏။

သူက . .

"အရပ်စကားနဲ့ ပြောမယ်ဆိုရင် တော့၊ ရူးချင်ယောင် ဆောင်တဲ့ရောဂါလို့



ပြောရမလားပဲ။

စိတ်ဝေဒနာ တစ်ခုရှိနေတယ်။ ဖြစ်ချင်တဲ့ပုံစံအတိုင်း မဖြစ်ခဲ့ရတဲ့ အတိတ် ဘဝကို၊ တမင်မေ့ထားရင်းနဲ့၊ တကယ် မေ့သလို ဖြစ်နေတာမျိုးပေါ့။

ဆေးပညာ ဗဟုသုတမရှိဘဲ၊ ဒီ အတိုင်းပစ်ထားလိုက်ရင်တော့။ အခြေ အနေပိုဆိုးနိုင်တာပေါ့။ ဒါပေမဲ့ . .အခု. . ကိုကိုတို့ အချိန်မီပါတယ်"

"လွယ်ပါ့မလား"

"စိတ်က,ဖြစ်တဲ့ရောဂါဟာ၊ ဘာနဲ့ မှ စမ်းသပ်လို့မရဘူး။ ရောဂါရှင်ရဲ့ အမူ အယာ၊ အပြောအဆို၊ အနေအထိုင်တွေ၊ သူ့ရဲ့ . .ဘဝ ဖြတ်သန်းခဲ့ရသမျှတွေကို၊ မေးမြန်းစစ်ဆေးပြီးတော့မှ၊ ရောဂါအမျိုး အစားကို ခန့်မှန်းရတာဆိုတော့။ ပြောသ လောက်တော့ မလွယ်ဘူးပေါ့။ စိတ်ရှည်ရှည် နဲ့ ကြိုးစားကုရမှာပဲ"

"မိဘ ရူးခဲ့လို့ သားသမီး ရူးခဲ့တာ မျိုးလား"

"မျိုးရိုးကြောင့်တော့ ဖြစ်နိုင်တယ်။ ဒါပေမဲ့ . .အဲဒီတစ်ခုတည်းကြောင့်တော့၊

www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ဘူး။

မျိုးရိုးဗီဇ။ ကိုယ်တွင်းဓါတ်ဓာတု ပစ္စည်းတွေရဲ့ ဖောက်ပြန်မှု။ နောက် . . ကိုယ်တိုင်ရဲ့ စိတ်ဓာတ်ပိုင်း။ ပြီးတော့ . . ပတ်ဝန်းကျင် အခြေအနေ။ အားလုံးထဲက တစ်ခုခုကြောင့်လည်း ဖြစ်နိုင်တယ်။ အားလုံးကြောင့်လည်း ဖြစ်နိုင်တယ်"

ပြောပြီး . . .၊

ဆဋ္ဌမတန်းဖတ်စာအုပ်အထုတ်လေးကို၊ နံဘေးတွင် ညင်သာစွာချလိုက်သည်။ မောင်နှမနှစ်ယောက် မေးမြန်း ဆွေးနွေးနေကြသည်ကို၊ အဖေနှင့်အမေက အထင်တကြီး တလေးတစား နားထောင်နေလေ၏။ နှင်းဆီအောင်က မေးခွန်း တစ်ခုထပ်မံမေးပြန်သည်။

"မသီရိနွယ်ရဲ့ အမေက၊ ရော ဘယ်လိုက၊နေ ဘယ်လို စ၊ပြီးရူးတာလဲ"

"မျိုးရိုးတော့ရှိခဲ့တယ်။ ဒါပေမဲ့ . . စ၊ဖြစ်တာတော့၊ မသီရိနွယ်ကိုမွေးပြီး . . မီးတွင်းမှာ၊ အထိတ်တလန့်ဖြစ်ရင်းက၊ စ၊တာလို့ ပြောတယ်။

မသီရိနွယ်ရဲ့ အဖေ ဦးချမ်းငြိမ်း ပြောပြသမျှကို သုံးသပ်ပြီး ခန့်မှန်းရရင်တော့ အမေက . .စကီဇိုဖရီးနီးယား ဖြစ်ဖို့များ



တယ်။ မသီရိနွယ်က၊တော့ . .၊ စိတ်ကစဉ့် ကလျား မဖြစ်သေးဘူး။ စိတ်ကျရောဂါ အပြင်းစားလောက်ပဲဖြစ်နေတာ"

"အတိတ်မေ့တာရော မဖြစ်နိုင်ဘူး လား"

"အတိတ်မမေ့ဘူး။ အတိတ်ကို မေ့ထားရင်းက၊နေ မေ့သလိုဖြစ်နေတာ။ အတိတ်မေ့နေရင်၊ အဖေကို ဘယ်မှတ်မိပါ့ မလဲ"

"ကိုကို့ကို ကျတော့ မေ့ထားတယ်နော်" . .ဟု၊ နှင်းဆီ အောင် ရယ်လျက်ပြော၏။ အဖေနှင့် အမေပါ ရယ်လေသည်။

"သူ အလိုမကျတဲ့အထဲမှာ၊ ကိုကို လည်း ပါလို့နေမှာပေါ့" . .ဟု၊ သူ . .ပြော၏။

"ဟင်။ ကိုကိုနဲ့ သူနဲ့က အရမ်းခင် ခဲ့တာဆို။ ဘာကို အလိုမကျစရာရှိလို့လဲ"

"အင်း။ ခန့်မှန်းပြီးပြောရရင်။ သူ . .စိတ်အားငယ်နေတဲ့ အချိန်မှာ၊ သူ . . အောင်ကျော်စွာကို တမ်းတ၊မိလိမ့်မယ်။ သူ . .တမ်းတ၊တဲ့အချိန်မှာ၊ အောင်ကျော်စွာမှ ရောက်မလာဘဲ"

"အခု ရောက်လာတော့ရော ဘာ ဖြစ်လို့ မမှတ်မိတာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"သိစိတ်က မှတ်မိချင်တာတောင်မှ မသိစိတ်ထဲက၊ မေ့ထားလိုတဲ့ ဆန္ဒက၊ မှတ်မိဖို့ ခွင့် မပြုသေးဘူး။

သူ့ . . မျက်လုံးတွေကို၊ ကိုကို သေသေချာချာကြည့်ခဲ့တယ်။ မျက်လုံးတွေက၊ ကိုကို့ကို အောင်ကျော်စွာပါလား. .လို့ ကြည့်တဲ့မျက်လုံးမျိုးတွေ"

နှင်းဆီအောင် ပြုံးလေ၏။

"ကိုကိုက,လည်း. .။ လိုရာဆွဲတွေးပြီး ပြောနေတယ်"

သူ့. .ပြုံးလျက်. .

"မဟုတ်ပါဘူး။ တကယ် ဆန်းဆန်းစစ်စစ်ကြည့်ခဲ့တာ ညီမလေးရဲ့"

"ခုနက . .ကိုကိုပြောတဲ့အထဲမှာ မသိစိတ်ဆိုတာပါတယ်။ သိစိတ်နဲ့မသိစိတ်က၊ ဘာကွာလို့လဲ"

"အများကြီးကွာတာပေါ့။ မသိစိတ်က, အသိစိတ်ထက် ပိုပြီး အစွဲအလန်းကြီးတယ်။ ပိုပြီး . .တန်ခိုးကြီးတယ်"

"တန်ခိုးကြီးတယ်။ ဟုတ်လား"

"ဟုတ်တယ်"

"မသိစိတ်က၊ ပိုပြီး တန်ခိုးကြီး



တယ်ဆိုတာ၊ ကိုကို သက်သေပြနိုင်လား"

သူ့ .ခေါင်းညိတ်၏။ ပြီးနောက် . ., နှင်းဆီအောင်၏ မျက်နှာတည့်တည့်သို့၊ လက်ဝါးဖြင့် ပြင်းထန်စွာ ရိုက်ဟန်ပြုလိုက်၏။ နှင်းဆီအောင်က၊ သူ့ . .လက်ရွယ်လျှင်ရွယ်ချင်း မျက်လုံးတွေကို စုံမှိတ်ပစ်လိုက်သည်။ နှင်းဆီအောင် မျက်လုံးပြန်ဖွင့်သောအခါ၊ သူက. .,

"ညီမလေး။ ဘာဖြစ်လို့ မျက်လုံးမှိတ်လိုက်တာလဲ"

"ကိုကို လက်နဲ့ရွယ်လိုက်တာကိုး"

"လက်နဲ့ရိုက်မယ်ဆိုတာ ကြိုသိလို့ မျက်လုံးမှိတ်လိုက်တာလား။ လက်ကို မြင် မြင်ချင်း သူ့အလိုလို မှိတ်မိတာလား"

"အင်း . .။ သူ့အလိုလို မှိတ်မိတာ"

"အဲဒါ ဘာကြောင့်လဲ"

နှင်းဆီအောင် ခေါင်းခါ၏။

"သိစိတ်က၊ လက်ကိုပဲ မြင်တာ။ မသိစိတ်က၊ မျက်လုံးကိုကာကွယ်ဖို့၊ မျက်ခွံကို စုံမှိတ်ခိုင်းလိုက်ပြီ။ အသိစိတ်ထက်၊ မသိစိတ်က၊ ပိုပြီး ကြိုသိတယ်လေ၊ အဲဒါ. .မသိစိတ်ရဲ့ တန်ခိုးကြောင့်ပဲ။

သိစိတ်ကို Conscious mind လို့

www.burmeseclassic.com

www.burmeseclassic.com



ခေါ်တယ်။ မသိစိတ်ကို Un conscious mind
လို့ ခေါ်တယ်။ မသိစိတ်ကို ဂျာမာန်ပညာရှင်
ဖရိုဒ်က, ထုတ်ဖော်ခဲ့တာလေ။ သူလည်း
စိတ်ကုတဲ့ ဆရာဝန်တစ်ယောက်ပဲ"

"သိရှိနှယ်ကို၊ ရှော့တွေဘာတွေ ရိုက်အုံးမှာလား"..ဟု
အမေ မေး၏။

"အဲဒီလောက်အထိ မလိုဘူး..
အမေရဲ့။ သိပ်ပြီး ကြမ်းကြမ်းတမ်းတမ်း
ဖြစ်နေတဲ့ လူနာမျိုးကိုမှ ငြိမ်သွားအောင်
ရှော့ရိုက်တာ"

နှင်းဆီအောင်က..

"မသိစိတ်အကြောင်း..ဆက်ပြော
ဦးနော်..ကိုကို"

သူက...,

"ကိုကို၊ ဆေးခန်းသွားရတော့မယ်
လေ။ ညီမလေးစိတ်ဝင်စားရင်၊ ကိုကို
စာအုပ်တွေ ပေးဖတ်မယ်။

စိတ်အကြောင်းကို၊ တစ်ထိုင်
တည်း ပြောလို့ မပြည့်စုံဘူး။ ကျယ်ပြန့်
တယ်။ ဘယ်လောက်အထိကျယ်ပြန့်သလဲ
ဆိုရင်၊ သမထကျင့်စဉ်တွေကို ကျင့်မယ့်သူ
တွေတောင် မသိစိတ်ကိုလေ့လာသင့်တယ်"



"ဟုတ်လို့လား"..ဟု၊ နှင်းဆီအောင် မေး၏။ "ဟုတ်
တယ်။ ဒါပေမဲ့..လက်ခံချင်မှ လက်ခံကြလိမ့်မယ်"..ဟု၊ သူ
..ပြော၏။ စာအုပ်လေးကို ကိုင်မ,လိုက်သည်။ "အမေနဲ့အမေ
သား..ရေချိုးလိုက်ဦးမယ်"..ဟုပြောပြီး၊ ထိုင်ရာမှ ထ,၏။

❀ ❀ ❀

www.burmeseclassic.com

www.burmeseclassic.com

## ( ၂၅ )

ရက်သတ္တပတ် တစ်ပတ်အတွင်း သီရိနွယ်၏အိမ်သို့
. .နေ့တိုင်း ရောက်သည်။ သီရိနွယ် . .မြင်တွေ့မည့်နေရာတွ
သူ . .နေထိုင်သည်။ သီရိနွယ်ကို . .သူ မနှုတ်ဆက်။ သတိ
မိဟန်ဖြင့် မနေ။ သီရိနွယ် သတိပြုမိအောင်သာ နေပြသည်

ဆေးများကို လိမ်ညာ၍တိုက်ရကြောင်း ဒေါ်ကြည်
ပြောသည်။ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်ကြောင်း ဦးချမ်း
ပြောပြ၏။ အိမ်ဝင်းအပြင်သို့ မထွက်တော့ဘဲ၊ ခြံဝင်းထဲ
သာ တစ်ယောက်တည်းနေကြောင်း၊ ဗိုက်ဆာလျှင် ထမင်း
ခန်းသို့ သူ့ဘာသာဝင်ကြောင်း၊ ထမင်းစားမလားမေးသော
ခေါင်းညိတ်ကြောင်း။ ယူဦးမလားမေးလျှင်၊ ခေါင်းခါကြော
ဒေါ်ကြည်ကြည် ပြောပြသည်။ "စကားပြောပြီလား"
ဝေလင်း မေးသည်။ ဦးချမ်းမြေ့ ခေါင်းခါ၏။



"မနက်က၊ သူ့ . .စကားပြောတယ်
ဒေါက်တာ"

"ဘယ်အချိန်လောက်က,လဲ" . .ဟု၊ သူ . .မေး၏။
ဒေါ်ကြည်ကြည်က . .,

"အိပ်ရာနိုးနိုးချင်းပြောတာ။ အဲ. .
အိပ်ရာက, လန့်နိုးပြီး ပြောတာ"

"ဘာပြောတာလဲ". .ဟု၊ ဦးချမ်းမြေ့ ဝင်မေးသည်။
ခါးထစ်များရှိရာသို့ တစ်ချက်လှမ်းကြည့်ပြီးမှ၊ ဒေါ်ကြည်
ညီက . .,

"သူ့ကို သိုက်က, ခေါ်နေပြီလို့
ပြောတယ်"

သူ . .ပြုံးလျက်,

"ဘယ်သိုက်က၊ ခေါ်တာတဲ့လဲ"

"နဂါးသိုက်က၊ ခေါ်တာ . .တဲ့။
သူ့အမေလည်း အဲဒီမှာရှိတယ် . .တဲ့"

ဦးချမ်းမြေ့ မျက်လုံးဝိုင်းနေ၏။ ရင်တွင်ပိုက်ထားသော
မတန်းဖတ်စာအုပ်အထုပ်လေးကို၊ စားပွဲပေါ်တွင်၊ ညင်သာ
အောင်ပြီး . .

"ဒေါ်ဒေါ်တို့၊ အန်ကယ်တို့၊
ကျွန်တော့်ကို အမှန်အတိုင်း ဖြေနော်"

"ဖြေပါ့မယ်ကွယ်" . .ဟု၊ ဦးချမ်းမြေ့ ပြော၏။

www.burmeseclassic.com

www.burmeseclassic.com



"မမနွယ်ကို၊ ဓာတ်နန်းတို့

အကြားအမြင်ဆရာတို့၊ ပရောဂဆရာတ

ဆီကို၊ ပို့ဖူးသလား"

ဒေါ်ကြည်ကြည် ချက်ချင်း မဖြေ။ ဦးချမ်းမြေ့ချက်ချင်း ဖြေ၏။

"ပို့ဖူးတယ် . .မောင်အောင်ကျော်စွာ။ ပို့ဖူးတယ်"

"ဘာယုံကြည်ချက်နဲ့ ပို့တာလဲ"

"စိတ်ကူးပေါက်ရာ လုပ်ခဲ့မိတာပါ

အသိအကျွမ်းဆရာဝန်တွေရဲ့ ဆေးကို၊ သမီး

က, လုံးဝ, မသောက်တော့၊ ပရောဂ၊ လို့

ထင်ပြီး၊ ဓာတ်နန်းတစ်ခုကို သွားပို့မိတာပ"

"အလျှင်ဆရာဝန်တွေက၊ လူနာ

ဗိုက်ထဲကို ဆေးရောက်ဖို့၊ ကျွန်တော့်လို

မညွှန်ကြားဘူးလား"

"ညွှန်ကြားပါတယ်။ ကော်ဖီထဲ

လည်း၊ ထည့်တိုက်ဖူးတယ်။ ဟောလစ်ထဲ

လည်း ထည့်တိုက်ဖူးတယ်။ ဒါပေမဲ့ . .

သမီးက, အဲဒါတွေထဲမှာ ဆေးပါတယ်ဆို

တာ၊ အလိုလိုသိနေသလိုပဲ။ လုံးဝ, ဉ

တိုက်လို့ မရဘူး။

အခု . .ထူးဆန်းတာ



မောင်အောင်ကျော်စွာ ပေးတဲ့ဆေးကို၊ အဲဒီလို ရောနှောပြီးတိုက်တာကို လုံးဝ, မငြင်းဘူး"

"ထားပါတော့။ ကျွန်တော် ဆက်ပြောမယ်။ ခုနက . .မမနွယ်ကို ပို့ခဲ့တယ်ဆိုတဲ့ ဓာတ်နန်းက, ဆရာက . .မမနွယ်ကို သိုက်ဆက်ရှိတယ်, သိုက်က နှောက်နေတယ် . .ဆိုတာမျိုးကို၊ မမနွယ်ရှေ့မှာ ပြောဖူးသလား"

"ဟုတ်တယ်။ ပြောတယ်။ သမီးရှေ့မှာပြောတာ။ အဲဒီတုန်းက၊ သမီး အရမ်းငိုတယ်"

"ငိုမှာပေါ့။ အားငယ်နေတဲ့သူ။ စိတ်ငယ်နေတဲ့သူဟာ၊ ငိုချင်ရက်လက်တို့ဖြစ်နေမှာပဲ။ ငိုအောင်ပြောရင်၊ ငိုမှာပဲ။

အဲဒီလိုစိတ်ကျနေတဲ့သူတွေကို၊ ခြေထောက်ဆင်းနိုင်း။ ပြီးရင် . .အနှောက်အယှက်ရှိရင် ခြေကြွလို့မရနဲ့။ ပိုင်ရာဆိုင်ရာတွေ၊ ချုပ်ထား . .နှင်းထားလို့၊ အသံသြဇာကောင်းကောင်းနဲ့၊ မာမာထန်ထန် ပြောကြည့်။ အဲဒီ . .လူနာရဲ့ ခြေထောက်တွေကြွလို့မရတော့ဘူး။

www.burmeseclassic.com

www.burmeseclassic.com



ဘာဖြစ်လို့လဲဆိုတော့။ လူနာ က. စိတ်,သိပ်ငယ်နေတာ။ စိတ်ခွန်အားကြီးတဲ့သူက, ဖနောင့်ပေါက်ပြီး ပြောလိုက်တာနဲ့ ပြောလိုက်တဲ့အတိုင်းကို၊ ဖြစ်တော့တာပဲ။

ပရောဂဆရာတွေ လိမ်တယ်. .ညာတယ်လို့ ကျွန်တော် ဆိုလိုတာမဟုတ်ဘူး။ လူနာရဲ့သဘာဝကို ပြောပြတာ"

ဒေါ်ကြည်ကြည်က . .

"ဟုတ်တယ်။ ဟုတ်တယ်။ သမီး . .နွယ်ကို၊ ဆရာက ခြေဆင်းခိုင်းပြီး၊ ခြေတစ်ဖက်ချင်း၊ မြှောက်ခိုင်းတာ မြှောက်လို့ မရတော့ဘူး။

မြှောက်လို့လည်း မရရော၊ သမီးလည်း ကြုံကြုံပါအောင် ငိုတော့တာပဲ"

"ကျွန်တော်တို့အနေနဲ့က,တော့ လူနာတိုင်းကို ဘယ်လိုဆရာနဲ့ပဲကုကု ဘာနည်းနဲ့ပဲကုကု။ ခွင့်ပြုတယ်။

အရေးကြီးတာက၊ လူနာ ကောင်းကျိုးရှိဖို့ပဲ။ စိတ်ဝေဒနာသည်တစ်ယောက်ကို ပရောဂ,ဆရာက, ကြိမ်နဲ့ရိုက်ပြီး ကုလိုက်လို့ ပြန်ကောင်းသွားတယ်ဆိုလည်း၊ ဒါ. ဝမ်းသာစရာပဲ။



တစ်ခုတော့ ရှိတာပေါ့။ အနာတခြား. .ဆေးတခြား မဖြစ်ဖို့ဘဲလိုတယ်။

အခု . .မမနွယ်က၊ စိတ်ကျရောဂါဖြစ်နေတာ။ တစ်ခါတရံ စိတ်ကြွရင်ကြွမယ်။ တစ်ခါတရံ စိတ်ကျရင်ကျမယ်။ စိတ်ကြွလာရင်. ., စကားတွေပြောလိမ့်မယ်။ ပြောတဲ့အခါမှာလည်း သူ့စိတ်ထဲရှိရာ ပြောမှာပဲ။ သိုက်ကလာတယ် . .သိုက်က,ခေါ်နေပြီ ဆိုတာမျိုးလည်း ပြောမှာပဲ။

နေပူနေပေမယ့်. .သူ့စိတ်ထဲက ဆောင်းတွင်းကိုရောက်နေရင်၊ ချမ်းတယ်လို့လည်းပြောချင်ပြောမှာပဲ။

အဲဒီတော့ . .,

လူနာရဲ့အခြေအနေကို ပိုပြီး ဆိုးရွားစေမယ့် စိုးရိမ်စိတ်မျိုး . .အတွေးမျိုးတွေ၊ လူနာရှင်တွေဆီမှာလည်း၊ မရှိစေချင်ဘူး။

မမနွယ်ကို၊ လူနာတစ်ယောက်အပေါ် ပြုစုသလိုမျိုး မပြုစုဘဲ၊ သာမန်လူတစ်ယောက်လိုသဘောထားပြီး၊ ပုံမှန်ဆက်ဆံပေးပါ"

သူ့ညွှန်ကြားချက်ကို၊ ဦးချမ်းမြေ့က၊ သဘောကျစွာ

www.burmeseclassic.com

www.burmeseclassic.com



လက်ခံလေ၏။

"ဒီအိမ်မှာ၊ ကျွန်တော်ကို၊ မမနွယ် . .မျက်မှန်းတန်းမိနေပြီ။ နောက်၊ လေးငါး ရက်လောက်နေရင် ကျွန်တော် . .သူ့ကို ဆရာဝန်တစ်ယောက်အနေနဲ့ မဟုတ်ဘဲ၊ သာမန်ဧည့်သည်တစ်ယောက်အနေနဲ့ စကားပြောမယ်"

"စကားပြောပွဲမလား" . .ဟု၊ ဦးချမ်းမြေ့ မေး၏။

"ဒီကြားထဲမှာ၊ ပြောလာမှာပါ။ စိတ်ထိခိုက်စရာ၊ ထိတ်လန့်စရာ၊ ဘာ အနှောက်အယှက်မှ၊ ဒီကြားထဲမှာဖြစ်လို့ မရဘူး။ သူ့ဘာသာ ပုံမှန်လေး၊ ငြိမ်ငြိမ်လေး နေပါစေ။

မမနွယ်နဲ့၊ ကျွန်တော် . .ဒီ. .အိမ် ဝင်းထဲမှာ တရင်းတနှီး တပူးတွဲတွဲနေပြီး ကုသဖို့ လိုအပ်ပါလိမ့်မယ်။ အန်ကယ့်ဆီက ခွင့်ပြုချက်ကို၊ ကျွန်တော် . .ထပ်တောင်း ပါရစေ"

"ခွင့်ပြုပါတယ် သားရယ်။ အန်ကယ် . .အားလည်းကိုးပါတယ်။ ယုံ လည်း ယုံပါတယ်"

"ကျေးဇူးတင်ပါတယ် အန်ကယ်



မမနွယ်က၊ ကျွန်တော့်ကို၊ သူ . .သိကျွမ်း ခဲ့တဲ့ အောင်ကျော်စွာအဖြစ် ပြန်မှတ်မိတဲ့ အချိန်ဟာ၊ ကျွန်တော့်ရဲ့ကုသမှု ပထမ အဆင့် အောင်မြင်မှုပါပဲ။

သူ့. .စကားစ,ပြောတာနဲ့။ သူ့ကို ဂျန်နရယ် အင်ဖော်မေးရှင်း (General Imformation) . .လို့ခေါ်တဲ့၊ အထင်ကရ ရှိတဲ့အရာတွေကို၊ ကျွန်တော် စ,မေးမယ်။ မန်မိုရီ တက်(စ) (Memory Test) . .လို့ ခေါ်တဲ့ သူ့ရဲ့မှတ်ဉာဏ်အခြေအနေကို မေးမြန်းစစ်ဆေးမယ်။ ပြီးမှ . .ရင်းနှီးမှုယူပြီး တော့၊ သူ့စိတ်တွေ ကြည်လင်လာအောင် ဘာသာတရားကိစ္စတွေ ပြောမယ်။

အန်ကယ်တို့အနေနဲ့၊ ကျွန်တော် ညွှန်ကြားထားတာတွေကို၊ အတတ်နိုင်ဆုံး တိတိကျကျ ဆောင်ရွက်ပေးပါ"

"အန်ကယ် ဝမ်းသာတယ်ကွာ။ မင်းနဲ့တွေ့ရတာ အန်ကယ် စိတ်ချမ်းသာ တယ်။ မင်းရဲ့စေတနာ မင်းရဲ့စွမ်းဆောင်မှု တွေကို၊ ကြည့်ပြီး . .သမီးလေး ပြန်မကောင်း ခဲ့ရင်တောင်၊ အန်ကယ် . .စိတ်ဖြေနိုင်မှာပါ။ မင်းကို အန်ကယ် . .ချီးကျူးပါတယ်ကွာ၊

www.burmeseclassic.com

www.burmeseclassic.com


လေးလည်း လေးစားပါတယ်။ ကျေးဇူးလည်း တင်ပါတယ်"

မျက်ရည်ဝဲလျက်ပြော၏။ ပျောက်ကင်းလိမ့်မည်ကို ယုံကြည်ပါရန် . .ဟု သူ ပြောသည်။ အပေါ်ထပ်မှ တံခါးခေါက်သံ ကြားသည်။ "သမီး နိုးပြီထင်တယ်" . .ဟု၊ ဦးချမ်းမြေ့ ပြောသည်။ ဒေါ်ကြည်ကြည်က လှေခါးထစ်များမှ၊ အပေါ်ထပ်သို့ ပြေးတက်သွား၏။

သီရိနွယ်၊ အောက်ထပ်သို့ ဆင်းလာလျှင်၊ သီရိနွယ်၏ အနီးဝန်းကျင်သို့ သီရိနွယ် မြင်တွေ့သတိပြုမိအောင်၊ သူ . . တစ်စုံတရာ ဆောင်ရွက်ရပေဦးမည်။ ဥပမာ ။ ။ သီရိနွယ် ထမင်းစားနေလျှင်၊ အနီးရှိ လက်ဆေးကန်ထဲ၌ သူ . .လက်ဆေး နေတာမျိုး။ သီရိနွယ်၏အနီးရှိ၊ လက်သုတ်ပုဝါကို ယူသုတ် လိုက်တာမျိုး။

ထိုသို့ ရှိနေစဉ်၊ ဝေလင်းက "အောင်ကျော်စွာ၊ ထမင်း မစားသေးဘူးလား" ဆိုတာမျိုး၊ "အောင်ကျော်စွာ။ ငါ. .ပြန် တော့မယ်" ဆိုတာမျိုးတွေ ကူညီပံ့ပိုး၍ အသံပြုပြောဆို ပေးရ လိမ့်ဦးမည်။

စိတ်ထဲမှလည်း၊ "ကျွန်တော် ဆရာဝန်ဖြစ်နေပြီ" . .ဟု သီရိနွယ်ရှေ့မှာ ရင်ကော့လျက်၊ ကြွားဝါပြလိုက်ချင်ပေပြီ။

❀ ❀ ❀

## ( ၂၆ )

သီရိနွယ်သည်၊ အဝတ်အစား ဆံပင်ပုံစံတို့ သပ်သပ် ရပ်ရပ် ဝတ်ဆင်၏။ လက်ထဲတွင် ပုတီးကုံးလေးတစ်ကုံး ကိုင်ထားတတ်ပေပြီ။ အိမ်အတွင်း၊ အိမ်ဝင်းအတွင်း၊ သူ့ကို တွေ့လျှင်၊ စိုက်စိုက်ကြည့်နေ၏။ သူ . .ပြန်ကြည့်သည်။ ပြုံး ပြသည်။ သူ. .ပြုံးပြလျှင်တော့ သီရိနွယ် အကြည့်လွှဲ၏။

သီရိနွယ် အိမ်ဝင်းအတွင်း လမ်းလျှောက်နေလျှင်၊ သူ အကူအညီတောင်းထားသော ကလေးငယ်တစ်ယောက်က၊ အိမ်ဝင်းတံခါးအနီးအပါးတွင်၊ မုန့်ဖက်ထုတ်လာရောင်းသည်။ "အုန်းသီးမုန့်ဖက်ထုတ်" . .ဟု၊ ကျယ်လောင်စွာ အော်ဟစ်သည်။ ထိုအခါ. .သီရိနွယ်၏ ခပ်လှမ်းလှမ်းမှ၊ မုန့်ဖက်ထုတ်သည်လေး ကို ခေါ်၏။ မုန့်ဖက်ထုတ် ဝယ်စားသည်။ ဝယ်စားရင်းမှ၊ စကားသံကို မြွှင့်လျက် . .

"တစ်ထုတ်ကို ဆယ့်ငါးကျပ်။ ဈေးကြီးလိုက်တာကွာ။ ငါ. .ငယ်ငယ်တုန်း က၊ မုန့်ဖက်ထုတ်ရောင်းဖူးတယ်။ တစ်

www.burmeseclassic.com

www.burmeseclassic.com



ထုတ်မှ ပြားသုံးဆယ်"

"ဦးက . .ဘယ်မှာရောင်းဖူးတာ
လဲ"

"ဒီနားမှာကွ။ မုန့်ဖက်ထုတ်ရောင်း
တဲ့ အောင်ကျော်စွာ ဆိုရင်၊ လူတိုင်းသိ
တယ်။ ဒီ. .အိမ်က, ငါ့ဆီက မုန့်ဖက်ထုတ်
နေ့တိုင်းဝယ်တဲ့ အိမ်ပေါ့"

စသဖြင့်သော စကားသံတွေကို၊ သီရိနွယ်ကြားနိုင်ေ
သည်။ သီရိနွယ်ကို၊ သူ . .ခပ်လှမ်းလှမ်းမှ၊ မုန့်ဖက်ထုတ် လှမ်
ကျွေးသည်။ သီရိနွယ်၊ ခေါင်းခါစမြဲ ဖြစ်၏။

*

အိမ်၏လက်ဝဲဘက် မြက်ခင်းစပ်တွင် ဒါန်းစင်တစ်
ရှိ၏။ ထိုဒါန်းပေါ်တွင် သီရိနွယ် ထိုင်နေ၏။ နပိုက,ထ
ပိုလှလျှက် ရှိနေပေပြီ။ ဒါန်းစီးနေရာသို့ မယောင်မလည်ဖြ
သူ. .သွား၏။ သီရိနွယ်၏ မျက်နှာလေးကို ရင်းနှီးစွာကြ
ပြီး . .,

"ကျွန်တော်က၊ ဧည့်သည်ဗျ။
အိမ်ကို အလည်လာတာ။ ဒီအိမ်က, လူ
ဘယ်သူ့ကိုမှ မတွေ့ချင်ဘူး။ မသီရိနွ
တစ်ယောက်ကိုပဲ တွေ့ချင်တယ်။ ဒီက
မမ။ မသီရိနွယ် . .ဘယ်သွားလဲဟင်"



ငဲ့ကြည့်ရုံသာကြည့်နေ၏။ စကားမတုံ့ပြန်။ အနားသို့
သူ . .ပိုတိုးလိုက်သည်။

"ကျွန်တော့်ကို စကားပြောပါဗျာ။
မသီရိနွယ်. .ဒီအိမ်မှာရှိလား"

"မရှိဘူး"

ကြိုးပြတ်ဟောင်းနွမ်းနေခဲ့ရသော ဂစ်တာဟောင်း
တစ်လက်မှ၊ ပထမဆုံးစတင်ထွက်ပေါ်လာသည့် . .အညင်သာ
ဆုံး ဂီတသံစဉ်သစ်။

"မရှိဘူး။ မသီရိနွယ် . .မရှိဘူး။
ဟုတ်လား"

" . . . . . . . . "

"ဟုတ်လား။ လို့"

"ဟုတ်တယ်"

လက်ထဲမှ ပုတီးကုံးလေး လည်ပတ်နေသည်။

"ဘယ်သွားလို့လဲ။ မသီရိနွယ်
ဘယ်သွားလို့လဲ"

"မန္တလေး သွားတယ်"

"ဘာသွားလုပ်တာလဲ"

"သူ့ အမေကို ဆေးကုဖို့။ ရုပ်ရှင်
သွားရိုက်တယ်"

"ဒါဆို။ အခု . .ဒီမှာထိုင်နေတာ။
ဘယ်သူလဲ။ မမ. . ဘယ်သူလဲ၊ မမရဲ့

www.burmeseclassic.com

www.burmeseclassic.com



နာမည် ဘယ်သူလဲ"

"ကျွန်မ, နာမည်က . .နှယ်"

"ဟာ။ ဟုတ်လား။ နှယ် . .

လား။ နာမည်လေးက အရမ်းလှတယ်။ နှယ်

တစ်လုံးတည်းလား။ နာမည် အပြည့်အစုံက

ဘာလဲ"

"နာမည် အပြည့်အစုံက

မြနန်းနှယ်"

"မြနန်းနှယ် မဟုတ်ပါဘူး

သီရိနှယ်ပါ။ ဟုတ်တယ်မို့လား။ မမနာမည်

သီရိနှယ် မို့လား။

ကျွန်တော် အောင်ကျော်စွာလေ

မမ. .သီရိနှယ် မဟုတ်လား"

"မဟုတ်ဘူး။ သီရိနှယ် သေပြီ

အောင်ကျော်စွာလည်း . .သေပြီ"

"ဟာ။ ဘာဖြစ်လို့ သေတာလဲ"

"ကားမှောက်ပြီးသေတာ။ သူ

နှစ်ယောက်စလုံး၊ ကားမှောက်ပြီး သေတာ

သီရိနှယ်က၊ ကားမှောက်ပြီးတော့၊ လှေ

ပေါ်က လိမ့်ကျပြီးသေတာ"

ထို့ .စကားပြောနေစဉ်၊ သီရိနှယ်၏ မျက်လုံးအစုံသည်

မီးစုန်းရောင်ခြည်ကဲ့သို့၊ စူးရှနေလေ၏။



"ညည့်သည်ကို၊ မုန့်နဲ့ဧည့်မခံရင်

တောင်၊ စကားပြောပေါ့။ စကားနဲ့၊ ဧည့်ခံ

ပေါ့"

ကလေးငယ်တစ်ယောက်ကဲ့သို့၊ သီရိနှယ်၊ သူ့ကိုငဲ့ကြည့်

သည်။ အနားမှာဝင်ထိုင်လိုက်သော်လည်း၊ နေရာရွှေ့မသွား။

အားသို့ မတိုးရွှေ့။

"မမ။ ကျွန်တော့်ကို စကားပြော

လေ"

"မပြောဘူး။ ဖေဖေ ဆူလိမ့်မယ်။

ဖေဖေက၊ အိမ်ဝင်းထဲကို၊ ဘယ်သူမှ၊ ပေး

မဝင်နဲ့တဲ့။ ရှင်က, ဘာဖြစ်လို့ ဝင်လာတာ

လဲ"

"မမနဲ့၊ စကားပြောချင်လို့ပေါ့"

"ကျွန်မ မပြောချင်ဘူး"

အကယ်၍၊ သူသာဆရာဝန်တစ်ယောက် မဟုတ်ပါက၊

သီရိနှယ်နှင့်စကားပြောနေရသော၊ ဤကဲ့သို့ အခြေအနေမျိုးတွင်

ငင်ထဲ၌ ဆို့နင့်ကြေကွဲပြီး၊ မျက်နှာလွှဲကာ မျက်ရည်ဝေ့ဝဲနေမိ

လိမ့်မည်။ သို့သော် .သူ ဆရာဝန်တစ်ယောက်ဖြစ်သည်။

ဆရာဝန် . .ဟု၊ ကိုယ့်ကိုကိုယ် သတိပေးနေခဲ့ရသည်။

သိမတိမ်းလွတ်အောင် ဆင်ခြင်သည်။ သာမာန်သံယောဇဉ်ကို

မင်မေ့တင်းလျက်၊ သီရိနှယ်အား . . လူနာတစ်ဦး . .ဟု၊

စဉ်နှလုံးသွင်းထားသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကဲ. .စကားမပြောချင်ဘူးဆိုရင်
လည်း၊ ကျွန်တော် မေးတာကိုတော့၊ ဖြေ
မယ်"

"ဖြေမယ်။ ဘာကျွေးမလဲ"

"မုန့်ဖက်ထုတ် ကျွေးမယ်"

"... ... ..."

သဘောတူညီကြောင်းကို၊ နှုတ်ဖြင့်မပြော။ မေးသည့်
အမေးစကားကိုသာ နားစွင့်ထားဟန်တူ၏။

"မမ အခုဘယ်နိုင်ငံမှာနေတာလဲ"

"လူ့နိုင်ငံမှာ နေတယ်"

"အဲဒီနိုင်ငံရဲ့ အမည်ကိုမေးတာ
ဘာနိုင်ငံလဲ"

"ကိုယ်နေတဲ့ နိုင်ငံကိုယ်မသိဘူး
လား။ မသေမချင်း မှတ်ထား။ ဒါ. .မြန်မာ
နိုင်ငံ။ မြဲမြဲမှတ်ထား"

"ဟာ . .။ မမက မှတ်ဉာဏ်
ကောင်းလိုက်တာ။ ကျွန်တော်က
မမလောက် မှတ်ဉာဏ်မကောင်းဘူး။ မေ့
နေတယ်။ ဒါနဲ့. ., ကျွန်တော်က ညှို့သည်
ဆိုတော့ မေးရအုံးမယ်။

ဘုရားဖူး သွားချင်လို့၊ ရွှေတိဂုံ
စေတီတော်ကြီးက၊ ဘယ်မှာရှိတာလဲ"



"သိရက်သားနဲ့ လာမေးမနေနဲ့"

"မသိဘူး။ ရွှေတိဂုံ ဆိုတာပဲ၊
သိတယ်။ ဘယ်မှာရှိမှန်း မသိဘူး"

"သေသေချာချာမှတ်ထား။ ရွှေတိဂုံ
ဘုရားက၊ မြန်မာနိုင်ငံ ရန်ကုန်မြို့မှာရှိတယ်
ဆိုတာ တစ်ကမ္ဘာလုံးသိတယ်။

ကဲ. .ဖြေပြီးပြီ။ မုန့်ဖက်ထုတ်
ကျွေး"

ယခင်နေ့များထက်အခြေအနေ တိုးတက်လာသည်ဟု
ခန့်မှန်းမိသဖြင့်၊ သူ . .ဝမ်းသာနေရသည်။ အသင့်ရှိနေသော
မုန့်ဖက်ထုတ် နှစ်ထုတ်ကို၊ သီရိနွယ်အား ဖက်များကိုဖယ်ခွာ
၍ ပေးလိုက်၏။ သီရိနွယ် ကြွနေရစွာ စားနေ၏။

"မုန့်ဖက်ထုတ် စားဖူးလား"

"စားဖူးတယ်"

မျှော်လင့်ခြင်းရောင်ခြည်များ ဖြာထွက်လာသကဲ့သို့
ခံစားရခြင်း . .

"ဟုတ်လား။ စားဖူးတယ် ဟုတ်ရဲ့
လား။ ဘယ်မှာ စားဖူးတာလဲဟင်။ ဘယ်မှာ
စားဖူးတာလဲ"

မေးမြန်းနေရင်းမှ၊ ငယ်ဘဝကို သူ. .မြင်ယောင်လာ
သည်။ သီရိနွယ်၏ ငယ်ရုပ်သွင်။ သီရိနွယ်၏ မိခင်။ သီရိနွယ်
၏ လက်ထဲမှ မုန့်ဖက်ထုတ်များ. .။ ဒါတွေကို သီရိနွယ်

www.burmeseclassic.com

www.burmeseclassic.com



သတိရစ, ပြုတော့မည် . .ဟု၊ ခန့်မှန်းမိ၏။

"ဘယ်မှာစားဖူးတာလဲ ဆိုတော့
ဟို . . ."

လက်ညှိုးထိုးပြထားသည်။ လက်ညှိုးထိုးရာဘက်သို့ သူ လှမ်းကြည့်၏။ လက်ညှိုးသည်၊ တံခါးဝ,သို့ ထိုးပြထားသည် ထင်ရ၏။ သူ. .ရင်ခုန်လာသည်။ လက်ညှိုးသည်၊ ဝင်းတံခါး မှ ကောင်းကင်ပေါ်သို့ထောင်တက်သွား၏။

"ဟို . .။ ဟိုး . .အဝေးကြီးက
စားသောက်ဆိုင်မှာ စားဖူးတာ"

ရင်မောသွားရပြန်သည်။

သီရိနွယ်က၊ မုန့်ဖက်ထုပ်နောက်တစ်ထုပ်ကိုစားရင်း

"ရှင်ကော . .။ စားဖူးလား"

"ကျွန်တော်က, သိပ်မစားဖူးဘူး
ရောင်းဖူးတာ။ မမနွယ် စားဖို့ ဒီအိမ်ဝင်း
တံခါးဝ,မှာ လာရောင်းဖူးတာ"

"ဘယ်က မမနွယ်လဲ"

မျက်ခုံးလေးတွန့်လျက်မေး၏။ သီရိနွယ်ကို၊ သူ . . လက်ညှိုးထိုးကာ . .,

"ဒီက . .၊ မမနွယ်လေ။ ဒီက . .
မသီရိနွယ်လေ"

"ကျွန်မ သီရိနွယ် မဟုတ်ဘူး
ကျွန်မ, မြနန်းနွယ်။ သီရိနွယ်က၊ သေပြီ"

"မသေပါဘူး။ မမက သီရိနွယ်ပဲ"

"မဟုတ်ဘူး။ သီရိနွယ် သေပြီ။
မြနန်းနွယ်အဖြစ် ဒီအိမ်ကို ပြန်ဝင်စားတာ။
ကျွန်မ,က . .သိုက်နန်းရှင်။ ကျွန်မ,လည်း
အချိန်တန်ရင်၊ သီရိနွယ်လိုပဲ သိုက်နန်းကို
ပြန်သွားရမှာ"

သူ . .ပြုံးလိုက်၏။ ပြီးမှ . .

"ဟုတ်လား။ ဒါနဲ့ မမနွယ်တို့
သိုက်က ဘယ်နားမှာလဲ"

"သံလျင်မှာ။ ကျိုက်ခေါက်ဘုရား
နားမှာ"

"ဩော်။ မမက . .သံလျင်ကနေ
ရန်ကုန်ကိုလာတယ်ဆိုတော့၊ သံလျင်
တံတားကြီးပေါ်က ဖြတ်လာရမှာပေါ့နော်"

"တံတားမရှိပါဘူး" . .ဟု၊ သီရိနွယ် ပြော၏။ ခေတ်ကာလနှင့် မျက်ခြေပြတ်ခဲ့ပြီ. .ဟု၊ စိတ်မကောင်းစွာ တွေးမိသည်။

"သံလျင်နဲ့ရန်ကုန်ကို တံတား
ထိုးလိုက်ပြီ မမရဲ့။ မမက . .သိုက်နန်းရှင်
ဖြစ်ပြီးတော့၊ တံတားဆောက်လိုက်တာ
တောင် မသိဘူးလား"

"မသိဘူး။ ကျွန်မ,တို့က၊ တံတား

www.burmeseclassic.com

www.burmeseclassic.com

က, ကူးစရာမလိုဘူး။ သိုက်တန်ခိုးနဲ့ ကူးလို့ ရတယ်"

"ဩော်။ တံတားတွေ လမ်းတွေ ဆောက်တုန်းက, လမ်းမလွှတ်လို့၊ မမတို့ သိုက်နန်းတွေ၊ ဖျက်ပေးရတယ်ဆို။ သံလျင်က, သိုက်နန်းတွေ၊ လမ်းမလွှတ်လို့၊ ဖျက်ပေးရပြီး၊ မမတို့သိုက်နန်းရှင်တွေ ရန်ကုန်ကို ရောက်လာတာ ထင်တယ်"

"ဘာတွေပြောမှန်းလည်း၊ မသိဘူး"

သီရိနွယ်ကိုကြည့်လျက်၊ သူ. .ရယ်လေ၏။ သူ. .ရယ်သဖြင့် သီရိနွယ် ပြုံးသည်။

"မမတို့ သိုက်က၊ အရမ်းချမ်းသာတယ်. .ဆို"

"ဟုတ်တယ်။ ချမ်းသာတယ်၊ ရွှေသလွန်ပေါ်မှာ ရတနာတွေ အများကြီးပဲ"

"ဒါနဲ့များ မမရယ်။ မြန်မာပြည်မှာ လမ်းတွေ၊ တံတားတွေ ဆောက်နေတာ မမတို့ မြန်မာသိုက်နန်းရှင်တွေက၊ အလှူငွေလေးဘာလေး၊ လာ. .မထည့်ကြဘူး"

"သိုက်နန်းက၊ ဥစ္စာပစ္စည်းတွေကို သာသနာအတွက်ပဲ သုံးတယ်"



"ဟုတ်လား။ ဒါဆို . .ဟိုတလော က၊ ရွှေတိဂုံစေတီတော်ကြီး၊ ထီးတင်တုန်းက မမတို့သိုက်နန်းရှင်တွေ၊ အလှူငွေ ဘယ်လောက်လာထည့်သလဲ။

စေတီတော်ကြီး ရွှေသင်္ကန်းကပ်ဖို့၊ သိုက်နန်းက၊ ရတနာပစ္စည်းတွေ၊ ဘုရားမှာ၊ လာလှူမှာပေါ့နော်"

"မသိဘူး". .ဟု၊ သီရိနွယ် နှုတ်ခမ်းစူ၍ အော်လေ၏။ သူ . .ပြုံးနေလေသည်။ ပြီးမှ . .သီရိနွယ်၏ မျက်နှာအနီးသို့ တိုးကပ်လျက် . .

"မမ။ မမနာမည်က . .သီရိနွယ်။ သီရိနွယ်ရဲ့ ဘဝအခြေအနေကို မကျေနပ်လို့ ကိုယ့်ကိုကိုယ် မြနန်းနွယ်ဆိုတဲ့ စိတ်ကူးယဉ်နာမည် တတ်ချင်နေတာ။ အဲဒီလိုမျိုး၊ စိတ်ကူးယဉ် နာမည်တတ်ပြီး ဟိုဟို. .ဒီဒီ လျှောက်တွေးနေရင်။ ရူးတတ်တယ် မမရဲ့"

စကားမတုံ့ပြန်။ ငြိမ်သက်လျက် နေ၏။

"တချို့ပြောကြတယ်။ လူတစ်ယောက် အချိန်မတန်ခင် ငယ်ငယ်ရွယ်ရွယ်နဲ့ ဆုံးသွားရင်။ သေသွားရင်။ သိုက်က. .ပြန်ခေါ်တာလို့ ပြောကြတယ်။

လူ့လောက,က လူကိုသိုက်က၊

www.burmeseclassic.com

www.burmeseclassic.com



ပြန်ခေါ်တယ်ဆိုတော့။ သိုက်က ပုဂ္ဂိုလ်တွေက၊ လူသတ်သမားတွေပေါ့..မမရဲ့။

လူတွေကို၊ လူ့လောက,ကနေ သူတို့ဆီကို ပြန်ခေါ်လို့ရတယ်ဆိုတော့၊ လူ့ဘဝရဲ့သေခြင်းရှင်ခြင်းကို၊ သူတို့က၊ ဖန်တီးနိုင်တဲ့ သဘောလား။

လူ၊ သတ္တဝါတွေကို သေစေ ရှင်စေဆိုတဲ့ ဖန်တီးနိုင်မှုကို ဘုရား..ရဟန္တာတောင်မှ မပြုမှုခဲ့ဘူး။ သိုက်နန်းရှင်ဆိုတာတွေက၊ ဘုရား ရဟန်း မပြုမှုတဲ့ ကိစ္စကို၊ ပြုမှုနိုင်ပါ့မလား။ စဉ်းစားသင့်တယ်နော် ..မမ"

သိရိန္ဒယ် ငြိမ်သက်နေ၏။

"စိတ်ငယ်နေတဲ့သူတွေ၊ စိတ်ဓာတ်ကျနေတဲ့သူတွေမှာ၊ အဲဒါမျိုးတွေကို၊ အစွဲအမှတ်ထားတတ်ကြတယ်။

တကယ်တော့ ..မမဟာ။ မသိရိန္ဒယ်ပဲ။ စိတ်သောက,တွေကို ကြိတ်ခံစားခဲ့ရလို့၊ ကိုယ့်ကိုကိုယ် ဖျောက်ဖျက်နေတာ။ ကျွန်တော်ပြောတာ ..ဟုတ်ရဲ့လား"

စကားမတုံ့ပြန်။ မျက်ရည်ဝဲနေသည်ကို တွေ့၏။ ခေါင်းငုံ့ထား၏။



"ကျွန်တော့်နာမည် .. အောင်ကျော်စွာ။ မမ ... မှတ်မိလား။ အောင်ကျော်စွာ ဆိုတဲ့ကောင်လေးကို မှတ်မိလား"

ခေါင်းငုံ့နေလျက်က၊ ခေါင်းကို ခါယမ်းပြသည်။

"ကျွန်တော့်ကို၊ မမှတ်မိလည်း ကိစ္စမရှိဘူး။ မမ အနေနဲ့၊ အခု လောလောဆယ်၊ ကိုယ့်ကိုကိုယ် မှတ်မိနေဖို့။ ကိုယ့်ကိုကိုယ် သိနေဖို့ပဲလိုအပ်တယ်။

လူတိုင်းမှာ ..သောက,တွေ၊ ဒုက္ခတွေ ရှိကြတယ် မမရဲ့။ လူ့လောက,မှာ၊ မမ..တစ်ယောက်တည်း စိတ်သောက, ရောက်ခဲ့ရတာ မဟုတ်ဘူး။ လူတိုင်း ..လူတိုင်း စိတ်သောက, ရောက်ဖူးကြတာပဲ။ သောက, ဒဏ်ကို ခံနိုင်စွမ်းမရှိရင်၊ အရူးတွေနဲ့ပဲ ရင်ဆိုင်ရလိမ့်မယ်။

ဘုရားလက်ထက်တော်တုန်းက၊ ပဋာစာရီဆိုတဲ့ အမျိုးသမီးတစ်ယောက်ရှိတယ်။ မိဘ သဘောမတူတဲ့သူနဲ့လိုက်ပြေး၊ ဆင်းဆင်းရဲရဲနေ။ မိဘသေ။ လင်သေ။ သားသေ။ ဒုက္ခတွေကို စုပုံခံစားရလို့၊ စိတ်ဖောက်ပြန်သွားရတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဂေါတမမြတ်စွာဘုရားနဲ့တွေ့တော့မှ မိဘ။ လင်ယောကျာ်း၊ သားသမီး . .ဆိုတာတွေက၊ ကိုယ့်ကို မကယ်နိုင်ဘူး။ ကိုယ့်ကို ကယ်ဖို့၊ ကိုယ့်သောကကို ကိုယ်. .ဖြေဖို့ ကိုယ်တိုင်ပဲစွမ်းဆောင်ရမယ်. .လို့၊ သတိပေးတော့မှ၊ ပဋာစာရီဟာ၊ စိတ်ဖြေရာရပြီး မထေရီတစ်ပါးဖြစ်သွားတယ်. .တဲ့။

မမက . . ပဋာစာရီလောက် မဆိုးသေးပါဘူး။ ပဋာစာရီက၊ မိဘနှစ်ပါးစလုံး သေသွားတာ။ မမ. .က၊ အဖေတစ်ယောက်လုံး၊ အနားမှာရှိနေသေးတယ်လေ"

မျက်ရည်တွေ စီးကျလာသည်။

မျက်ရည်တွေကို၊ သူ. .ဖယ်သုတ်ပေးလိုက်၏။ စားလက်စ၊ မုန့်ဖက်ထုတ်လေး မြက်ခင်းပေါ်သို့ ပြုတ်ကျသွားသည်။

မျက်နှာဖလေးကို၊ သူ . .ကိုင်မော့လိုက်၏။

စိတ်အင်အားကို ဖြစ်စေမည့်ကဗျာတစ်ပုဒ်ကို၊ သူ . . ရွတ်ဆိုပြလိုက်သည်။

❀



"လောကစံ"

"တက်" တစ်ချက်ခေါက်
"တောက်" ကနဲ မြည်
စီကနဲ . .ရှိုက်
လှိုက်ကနဲ . .ငို၊

လိုစာရင်းပြ
ငိုချင်းချ။

ဘဝဆိုတာ
ငိုစရာလား?
ဟိုမှာ . .နားစိုက်၊ သည်မှာတိုက်နေ
ရှိပါစေလေ၊
လိုရာမရ၊ ရတာကို . .ယူ
သင်ဟာ . .လူပဲ
ပြောပြစမ်းပါ ဘာလိုသလဲ?

ကဲ . . .၊
လောကထဲကို၊ ရဲရဲဝင်ရန်

www.burmeseclassic.com

www.burmeseclassic.com



သဏ္ဍာန်ကိုလုပ်၊ သရုပ်ကိုထည့်
ခေါင်း မငုံ့နဲ့ပေါ့၊

ယုံကြည်တယ်ဆို
သည်ကိုလာခဲ့

လက်နက်မဲ့နဲ့ တိုက်ရမယ် ။ ။

( ၂၇ )

"မင်း . .အရမ်းပင်ပန်းနေပြီ။ ဆေးရုံရော . .ဆေးခန်းရော . .မသီရိနွယ် ကိစ္စရော . .ပြေးလိုက်လွှားလိုက်နဲ့။ ကိုယ့်ကိုကိုယ်လည်း၊ ကျန်းမာရေး ဂရုစိုက်ဦး" . .ဟု၊ ဝေလင်းပြော၏။ သူ . .ခေါင်းညိတ်သည်။

ခပ်လှမ်းလှမ်းရှိ ဆေးရုံဆင်ဝင် အနီးတွင်၊ ဝေလင်း၏ကားနှင့် သူ့ကားကို ယှဉ်လျက်ရပ်ထားသည်။ ဝေလင်းက . .ကားရပ်ထားရာသို့လှမ်းကြည့်သည်။ အချိုရည်သံဗူးထဲမှ၊ အချိုရည်ကို ဖန်ခွက်ထဲသို့ ငုံ့ထည့်ရင်း . .

"ဒီနေ့တော့၊ ဖတ်စာအုပ်အထုတ်
လေးကို၊ ကားထဲမှာ ထားခဲ့တာပါလား။
ဖတ်စာအုပ်တွေနဲ့ ခပ်ဝေးဝေးခွဲနေလိုက်တဲ့
သဘောပေါ့။ ဟုတ်လား"

မေးပြီး၊ အချိုရည်ဗူးကို စားပွဲပေါ်မှာ တင်ထားလိုက်

www.burmeseclassic.com

www.burmeseclassic.com



သည်။ သူက . .ပြုံးလျက်၊ ဖန်ခွက်ထဲမှ အချိုရည်ကို တစ်ငုံ သောက်သည်။ ပြီးမှ . .

"မမနွယ်နဲ့ ပြန်တွေ့နေပြီပဲ။ စာ အုပ်လေးတွေက၊ ကြားခံပစ္စည်း ဖြစ်သွား ပြီ။ ဒါပေမဲ့ . .အဲဒီစာအုပ်တွေက၊ အခု အချိန်အထိအရေးပါတဲ့ ပစ္စည်းတွေအဖြစ်နဲ့ ရှိနေတုန်းပါပဲ"

"ဘယ့်နှယ့်လဲ။ မသီရိနွယ် အခြေ အနေကောင်းပါ့မလား"

"ကောင်းလိမ့်မယ်။ ဆေးတောင် နည်းနည်းလျှော့ထားတယ်။ တခြားရောဂါ တွေ ဘာတွေမရှိတော့၊ ပိုပြီး အခြေအနေ ကောင်းတာပေါ့"

"ငါတောင် . .မင်းရဲ့ ကုသ,မှုကို ကြည့်ပြီး၊ စိတ်ရောဂါကို စိတ်ဝင်စားချင် လာပြီ"

"စိတ်ဝင်စားရင်၊ လေ့လာပေါ့ကွာ။ လေ့လာထားရင် မမှားပါဘူး။ မင်းရဲ့ လူနာ တွေထဲမှာလည်း၊ စိတ်ရောဂါ ဝင်မှန်းမသိ ဝင်နေတဲ့သူတွေ၊ ပါလာနိုင်တာပဲ"

"ဟုတ်တယ်။ လွန်ခဲ့တဲ့သုံးလေး ရက်က,တောင်၊ ငါ့ဆေးခန်းမှာ၊ ဝိုရမလို



ရယ်ရမလို ဖြစ်သေးတယ်"

"ဘာလဲ။ စိတ်ရောဂါနဲ့တွေ့လိုက် လို့လား"

"စိတ်ရောဂါရယ်တော့ မဟုတ် သေးဘူး။ လူနာက, စိတ်ထိခိုက်ပြီး ပိန်ချုံး နေတာ"

အချိုရည်ကိုသောက်ရင်း၊ သူ . .နားထောင်၏။

"အပျိုပေါက်လေးတစ်ယောက်။ မျက်ရည်လေးစမ်းစမ်း, စမ်းစမ်းနဲ့ ရောက် လာတာ။ မအေလည်း ပါလာတယ်။

ဘာဖြစ်သလဲမေးတော့။ အရေ ပြားရောဂါဖြစ်စ,ပြုနေလို့ . .တဲ့။ သွေးစစ် ကြည့်ပြီးပြီလား . .လို့ မေးတော့ သွေးတော့ မစစ်ရသေးဘူး . .တဲ့။

လည်ဂုတ်တွေ၊ ကျောတွေ၊ ရင် ဘတ်တွေ၊ ခါးတွေမှာ အနာကွက်တွေ ထွက်လာတယ်. .တဲ့။ အဲဒါ. .လူသိမှာစိုးလို့ ဘယ်မှာမှလည်း. .မပြ။ အိမ်တွင်းအောင်း နေရင်းက၊ ကလေးမ,လေးက၊ တဖြေးဖြေး ပိန်လာတာ. .တဲ့။

အခုမှ. .လူသိရင်လည်း သိရော့စေ တော့ဆိုပြီး၊ ငါ့ ဆေးခန်းမှာ လာပြတာတဲ့"

www.burmeseclassic.com

www.burmeseclassic.com



"လက်ပရိုစီ တကယ်ဖြစ်နေလို့လား" . .ဟု၊ သူမေး၏
ဝေလင်း ခေါင်းခါ၏။

"လူနာရှင်ပြောတဲ့အတိုင်းဆို၊ အ
ရောဂါဖြစ်လို့၊ လူနာစိတ်ထိခိုက်ပြီး၊ ကို
ခန္ဓာပါ ပိန်လာတဲ့သဘောပေါ့။

ငါလည်း. .နည်းနည်းပါးပါး၊
မြန်းပြီး၊ သူတို့ပြောတဲ့အညိုကွက်တွေ
ပြခိုင်းတာပေါ့။ အဲဒီ. .အညိုကွက်တွေ
ကြည့်ရင်း၊ ငါလည်း. .မသင်္ကာတာ
ရေနွေးထဲဂွမ်းနှစ်ပြီး ပွတ်ကြည့်တာ။ ဟာ
အကွက်တွေချက်ချင်း ပျောက်သွားတယ်

"ဘာကွက်တွေလဲ" . .ဟု၊ သူမေး၏။ ဝေလင်း
သည်။ ပြီးမှ . . .

"ခါးပတ်ပတ်လည်ရော၊
လည်မှာရော၊ ရင်ဘတ်မှာရော. . ၊
ဂုတ်မှာရော။ ဂျီးကွက်တွေ"

သူပါ . .ရယ်လေ၏။

"ရေချိုးတာ ပြီးစလွယ်ချိုး။
မတွန်းတော့ တစ်ကိုယ်လုံး ဂျီးတက်နေ
ငါ့မှာ ရေနွေးနဲ့ဂျီးတွန်းပေးလိုက်ရတ
ဆေးမထိုးလိုက်ရဘူး။ ရယ်ချင်းစိတ်
ထိန်းရတာလည်း . .မလွယ်။



မအေ လုပ်သူက၊ အဖြစ်မှန်သိ
တော့မှ၊ ဝမ်းသာအားရနဲ့ ရယ်လိုက်တာ။
သမီးလေးက,တော့ မျက်နှာကိုနီရဲနေတာပဲ။
ရှက်သွားတာပေါ့။

ကိုယ်မှာ. .ဂျီးတက်နေတာ မသိဘဲ
အရေပြားရောဂါဖြစ်ပြီဆိုပြီး၊ စိတ်ထိခိုက်
နေတာလေ. .။ မိဘတွေက၊ တစ်ကိုယ်ရည်
သန့်ရှင်းဖို့ကို၊ ဂရုတစိုက်၊ မသင်မကြား
ကြတာ"

"တော်သေးတာပေါ့။ ဆေးမြီးတိုတွေနဲ့ ဟိုလိမ်းဒီလိမ်း
လုပ်မိတာ" . .ဟု၊ သူ . .ပြော၏။

"ဒါနဲ့။ စကားမစပ်။ မေးရဦးမယ်။
မသီရိနွယ်. .ပြန်ကောင်းသွားရင်၊ မင်း .
.ဘာလုပ်မလဲ"

"ဘာလုပ်ရမှာလဲ။ လူနာတစ်
ယောက် ပြန်ကောင်းသွားရင်၊ ငါ့။ ဆရာဝန်။
ပီတိဖြစ်တာပေါ့"

"မဟုတ်ဘူးလေ။ မသီရိနွယ်က
သာမန်လူနာမှမဟုတ်ဘဲ။ ဗွီ၊ အိုင်၊ ပီ လေ"

"ငါ . .သူ့ကို အရေးတကြီး ကုသ,
နေတာ။ အရေးတကြီး၊ ကျေးဇူးဆပ်နေတာ
ပါ။ လူနာတစ်ယောက်အပေါ်မှာထားတဲ့၊

www.burmeseclassic.com

www.burmeseclassic.com



ဆရာဝန်တစ်ယောက်ရဲ့စိတ်မျိုးပဲ။ ငါ. . မွေးထားတယ်။ နှစ်ပေါင်းများစွာ တမ်းတ ခဲ့တဲ့ သံယောဇဉ်စိတ်ကိုတောင်၊ ငါ. .တင် မေ့ထားတယ် ဝေလင်း"

"ငါ. .သာဓု ခေါ်ပါတယ် . . အောင်ကျော်စွာ။ ဒါနဲ့ . ., မင်းကို၊ ဘာဖြ လို့၊ သူ . .မမှတ်မိသေးတာလဲ"

"အကြောင်းမတိုက်ဆိုင်သေး နေမှာပေါ့"

"ရုပ်ရှင်တွေထဲက,လို၊ မသိရှိ ရဲ့ခေါင်းကို မင်း. .ချောင်းရိုက်လိုက်ပါလား . .ဟု၊ ဝေလင်း နောက်ပြောင်သည်။ သူက . .

"ချောင်းရိုက်လိုက်ရင်၊ သေသွား မှာပေါ့။ ရုပ်ရှင်တွေထဲမှာ အတိတ်မေ့နေ သူတွေဦးခေါင်းကို၊ ထိခိုက်မိရင်၊ ပြ ကောင်းသွားတာ။ အဲဒါ. .ကုသ,နည် မဟုတ်ဘူး။

ထိ,မိ ခိုက်မိလို့၊ အာရုံကြော နီးကြားသွားတဲ့။ ဖြစ်တောင့်ဖြစ်ခဲ ဖြစ် တစ်ခုပဲ။

ဒါကို. .ရုပ်ရှင်တွေက၊ ခဏ ရိုက်ပြတော့၊ သာမန်အရပ်သားတွေ

အသိထဲမှာ၊ အတိတ်မေ့ရင် ခေါင်းကို ထိခိုက်အောင်လုပ်။ ပြန်ကောင်းသွားမယ်. . လို့ ထင်နေရင်။ မကောင်းဘူး"

လက်မှ၊ နာရီကို သူ . .ကြည့်သည်။

"မင်း. .ဒီနေ့ မအားရင်၊ ဆေးရုံမှာ ပဲ နေခဲ့တော့။ အပြန် ငါ ဝင်ခဲ့မယ်။ မမနွယ် ဆီ ငါသွားတော့မလို့"

"ကောင်းပြီ။ ညစာ, ငါ ကျွေးမယ်" . .ဟု၊ ဝေလင်း ပြော၏။ ဝေလင်းတာဝန်ကျရာ ဆေးရုံဝင်းထဲရှိ၊ စားသောက် ဆိုင်၏ ရှေ့မျက်နှာစာသို့ ကျရောက်လျက်ရှိသော နေရောင် သည်၊ ပြင်းပြင်းရှရှ ရှိနေချေ၏။

www.burmeseclassic.com

## ( ၂၈ )

ဆဌမတန်း ဖတ်စာအုပ်များကြားတွင်၊ ညပ်ပါလာခဲ့ . . . သော၊ သီရိနွယ်၏ ဓာတ်ပုံကို၊ သူ . .ပေးလိုက်သည်။ "အဲဒါ . . . ဘယ်သူ့ပုံလဲ" . .ဟု၊ သီရိနွယ်ကို မေးလိုက်၏။ ခေါင်းခါသည် . . . ကို မြင်၏။

"အဲဒါ . .မမနွယ်ရဲ့ပုံလေ"

"မဟုတ်ဘူး။ ဒါ. .ကျွန်မ,ပုံမဟု . . . ဘူး။ ဒါ. .သီရိနွယ်၊ ငယ်ငယ်က,ပုံ"

တမင်ပြောနေသော အကြောင်းအရာ . . ဟု၊ ယူ . . . သည်။ ကိုယ့်ကိုကိုယ် ဘဝင်မကျသူ၏ မျက်နှာထား . . . ဓာတ်ပုံကို၊ ထို မျက်နှာထားမျိုးဖြင့်၊ သီရိနွယ် စိုက်ကြည့်နေ . . .

"ကျွန်တော်၊ မမနွယ်နဲ့ ဘု . . . သွားချင်တယ်။ မမနွယ် လိုက်ပို့ပေးပါ"

"ဘယ်ဘုရားကို ပို့ရမှာလဲ"

ဓာတ်ပုံမှ အကြည့်မလွှဲသေးဘဲ မေး၏။



"ကျိုက်ခေါက်ဘုရား"

"ဘယ်မှာရှိတာလဲ"

"သံလျင်မှာ"

"ဟင့်အင်း။ ဖေဖေ ဆူလိမ့်မယ်"

"မဆူပါဘူး။ ကျွန်တော်က. . ဧည့်သည်ပဲ။ အိမ်ရှင်က လိုက်ပို့ရမှာပေါ့"

"ရှင်က . .ဧည့်သည်ဆိုတော့။ ဘယ်က,လာလည်တာလဲ။ ဘယ်မှာနေလို့လဲ"

"ငယ်ငယ်တုန်းက,တော့။ ဟိုး . . ရှေ့တည့်တည့်က၊ ရပ်ကွက်ထဲမှာနေတာ။ အခုတော့ . .မရမ်းကုန်းမှာနေတယ်"

"ငယ်ငယ်က၊ အဲဒီရပ်ကွက်ထဲမှာ နေဖူးတယ်။ ဟုတ်လား"

"ဟုတ်တယ်။ အဲဒီမှာနေတုန်းက၊ ကျွန်တော် မုန့်ဖက်ထုတ်တောင် ရောင်းဖူးသေးတယ်။ မမနွယ် . .မမှတ်မိလို့ပါ။ မမနွယ်တောင် ကျွန်တော့်ဆီက, မုန့်ဖက်ထုတ် ဝယ်သေးတယ်။ ဝယ်နေကျ။ ဖောက်သည်"

"မမနွယ်ရဲ့အမေစားဖို့ ဝယ်တာလေ" . .ဟု၊ ထည့်မပြော . . .အောင်၊ သူ . .ဆင်ခြင်သည်။ ဓာတ်ပုံကို၊ သူ့ထံသို့ ပြန်ပေး

www.burmeseclassic.com

www.burmeseclassic.com



ရင်း၊ "မမှတ်မိတော့ဘူး" . .ဟု၊ သီရိနွယ်ပြော၏။

"အဲဒါတွေထားလိုက်ပါ။ မမနွယ် ကျွန်တော့်ကို၊ သံလျင်က၊ ကျိုက်ခေါက်ဘုရား လိုက်ပို့ပါ။ 'ကျွန်တော့်မှာ ကားပါတယ်"

"လိုက်လို့မဖြစ်ဘူး"

"ဘာဖြစ်လို့ မဖြစ်ရမှာလဲ။ အန်ကယ့်ကို ကျွန်တော်ခွင့်တောင်းပြီးသား"

"အဲဒီ့ကို လိုက်လို့မဖြစ်ဘူး။ ကျွန်မ,လိုက်ခဲ့ရင်၊ အဲဒီ့က၊ ကျွန်မ,တို့ သိုက်နန်းက၊ အနွယ်တော်တွေက၊ ကျွန်မ,ကို ခေါ်ထားလိမ့်မယ်။ မလိုက်ရဲဘူး"

"မမက၊ ကြောက်လို့လား"

"ကြောက်တယ်"

"မမနွယ် အနားမှာ၊ ကျွန်တော် ရှိနေရင်၊ အဲဒီ့သိုက်တွေ၊ နှောက်ယှက်လို့ မရတော့ဘူး"

"ဘာဖြစ်လို့လဲ"

"ကျွန်တော်က၊ ပဋ္ဌာန်းဆက်မမရဲ့။ ကျွန်တော့်ကို ဝိဇ္ဇာတွေစောင့်ရှောက်တယ်။

ဝိဇ္ဇာတွေစောင့်ရှောက်တဲ့သူကို၊ ဘယ်သိုက်က,မှ၊ နှောက်ယှက်လို့မရဘူး။ ကျွန်တော့်အနားမှာ ရှိတဲ့သူ။ ဘယ်သူ့ကိုမှလည်း နှောက်ယှက်လို့ မရဘူး"

ကြားဖူးနားဝရှိခဲ့သော၊ . စကားအသုံးများကြောင့်၊ ယုံကြည်အောင်ပြောရသည်။

"ရှင် . .တကယ်ပြောတာလား"

"တကယ်ပေါ့။ မမနွယ် မယုံရင်၊ ကျွန်တော်နဲ့ သန်လျင်ကိုလိုက်ခဲ့။ ဘာမှ မဖြစ်ဘူးဆိုရင်၊ မမနွယ်. .ကျွန်တော် ခိုင်းတာလုပ်ရမယ်။

မမနွယ် တစ်ခုခုဖြစ်ခဲ့ရင်။ ကျွန်တော့်ကို မမနွယ် ပါးပိတ်ရိုက်။ ဖိနှောင့်နဲ့ပေါက်။ ကလိထိုး။ ခေါင်းခေါက်"

သူ့စကားကြောင့် သီရိနွယ် ရယ်လေ၏။



❀

ထိုနေ့က၊ သန်လျင်ကျိုက်ခေါက်ဘုရားသို့၊ သီရိနွယ်ကို . .အပါခေါ်လာနိုင်ခဲ့သည်။ လမ်းတစ်လျှောက်၌၊ ရယ်စရာ . .တွေ၊ သူ ပြောသည်။ တစ်လမ်းလုံး၊ သီရိနွယ် ရယ်မောလျက်

www.burmeseclassic.com

www.burmeseclassic.com



ရှိခဲ့၏။

ဘုရားရှင်ပြင်တော်ပေါ်မှ၊ ရန်ကုန်မြင်ကွင်းကို၊ သူ. . ညွှန်ပြသည်။ ဘုရားအဆင်း၌ ရုပ်ရှင်ရိုက်ကွင်း တစ်ခုနှင့် ဆုံသည်။ မင်းသား . .မင်းသမီးတွေကို၊ သီရိနွယ်အား မြင်တွေ့စေ၏။

စာအုပ်ငယ်တစ်အုပ်နှင့် ဘော့ပင်တစ်ချောင်းကို သီရိနွယ် လက်ထဲသို့ထည့်သည်။ မင်းသားထိုင်နေရာသို့ သွားစေသည်။ "အော်တိုရေးခိုင်း" . .ဟု၊ သူ . .မှာသည်။ ပရိတ်သတ်အချို့ကို အမှတ်တရ လက်မှတ်ထိုးပေးနေသော၊ မင်းသား၏ အနီးသို့ သီရိနွယ် သွားသည်။

သီရိနွယ် ပြန်လာသောအခါ၊ သူ. .ပေးလိုက်သော စာအုပ်ငယ်၏ စာမျက်နှာပေါ်တွင်၊ မင်းသား၏ ထိုးမြဲလက်မှတ်လေး ပါလာ၏။ "ပျော်စရာ ကောင်းဂယ်" . .ဟု၊ သီရိနွယ် စကားဆိုသည်။

❀

အိမ်ပြန်ရောက်တော့မှ . .

"သိုက်ကာ။ ပြန်ခေါ်မှာစိုးတဲ့စိတ်။

အဲဒီ စိတ်ကြီး ဘယ်ပျောက်သွားသလဲ



မသိဘူး။ ဘုရားဖူးနေတုန်း၊ ကြောက်ဖို့မေ့နေတာ အခုမှ၊ ကြောက်ဖို့သတိရတယ်"

သီရိနွယ် . .မျက်လုံးလေး ဝိုင်းလျက်ပြော၏။

"ဘုရားဖူးသွားတာ။ ကောင်းမြတ်တဲ့အလုပ်ပဲ မမနွယ်ရဲ့။ ဘယ်သူနှောက်ယှက်နိုင်မှာလဲ။ ကဲ. .ဘာမှ မဖြစ်ခဲ့ဘူးဆိုရင် မမနွယ်၊ ကျွန်တော်ခိုင်းတာ လုပ်မယ်ဆို"

"ဘာခိုင်းမှာလဲ"

"ကျွန်တော့် လို၊ ဘာကိုမှ မကြောက်တဲ့သူဖြစ်အောင်၊ လုပ်ခိုင်းမှာ"

"ဘယ်လိုလုပ်ရမှာလဲ" . .ဟု၊ သီရိနွယ်မေး၏။ "ဘုရား . .တရား . .သံဃာ"ကို ယုံကြည်ရမယ်။ နှလုံးသွင်းရမယ်" . .ဟု၊ သူ . .စကားအစပျိုးပြီး . .။ ဂေါတမမြတ်စွာဘုရား၏ ဖြစ်စဉ်။ သစ္စာလေးပါး တရားတော်၊ သံဃာတော်များ၏ဂုဏ်စသည်ဖြင့်၊ သူ . .ဖြေးညင်းစွာ ပြောပြသည်။

ဝင်သက်ထွက်သက်ကိုသာ အာရုံထားရမည့်၊ စိတ်တည်ကြည်မှုအလုပ်တစ်ခုကို၊ သီရိနွယ်အား၊ သူ. .ခိုင်းစေသည်။ သူ . .ခိုင်းသည့်အတိုင်း၊ သီရိနွယ်က ကလေးငယ်တစ်ယောက်ပမာ၊ လိုက်နာ နာယူ၏။

ဘုရားရှင်ရှေ့၌၊ ရိုသေစွာထိုင်ပြီး၊ မျက်တောင်လေးစင်းအာ၊ မျက်လုံးလေးမှိတ်လျက်၊ ဝင်သက်ထွက်သက်ကို အာရုံပြုနေသော၊ သီရိနွယ်အား တည်ကြည်စွာ ငေးကြည့်ရင်း၊

www.burmeseclassic.com

www.burmeseclassic.com



ရင်တွင်းမှာ ချမ်းမြေ့လာလေသည်။

သမီးဖြစ်သူအား မမြင်ကွယ်ရာမှ ချောင်းကြည့်နေသော ဖခင်ဦးချမ်းမြေ့နှင့်၊ ညီမဖြစ်သူအား ပုန်းလျှိုးကွယ်လျှိုး ခိုးကြည့်နေရရှာသော၊ အစ်ကို . .ကိုသောင်းတန်တို့သည်လည်း သူ့ကဲ့သို့ ချမ်းမြေ့နေကြပေလိမ့်မည်။

❀ ❀ ❀

## ( ၂၄ )

"သမီးကို ရိပ်သာဝင်ခိုင်းလိုက်ရင် ကောင်းမလား" . .ဟု၊ ဦးချမ်းမြေ့ မေးၐ၏။ သူ . .ခေါင်းခါသည်။

"တရားရိပ်သာဆိုတာ၊ လူတွေ များတယ် . .အန်ကယ်။ စည်းကမ်းလည်း များတယ်။ မမနွယ်နဲ့ မဖြစ်သေးဘူး။ ဗုဒ္ဓဝါဒ ဆိုတာ၊ ကိုယ့်ကိုကိုယ် ထိန်းသိမ်းတဲ့ . .ဝါဒ။ သူတစ်ပါးက ကိုယ့်ကို ထိန်းသိမ်းပေးတဲ့ဝါဒ မဟုတ်ဘူး။

တရားရိပ်သာဆိုတာ၊ ကျွန်တော် ကျွန်မတို့ရဲ့ စိတ်ကို၊ ထိန်းကျောင်းပေးကြပါ . .ဆိုပြီး၊ သူတစ်ပါးကို သွားပြီး အားကိုးတဲ့ . .နေရာ။

မမနွယ် အနေနဲ့၊ တရားကို တကယ်သိပြီး၊ သူ့အလိုလို အားထုတ်နေတာမျိုးပဲ၊ ကျွန်တော် ဖြစ်စေချင်တယ်။ သူ

www.burmeseclassic.com



တစ်ပါးပေးတဲ့ စည်းကမ်းအောက်မှာ
ကျွန်တော် မထားချင်ဘူး။ သူ့ . .စိတ်
ကျဉ်းကျပ်သွားမှာစိုးလို့”

ဦးချမ်းမြေ့ ခေါင်းညိတ်လက်ခံ၏။

ထိုစဉ် . .လှေခါးအတိုင်း ကြော့ရှင်းစွာ ဆင်းလာသည့် သီရိနွယ်ကို၊ အဒေါ်ဖြစ်သူနှင့်အတူ တွေ့ရသည်။ ဦးချမ်းမြေ့နှင့် သူကို၊ သီရိနွယ် ပြုံးပြသည်။ အနားသို့ရောက်သောအခါ၊ ဦးချမ်းမြေ့နံဘေးတွင်၊ သီရိနွယ်ထိုင်၏။ ဦးချမ်းမြေ့က . .

“သမီး။ အိပ်ရာက အခုမှ နိုးတာ
လား”

“အိပ်နေတာ မဟုတ်ဘူး” . .ဟု၊ သီရိနွယ် ဖြေ၏။ ဒေါ်ကြည်ကြည်က . . “တရားထိုင်နေတာ” . .ဟု ဝင်ပြောသည်။ သမီးဖြစ်သူ၏ မျက်နှာကို ဦးချမ်းမြေ့ ဝမ်းသာအားရ ငေးကြည့်လေ၏။ ကြည့်လျက် . .

“သာဓု။ သာဓု။ သမီး . .သာဓု”

သာဓုခေါ်သံ အနည်းငယ်တုန်ယင်သွား၏။ မျက်ရည်များပင် ဝေ့လေသည်။

“မောင်အောင်ကျော်စွာကို ညည်း
လိုက်ပါဦး . .သမီး။ ဖေဖေ . .ဘုရားသွား
ရှိခိုးလိုက်ဦးမယ်။ နော်”

သီရိနွယ် . .ခေါင်းညိတ်၏။ ဦးချမ်းမြေ့က၊ သမီးဖြစ်သူ၏ ဆံနွယ်စ,လေးများကို၊ ကြည်နူးစွာ ပွတ်သပ်သွားလေသည်။



မျက်လုံးများသို့ လက်ဖနောင့်ဖြင့် ဖိပွတ်သွားသည်ကို တွေ့ရ၏။

❀

“ရှင့်ကို၊ ကျွန်မ, သိပ်ပြီးကျေးဇူး
တင်တယ်”

“ဘာဖြစ်လို့လဲ”

“ရှင် . .ခိုင်းတဲ့အတိုင်း လုပ်ကြည့်
တာ။ ကျွန်မ . .စိတ်ချမ်းသာတယ်။ အဲဒါ
ကြောင့်, ကျေးဇူးတင်တာ”

“ကျေးဇူးတင်ရင်၊ ကျွန်တော့်ကို
အောင်ကျော်စွာလို့ ခေါ်ပါလား . .မမ”

“အဲဒါတော့ . .ခွင့်လွှတ်ပါ။
အောင်ကျော်စွာဆိုတာ၊ ကျွန်မ,စကားကို
လိုက်နာတဲ့ . .ကောင်လေး။

အခု . .ကျွန်မ,က၊ ရှင့်စကားကို
လိုက်နာနေရတယ်။ အဲဒီတော့ . .ရှင်၊
အောင်ကျော်စွာ မဖြစ်နိုင်ဘူး”

“ကျွန်တော် အောင်ကျော်စွာ
မဖြစ်နိုင်ဘူးဘဲထားပါ။ မမက၊ မြနန်းနွယ်
မဟုတ်ဘူး။ သီရိနွယ်ဆိုတာ ကိုယ့်ကိုကိုယ်
လက်ခံရဲ့လား”

www.burmeseclassic.com

www.burmeseclassic.com



"ရှင်က . .သိရှိနွယ်ဆိုတော့လည်း ကျွန်မ, သိရှိနွယ်ပေါ့။ ဘယ့်နှယ့်လဲ ကျေနပ်လား"

လှပ, နှစ်လိုဖွယ် အမူအရာ မျက်နှာထားတို့ကိုပင် ပြ နေတတ်ပြီ။

"ကျေနပ်ပါတယ်။ ဒါပေမဲ့ ကျွန်တော့်ကို ရှင် . .လို့သုံးပြီး၊ မမကိုယ် . . မမ။ ကျွန်မ, ကျွန်မ,လို့ ပြောနေတာ တော့၊ ကျွန်တော် မကျေနပ်ဘူး။

ဟိုး .ငယ်ငယ်တုန်းက,လိုပဲ။ မေ . .လို့ ပြောပါလား။ အောင်ကျော်စွာလို့ ခေါ်ပါလား။ မောင်လေးလို့ ခေါ်ပါလား မမနွယ် ပြောဖူးပါတယ်။ ကျွန်တော်သာ မောင်လေးအရင်းဖြစ်ရင် သိပ်ကောင်းမှာ . . .ဆို"

"အဲဒီလို၊ ပြောဖူးလို့လား"

"ပြောဖူးတာပေါ့။ မမ. .ဆရာဝ လုပ်နိုင်းလို့ ကျွန်တော့်မှာ ဆရာဝန်ဖြ အောင် လုပ်လိုက်ရတာနှစ်ပေါင်းများစွာ

အခု . .၊ ကျွန်တော် . . . အောင်ကျော်စွာ၊ ဆရာဝန်ဖြစ်နေပြီ၊ မမ ဒါကို . .မမက မမှတ်မိချင်ယောင် ဆော



နေတယ်"

အမှန်တကယ် ခံစားရသည့်၊ စကားလုံးများဖြစ်သည်။ သို့သော်. .အိတ်သွန်ဖာမှောက်၊ အကုန်အဆင် မပြော ချင်သေး။

"မမှတ်မိချင်ယောင်ဆောင်နေတာ မဟုတ်ပါဘူး။ တကယ် မမှတ်မိတာပါ။ နောက်တော့ . .မှတ်မိချင် မှတ်မိမှာပေါ့။

ဘာပဲဖြစ်ဖြစ်၊ ရှင်. .မကြိုက်ရင်၊ ကျွန်မ, အခေါ်အဝေါ် ပြောင်းပါ့မယ်။ ရှင်က, ကျွန်မ,ထက် အသက်ငယ်လို့လား"

"ငယ်တယ်"

ငယ်ရွယ်သူ၏၊ စိတ်ဆိုးဟန်ဖြင့်၊ သူ . .ဖြေသည်။

"ဒါဆို. .၊ ကျွန်မ, ဘယ်လိုခေါ်ရ မလဲ"

"အောင်ကျော်စွာ လို့ပဲ . .ခေါ်။ ပြီးတော့ . .ကိုယ့်ကိုကိုယ်၊ ကျွန်မ, ကျွန်မ, လို့ မသုံးနဲ့။ မမ. .လို့ ပြော"

"ပြောရမှာပေါ့။ ဖေဖေတို့က, တောင် တလေးတစားဆက်ဆံနေတဲ့ လူ တစ်ယောက်ရဲ့စကားကို၊ ကျွန်မက . . မလိုက်နာရင်။

အဲ . .။ မမက မလိုက်နာရင်၊

www.burmeseclassic.com

www.burmeseclassic.com



ဘယ်ကောင်းပါ့မလဲ။ အားနာစရာ။ အားနာလို့ လိုက်လျောလိုက်မယ်နော်"

"ဟုတ်ကဲ့"

"အ,တယ်လို့ မထင်နဲ့"

"ဟုတ်ကဲ့"

အရာရာကို၊ ပြန်လည်မှမ်းမံသောအခါ၊ တိုးတက်မှုပျော်ရွှင်နိုင်ပေမည်။ တစ်စတစ်စ တိုးတက်လာမည်ကို၊ စောင့်ဆိုင်းရသည်မှာ . . ရင်ကို . .တလှပ်လှပ် ဖြစ်စေခဲ့၏။

❀

"လူတိုင်း . .သတ္တဝါတိုင်း၊ တစ်နေ့နေ့မှာ သေကြလိမ့်မယ်ဆိုတာ။ မင်းပြောမပြခင်ကတည်းက၊ မမ. .သိပါတယ်။ သိတာက သိတာပဲ။ ကြောက်တာက ကြောက်တာပဲ"

"မကြောက်ပါနဲ့။ သေခြင်းတရားရှိနေလို့။ လူ့လောက,ကြီးက၊ ပိုပြီးတန်ဖိုးရှိနေတာ . .မမရဲ့"

"မဟုတ်က၊ ဟုတ်က" . .ဟု၊ သိရှိနှယ် ပြော၏။ သူက-

"အာဇာနည်ဆိုတာ၊ ဘာလဲသိလား"



"သိတယ်။ အများရဲ့ ကောင်းကျိုးအတွက်၊ ကိုယ်ကျိုးစွန့်တဲ့သူ။ အသက်စွန့်တဲ့သူပေါ့"

"အသက်စွန့်တယ်ဆိုတာ။ သေခြင်းတရားရှိမှ စွန့်လို့ရတာ။ သေခြင်းတရားမရှိရင်၊ အသက်စွန့်စရာလည်း မလိုတော့ဘူး။ အာဇာနည် ဆိုတာတွေလည်း မရှိတော့ဘူး။ သူရဲကောင်းဆိုတာလည်း ရှိမှာမဟုတ်တော့ဘူး"

မျက်တောင်လေးတွေကို၊ ပုတ်ခတ်ပုတ်ခတ်လုပ်လျက် နားထောင်နေလေသည်။

"သေခြင်းတရား မရှိရင်။ လူပျင်းတွေပေါလာလိမ့်မယ်။ အလုပ်မလုပ်လည်း သေမှာမဟုတ်ဘူး။ အစာမစားလည်း သေမှာ မဟုတ်ဘူး . .ဆိုပြီး၊ စားကြ၊ လုပ်ကြတော့မှာ မဟုတ်ဘူး။

နောက်ဆုံး၊ လူ့လောက,ကို အန္တရာယ်ပြုတတ်တဲ့ သတ္တဝါတစ်ကောင်ကောင်ကို၊ လူသားတွေက . .တွန်းလှန်ကြမယ်ဆိုပါတော့။ အဲဒီ . .အန္တရာယ်ပြုတတ်တဲ့ သတ္တဝါ မသေဘူးဆိုရင်။ လူတွေရဲ့ ဉာဏ်စွမ်းအား၊ ဝီရိယစွမ်းအားတွေ ဘယ်လို

www.burmeseclassic.com

www.burmeseclassic.com



လုပ်၊ အသုံးဝင်တော့မှာလဲ . .မမရဲ့။

သေခြင်းတရားရှိနေမှ၊ လူတိုင်း လူတိုင်းဟာ ကိုယ့်အတွက်၊ မိသားစု အတွက်၊ တိုင်းပြည်အတွက်၊ လောက အတွက်၊ မသေခင် လုပ်မှဖြစ်မှာပါလားလို့ တွေးပြီး၊ လုပ်ချင်တာတွေကို မြန်မြန်လုပ် ဖြစ်တာပေါ့။

တကယ်စဉ်းစားကြည့်။ သေခြင်း တရားက, မာနကြီးတဲ့လူတွေ။ ဂုဏ်ပြိုင်တဲ့ လူတွေ. .အားလုံးကို အမြဲတမ်း ဆုံးမ,နေ တဲ့ တရားကြီးပဲ။ သူ. .ရှိနေမှ လူတွေ အလုပ်,လုပ်ကြမှာ။ သေခြင်းတရားက . . ကျေးဇူးတင်ဖို့ကောင်းတယ်. . မမရဲ့။ မကြောက်နဲ့။ ကြောက်စရာမဟုတ်ဘူး"

"မကြောက်ချင်တော့ပါဘူး" . .ဟု၊ သီရိနွယ် အားငယ်စွာ ပြော၏။ သူက . . ပြုံးလျက် . . .

"နောက်တစ်ခုထပ်ပြောမယ်။ သေခြင်းတရားမရှိရင်။ လူတွေ မသေတော့ ဘူး။ လူတွေ. .မသေတော့ရင်။ ဆရာဝန် တွေ မလိုတော့ဘူး။

သွားရော။ သေခြင်းတရားမရှိရင် ဆရာဝန်တွေ ထမင်းငတ်ပြီ. ."



ထိုအခါကျမှ၊ သီရိနွယ် . .ရယ်လေ၏။ ပြီးမှ . .

"မသေတဲ့နေရာ မရှိဘူးလားဟင်"

"ရှိတယ်"

"တကယ်"

"ဟုတ်တယ်။ တကယ် ရှိတယ်"

"အဲဒီနေရာကို သိလား"

"သိတယ်။ အဲဒီနေရာက . . အိုလည်း မအိုဘူး၊ နာလည်း မနာဘူး၊ သေလည်း မသေဘူး"

"အဲဒီနေရာကို မမ သွားချင်တယ်"

"သေမှာကြောက်တဲ့ သူတွေ၊ အဲဒီ နေရာကို သွားလို့မရဘူး . .မမရဲ့"

"ဟုတ်လား"

မျက်လုံးဝိုင်းလျက် မေးသည်။

"ဟုတ်တယ်။ ကြောက်တတ်တဲ့ သူတွေ၊ အဲဒီနေရာကို မရောက်ဖူး။ သွားလို့ မရဘူး"

"ဒါဆို . .မမ မကြောက်တော့ဘူးလေ" . .ဟု၊ သီရိနွယ် ပြော၏။

"လိုက်ပို့နော်"

"လိုက်ပို့လို့လည်း မရဘူး။ အဲဒီ အိုခြင်း၊ နာခြင်း၊ သေခြင်းကင်းတဲ့နေရာက၊

www.burmeseclassic.com

www.burmeseclassic.com



ဘယ်သူပဲဖြစ်ဖြစ်၊ ကိုယ့်ဘာသာသွားမှ ရောက်တာ . . ။

သူတစ်ပါးလိုက်ပို့လို့မရဘူး။ မရောက်ဘူး။ ဒါပေမဲ့ . .လမ်းညွှန်ပေးလို့ ရတယ်”

“အဲဒီနေရာကို၊ ဘယ်လိုခေါ်လဲ ဟင်”

“နိဗ္ဗာန် . .လို့ခေါ်တယ်”

“အဲဒီမှာ၊ တကယ်သေခြင်းတရား မရှိဘူးလား”

“မရှိဘူး။ သေခြင်းလည်း မရှိဘူး။ နာခြင်းလည်း မရှိဘူး။ အိုခြင်းလည်း မရှိဘူး”

“သွားချင်လိုက်တာ”

“မမ နေကောင်းရင်၊ ကျွန်တော် လမ်းပြပေးမယ်လေ။ မမ နေကောင်းအောင် နေရမယ်နော်”

သီရိနွယ် ခေါင်းညိတ်၏။

“အဲဒီနိဗ္ဗာန်က၊ ဘာနဲ့သွားရတာ လဲ ဟင်”

“ဉာဏ်နဲ့သွားရတာ။ ဉာဏ်ရှိမှ နိဗ္ဗာန်ကို မြင်နိုင်တယ် . .တဲ့”



“ဝေးလားဟင်”

“ဝေးတယ်။ လူ့လောက၊ နတ်၊ ဗြဟ္မာ တော်တော့်ကို ဝေးတာ။ လူ့ပြည် . .နတ်ပြည် . .ဗြဟ္မာပြည်ထက်ကို ပိုဝေးသေးတယ်”

သီရိနွယ်က၊ ခေါင်းတညိတ်ညိတ်ဖြင့် . .,

“သြော် . .။ အဲဒီ နိဗ္ဗာန်ကို၊ ဖေဖေ ကိုပါ ခေါ်သွားလို့ရလား”

“ခေါ်သွားလို့တော့ မရဘူး။ ဖေဖေ ရေ . .၊ အဲဒီ . .နိဗ္ဗာန်ဆိုတဲ့ နေရာမြတ်ကြီး ဟာ၊ ရောက်အောင်သွားသင့်တဲ့ နေရာပါ . .လို့၊ အကြံပေးလို့ရတယ်”

“အင်း . .။ ဖေဖေ့ကို သွားဖို့အကြံပေးရမယ်” . .ဟု၊ သီရိနွယ် ပြော၏။ သီရိနွယ် အနေဖြင့်၊ နိဗ္ဗာန်ရောက်ကြောင်း တရားစကားတို့ကို၊ နားလည်နိုင်စွမ်း၊ ရှိလိမ့်ဦးမည် မဟုတ်သေး။ ထို့ကြောင့် . .,

“ခြံဝင်းထဲမှာ လမ်းဆင်းလျှောက်ရအောင်” . .ဟု၊ သူ စကားလွှဲလိုက်သည်။ သီရိနွယ်က၊ သူ့ကို . .လက်လှမ်းသည်။ သူက . .လှမ်းသောလက်ကို ကမ်းပေး၏။ နူးညံ့သော လက်ချောင်းသွယ် လေးများတွင်၊ သံယောဇဉ်တို့ အေးခဲနေလေ၏။

ရင်ခုန်သံဖြင့် . . နွေးထွေးစေ . . ။

❀ ❀ ❀

www.burmeseclassic.com

www.burmeseclassic.com

## ( ၃၀ )

တံခါးဝ၏အပြင်ဘက်တွင် ဦးချမ်းမြေ့နှင့် ကိုသောင်းတန်က တစ်ဖက်။ သူနှင့်ဝေလင်းတို့က တစ်ဖက်ဖြင့်၊ အခန်းတွင်းရှိ သီရိနွယ်ကို တစ်စေ့တစောင်း ကြည့်နေကြသည်။ သီရိနွယ်က၊ မှန်တင်ခုံရှေ့တွင် ထိုင်လျက်၊ ပြတင်းပေါက်ဘက်သို့၊ တွေတွေလေး ငေးနေ၏။

"ငါ. .၊ ရင်တွေခုန်နေတယ် ဝေလင်း"

စာအုပ်အထုတ်လေးကို၊ ရင်တွင်ပိုက်ပြီး၊ သူ . .တီးတိုး ပြောသည်။

"ငါလည်း . .မင်းလိုပါပဲ။ ဒါပေမဲ့၊ စိတ်ကိုတော့ အတတ်နိုင်ဆုံး၊ အေးအေးထားပေါ့။ မင်းရဲ့ ကုသမှု၊ အောင်မြင်စေချင်တယ်။ အောင်မြင်ပါစေ။ ငါ. .ဆုတောင်းပါတယ်"

"ကျေးဇူးပဲကွာ" . .ဟု၊ သူ . .ပြောသည်။

"ဒီ. .စာအုပ်တွေကို၊ ထုတ်ပြလို့



သူ . .မင်းကို မှတ်မိသွားပြီဆိုရင်၊ သူ့ကို လူကောင်းလို့သတ်မှတ်လို့ ရပြီလား"

သူ . .ခေါင်းခါ၏။

"လူကောင်းပြန်ဖြစ်ဖို့၊ အရေးကြီးတဲ့ ကုသမှုတစ်ခုပဲ။ ပြန်မှတ်မိသွားပြီဆိုရင်တောင်၊ လူကောင်းတစ်ယောက်လို တွေးခေါ်နိုင်ဖို့၊ အလုပ်တာဝန်တစ်ခုခု ထမ်းဆောင်နိုင်ဖို့၊ အချိန်ယူရဦးမယ်လေ"

ဝေလင်း ခေါင်းညိတ်၏။

"ကဲ. . မင်း၊ သွားတော့။ အောင်မြင်ပါစေကွာ"

နှားကြပ်ကိုတစ်ဖက်၊ စာအုပ်ကိုတစ်ဖက် ကိုင်ဆောင်ရင်း သီရိနွယ်ရှိနေရာ၊ အခန်းတွင်းသို့၊ ခြေလှမ်းမှန်များဖြင့်၊ သူ. .ဝင်လိုက်သည်။

သီရိနွယ်. .သူ့ကို လှည့်ကြည့်၏။ သူ. .ပြုံးမပြ။ တစ်စုံတစ်ခုကို ရင်၌ခံစားနေရသူတစ်ဦး၏ အကြည့်မျိုးဖြင့်၊ သီရိနွယ်ကို၊ ကြည့်လိုက်သည်။

သီရိနွယ်၏ လကျာ်ဘက်လက်သည်။ တစ်စုံတစ်ခုကို ဆုတ်ကိုင်ထားဟန်တူ၏။ လက်သီးဆုတ်မဖြေ။ ကျစ်လျစ်စွာ ဆုတ်ကိုင်ထားသည်။ လက်သီးဆုတ်အတွင်း . .တစ်ခုခုရှိနေပြီ . .ဟု၊ သိလိုက်၏။ ဘာတွေလဲ. .ဟု၊ သူ. .မမေးဖြစ်။

⊛

www.burmeseclassic.com

www.burmeseclassic.com



ဆဋ္ဌမတန်းဖတ်စာအုပ်များကို စီရီစွာထပ်လျက်၊ သီရိနွယ်၏ ရှေ့တည့်တည့်မှန်တင်ခုံပေါ်တွင်၊ အသံမြည်အောင် တင်လိုက်သည်။ ပြတင်းပေါက်မှ၊ အကြည့်ခွာလျက်၊ သီရိနွယ် သူ့ကိုကြည့်၏။ ဆဋ္ဌမတန်းဖတ်စာအုပ်၏ မျက်နှာဖုံးတွင် ရေးထားသော "မသီရိနွယ်

ဆဋ္ဌမတန်း (B)" . . . ဟူသော၊ မှိန်ဖျော့ဖျော့စာလုံးများကို၊ ရီဝေဝေမျက်လုံးများဖြင့် ကြည့်၏။ ပြီးမှ သူ့ကို မော်ကြည့်သည်။ မျက်လုံးများ ကြုံဆုံကြသည်။ ရင်မှာ တနင့်နင့်ခံစားလာရ၏။ သူ့ . .နှုတ်ခမ်းတွေ တုန်ယင်လာသည်။ သူ့ . . အသက်ရှူမြန်လာသည်။ တဖြည်းဖြည်းငိုချင်လာ၏။ အောက်နှုတ်ခမ်းကို ဖိကိုက်လိုက်ရသည်။ နားကြပ်ကို သီရိနွယ် မြင်သာအောင်၊ လည်ဂုတ်ပေါ်မှာ သိုင်းတင်လိုက်ပြီး . .,

"ဒီ စာအုပ်တွေ၊ မမ. .ဘယ်သူ့ကို
ပေးခဲ့ဖူးသလဲ။ မမ. .ပြော။ မမ ပြောကို
ပြောနိုင်ရမယ်။ ပြောလေ. .မမ။ ပြောပါ။
ကျန်တာတွေကို၊ အားလုံး မေ့ချင်
မေ့ပါ။ ဒါကိုတော့ မမေ့သင့်ဘူး။ မမ. .
ဒါကိုတော့ မမေ့သင့်ဘူး"

ကလေးငယ်တစ်ယောက်ကဲ့သို့၊ သူ . .ငိုသည်။ [illegible] ဟစ်၍ပြောသည်။

"မမ . .မေ့ထားရလောက်အောင်
အောင်ကျော်စွာဆိုတဲ့ကောင်က၊ မုန်း[illegible]



ကောင်းနေလို့လား။ ဟင်. . မမ။
မရက်စက်ပါနဲ့တော့ မမရယ်။
ကျွန်တော့်ကို သတိရပါတော့"

သီရိနွယ် မျက်ဝန်းဥ္ဓလည်း၊ မျက်ရည်တွေ. .ဝေ့လာ၏။ သူ့ကို မော်ကြည့်နေရာမှ လေးပင်စွာတစ်ဖက်လှည့်သွားသည်။ မှန်တင်ခုံပေါ်ရှိ ဖတ်စာအုပ်များ၏ အပေါ်ဆုံး ဖတ်စာအုပ်အဖုံးကို၊ လက်ဝဲဘက် လက်ချောင်းလေးများဖြင့်၊ ဖွရွစွာ ပွတ်ကြည့်နေ၏။ လက်ျာဘက်လက်၏ လက်သီးဆုတ်သည် . .မဖြေလျော့သေး။ ကျစ်ကျစ်ပါအောင် ဆုတ်ထားဆဲဖြစ်သည်။

သီရိနွယ်က၊ စာအုပ်အဖုံးကို လှပ်လိုက်သည်။ စာအုပ်၏ ပထမစာမျက်နှာတွင် ဆေးသားမှုံဖျော့နေသည့် ဓာတ်ပုံတစ်ပုံ ရှိနေ၏။ သီရိနွယ်၏ ငယ်ရုပ်သွင် အတိတ်ဟောင်း။

"အဲဒီဓာတ်ပုံက၊ အဲဒီစာအုပ်ထဲမှာ
ပါလာတာ။ ဒီ. .ဓာတ်ပုံနဲ့၊ ဒီ. .စာအုပ်တွေ
ကို၊ မင်း . .ဘယ်နှစ်နှစ်၊ ဘယ်နှစ်လ,
သိမ်းထားရသလဲ. .လို့၊ မမ. .ကျွန်တော့်ကို
မေးစမ်းပါ။

ကျွန်တော်ပြောပြမှ သိမယ်ဆိုရင်၊
ကျွန်တော် ပြောပြချင်လို့ပါ။ မေးလိုက်
စမ်းပါ မမရယ်. ."

ထိုစဉ် အခန်းထဲသို့၊ ဝေလင်းနှင့်ဦးချမ်းမြေ့ ဝင်လာကြ၏။ ဦးချမ်းမြေ့ကို၊ သူ . .ခေါင်းဆတ်ပြသည်။ ပြီးမှ. .

www.burmeseclassic.com

www.burmeseclassic.com



မျက်ရည်စ,တွေကို၊ သူ . .ဖယ်သုတ်၏။

"သမီး။ ဒီ. .စာအုပ်တွေဟာ၊ မောင်
. . အောင်ကျော်စွာကို သမီးကိုယ်တိုင်
ပေးခဲ့တဲ့ စာအုပ်တွေလေ။
ဆရာဝန်ဖြစ်အောင် ကြိုးစားဖို့
မောင်အောင်ကျော်စွာကို သမီး မှာထားဖူး
တယ်လေ။ နည်းနည်း. .စဉ်းစားကြည့်ပါဦး
သမီးရယ်"

ဖတ်စာအုပ်များကို စိုက်ကြည့်လျက်၊ သီရိနွယ်က . .
ဦးခေါင်းကို တစ်ချက်ချင်း လေး . .လေး . .ပင်ပင် ခါယမ်းနေ
ရှာ၏။

သူ. .သက်ပြင်းချလိုက်မိသည်။ ဖတ်စာအုပ်များကို
ကောက်ယူလိုက်၏။

"မမနွယ်။ မမှတ်မိတဲ့အတွက်
ကျွန်တော် စိတ်မကောင်းပါဘူး မမနွယ်။
ဝမ်းနည်းမိတာ အမှန်ပဲ။ ကျွန်တော် . .သွား
တော့မယ်"

နှုတ်ဆက်စကား၊ တုန်ယင်သွား၏။ ထိုစဉ်. . ,
အခန်းတွင်းသို့၊ မျက်ရည်များဝေ့လျက် ပြေးဝင်လာသော
ကိုသောင်းတန်ကို တွေ့လိုက်ရသဖြင့်၊ သူ. .မျက်လုံးပြူးသွား
သည်။

"ကိုသောင်းတန် ဝင်မလာနဲ့လေ



မလာနဲ့"

သူ . .ဟန့်တားချိန်မရ။

"ညီမလေး။ မြန်မြန်သတိရပါ
တော့ ညီမလေးရယ်။ ကိုကို့ ကိုလည်း၊
ခွင့်လွှတ်ပါတော့ . ."

ဤသို့ပြောဆိုနေသည့်၊ ကိုသောင်းတန်ကို မြင်လျှင်
မြင်ချင်း၊ သီရိနွယ်၏ မျက်လုံးများသည်၊ တစ္ဆေတစ်ကောင်ကို
တွေ့လိုက်ရသကဲ့သို့ အထိတ်တလန့် ဖြစ်သွားလေ၏။

"ကိုသောင်းတန်၊ အခန်းအပြင်ကို
မြန်မြန်ထွက်။ ခင်ဗျား ဘာဖြစ်လို့ ဝင်လာ
တာလဲ။ မြန်မြန်ထွက်"

"ကျွန်တော်. .မခံစားနိုင်တော့လို့
ပါ ဒေါက်တာရယ်။ ကျွန်တော် မကြည့်ရက်
တော့လို့ပါ"

သီရိနွယ် ဝုန်းကနဲ ထသည်။

"ကြောက်တယ်။
ကြောက်တယ်။
သူ့ကိုကြောက်တယ်"

ထိတ်လန့်တုန်ဟည်းစွာအော်ဟစ်ပြီး. .
အခန်းအပြင်သို့ ပြေးထွက်သွားလေ၏။ မည်သူမျှ လည်း
လှမ်းမမှီလိုက်ချေ။

"မမနွယ်။ မပြေးနဲ့"

www.burmeseclassic.com

www.burmeseclassic.com



သူ . .အခန်းတွင်းမှ၊ အမှီပြေးလိုက်၏။

တားဆီးချိန်မမှီ။

သီရိနွယ်သည်၊ အခန်းအပြင်သို့ ရောက်ရောက်ချင်း၊ ခပ်လှမ်းလှမ်းရှိ၊ လှေခါးဆီသို့ ပြေးသွား၏။

လှေခါးထိပ်သို့ရောက်သောအခါ၊ လှေခါးထစ် တစ်ထစ်၊ နှစ်ထစ်ကိုသာ၊ နင်းပြီး အိမ်အောက်ထပ်သို့၊ လွှားကနဲ ခုန်ချလိုက်လေတော့၏။

"မမနွယ်"

"သမီး"

"ညီမလေး"

ကမ္ဘာဖျက်မုန်တိုင်းတစ်ခု၊ မိနစ်ပိုင်းအတွင်း၊ မွှေနှောက်သွားခဲ့ပြီ။

❁

သီရိနွယ်သည်၊ လှေခါးရင်း၊ အုတ်ပြားခင်း မျက်နှာပြင်တွင်၊ အရုပ်ကြိုးပြတ်။ ထိုမြင်ကွင်းကို မြင်မြင်ချင်း၊ သူ့ခြေလက်တွေလှုပ်ရှားလိုစိတ် မရှိတော့။ ခွေယိုင်လဲလုမတတ် ဖြစ်သွားရသည်။

ပျော့ခွေနေသော သီရိနွယ်၏ လကျ်ာလက်ကို ကိုင်မ,ပြီး ချိုင်းအောက်မှ လက်လျှိုလျက်၊ အနာဂတ်မဲ့စွာ ထွေးပွေ့လိုက်၏။ နာခေါင်းထဲမှလည်းကောင်း၊ ပါးစပ်ထဲမှလည်းကောင်း



ထွက်အံလာသည့် သွေးပွက်များသည်၊ နလုံးအသည်းဆို့နင့်စရာ။

"မမနွယ်။ မမနွယ်"

"မသီရိနွယ်။ မသီရိနွယ်"

"သမီး . .။ "

အပေါ်ထပ် လှေခါးထိပ်တွင်၊ ကိုသောင်းတန် ရှိုက်ငင်ငိုကြွေးနေ၏။ ညီမဖြစ်သူ၏အဖြစ်ဆိုးကို လှေခါးတိုင်ဖြင့်ကွယ်လျက်၊ ဝေးဝေးကွာကွာ လှမ်းကြည့်နေရရှာသည်။ အနီးအပါးသို့ သွားလာတိုးကပ်ခွင့် မရှိ။

သီရိနွယ် ပါးတစ်ချက် တွန့်၏။ နှုတ်ခမ်းတဆတ်ဆတ်လှုပ်၏။ မျက်လုံးအနည်းငယ် ပွင့်လာသည်။

"မမနွယ်"

ပွင့်သော မျက်ဝန်းစုံက၊ သူ့ကို မော်ကြည့်နေရှာသည်။ သီရိနွယ်၏ လက်ဝဲဘက်လက်သည်၊ ကြမ်းပြင်ပေါ်သို့ ပြုတ်ကျနေသော ဆဋ္ဌမတန်း ဖတ်စာအုပ်တွေကို၊ ကိုင်စမ်းမိ၏။ ထိုဖတ်စာအုပ်ကို ကိုင်မ,ပြီး၊ ရင်ဘတ်ပေါ်သို့ တင်ရှာ၏။ နှုတ်ခမ်းသည် ဟတတ။ ပါးစပ်ထဲမှ သွေးများလည်တိုင်သို့ပါ . .စီးနေသည်။

ထွေးပိုက်ထားလျက်က၊ သီရိနွယ်၏ ဦးခေါင်းနောက်ပိုင်းနှင့်ထိလျက်ရှိသော သူ့လက်ဖျံသည် စိုစွတ်နေပြီ. .ကို သိလိုက်၏။

သီရိနွယ်က ရင်ခွင်ရှိ ဖတ်စာအုပ်တစ်အုပ်ကို လက်ဝဲ

www.burmeseclassic.com

www.burmeseclassic.com



ဘက်လက်ဖြင့် ကိုင်မ,လျက်၊ သီရိနွယ် . .ဟူသော အမည်ကို ပင်ပမ်းကြီးစွာစိုက်ကြည့်သည်။

"ဒါ. .ဘယ်သူ့။ ဘယ်သူ့စာအုပ်
လဲ။ ဘယ်သူ ယူလာတာလဲ"

သွေးလျှံပြည့်တက်နေသော၊ ပါးစပ်မှ၊ ဗီသ,စွာ ထွက်ပေါ်လာသည့်အမေးစကား။

"ကျွန် . .၊ ကျွန်တော့် စာအုပ်လေး။
မမနွယ် ပေးထားတဲ့ ကျွန်တော့်စာအုပ်တွေ။
ကျွန်တော်. . ယူလာတာ"

သူ့ကို၊ မော့ကြည့်၏။ နာကျင်သော ဝေဒနာကြားမှ ကြိုးစား၍ပြုံးဟန်ပြုသည်။

"ဒါဆို။ မင်းက . .အောင်ကျော်စွာ
ပေါ့"

သူ . .ခေါင်းညိတ်သည်။ မျက်ရည်မကျအောင် စိတ်ထိန်းသည်။

"ဟုတ်တယ်. .မမ။ ကျွန်တော်. .။
အောင်။ . .အောင်ကျော်စွာ"

ပို၍ ထွေးပိုက်လိုက်စဉ်၊ လည်ဂုတ်ပေါ်မှ နားကြပ်က၊ သီရိနွယ်၏ မျက်နှာအနီးသို့ လျှောကျလာ၏။ ထို. .နားကြပ်ကို သီရိနွယ်. .ရီဝေစွာကြည့်သည်။

"အောင် . .၊ ကျော်၊ စွာ။ မင်း. .။
ဆရာဝန်။ ဆရာဝန်ဖြစ်နေပြီနော်။



မောင်လေး"

"ဟုတ်တယ် မမရဲ့။ ဒီ. .စာအုပ်
တွေကို၊ ဆရာဝန်ဖြစ်မှပြန်လာပေးရမယ်. .
လို့၊ မမ . .မှာထားလို့။ ကျွန်တော် လာပေး
တာ။ ကျွန်တော်. .ဆရာဝန်ဖြစ်နေပြီ. .
မမနွယ်ရဲ့"

ထိန်း၍မရတော့။ သူ့မျက်ရည်တွေ ကြွေကျပြီ။

"ဝမ်းသာလိုက်တာ အောင်ကျော်စွာ
ရယ်. . . . . . . . . . . . . . . . ."

မျက်လုံးဖိတ်သွားသည်။ အသံတိတ်သွားသည်။ ငြိမ်သက်သွားသည်။ ထွေးပိုက်ထိန်းမတ်ထားသော သီရိနွယ်၏ ဦးခေါင်းကို၊ ကြမ်းပြင်တွင်၊ သူ. .ညင်သာစွာ ချလိုက်သည်။

ရင်ညွန့်ပေါ်သို့၊ လက်ဖဝါးနှစ်ဖက်ကို ယှက်တင်ပြီး၊ သူ. . .တစ်ချက်ချင်းဖိလေ၏။ နှာခေါင်းနှင့်ပါးစပ်အတွင်းမှ သွေးများသာ ထွက်လာသည်။ အသက်ရှူသံ မကြားရ။

ဝေလင်းက၊ သီရိနွယ်၏ မျက်လုံးအိမ်ကို အသာဖွင့်ကြည့်လိုက်သည်။ ရင်ဘတ်ကို တစ်ချက်ချင်းဖိနေသော သူ့ကို၊ ဝေလင်း လှမ်းကြည့်၏။ ဝေလင်း ဘာပြောမည်ကို၊ သူ. .သိသည်။

ထို့ကြောင့် . .ဝေလင်းဘက်သို့ မလှည့်ဘဲ၊ သီရိနွယ်၏ နှလုံးခုန်စေသော၊ အလုပ်ကိုသာ၊ သူ . .ဆက်လုပ်နေ၏။

"အောင်ကျော်စွာ"

www.burmeseclassic.com

www.burmeseclassic.com



"မပြောနဲ့။ မင်း. .ဘာမှ မပြောနဲ့

ဝေလင်း။ ငါ. .သိတယ်။ ငါ သိတယ်။ ငါ.

. . ကြိုးစားကြည့်အုံးမယ်"

ပြောပြီး၊ သီရိနွယ်၏ ရင်ညွှန့်ကိုသာ ဆက်ဖိနေ၏။ ဦးချမ်းမြေ့က၊ နဖူးပြင်ကို လက်ဝါးကပ်လျက်၊ မျက်လုံးစုံမှိတ်ပြီး၊ ငိုကျွေးနေလေပြီ။

❀

"ကျွန်တော်က . .မမ အမေကို၊ ကူပြီးတော့ ကုပေးချင်တာ။ မမက ဆရာဝန် အရင်ဖြစ်မှာဆိုတော့၊ မမ. .ကုလို့ ပျောက် သွားရင်၊ ကျွန်တော်. .ကုခွင့်မရတော့ဘူး။

မမက တစ်ဝက်လောက်ပဲ ကုထား လိုက်ပါလား။ ကျန်တဲ့ တစ်ဝက်ကို၊ ကျွန်တော် . .ဆရာဝန်ဖြစ်တော့မှ ဆက်ကု မယ်လေ"

"ကဲပါ။ မေမေ့ကို ကုလို့မမီရင်၊ မမကိုကု။ မမကိုကု။ ဘယ့်နှယ့်လဲ။ မမကို ကုပေးမှာလား"

"ကုပေးမယ်"

❀



"ကုပေးမယ်။ မမကို ကျွန်တော် ကုပေးမယ်။ ရအောင်ကုမယ်။ ကုမယ်"

"အောင်ကျော်စွာ။ သူငယ်ချင်း။ သူ. .အသက်မရှိတော့ဘူးလေကွာ။ တော် တော့နော်"

"ငါ . .ကုချင်သေးတယ်"

ဝေလင်းက၊ သူ့လက်တွေကို ဆုတ်ကိုင်လိုက်၏။

"စိတ်ကိုထိန်းလေ။ ဒီလို ဆုံးရှုံးမှု တွေကို၊ ငါတို့တွေ၊ အကြိမ်ပေါင်းများစွာ တွေ့ကြုံပြီးကြပြီလေကွာ။

မင်း. .၊ စိတ်ရောဂါအထူးကု ဆရာဝန်လေကွာ။ မင်း. .စိတ်တွေ၊ အဲဒီ လောက်အထိ မတုန်လှုပ်ပါနဲ့"

သူ . .ငြိမ်သက်သွားရသည်။

သီရိနွယ်၏ မျက်နှာလေးကို ငေးကြည့်နေလိုက်မိသည်။

ဝေလင်းက၊ သီရိနွယ်၏ လကျ်ာဘက်လက်ကို ကိုင် မြှောက်ပြီး၊ လက်သီးဆုတ်လေးကို ဖြေနေသည်။ လက်သီးဆုတ် သည် တင်းတင်းဆုတ်ထား၏။ လက်ချောင်းများကို အားစိုက် ဖယ်ခွာလိုက်သောအခါကျမှ၊ လက်ထဲမှာ . .ဆုတ်ကိုင်ထားသော အရာများ . .အုပ်ပြားခင်း မျက်နှာပြင်ပေါ်သို့၊ မြည်ဟိန်းစွာ ပြုတ်ကျလာလေသည်။

"ချွင်. . ၊ ချလွင်။ ချွမ်"

www.burmeseclassic.com

www.burmeseclassic.com



"ဟာ။ ဆယ်ပြားစေ့တွေ"

ဝေလင်း၏ အသံ။ အနီးအပါးတွင် ဆယ်ပြားစေ့တွေ ပြန့်ကျဲသွားသည်။ ဝေလင်း၏ နံဘေးသို့ သူသွား၏။ ဝေလင်း၏ လက်ထဲမှ၊ သီရိနွယ်၏ လက်သီးဆုတ်လေးကို၊ သူ. .ဆွဲကိုင်ယူထွေးလိုက်သည်။ ထိုလက်သီးဆုတ်လေးထဲတွင်၊ ဆယ်ပြားစေ့များ၊ များပြားစွာ ကျန်ရှိနေသေးသည်။

လက်သီးဆုတ်လေးကို ရင်ခွင်တွင် ဖိကပ်လိုက်၏။ မျက်နှာကို သူ. .မော့လိုက်သည်။ မျက်လုံးတွေကို ဖိပိတ်လိုက်၏။ ထိုအခါ. .ပါးပြင်ပေါ်သို့ မျက်ရည်တွေ စီးကျလာသည်။

ရင်မှာ ဖိအပ်ထားသော သီရိနွယ်၏ လက်သီးဆုတ်လေးကို၊ ပိုမို၍ ဆုတ်ကိုင်ထားလေသည်။ လက်သီးဆုတ်လေးအတွင်းမှ၊ ဆယ်ပြားစေ့လေးများ၊ ထွက်ကျသွားပြန်၏။

"ချွင်။ ချလွင်"

ရင်ကို ပြင်းထန်စွာ ထိခပ်စေသည့်၊ နှုတ်ဆက် မြည်ဟိန်းသံ။

"မမနွယ်" . . ဟု၊ မပီမသခေါ်ပြီး၊ သီရိနွယ်၏ မျက်နှာလေးကို ငုံ့ကြည့်နေမိသည်။ ဆဌမတန်းဖတ်စာအုပ်တစ်အုပ်ပေါ်သို့၊ မျက်ရည်တစ်စ၊ ပြိုကျသွားပြန်၏။

ငယ်ငယ်တုန်းက,လို၊ ဘယ်သောအခါမှာ၊ ပြန်ဆုံတွေ့မည့်အကြောင်း၊ မမနွယ် . .၊ မှာကြားချိန်းဆိုသွားသင့်သည်။

❀



နွေ၏ ဒဏ်ကို
ခံယူပါ၏။

ပြန်လည်ဆုံတွေ့ခွင့်ပေးပါ
ဘုရားသခင် ။ ။

❀ ❀ ❀

လေးစားခင်မင်လျက်

မောင်လှမျိုး (ချင်းချောင်းခြံ)
1999 . September . 26
2 : 50 (A.M)
E-mail account - mhm.ccc@gmail.com
Face book account - Hla Myo Aung

www.burmeseclassic.com